
www.burmeseclassic.com

တက္ကသိုလ်

# တင်မြင့်

# ခြေရာကောက် နောက်ကလိုက်




www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ်တင်မြင့်

## ခြေရာကောက် နောက်ကလိုက်

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၆၀၀၁၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၁၀၀၃၀၈

၂၀၀၉ ခုနှစ်၊ ဧပြီလ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

### နိုင်ငံတော်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com





[illegible]
မောင်ကျော်လှိုင်
(စေတနာစာပေ)

# တက္ကသိုလ်တင်မြင့်

## ချော်ရာကောက် နောက်ကလိုက်



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com





## ၁

အနုပညာသားကို အဆုံးအဖြတ်မပေးတတ်စေကာမူ နှင်းသီတာ၏ ကကြိုးကကွက်ကပဟန်သည် ကြည့်မြင်ရသောပွဲရှိသတို့အား စိတ်ဓာတ်တက်ကြွလာစေသည်ကတော့ အမှန်ဖြစ်ပါ၏။

မြသုခကာလပ်ပဝါကြီးတစ်ခုလုံး နီပွန်မီးရှောင်းတွေကို နှင်းသီတာ စင်မြင့်တွင် ထွက်လာသည်နှင့် ဖိတ်လိုက်ပြီး နှင်းသီတာကနေသည့် စင်ထိုးသော စလိုက်မီးထိုးပေးထားသဖြင့် နှင်းသီတာ၏ ရုပ်အလှ၊ နွေအလှတို့မှာ ပိုမိုပေါ်လွင်စေပေသည်။

"ဒါတွေက မောင်ရင့်အစီအစဉ်တွေပေါ့ ဟုတ်လား ကိုမောင်မောင်လွင် ..."

အနီးတွင် အတူထိုင်နေသည့် မောင်မောင်လွင်အား စည်သူဟိန်းက မေးလိုက်သည်။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်လွင်က ရယ်သံပြုလိုက်သည်။ ဤမြသုခ ကလပ်အရင်းအနှီးငွေ တချို့တွင် ကိုမောင်မောင်လွင်က ရှယ်ယာ ပါထားသူဖြစ်သည်။ မြသုခကလပ် တိုးတက်ကြီးပွားစေရန် ကိုမောင် မောင်လွင် ကြိုးစားနေမှန်းကိုလည်း အောင်စည်ဟိန်းသိနေသည်။

ယခုလို ပရိသတ်အကြိုက်နှင့် သီတာကဲ့သို့ အဆို တော်ကချေသည်မျိုးကိုလည်း မောင်မောင်လွင်က အပိုင်စည်းရုံး ထားနိုင်သည်။

ဤသည်ပင်လျှင် မောင်မောင်လွင်၏ ပြင်ပမြင်ကွင်း စီးပွားရေးလုပ်ငန်းသာလျှင်ဖြစ်သည်။

မောင်မောင်လွင်၏ တကယ်စောက်ချ စိတ်ပါလက် ပါလုပ်သော လုပ်ငန်းမှာ ရန်ကုန်မြို့ အားကစားမှုနှင့် လက်ဝှေ့ပွဲ ဖြစ်မြောက်ရေးကော်မတီ၏ အတွင်းရေးမှူးသာ ဖြစ်ပါ၏။

"ဒါဟာ ယာယီအစီအစဉ်လောက်သာပါ ... ကိုအောင်စည် ဟိန်း။ နှင်းသီတာက ဒီက ကလပ်မှာလာပြီး ဆိုကနေတော ကလည်း ကျွန်တော့်သံယောဇဉ်ကြောင့်ပါ ... နက်ဖြန် အမြန်ရထားနဲ့ နှင်းသီတာ မန္တလေးကို ပြန်တော့မှာပါ"

"ဘာပဲဖြစ်ဖြစ် နှင်းသီတာကြောင့် ဒီညအဖို့ ဒီမြသုခကလပ် မှာ တော်တော်စည်ကားနာမည်ရသွားတာပဲ မဟုတ်လား ကိုမောင်မောင်လွင် ..."

မောင်မောင်လွင်က ထပ်မပြောတော့ဘဲ စင်ပေါ်မှ ဆိုကနေသော နှင်းသီတာထံသို့ လှမ်းကြည့်အာရုံရောက်သွားသည်။

နှင်းသီတာသည် ပထမအထွက်တွင် ငြိမ့်ငြိမ့်လေး



ဆို ငြိမ့်ငြိမ့်လေးကနေရာမှ တီးဝိုင်းက ကြမ်းကြမ်းလေးတီးအလာ တွင် နှင်းသီတာကလည်း ဆိုင်းချက်နှင့်အညီ ခပ်ကြမ်းကြမ်းလေး ကလာလေ ပရိသတ်က သူမအား ပို၍အာရုံစိုက်လေ ဖြစ်လာတော့ သည်။ လက်၏အမြောက် ခြေ၏အကွေးအဆန့် ရင်အမို့အမောက် တင်၏အကောက်အကွေ့တွေကို ပရိသတ်ကြီး ပို၍အာရုံစိုက်ဖွယ် ဖြစ်ကာ လှုပ်လှုပ်ရှရှတွေ ဖြစ်လာသည်။

တော်ပေသေးသည်။

နှင်းသီတာက ဆယ်မိနစ်ခန့်သာ ယင်းသို့ကပြီး ပွဲ သိမ်းလိုက်သောကြောင့် နောက်နာရီဝက်လောက်သာ နှင်းသီတာ ယခုလို ဆက်ကပြလျှင် မြသုခကလပ်၏ ပရိသတ်ကြီးကို ထိန်းနိုင် ဖို့ တော်တော်ခက်သွားမည်။

ပိတ်ထားသော နီယွန်မီးချောင်းများ ပြန်ဖွင့်လိုက် သဖြင့် ပြန်လည်း လင်းထိန်သွားသည်။

"ခင်ဗျားကို ကျေပ်မနာလိုလိုက်တာ ကိုမောင်မောင်လွင်"

"ဘာလို့လဲ ကိုအောင်စည်ဟိန်း ..."

"နှင်းသီတာလို အမျိုးသမီးနဲ့ ခင်ဗျား ခင်မင်ရင်းနှီးနေလို့ ပေါ့ ... ဒါထက် နက်ဖြန် မန္တလေးပြန်မဲ့ နှင်းသီတာကို ခင်ဗျားက လိုက်ပို့ပေးမှာလား ..."

"သိပ်လိုက်ပို့ပေးချင်တာပေါ့ဗျာ ... ဒါပေမဲ့ ... ကျွန်တော် လိုက်မပို့နိုင်ပါဘူး ... သောကြာနေ့ညမှာ ဂျပန်မြန်မာချစ် ကြည်ရေးပွဲကြီး ရှိနေသေးတယ်လေဗျာ ... ဒါက မြန်မာ

www.burmeseclassic.com

www.burmeseclassic.com



ကျော်ကျော်နဲ့ ဂျပန်အိုကာဆာစ်ပွဲကြီးလေ ... ပရိသတ်
သိပ်မျှော်နေတဲ့ပွဲကြီး မဟုတ်လား ... ”

မောင်မောင်လွင်အား စည်သူဟိန်းက ခေါင်းညိတ်ထောက်ခံလိုက်သည်။

သောကြာနေ့ညဦးပိုင်းတွင် ဂျပန်မြန်မာချစ်ကြည်ရေး လက်ဝှေ့ပွဲကြီး အောင်ဆန်းကွင်း၌ ကျင်းပမည်ဖြစ်သည်။

ထိုပွဲတွင် တစ်ရှိန်ထိုးတက်လာသော ကျော်ကျော်နှင့် ဂျပန်လက်ဝှေ့ စင်လက်ဝှေ့ချန်ပီယံ အိုကာဆာစ်တို့ပွဲရှိသည်။

ထိုပွဲတွင် အိုကာဆာစ်အား ကျော်ကျော်က အနိုင်အလဲ ထိုးနိုင်ပါက ကျော်ကျော်သည် အာရှချန်ပီယံဖြစ်လာမည်။ လက်ဝှေ့ပရိသတ်အားလုံး မျှော်လင့်နေသောပွဲကြီးဖြစ်ပါ၏။

လက်ဝှေ့ပွဲဖြစ်မြောက်ရေးကော်မတီတွင် အတွင်းရေးမှူးလည်းဖြစ်၊ အားကစားမှူးလည်းဖြစ်သော မောင်မောင်လွင်သည် အိုကာဆာစ်အား ကျော်ကျော်က အနိုင်ရစေရန် ထိုပွဲတွင် တာဝန်အရှိဆုံးပုဂ္ဂိုလ်ဖြစ်နေသည်။

“အေးဗျ ... အိုကာဆာစ်ကလည်း လက်မသေးဘူးနော် ... သူတို့ပွဲတစ်လျှောက်မှာ အလဲထိုးပွဲတွေနည်းချည်းတက်လာကာ ... ”

“မှန်တော့မှန်တယ် ကိုအောင်စည်ဟိန်း ... ဒါပေမဲ့ ကျော်ကျော့်ဘက်မှာ အလေးသာနေတဲ့အချက်တွေ ရှိနေတယ်ဗျ ... ကျော်ကျော်က တစ်ခေတ်မှာ တစ်ယောက်လို့ဆိုလောက်တယ် ... ကမ္ဘာ့အဆင့်အတန်း လက်ဝှေ့ကို မီရဲ့



မကာဘူး ... သာတောင်သာချင်သေးတယ် ... ဒါကြောင့် ကျွန်တော် ဂရုစိုက်ထားရတယ် ... နှင်းသီတာက ဂရုသိပ်စိုက်ထားရတယ် ... နှင်းသီတာကို မန္တလေးလိုက်မပို့တာဘဲ ကြည့်တော့ ... ”

“ကဲ ... ခင်ဗျားက လက်ဝှေ့ပွဲအကြောင်း ပါးစပ်ကပြောပြီး မျက်စိက စင်ပေါ်က နှင်းသီတာဆီပဲ ရောက်နေတယ် ... သွားပေတော့ ကိုမောင်မောင်လွင် ... နှင်းသီတာအတွက် ကန့်လန့်ကာချလိုက်ပြီး အခုဆို ခင်ဗျားကို မျှော်နေရှာရော့မယ် ... ”

“အေးဗျ ... လစ်လိုက်ဦးမယ် ... ”

ဟု ပြောပြောဆိုဆို မောင်မောင်လွင် ထွက်သွားတော့သည်။

နှင်းသီတာကအပြီး နောက်ထပ်စင်ပေါ်ပြအစီအစဉ်တွေ ဆက်ပြသော်လည်း အောင်စည်ဟိန်းက စိတ်မဝင်စားတော့သဖြင့် ထိုနေရာမှ ထွက်လာခဲ့သည်။

အရက်ဘားကောင်တာသို့ အောင်စည်ဟိန်း လာခဲ့သည်။ ကောင်တာရှေ့ ဆုံလည်ခုံမိုင်း ခြေတံရှည်တွင် ဝင်ထိုင်ပြီး ဘီယာတစ်လုံးမှာသောက်သည်။

အောင်စည်ဟိန်း။

တက္ကသိုလ်ဘီအက်စီဘွဲ့ရ။

မိဘ ကွယ်လွန်။

www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးလုပ်ငန်း မိဘလက်ထက်က ကျန်ခဲ့သော သွင်းကုန်ထုတ်ကုန်လုပ်ငန်းဆက်လုပ်။

အိမ်ထောင်မရှိ။ လူပျို၊ ချစ်သူမရှိသေး၊ ချစ်သူကိစ္စ၊ အိမ်ထောင်ရေးကိစ္စ စိတ်မကူးသေး။

ပျော်သလိုနေသည်။

ရန်ကုန်မြို့ ရေကျော်ရပ်ကွက် ရေကျော်လမ်းတွင် မိဘလက်ထက်က ကျန်ခဲ့သော အိမ်မှာပင်နေသည်။

ကျောင်းသားဘဝကတည်းက အားကစား၊ ကိုယ်ခံပညာ၊ သိုင်း၊ ဂျူဒို၊ ဗန်ဒို၊ ဗန်ရှည်၊ မြင်းစီး၊ လေ့လော့်၊ သေနတ်ပစ် တို့ကို သင်တန်းလည်းတက်၊ လေ့ကျင့်မှုလည်းအမြဲရှိ၊ စိတ်အား ထက်သန်မှုလည်းရှိ၊ ဝါသနာလည်းပါ၊ ထိုကိစ္စများအကြောင်း အမျိုးသမီးကိစ္စတွင် စိတ်ဝင်စားနေခြင်းနည်းပါး၊ ပင်ကိုယ်စိတ်ရင်းကောင်း။

အပြင်းအထန်ဆုံးဝါသနာမှာ စုံထောက်လုပ်ငန်းဖြစ်ပြီး လျှို့ဝှက်ချက်ဖော်ထုတ်ရခြင်းတွင်ပျော်မွေ့၊ တစ်ခါတစ်ရံ အခကြေးငွေယူ၍ပင် စုံထောက်လုပ်ငန်းကို လုပ်ဆောင်ပေးတတ်သည်။ ရဲအဖွဲ့ ရဲအရာရှိများဖြင့် မိတ်ဆွေဖွဲ့ဆက်ဆံရင်းနှီးရခြင်းကို နှစ်သက်သည်။

ဥပမိရုပ်သိပ်သန့်သည်။ အရပ်(၅)ပေ(၈)လက်မ၊ လေ့ကျင့်မှုများကြောင့် ရင်အုပ်၊ လက်မောင်း၊ ဝမ်းဗိုက်၊ ပေါင်စသည်များတွင် အသားပိုမရှိ၊ မာဆယ်ကြွက်သားဖြိုင်းဖြိုင်းထဖုထစ်နေသည်။

အားလုံးခြုံ၍ ပြောရလျှင် အောင်စည်ဟိန်းသည် လူ



တော်လူကောင်းဖြစ်ပြီး ယောကျ်ားချောချောသည်။ ခန္ဓာရော စိတ်ဓာတ်ရော ယောကျ်ားပီသသည်။ သတ္တိရှိသည်။ အမျိုးသမီးများမြင်ရုံနှင့် နှစ်သက်ခြင်းခံရတတ်သည်။

အောင်စည်ဟိန်း ဘီယာကို တမြို့မြို့ စုတ်နေစဉ်မှာပင် ...။

စန္ဒာသည် အရပ်မြင့်သောကြောင့် ကြွားကြွားယားယား ထင်းခနဲမြင်သာသည်။ ရှည်သောအရပ်နှင့် အချိုးညီသော ခြေတံလက်တံနှင့် ခန္ဓာကိုယ်၏ ရှိက်ဖိုကြီးငယ်တို့မှာ ကြည့်ရှုတင့်တယ်အောင် အချိုးကျ အချိုးညီရှိနေသည်။

စန္ဒာသည် ယောကျ်ားသားတစ်ယောက် ကွက်ခနဲမြင်သည်နှင့် စိတ်ဝင်စားတပ်မက်စေသော ရုပ်ခန္ဓာလှပသူဖြစ်သည်။ နိုင်လွန်အနွေးထည်အပါးစား ကြည်ပြာရောင်ကို ဝတ်ထားပြီး တက်ထရွန်ထဘီအပြာရင့်ဖြောင်ကို ဝတ်ထားသည်။ သူမ၏ထဘီအောက်တွင် မည်သည့်အပိုဆာဒါး အဖုအဖောင်းမပါဘဲ ပင်ကိုယ်အတိုင်း ထဘီတစ်ထပ်တည်း ဝတ်ထားကြောင်း သိသာသည်။

ဤအမျိုးသမီးသည် အတုတပ်ဆင်သည်ကို နှစ်သက်ပုံမရဘဲ အရှိကို အရှိအတိုင်းထားရှိခြင်းကိုသာ နှစ်သက်ဟန်တူသည်။

မြသုခကေလပ်ထဲသို့ ဝင်ရောက်လာကတည်းက သူမ၏ အမူအရာများ ပျာယီးပျာယာဖြစ်နေမှန်း အောင်စည်ဟိန်း လှမ်းမြင် အကဲခတ်မိသည်။ အရက်ဘားကောင်တာထိပ်တွင်သူမ လာရပ်သည်။ အရည်လဲ့သောမျက်ဝန်းစုံဖြင့် ဟိုဟိုဒီဒီကိုလိုက်လံရှာဖွေသောအကြည့်ဖြင့် မျက်လုံးမငြိမ်ပြုံးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏မျက်နှာတွင် တစ်စုံတစ်ခုကို ထိတ်လန့်စိုးရွံ့နေမှန်း သိသာပေါ်လွင်နေသည်။

ဆန်းတော့မဆန်း။

ဤသို့သော မရမ်းကုန်းလိုနေရာတွင် တည်ထောင်ထားသော မြသုခကလပ်မျိုးဝယ် ဤနှယ် ထိတ်လန့်စွာသော အမျိုးသမီးချောမျိုးတွေ ရှိနေတတ်သည်။

မြသုခကလပ်သည် မြို့ထဲနှင့်လည်း အလှမ်းကွာသည်။ ယေဘုယျအားဖြင့် မကောင်းသောသူများလာတတ်သောနေရာဖြစ်နေသည်။

မကောင်းသောနေရာ၊ မကောင်းသောလူတွေကြားထဲတွင် အထိတ်လန့်ဖြစ်စရာလေးတွေရှိစမြဲဟုသာ အောင်စည်ဟိန်း မှတ်ချက်ချသည်။

သူမသည် အရက်ရောင်းသူကောင်တာစာရေးအား ကသောကမြောလေသံဖြင့် မေးမြန်းလိုက်သည်။

"ကိုမောင်မောင်လွင်တစ်ယောက် ဒီမှာရှိနေတယ် မဟုတ်လားဟင် ..."

"စောစောကတော့ ဦးမောင်မောင်လွင် ဒီမှာရှိနေတာ တွေ့လိုက်တယ် ... ကျွန်တော် ရှာပေးရမလားဟင် ..."

အရက်ရောင်းကောင်တာစာရေးက လိုသည်ထက်ပိုပြီး အမျိုးသမီးချောကို လောကွပ်လုပ်လိုက်သည်။

"ဟုတ်ကဲ့ရှင့် ... ကျွန်မ ကိုမောင်မောင်လွင်နဲ့ သိပ်ကိုတွေ့ချင်နေပါတယ် ..."



"ဒါဖြင့် ဒီမှာခဏစောင့် ..."

ကောင်တာစာရေး ထွက်သွားသည်။

အောင်စည်ဟိန်းက အားလုံးမြင်နေ ကြားနေသည့်ကြားကပင် ဘီယာကိုသာ အရသာခံဆက်သောက်နေသည်။

ကောင်တာစာရေးပြန်ရောက်လာသည်။

"လွန်ခဲ့တဲ့ငါးမိနစ်လောက်ကပဲ ဦးမောင်မောင်လွင် ပြန်သွားပြီတဲ့ဗျ ..."

အမျိုးသမီးမျက်နှာမှာ မျှော်လင့်ချက်များ ဆုံးရှုံးသွားသောမျက်နှာမျိုးဖြစ်သွားသည်။

ကိုမောင်မောင်လွင်အား မတွေ့လျှင်မဖြစ်သော အကြောင်းတစ်ခုခု သူမတွင်ပါရှိလာဟန်တူပါ၏။

"သူ ဘယ်သွားသလဲရှင် ..."

"အာ ... ဒါတော့ ကျွန်တော် ဘယ်ပြောတတ်မှာလဲဗျာ"

အမျိုးသမီးသည် အောက်နှုတ်ခမ်းကို အပေါ်သွားများဖြင့် မသိမသာ ကိုက်လိုက်သည်။

ထို့နောက် ဤနေရာတွင် သူမ ဆက်မနေသင့်ဟု ယူဆလေသလားမသိ။ ကောင်တာစာရေးကိုပင် နှုတ်မဆက်တော့ဘဲ ချာခနဲလှည့်ကာ မြသုခကလပ်တံခါးပေါက်မှ အပြင်သို့ထွက်သွားတော့သည်။

အမျိုးသမီးထွက်သွားပြီးနောက် မိနစ်အနည်းငယ်ကြာပြီးမှ အောင်စည်ဟိန်းသည် သူသောက်နေသော ဘီယာကို

www.burmeseclassic.com

www.burmeseclassic.com



ဗုလင်းကျွတ် လက်စသတ်လိုက်သည်။ ကောင်တာတွင် ကျသင့်ငွေရှင်းပြီး အောင်စည်ဟိန်းပတ်ထားသော သူ၏အိုမီဂါနာရီကို ငုံ့ကြည့်လိုက်သည်။

သန်းခေါင်ယံကို အများကြီးကျော်လာပေပြီ။

(၂)နာရီ(၃၀)မိနစ်ရှိချေပြီ။ နောက်နေ့နံနက်သို့ပင် ကူးနေပြီဟု ဆိုနိုင်သည်။

ပြန်သင့်ပြီဟုတော့ ဆုံးဖြတ်ကာ အောင်စည်ဟိန်းသည် သူ၏မော်တော်ကားရပ်ထားရာဆီသို့ မြသုခကလပ်ထဲမှ မြို့ထဲသို့ ထွက်ပေါက်မှ ထွက်လာခဲ့သည်။

--- ✿ ---



# ၂

ဘီယာငြိမ့်ငြိမ့်လေး … လေညင်းကအေးအေးဖြင့် မောင်းထွက်လာပြီး ခပ်လှမ်းလှမ်းအရှေ့ဘက်မှာပင် ကားရှေ့မှန်မှ လမ်းပေါ်တွင် ဗရုတ်သုတ်ခမြင်ကွင်းတစ်ခုကို အောင်စည်ဟိန်း ကားမီးရောင်တွင် တင်းခနဲ တွေ့မြင်လိုက်သည်။

စောစောက ကလပ်ထဲတွင် တွေ့မြင်ခဲ့သော အပြာရောင်အမျိုးသမီးမှန်း သိသာသည်။

အမျိုးသမီးမှာ ပြန်ထွက်အလာတွင် ဘတ်(စ်)ကား အငှားကားတစ်ခုခုရဟန်မတွေ့။ ဤအချိန် ဤနေရာမျိုးတွင် အငှားကားရဖို့ အခက်ယမ်မှာလျှင် လွယ်ကူပေမည်နည်း။

မြင်ကွင်းက အမြင်မတော် အနိုင်ကျင့်မြင်ကွင်းမျိုး ဖြစ်နေသည်။

ထွားကြိုင်းသန်မာတောင့်တင်းသော ဖယောက်ျားသားကြီးက အပြာရောင်အမျိုးသမီးကို စပါးကြီးမြွေရစ်ပတ်သလို

www.burmeseclassic.com

www.burmeseclassic.com



ရစ်ပတ်ပြီး လည်ပင်းညှစ်သက်ဖို့ အားထုတ်နေသည်။ အမျိုးသမီး အပြာရောင်မှာ ထိုယောကျ်ားသားကြီး၏ အရစ်အပတ် အဖျစ်အညှစ်ကြောင့် ယက်ကန်ယက်ကန် ရုန်းမထွက်နိုင်သော အခြေအနေရောက်နေသည်။

ဒါ ... အင်အားကြီးသူက အင်အားနည်းသူကို အနိုင်ကျင့်ခြင်းဟု အောင်စည်ဟိန်း ဆုံးဖြတ်လိုက်သည်။

ယောကျ်ားကြီးသည် အပြာရောင်အမျိုးသမီးအား လမ်းဘေးသစ်ပင်များ မှောင်ရိပ်သို့ ဒရွတ်တိုက်ဆွဲခေါ်နေသည်။

အောင်စည်ဟိန်း ရှေ့မီးမပိတ်ဘဲ ကားစက်သပ်ရပ်ကာ ကားပေါ်မှ ဆင်းလိုက်သည်။ သူတို့အကြောင်းနှင့် သူတို့ပဲဟု အောင်စည်ဟိန်း မျက်နှာလွှဲမသွားနိုင်။

အောင်စည်ဟိန်း ကားပေါ်မှ သူတို့ထံသို့ ဆင်းလာသည်ကို တွေ့သည်နှင့် ယောကျ်ားကြီးသည် သူ့ကုတ်အင်္ကျီအိတ်ထဲမှ ပစ္စတိုသေနတ်တစ်လက် ဆွဲထုတ်ယူကာ အနီးကပ်လာသော အောင်စည်ဟိန်းကိုပစ်ရန် ထိုးချိန်သည်နှင့် ရောက်မဆိုက် အောင်စည်ဟိန်းက သူ၏ရှုးဖိနပ်ဦးချွန်နှင့် လူထွားကြီး၏ ဝမ်းဗိုက်ကို ဆောင့်ကန်ဦးစိုက် ထိုးကန်လိုက်သည်။ တစ်ချိန်တည်းမှာပင် အောင်စည်ဟိန်းသည် သူ့ဘေးစလွယ်အိတ်ထဲမှ သေနတ်ကို ထုတ်ယူကာ ခေါင်းငိုက်နေသော ယောကျ်ားသားလူထွားကြီး၏ နောက်စေ့ကို သေနတ်ဒင်နှင့် ရိုက်ပစ်လိုက်သည်။

လူထွားကြီးလက်မှ ပစ္စတိုဘေးသို့ လွင့်ကျသွားသည်။



သို့ပိုင် လူထွားကြီးသည် လဲကျမသွားဘဲ အပြာရောင်အမျိုးသမီးကို လွှတ်လိုက်ကာ ခန္ဓာကိုယ်ကြီးနှင့်မလိုက်။ အောင်စည်ဟိန်းကို မှုသတ်ရန် အတင်းတိုးဝင်လာသည်။

အောင်စည်ဟိန်းက လူချင်းအပူးမခံဘဲ အကွက်ဖြင့်ဘေးသို့ ခြေတစ်လှမ်းရွှေ့လိုက်ရာ လူကြီးမှာ အောင်စည်ဟိန်းအား မမိဘဲ လက်အဝိုက်ကြီးဖြင့် လေကိုသာ ပွေ့ပိုက်ကာ သူ့အရှိန်နှင့်သူ ငိုက်စိုက်ကျန်းကွကြီး ဖြစ်သွားစဉ်မှာပင် အောင်စည်ဟိန်း၏ လက်ဝါးစောင်းသည် ထိုလူထွားကြီးလည်ကုပ်သားကို ခပ်ပြင်းပြင်း တစ်ချက် ခုတ်ချလိုက်ရာ အားခနဲ အင့်ခနဲ အသံပင်မထွက်နိုင်ဘဲ လူထွားကြီး မှောက်လျက်လဲကျသွားပြီး မလှုပ်မယှက်ငြိမ်သွားသည်။

အောင်စည်ဟိန်း၏ လက်ဝါးစောင်းသည် တကယ်ပြင်းလျှင် နွားလည်ကုပ်ကိုပင် ခုတ်သည်နှင့် နွားမှာ ဗုန်းဗုန်းလဲကျစေသော လက်ဝါးစောင်းဖြစ်ပါ၏။

လူထွားကြီးအား နာရီဝက် မိနစ်လေးဆယ်အတွင်း မှောက်လျက်သား ကြီးကို နမ်းနေရမည်မှန်း အောင်စည်ဟိန်း ယုံကြည်သည်။

အပြာရောင်အမျိုးသမီးကို လှမ်းကြည့်လိုက်သည်။

အမျိုးသမီးမှာ မြေကြီးမှ လူးလဲပြီး သူ့ဟာသူ ကြိုးစားပြီး ထရပ်သည်။

"စန္ဒာ ကြောင်းသွားပါတယ်နော် ... အစ်ကို ရောက်လာပြီး ကယ်တင်ပေးလို့လေ ..."

www.burmeseclassic.com

www.burmeseclassic.com



အောင်စည်ပဟိန်းက ပခုံးတွန့်ပြလိုက်သည်။ စန္ဒာဆိုသည့် အပြာရောင်အမျိုးသမီးကို ဘာမှုပြန်မပြောသေးဘဲ လူထွားကြီးလက်မှ လွတ်ကျသွားသော ပစ္စတိုကိုသာ ရှာဖွေကောက်ယူလိုက်သည်။

"အမိနာမည့် စန္ဒာဆိုရင် အခုပဲ စန္ဒာ မြသုခကလပ်ဆီ ပြေးသွားပြီး ကလပ်ကဖုန်းနဲ့ မရမ်းကုန်းရဲစခန်းကို အခုဖြစ်သမျှသွားအကြောင်းကြားပါ ... ကျုပ် ဒီကပဲ စောင့်နေမယ်"

"ရဲကိုမတိုင်ပါရစေနဲ့ရှင် ... စန္ဒာ ရဲတွေနဲ့ မပတ်သက်ချင်လို့ပါ အစ်ကို ... ရဲတွေနဲ့ စန္ဒာ မျက်နှာချင်းမဆိုင်ပါရစေနဲ့ အစ်ကိုရယ် ..."

"ဒါဆို ဘာဆက်လုပ်မှာလဲ ... မှုခင်းတစ်ခုဖြစ်လာရင် ရဲအဖွဲ့ဟာ အဓိကအရေးအပါဆုံးပဲ ..."

"အစ်ကိုပြောတာ ဟုတ်ပါတယ် ... ဒါပေမဲ့ စန္ဒာမှာ လောလောဆယ် လုပ်စရာတစ်ခုရှိနေလို့ပါ ... ဒီနေရာကနေပြီး တခြားဝေးဝေးတစ်နေရာကို စန္ဒာ သွားချင်တယ် ... စန္ဒာကို လိုက်ပို့ပေးပါလား အစ်ကို ..."

အောင်စည်ပဟိန်းက ရဲကိုတိုင်ကြားဖို့ ဆက်၍မတိုက်တွန်းတော့ပေ။ အခုအမှုတွင် လဲနေသောလူထွားကြီးက တရားခံ၊ စန္ဒာက တရားလို။

တရားလိုကမှ ရဲကိုမတိုင်ကြားလိုပါဟု ဆိုလာမှတော့ သူမ၏သဘောဟုသာ သဘောထားလိုက်သည်။

အောင်စည်ပဟိန်းသည် လူထွားကြီး၏ပစ္စတိုမှမဂ္ဂဇင်း



ကပ်ကို ထုတ်[illegible]လိုက်သည်။ ကျည်ကပ်ကို အဝေးသို့ လွှင့်ပစ်။ ပစ္စတိုကို လူထွားကြီး၏ ကိုယ်ပေါ်သို့ပင် ပစ်တင်ထားလိုက်သည်။

[illegible] စန္ဒာ၏လက်မောင်းကိုဆွဲပြီး သူ၏ကားဆီသို့ ခေါ်လာသည်။

[illegible]ပင် စန္ဒာ့ကိုထိုင်စေပြီး ... ကားကို ဆက်မောင်းခဲ့သည်။

"ကဲ ... ဘယ်[illegible]ကိုပို့ပေးရမလဲ ... ပြော ..."

"မသိဘူး အစ်ကို ... ဒီနေရာကဝေးရင်ပြီးရော ... အစ်ကို မောင်းချင်ရာသာမောင်းပါ ..."

အောင်စည်ပဟိန်း ဆက်မောင်းခဲ့သည်။ မောင်းရင်း နောက်ကြည့်မှန်မှ နောက်သို့ကြည့်သည်။

စောစောက သတိမေ့လဲကျန်ခဲ့သည့် ပြန်လည်မတ်တတ်ရပ်နေပြီကို တွေ့ရသည်။ ထိုလူထွားကြီးတွင် မော်တော်ကားပါလာနိုင်သည်။ မိမိနောက်သို့ သူ့ကားဖြင့် လိုက်လာမည်ဆိုက လိုက်လာနိုင်သည်။ အောင်စည်ပဟိန်းကားကို အရှိန်မြှင့်မိုတင်လိုက်သည်။

စန္ဒာက ငြိမ်သက်စွာပင် ထိုင်နေသည်။

"ကဲ [illegible]ဦး ... ဘာတွေဘယ်လိုဖြစ်လာတာလဲ ... စန္ဒာ ..."

"သူတို့ နိုးလိုင်အောင်ကို ဖမ်းမိသွားကြတယ်လေ ... ပြီး စန္ဒာနေ[illegible]လိုက်လာကြတာ ..."

အောင်စည်ပဟိန်း နားမလည်။

www.burmeseclassic.com



စိုးလှိုင်အောင်ဆိုသူက မည်သူပေနည်း။

"စန္ဒာဟာ ရိုးရိုးသားသား ဒုက္ခတစ်ခု ရင်ဆိုင်ရတာမျိုးဆိုရင် တို့ ကူညီတတ်တဲ့အကျင့်ရှိပါတယ် ... အဲဒီလိုကူညီတတ်တာကိုက တို့ရဲ့မွေးဗီဇပါ ..."

"အစ်ကို့နာမည်နဲ့ အစ်ကို့အလုပ်အကိုင်ကို စန္ဒာ သိခွင့်ရှိမလား ..."

"ရှိသားပဲ ... စီးပွားရေးလုပ်ငန်းကတော့ ရုံးခန်းဖွင့်ပြီး သွင်းကုန်ထုတ်ကုန်လုပ်ငန်း၊ ဝါသနာလုပ်ငန်းကတော့ စုံထောက်လုပ်ငန်း ..."

မောင်းရင်းက ကမာရွတ်ထိပ်သို့ ရောက်လာကြသည်။ လမ်းဆုံနေရာဖြစ်ပါ၏။

"ကဲ ... ဘယ်သွားမှာလဲ စန္ဒာ ..."

"အစ်ကိုအောင်စည်ဟိန်းကရော ဘယ်ကိုသွားမှာလဲ"

"တို့က ရေကျော်ထဲမှာနေတာ ... ရေကျော်လမ်းက တို့အိမ်ကို တို့ ပြန်တော့မှာပေါ့ ..."

"ဒါဆို ... စန္ဒာလည်း ရေကျော်လမ်းက ရေကျော်အိမ်ကိုပဲပေါ့ ... အခုလောလောဆယ် စန္ဒာ ဘယ်သွားရမှန်းမှ မသိသေးတာ ..."

စည်သူဟိန်းသည် မိမိအိမ်ဆီသို့သာ ဦးတည်မောင်းနှဲတော့သည်။

... ✿ ...



## ၃

ရေကျော်လမ်းထဲရှိ အောင်စည်ဟိန်း၏ တစ်ထပ်တိုက်အိမ်လေးထဲရောက်မှ စန္ဒာသည် သူမ၏လုံခြုံမှုအန္တရာယ်မှ စိတ်ချသွားပုံရသည်။ ထိတ်လန့်ခြင်း၊ ကြောက်ရွံ့ခြင်း အမူအရာတွေ မရှိတော့။

အောင်စည်ဟိန်းသည် လျှပ်စစ်မီးဖိုဖြင့် ငါးမိနစ်အတွင်း ကော်ဖီပူပူလေးဖျော်သည်။ စန္ဒာ့ကို ကော်ဖီပူပူလေး ဖျော်ချပေးသော်လည်း အောင်စည်ဟိန်းကိုယ်တိုင်ကမူ ရေခဲသေတ္တာထဲမှ ဝီစကီပုလင်း ထုတ်ယူသည်။

သို့သော် ပုလင်းနှင့် ဖန်ခွက်ကို ညစာစားပွဲပေါ်တင်ထားလိုက်သော်လည်း မသောက်ဖြစ်ပေ။

အရက်ဆိုသည်မှာ သောက်လျှင် မူးမည်။ မူးလျှင် သတိလွတ်သည်။ ဆင်ခြင်တုံတရားပျောက်ချင်သည်။

www.burmeseclassic.com

www.burmeseclassic.com

ယခု မိမိအိမ်တွင် အစွယ်ရှိကြီး ကျွမ်းပွဲချော မော့သော စန္ဒာရှိနေသည်။ မိမိအရက်မူးပြီး သတိလွတ်သွားမှာ ဆင်ခြင်တုံတရား ကင်းသွားမှာ ကိုယ့်ဟာကိုယ် စိုးရိမ်သည်။

စန္ဒာက ဒုက္ခထဲမှလွတ်အောင် ပြေးနေသူမို့ ဘူးလေးရာ ဖရုံဆင့်ဖြစ်မသွားစေလို။

ဒါ အောင်စည်ဟိန်း၏ စိတ်ဓာတ်အရင်းခံ။

"မြသုခကလုပ်ထဲမှာတုန်းက စန္ဒာဟာ ကိုမောင်မောင်လွင်ကို အရေးတကြီးတွေ့ချင်တယ်လို့ ကျွန်တော်ကြားတယ် ... စန္ဒာနဲ့ ကိုမောင်မောင်လွင် တော်တော်ခင်မင်ရင်းနှီးကြသလား"

"ခင်မင်ကြသားပဲ၊ ရင်းနှီးလှတယ်ဆိုတဲ့အတိုင်းတော့ မရောက်ပါဘူး ... အစ်ကိုကရော ကိုမောင်မောင်လွင်နဲ့ တော်တော်ခင်မင်ကြသလား ..."

"မျက်နှာချင်းဆိုင်တွေ့ရင် သွားဖြဲပြီး တစ်ယောက်ကိုတစ်ယောက် နှုတ်ဆက်တာလောက်ပါ ... ဒါပေမဲ့ ဒီနေ့ညမှာတော့ ... သူ လက်ထက်မွေး လက်ဖွဲ့သမားကျော်ကျော်အကြောင်း စကားလက်ဆုံကျမိလို့ထင်ပါရဲ့ ... ကိုမောင်မောင်လွင်နဲ့ စကားတော်တော်များများ ပြောဖြစ်သွားတယ် ... သူက ကျော်ကျော်ကို အာရှလက်ဝှေ့ချန်ပီယံဖြစ်စေဖို့ သိပ်စိတ်အားထက်သန်နေတာကြောင့် ဆိုပါတော့"

"အဲဒါတွေ စန္ဒာ မသိပါဘူး အစ်ကို ... ကိုမောင်မောင်လွင်ဟာ အားကစားမှူးတာဝန်အလုပ်ဆိုတာပဲ စန္ဒာသိတာ"

စန္ဒာ၏စကားထဲတွင် မပြည့်မစုံတစ်ခုခုလိုနေသည်ဟု အောင်စည်ဟိန်း ထင်မိသည်။ မောင်မောင်လွင်နှင့် တကယ်ရင်းနှီးသော်လည်း ရင်းနှီးမှုမရှိသယောက်ပြောနေခြင်းပေလား မပြောတတ်။

"ဒါတွေထားလိုက်ပါ ... တို့သိချင်တာက ဘယ်ကိုသွားမလဲ၊ ဘယ်မှာနေမလဲဆိုတာပါ ..."

"စန္ဒာ ဘယ်သွားရမှန်းလဲ မသိသေးဘူး ... ဘယ်မှာနေရမယ်ဆိုတာလည်း မသိသေးဘူး ... စန္ဒာက ရန်ကုန်က မဟုတ်ဘူးလေ ... နယ်ကလာတဲ့သူပါ ... အခုလည်း နယ်ကိုပဲ ပြန်ချင်နေတာ ..."

"ပြန်ချင်တယ်ဆို ပြန်လိုက်ပေါ့ ..."

"ပြန်လိုက်ပေါ့ဆိုတာကတော့ လွယ်ပါတယ် ... ဒါပေမဲ့ စန္ဒာ့မှာ ပိုက်ဆံမှမရှိတာ ... စန္ဒာ ရန်ကုန်ကထွက်သွားရမယ် ... စန္ဒာ့ကို ဘယ်သူမှ ရှာမတွေ့နိုင်တဲ့နေရာမျိုးမှာ စန္ဒာ အကြာကြီးခိုအောင်းပုန်းရှောင်နေရမယ် ... အဲဒီအတွက် စန္ဒာ့မှာ ငွေတော်တော်များများရှိမှဖြစ်မှာ မဟုတ်လား"

တော်တော်များများလိုသည်ဆိုသောငွေမှာ မည်မျှအထိပေနည်း။ စန္ဒာလို မိန်းကလေးတစ်ယောက်အဖို့ တော်ရုံတန်ရုံငွေသည် များပြားသည်ဟု မှတ်ယူမည် မဟုတ်တန်ရာ။

"တို့ကို စန္ဒာ့ရဲ့ တွေ့ကြုံနေရတဲ့ အခက်အခဲဒုက္ခတွေကို တို့ကို ပြောပြချင်စိတ် မရှိဘူးလား ..."

"ဘာထူးမှာမို့လဲ ... စန္ဒာ့ကိစ္စကို အစ်ကိုအောင်စည်ဟိန်းက ကူညီနိုင်မှာမှ မဟုတ်တာ ..."


www.burmeseclassic.com

www.burmeseclassic.com



စန္ဒာ ထိုင်ရာမှထပြီး ပြတင်းပေါက်တွင် သွားရပ်ပြီး အပြင်သို့ငေးရင်း ပြောသည်။

"အခုလောလောဆယ်မှာတော့ စန္ဒာ ပုန်းအောင်းဖို့ တစ်နေရာရာကို ရှာရမှာပဲ အစ်ကို ..."

"စိတ်ချရတဲ့ တည်းခိုခန်းတစ်ခုခု တို့ ရှာပေးရမလား"

"ဟော ... အစ်ကို့တိုက်အိမ်လေးဟာ လောလောဆယ်မှာတော့ စန္ဒာ့အတွက် အလုံခြုံဆုံးပါ အစ်ကို ... ဒီမှာပဲ ယာယီပုန်းအောင်းဖို့လည်း စန္ဒာ ဆန္ဒရှိနေပါတယ် ... အဲဒါကို အစ်ကိုအောင်စည်ဟိန်း ငြင်းဆန်မလား ... သိပ်ကြာကြာ မဟုတ်ပါဘူး ... သုံးလေးရက်တန်သည်လောက်ပါ ... အဲဒီအတွက် အစ်ကို့ကို စန္ဒာက ဘယ်လိုအဖိုးအခပေးရမလဲ ပြောပါ ... အားမနာပါနဲ့ အစ်ကို ..."

"ယာယီအားဖြင့် စန္ဒာ ဒီမှာနေဖို့ တို့ လက်ခံပါတယ် ... ဘယ်လိုအဖိုးအခမှ ပေးဖို့လည်း မလိုပါဘူး ..."

"အယ် ... မဟုတ်တာဘဲ အစ်ကို ... ဘယ်အရာမဆို တန်ရာတန်ကြေးတော့ ပေးရစမြဲပါ ... စန္ဒာ မနေမြောတတ်ပါဘူး အစ်ကို ..."

"စန္ဒာက မနေမြောတတ်ပေမဲ့ အပြင်ဘက်ကိုတောင် မထွက်ရဲဘဲ ပုန်းအောင်းနေရတဲ့ ဒုက္ခသည်ဆီက တန်ရာတန်ကြေး တို့ မယူချင်ဘူး ... ဩော် ... ဒါထက် စန္ဒာ့ရဲ့အင်္ကျီအပေါ် ကြယ်သီး ပြုတ်နေတာ ပြန်တပ်လိုက်ပါလား ... တော်ကြာ



ရင်ဘတ် အအေးမိသွားပြီး နေထိုင်မကောင်းဖြစ်မှာစိုးလို့ပါ ..."

အောင်စည်ဟိန်းအား ဘယ်လိုယောက်ျားမျိုးပါလိမ့် ဟူသော အကြည့်မျိုးဖြင့် စန္ဒာက ပြန်ကြည့်ပြီး ပြန်ပြောသည်။

"ကောင်းပါပြီတဲ့ရှင်၊ အဖိုးအခမယူဘဲ နေခွင့်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ... နောက်ပြီး ..."

စန္ဒာ၏စကားမဆုံးမီ တယ်လီဖုန်းအော်မြည်သံ ထွက်လာသည်။ အောင်စည်ဟိန်း ဖုန်းကောက်ကိုင်လိုက်သည်။

"အမိန့်ရှိပါ ... ကျွန်တော် ..."

"ကိုအောင်စည်ဟိန်း မဟုတ်လား"

အမျိုးသမီးတစ်ဦး၏ ပျာယီပျာယာနိုင်လှသော အသံကို ကြားရသည်။

"ဟုတ်ပါတယ် ... အောင်စည်ဟိန်းပါ ..."

ကိုအောင်စည်ဟိန်းရဲ့ အကူအညီကို ကျွန်မ အခု ချက်ချင်း လိုအပ်နေလို့ပါရှင် ..."

"ဒီမနက်ခင်း သုံးနာရီကြီးမှာလားဗျာ ... ခင်ဗျားလိုတဲ့အကူအညီဆိုတာ ..."

"အားတော့အားနာစရာပါပဲရှင် ... ဒါပေမဲ့ အခုချက်ချင်းကိုပဲ အကူအညီလိုနေတာပါ ... ကိုအောင်စည်ဟိန်း တောင်းသလောက် ကျွန်မ တန်ကြေးပေးမှာပါ ..."

အောင်စည်ဟိန်းသည် စန္ဒာ့ကို လှမ်းကြည့်လိုက်သည်။ စန္ဒာသည် ယခုအချိန်ထိ ပြုတ်နေသောအင်္ကျီကြယ်သီးများ

www.burmeseclassic.com

www.burmeseclassic.com

ပြန်မတပ်သေးပေ။ စန္ဒာသည်လည်း မည်သို့သော အဖိုးအခ တန်ကြေးမဆို ပေးပါမည်ဟု ပြောခဲ့သည်။

အမျိုးသမီးတချို့သည် သူတို့ကျေနပ်လျှင် အဖိုးအခ တန်ကြေးကို ဈေးမဆစ်ဘဲ ပေးချင်လွန်းတတ်သည်ဟုသာ ယခု ဖုန်းပြောသော အမျိုးသမီး၏စကားနှင့် ဆက်စပ်ပြီး အောင်စည်ဟိန်း တွေးလိုက်မိတော့သည်။

"ကျွန်တော်က ငွေကြေးတန်ကြေးနဲ့ ကူညီသူ မဟုတ်ပါဘူး ... တရားသောကူညီမှုဆိုရင် စေတနာနဲ့ ကူညီတတ်ပါတယ် ... ပထမ အခုဖုန်းပြောတဲ့ ခင်ဗျားဟာ ဘယ်သူလဲဆိုတာတော့ ပထမဆုံး ပြောသင့်တာပေါ့ဗျာ ... "

"အေးမြမြပါ ... ကျွန်မနာမည်လေ ... "

"ဟုတ်ကဲ့ ... မအေးမြမြ ... ရဲ့အဖွဲ့မှာ ဆောင်ပုဒ်ချိတ်ထားပါတယ် ... အကူအညီလိုလျှင် ရဲကိုတောင်းပါတဲ့ ... နောက်ပြီး ကူညီပါရစေတဲ့ ... "

"အဲဒါ ကျွန်မ ခဏခဏတွေ့ဖူးပါတယ် ... ဒါပေမဲ့ ကျွန်မ သူငယ်ချင်းက အကြံပေးတယ် ... ကျွန်မလိုအပ်တဲ့အကူအညီဟာ အများမသိထိုက် မသိသင့်တဲ့ လိုအပ်တဲ့ အဲဒါမျိုးကို ကူညီတတ်တဲ့ ကိုအောင်စည်ဟိန်းရှိတယ်လို့ပြောပြီး ကိုအောင်စည်ဟိန်းရဲ့ ဖုန်းနံပါတ်ပါ ပေးသွားလို့ပါ ... အဲဒီ သူငယ်ချင်းကိုယ်တိုင်ပဲ ကိုအောင်စည်ဟိန်း ကူညီဖူးခဲ့ပါတယ်တဲ့ ... "

"ဒါဆို မင်းရဲ့သူငယ်ချင်း ဘယ်သူဘယ်ဝါဆိုတာရယ် ... ခင်ဗျားလိုအပ်တဲ့ အကူအညီက ဘာလဲဆိုတာရယ်ဆိုတာတော့ ပြောဦးမှပေါ့ ... "

"ခက်ပါလားရှင် ... အဲဒါတွေကို တယ်လီဖုန်းကမှ မပြောသင့်တာ ... မျက်နှာချင်းဆိုင်ပြောပါရစေလား ... တစ်ခါ တင်္ဂလ လူတွေမှာ တယ်လီဖုန်းကပြောမဖြစ်တဲ့ စကားမျိုးတော့ ရှိတတ်ပါတယ် ကိုအောင်စည်ဟိန်း ... ကျေးဇူးပြုပြီး ကျွန်မကို ကူညီပါရှင် ... တကယ်ကူညီမယ်ဆိုရင် အရှိန်နှစ်နာရီထက်ပိုပြီးမကြာတဲ့ အကူအညီမျိုးပါ ... အဲဒီအတွက် ကျွန်မ အောင်စည်ဟိန်းကို ငွေတစ်ထောင်ကန်တော့ပါ့မယ်"

"ကူညီရမဲ့အလုပ်အမျိုးအစားကရော ... ဘာလဲ ... "

"လူတစ်ယောက်ဆီက ကျွန်မ ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်တဲ့ စာတစ်ရှို့ ပြန်ယူပေးရုံပါ ... ကျွန်မကိုယ်တိုင် သွားမယူရဲလို့ပါ ... ကိုအောင်စည်ဟိန်းက ကျွန်မနဲ့ အဖော်လိုက်ပေးရုံပါ ... ဘာကိုယ်ရေးကိုယ်တာစာတွေလဲလို့တော့ မမေးပါနဲ့ ကိုအောင်စည်ဟိန်း ... အဲဒါ မေးခွန်းကို ဖုန်းထဲမှာရော မျက်နှာချင်းဆိုင်မှာရော ကျွန်မ မပြောပါဘူး"

အင်း ... လူမိုက်မှားတဲ့သဘောကြီးပဲ ... ဒါပေမဲ့ ကျွန်တော် စိတ်ဝင်စားမိပါရဲ့ယ် ... ကဲ ... မအေးမြမြဆီကို ကျွန်တော် ဘယ်အချိန် ဘယ်နေရာလာရမလဲဆိုတာကိုသာပြော"

"ကမ္ဘာအေးလမ်းက ကျေးမင်းတည်းခိုရိပ်သာကို လာခဲ့ပါလားရှင် ... ကည်-ဋ္ဌ-ခန်းနံပါတ်(၇)ပါ ... "


www.burmeseclassic.com

www.burmeseclassic.com

"အဲဒီအခန်းကို မအေးမြမြနာမည်နဲ့ပဲ ငှားတာလား"

"ဟုတ်ပါတယ် ... "

"ကျေးမင်းရိပ်သာရဲ့ တယ်လီဖုန်းနံပါတ်ကရော ... "

အေးမြမြက တယ်လီဖုန်းနံပါတ်ကို ပြောပြသည်။

"ကျွန်မအခန်းက လိုင်းခွဲ(၆)နံပါတ်ပါ ကိုအောင်စည်ဟိန်း"

"ဟုတ်ပြီလေ ... ကျွန်တော် လာခဲ့မှာပါ ... "

ဟိုဘက်ဒီဘက် ဖုန်းချလိုက်ပြီး တစ်မိနစ်ခန့်စောင့်ပြီး အောင်စည်ဟိန်းသည် ကျေးမင်းတည်းခိုရိပ်သာ၏ လိုင်းခွဲ(၆)ကို တောင်းယူလိုက်သည်။

တစ်ဘက်မှ အမျိုးသမီးအသံ ပြန်လာသည်။

"ပြောပါရှင် ... ကျွန်မ အေးမြမြပါ ... "

"ဪဖြင့် ဟုတ်ပြီ ... အခုပဲ ကျွန်တော် လာခဲ့မယ် ... "

"သေချာလှချည်လား ကိုအောင်စည်ဟိန်းရယ် ... ကျွန်မကိုပါ ချက်ကင်ပြန်လိုက်သေးတယ် ... "

"အဲဒါ ကျွန်တော့်အလုပ် မအေးမြမြ ... ကဲ ... အခုပဲ ကျွန်တော် လာခဲ့မယ် ... "

အောင်စည်ဟိန်း ဖုန်းပြန်ချထားလိုက်သည်။

"ဘယ်သူ့ဆီက ဆက်တာလဲဟင် ... "

"အပြင်ကို တို့ခဏသွားရဦးမယ် စန္ဒာ ... "

"ဒီအချိန်ကြီးကျမှ ဘာကိစ္စ ... "

"ငွေတစ်ထောင်ရမဲ့ ကိစ္စလေ စန္ဒာ ... ဒီအိမ်မှာပဲ နေခဲ့ပါ၊



လွတ်လွတ်လပ်လပ်နေပါ ... အိပ်ချင်လည်း တို့အိပ်ခန်းမှာဝင်အိပ်ပေါ့ ... "

အောင်စည်ဟိန်းသည် သူ့အိပ်ခန်းထဲသို့ ဝင်လိုက်သည်။ သူ့ဘောင်းဘီစလွယ်အိတ်ထဲမှ ကို့(လ်)သေနတ်ကို ထုတ်ယူပြီး ဆုံလည်ဖွင့်ပြီး ကျည်ဆံများကို စစ်ဆေးသည်။ ကျေနပ်မှ ဘောင်းဘီစလွယ်အိတ်ထဲသို့ ပြန်ထည့်ပေးသည်။

(သေနတ်ကို အရပ်သားကိုင်ဆောင်ခွင့် ပိတ်ထားသော်လည်း ယုံကြည်ရပြီး လုပ်ငန်းတွင် အကြောင်းပြနိုင်သူအားသက်ဆိုင်ရာက သေနတ်ကို အမျိုးအစားအလိုက် ကိုင်ဆောင်ခွင့်ပေးသည်။ အောင်စည်ဟိန်း၏ ကို့(လ်)ခြောက်လုံးပြူးသေနတ်မှာ သူ၏ဖခင်လက်ထက်ကတည်းက ကိုင်ဆောင်ခွင့်နှင့် ကိုင်ဆောင်ခွင့်ပေးထားပြီးသားလည်းဖြစ်ပြန်၊ အောင်စည်ဟိန်း လုပ်ဆောင်ချက်တွေက ရဲအဖွဲ့ကို အထောက်အပံ့ပေးနေသည်လည်းဖြစ်ပြန်မို့ အောင်စည်ဟိန်းအား ဆက်လက်ကိုင်ဆောင်ခွင့်ပေးထားခြင်းဖြစ်ပါ၏။)

... ❀ ...

www.burmeseclassic.com

www.burmeseclassic.com



## ၄

[illegible]းလမ်းဘေးတွင်ရှိသော ဈေးမင်းရိပ်သာ တည်းခိုဆော[illegible]မှင့်ဝန်းနှင့် နှစ်ထပ်တိုက်တစ်လုံးဖြစ်သော်လည်း ခန်းခန်းနားနား ထည်ထည်ဝါဝါ အမျိုးအစားထဲကတော့ မဟုတ်ပေ။

စားပွဲတစ်လုံးတွင် အသက်(၂၂)နှစ်ခန့် လူငယ်တစ်ဦး ထိုင်နေသည်ကို တွေ့ရသည်။ အခြား မည်သူတစ်ဦးတလေကိုမျှ မတွေ့။ အိပ်ကောင်းသောအချိန်မို့ တည်းခိုဧည့်သည်များ ကိုယ့်အိပ်ခန်းတွင် ကိုယ်အိပ်ပျော်နေကြခြင်း ဖြစ်တန်ရာသည်။

စားပွဲမှ လူငယ်သည် စာအုပ်တစ်အုပ်ကိုဖွင့်ပြီး အသံထွက်ဖတ်နေသည်။ ကျောင်းသားတစ်ယောက် အလွတ်ကျနေသောပုံသွင်ရှိပါ၏။ အလုပ်လုပ်ရင်း ကျောင်းတက်နေရသော လူငယ်လေးဖြစ်ပေမည်။



အောင်စည်ဟိန်းက စာကျက်နေသော လူငယ်ရှေ့တွင် မားမားရပ်လိုက်မှ ထိုလူငယ်က အောင်စည်ဟိန်းကို မော့ကြည့်သည်။

"အခန်းနံပါတ်(၉) ဘယ်မှာလဲ ချာတိတ် ..."

"ဗျာ ... အခန်း(၉) ..."

လူငယ်သည် ယောင်ကန်းကန်းရှိနေသည်။ သူ ... ကျက်မှတ်နေသော စာအုပ်တွင် စိတ်ဝင်စားနေလွန်း၍ဝေလော။

"အေးမြမြဆိုတဲ့ တည်းခိုဆောင်အခန်းနံပါတ်(၉)က အမျိုးသမီးကို ငါ တွေ့ချင်လို့ ..."

"အေးမြမြ ... အခန်း(၉) ..."

လူရွယ်၏မျက်နှာတွင် တစ်မုဟုတ်ချင်း ဖြူယော်သွားသည်။ အောင်စည်ဟိန်း၏မေးခွန်းမှာ ထိတ်လန့်စရာမပါဘဲ မေးရိုးမေးစဥ် မေးခွန်းသာဖြစ်ပါလျက် ထိုလူငယ် အဘယ်ကြောင့် အထိတ်တလန့် ဖြစ်ရပေသနည်း။

"ဟုတ်တယ်လေကွာ ... အေးမြမြ အခန်း(၉)လို့ပဲ ငါပြောနေတာ ..."

"ကျွန်တော် ... ကျွန်တော် ... အဲဒီအမျိုးသမီး ..."

"အေး ... အဲဒီအမျိုးသမီးရဲ့အခန်း(၉)၊ ဖုန်းလိုင်းခွဲ(၆)ကို စောစောကပဲ မင်း ကွန်တက်လုပ်ပေးသေးတယ် မဟုတ်လား ချာတိတ် ..."

ကောင်လေးသည် သူ့နှုတ်ခမ်းကို လျှာဖြင့်ပွတ်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... ဟုတ်ပါတယ် ... စောစောကပဲ အဲဒီလိုင်းခွဲ(၆) အခန်း(၉)ကို ကော(လ်)ဝင်လို့ ကျွန်တော် ကွန်တက်လုပ်ပေးပါသေးတယ် ... ဒါပေမဲ့ အဲဒီအမျိုးသမီး ရှိတော့ဘူး ခင်ဗျ ... "

အောင်စည်ဟိန်း သဘောပေါက်လိုက်ပါ၏။

တစ်စုံတစ်ယောက်သည် အောင်စည်ဟိန်းကို ပတ်လိုက်လေပြီ။ လူငယ်၏မျက်နှာအရိပ်အကဲကို မြင်တွေ့ခြင်းအားဖြင့် မိမိ အပတ်ခံရမှန်း သဘောပေါက်သွားသည်။

"အဲဒီအမျိုးသမီးက မင်းကို ဘယ်လောက်ပေးသွားလဲ ချာတိတ် ... "

"တစ်ရာတန်တစ်ရွက် ပေးသွားတယ် အစ်ကို ... စောစောကပဲ အဲဒီအမျိုးသမီး ဒီကိုရောက်လာတယ်၊ ပြီးတော့ ငွေတစ်ရာတန်ပေးပြီး အခန်း(၉)က လိုင်းခွဲ(၆)ကို ကော(လ်)ဝင်လာရင် ကွန်တက်လုပ်ပေးပါ ... အေးမြမြဆိုတဲ့ နာမည်ကို တစ်ယောက်ယောက် လှမ်းဆက်လိမ့်မယ်တဲ့ ... "

"ဘာလို့ အဲဒီလိုလုပ်တာလဲလို့ မင်းက ပြန်မမေးဘူးလားကွာ ... "

"မေးပါတယ် အစ်ကို ... အဲဒီအမျိုးသမီးက အဲဒါ မင်းအလုပ်မဟုတ်ဘူး ... ငါ့မိတ်ဆွေက ငါ့ကိုဆက်တာလို့ ပြန်ပြောတယ် ... "

အောင်စည်ဟိန်း ခေါင်းညိတ်ပြမိသည်။ ဤကျောင်းသားလူငယ်လေးသည် ကျောင်းစရိတ်လို၍သာ ဒီအလုပ်လုပ်နေ



သည်။ တကယ်တော့ ရိုးရိုးသားသား မအူမလည်ချာတိတ်လေး ဖြစ်နေသည်။

"အဲဒီအမျိုးသမီးကို မင်း သိလား ... ငါဆိုလိုတာက ဒီအရင်ကတည်းက မင်းနဲ့ သိနေတဲ့ အမျိုးသမီးလားလို့ ... "

"မသိ... အစ်ကို ... သူ့နာမည်တောင် သူပြောမှ ကျွန်တော်ကြားဖူး ဘာ ... "

"အရင်က ရောသူ့ကို မြင်ဘူးလား ... "

"တစ်ခါမှ မမြင်ဖူးဘူးပါဘူး အစ်ကို ... "

"အေး ... မင်းပြောတာ ငါ ယုံတယ် ... အဲဒီအမျိုးသမီးရဲ့ ပုံပန်းသဏ္ဌာန်ကို မင်း မြင်တွေ့လိုက်တဲ့အတိုင်း ငါ့ကို ပြောပြစမ်းကွာ ... "

စကားပြောရင်း အောင်စည်ဟိန်း စားပွဲပေါ် လက်ဝါးအထောက်တွင် ကုပ်အင်္ကျီဟသွားပြီး အတွင်းစလွယ်ဖြင့် သေနတ်ပါလာကြောင်း ကောင်လေး တွေ့မြင်သွားပုံရသည်။

"လှတယ် အစ်ကို ... အရပ်လည်းမြင့်တယ် ... ကိုယ်လုံးလည်း တော်တော်အချိုးကျတယ် ... "

အောင်စည်ဟိန်း ပြုံးလိုက်သည်။

...ဤသို့သော လူဖျိုလူငယ်လေးများသည် လှပအချိုးကျသော မိန်းမချောကနိုင်းလျှင် အလွယ်တကူ လုပ်ပေးတတ်ကြောင်း သဘောပေါက်သောကြောင့် ပြုံးမိခြင်းဖြစ်ပါ၏။

"အ... ယ်ကရောကွာ ... "

"ငယ်တယ်လို့ပြောရမှာပေါ့ အစ်ကို ... ကျွန်တော့်ရွယ်

www.burmeseclassic.com

www.burmeseclassic.com



လောက်ပဲရှိတာ ... အလွန်ဆုံး နှစ်ဆယ်နည်းနည်းကျော်ရုံ လောက်ပဲ ... လှတာတော့ တကယ်လှတယ် အစ်ကို"

"ဘယ်လိုဝတ်ဆင်ထားတယ်ဆိုတာ ပြောဦးလေကွာ ... အင်္ကျီက အဖြူခေါ်မလား၊ မီးခိုးရောင်ခေါ်မလား မသိဘူး၊ မီးခိုးရောင်နုနုလေးဆိုရင် ပိုမှန်မယ် ... ထဘီက ရွှေတစ်ဆုပ်အမည်းရောင်ခံဝတ်ထားတယ် ... အဲဒီအမျိုးသမီးနဲ့ အစ်ကို ဘာဖြစ်ကြလို့လဲဟင် ..."

၎င်းအမျိုးသမီးနှင့် အောင်စည်ဟိန်း ဘာတွေ အစစ်အမှန် ဖြစ်ကြမှန်း အောင်စည်ဟိန်းကိုယ်တိုင်ကပင် သိချင်နေသည်။

မည်သို့ဖြစ်စေ ...

တိုအေးမြမြဆိုသည့် အမျိုးသမီးချောသည် အကြောင်းတစ်ခုခုပေါ်တွင် မူတည်ပြီး မိမိကို ပတ်လိုက်ပြီဆိုသည်ကိုတော့ အောင်စည်ဟိန်း အကဲခတ်မိသည်။

အောင်စည်ဟိန်း လူငယ်ထံမှ ခွင့်တောင်းပြီး တယ်လီဖုန်းကောက်ကိုင်လိုက်သည်။ ရေကျော်အိမ်သို့ လှမ်းဆက်ရာ ဖုန်းကိုင်မည့်သူ မရှိသည်ကို တွေ့ရသည်။

အိမ်တွင်ကျန်ခဲ့သော စန္ဒာတစ်ယောက် အိပ်မောကျနေသလား၊ သို့မဟုတ် အသက်မရှိသေးရဲ့လား။

... ✿ ...



## ၅

ရေကျော်ထဲရှိ မိမိတစ်ထပ်တိုက်အိမ်လေးမှာ တံခါးပွင့်လျက်သားရှိနေသည်။ မိမိသွားစဉ်က စန္ဒာ့အား အိမ်တံခါးပိတ်၊ အတွင်းကန့်လန့်ထိုးထားဟု မှာထားပါလျက် ယခု အိမ်တံခါးပွင့်နေသည်။

အောင်စည်ဟိန်း ... စလွယ်မှ ခြောက်လုံးပြူးကို ထုတ်ကိုင်လိုက်သည်။ သတိထားကာ အိမ်ထဲသို့ကြောင်တစ်ကောင်လို ငြိမ်သာစွာဝင်ခဲ့သည်။

အိမ်ထဲတစ်နေရာတွင် စန္ဒာ၏အလောင်းကို တွေ့ရမည်ဟုလည်း ထင်မှတ်မိသည်။

တစ်အိမ်လုံး စန္ဒာအရှင်ကိုရော၊ စန္ဒာအသေကိုရော စန္ဒာဒဏ်ရာရ...ရော လုံးဝမတွေ့ရသောကြောင့် အတန်ငယ် စိတ်အေးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်စည်ဟိန်း မရှိစဉ်အတွင်း စန္ဒာ ဒီအိမ်မှ ထွက်သွားသည်ဟုသာ မှတ်ယူလိုက်တော့သည်။

သို့သော် အောင်စည်ဟိန်းတွင် ဘဝင်မကျစရာရှိနေသည်။

စန္ဒာတွင် မိမိတိုက်အိမ်လေးထဲတွင် ခိုအောင်းပုန်းလျှိုနေလိုသည့် ဆန္ဒရှိခဲ့သည်။ ဒီညအဖို့ အချိန်တွေ သိပ်လင်းသွားပြီဖြစ်၍ စန္ဒာသည် ဤအိမ်မှ အပြင်သို့ ထွက်ခွာလိုမည်မဟုတ်။ ပြီး အောင်စည်ဟိန်း ပြန်အလာကို စောင့်နေပါမည်ဟုလည်း ပြောသေးသည်။

စန္ဒာ ဘယ်လိုစိတ်ကူးပြောင်းသွားပြီး ထွက်ခွာသွားလေသနည်း။

သို့မဟုတ် တစ်စုံတစ်ယောက် အဖွဲ့တစ်ဖွဲ့သည် မိမိအိမ်၌ ခိုအောင်းနေမှန်းမသိသဖြင့် မိမိမရှိခိုက် မရအရ ထုတ်ယူခေါ်သွားခြင်းပေလား။

အိမ်ထဲအခြေအနေ၌လည်း အရာခပ်သိမ်းသည် နေရာမပျက် လက်ရာမပျက်ရှိနေသည်။ တွန်းထိုးရုန်းကန် ဖရိုဖရဲ လက္ခဏာ ဘာမျှမရှိ။ အိမ်ထဲရှိ အဖိုးတန်ပစ္စည်းများကို စစ်ဆေးကြည့်ရာ၌လည်း ဘာတစ်ခုမှ အပျောက်အရှမရှိ။

အောင်စည်ဟိန်း၏အကြည့်သည် တယ်လီဖုန်းစင်သို့ ရောက်သွားသည်။

တယ်လီဖုန်းဘေးတွင် စာခေါက်သေးတစ်ခု တွေ့ရသဖြင့် အောင်စည်ဟိန်း သွားရောက်ယူငင်ဖွင့်ဖတ်သည်။



"အစ်ကိုအောင်စည်ဟိန်းရှင့် ... စန္ဒာ ပြန်ဆက်သွယ်ပါမည်၊ စောင့်ပါ ... "

စန္ဒာ

ဟု အသက်ရှူရသည်။ ၎င်းစာရွက်ကို သူ ခေါက်ရိုးအတိုင်း ပြန်ခေါက်ကာ တယ်လီဖုန်းဘေးမှာပင် ပြန်ထားလိုက်သည်။

ဆိုဖာတွင်ထိုင်ကာ စီးကရက်တစ်လိပ် မီးညှိရှိုက်ဖွာနေလိုက်သည်။

စန္ဒာသည် တော်တော်စိတ်ရှုပ်စရာကောင်းသူတစ်ဦးဖြစ်ပါ၏။

ကိုအောင်စည်ဟိန်းကိုပြန်ဆက်သွယ်ပါမည်။ စောင့်ပါဟု စာရေးထားသွားသည်။

ဘယ်သောအခါ ဆက်သွယ်မှာနည်း။ ယခုပဲလား။ သို့မဟုတ် တစ်ရက် တစ်ပတ် တစ်လကြာမှ ဆက်သွယ်မည်လား ဆိုသည်ကိုတော့ စာထဲတွင် ဖော်မပြ။

စန္ဒာသည် အောင်စည်ဟိန်းအတွက် ပုစ္ဆာတစ်ပုဒ် ဖြစ်မှန်းမသိ ဖြစ်လာသည်။

မြသုခကလပ်တွင် မောင်မောင်လွင်ကို စန္ဒာ မျက်ကလူးဆန်ပြာ ရှာဖွေခဲ့သည်။ ပြီးနောက် လမ်းဘေးတွင် လူထွား

www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်ယောက်က စန္ဒာ့ကို လှည့်ပင်းညှစ်သတ်ဖို့ ကြိုးစားသည်ကို တွေ့ခဲ့ရသည်။

အောင်စည်ဟိန်းက သူမကို ကယ်တင်ကာ သူမ၏ အကြောင်း မေးတော့လည်း ဘာမှ ရေရေရာရာ မပြောပါလေခဲ့။

သူ့ကို စိုးလှိုင်အောင်တို့ မိသွားကြတယ်။ ပြီး သူတို့ စန္ဒာ့နောက်ကို လိုက်လာကြတယ်ဟုသာ ပြောခဲ့သည်။

'သူတို့'ဆိုသည်မှာ ဘယ်သူဘယ်ဝါတွေဟူ၍ ထုတ် မပြောခဲ့။ စိုးလှိုင်အောင်ဆိုသူမှာလည်း ဘယ်လိုလူစားဖြစ်ပြီး ဘယ် လို အမိခံလိုက်ရသည်ကိုလည်း စန္ဒာ မပြောခဲ့။ ထို့ပြင် အောင်စည် ဟိန်း၏ တိုက်အိမ်လေးတွင် နေရသည်မှာ သူမအတွက် လုံခြုံဆုံးပါ ဟုပြောပြီး ယခုတော့ ထွက်သွားလေပြီ။

အေးမြမြဆိုသည့် အမျိုးသမီးကလည်း အောင်စည် ဟိန်းအား အိမ်မှ ပ,ထုတ်သည့် သဘောဖြင့် ဖုန်းဆက်ခြင်းဟုလည်း အောင်စည်ဟိန်း ဆက်စပ်တွေးကြည့်ပြန်သည်။ အပြန်တွင် အိမ်၌ စန္ဒာ မရှိပါလေတော့။

အေးမြမြဆိုသည့် အမျိုးသမီးသည် စန္ဒာ၏အဆက် အသွယ်တစ်ခုပေလား။

စန္ဒာသည် အောင်စည်ဟိန်းထံမှ တစ်ခုခုရယူလို သောကြောင့် မြသုခကလပ်တွင် စန္ဒာ ကိုယ်ယောင်ပြကာ လူထွား ကြီးနှင့် ဟန်ဆောင်သရုပ်ပြ လည်ပင်းအညှစ်ခံပြခြင်းပေလား။ စန္ဒာကို အောင်စည်ဟိန်း ရောက်သွားစေရန် လူထွားကြီးနှင့် စန္ဒာ တို့က မိမိကို အကွက်ဆင်ခြင်းပေလား။



စဉ်းစားနေလ ရှုပ်လေမို့ အောင်စည်ဟိန်း ဆက်ပြီး မစဉ်းစားတော့။ အိပ်ရာသို့ ဝင်ခဲ့သည်။ ဆက်လက်ပြီး ဘာမှ မစဉ်း စားတော့သဖြင့် အောင်စည်ဟိန်း အိပ်ပျော်သွားသည်။

မိုးလင်းခါနီးမှ အိပ်ပျော်သွားသော အောင်စည်ဟိန်း သည် နေ့နံနက်ပိုင်း(၁၁)နာရီမှ ပြန်နိုးသည်။

အောင်စည်ဟိန်းသည် အိပ်ရာမှနိုးသည်နှင့် မောင် တော်လေးလမ်းတွင် ဖွင့်လှစ်ထားသော သူ၏သွင်းကုန်ထုတ်ကုန် အလုပ်တိုက်သို့ ဖုန်းဆက်သည်။

တပည့်ကျော်နီတာလေးထံမှ ... ရုံးတွင် ဘာမျှ အကြောင်းထူးမရှိကြောင်းနှင့် ရုံးခန်းသို့ မည်သူတစ်ဦးထံမှ ဖုန်း မဆက်ကြောင်း ပြန်ကြားချက်ရရှိသည်။

"စန္ဒာဆိုတဲ့ အမျိုးသမီးတစ်ယောက်ဆီကရော ဖုန်းဆက် သေးလား နီတာ ... "

"အခု (၁၁)နာရီထိုးပြီ ... သည်အထိတော့ စန္ဒာလည်း မဆက်ဘူး ... တခြား ဘယ်သူမှလည်း မဆက်သေးပါဘူး အာစရိ ... "

တယ်လီဖုန်းပြန်ချပြီး ရေချိုးခန်းဝင်လိုက်သည်။ ရေ ချိုးသန့်စင် အဝတ်အစားလဲပြီးသော်လည်း ဗိုက်မဆာသေးကြောင်း ညှော်စားပွဲတွင် ယနေ့ထုတ် လုပ်သားနေ့စဉ် သတင်းစာကို ပထား ယူဖတ်သည်။

ပြီး ... ကြေးမုံသတင်းစာကိုယူ၍ ဖတ်ပြန်သည်။ ကောက်ယူကိုင်ပြီး သတင်းစာမျက်နှာဖုံးကို ကြည့်လိုက်သည်နှင့်

www.burmeseclassic.com

www.burmeseclassic.com



မှုခင်းဆိုင်ရာ သတင်းတစ်ပုဒ် ဓာတ်ပုံနှင့်တကွ ပါရှိလာသည်ကို တွေ့ရသည်။ သတင်း၏အကြောင်းအရာကို မဖတ်မီ ဓာတ်ပုံကို အောင်စည်ဟိန်း သေချာကြည့်သည်။

အမျိုးသားတစ်ဦး ကြမ်းပြင်ပျော် လဲကျနေသော ဓာတ်ပုံဖြစ်ပါ၏။

လက်ပြန်ကြိုးတုပ်ထားရုံမက ထိုလက်ပြန်ကြိုးစနှင့်ပင် အမျိုးသား၏ ခြေနှစ်ချောင်း နောက်ပြန်ဒူးဆစ်ကွေး ခြေနှစ်ဘက်ဆက်ပြီး ကြိုးတုပ်ခံထားရသောပုံဖြစ်သည်။ အတုတ်ခံထားရသော အမျိုးသားပုံမှာ စွပ်ကျယ်အင်္ကျီဝတ်ထားသည်။ အိမ်တွင်နေရိုးနေစဉ်မှာပင် အသတ်ခံလိုက်ရသောသဘောရှိနေသည်။

ထိုလူအလောင်း၏ မျက်နှာ၊ ခြေလက် စသည်တို့တွင် ညိုမည်းသောဒဏ်ရာဒဏ်ချက်များကိုပင် တွေ့မြင်ရသည်။ သတင်းဓာတ်ပုံ၊ သတင်းထောက်သည် အပေါ်အမြင့်မှ အလောင်းပုံကို ရိုက်ထားခြင်းဖြစ်သည်။

သေသူအလောင်းအမျိုးသားမှာ တောင့်တင်းကြံ့ခိုင်သော ခန္ဓာကိုယ်ရှိပြီး ပခုံးတန်းကျယ်ကြီးနှင့် ဖြစ်ပါ၏။

သေဆုံးသူ၏အမည်မှာ စိုးလှိုင်အောင်ဟု သတင်းမှာ ဖော်ပြသည်။

"သူတို့ စိုးလှိုင်အောင်ကို မိသွားကြတယ်လေ ... ပြီး စန္ဒာနောက်ကို လိုက်လာကြတာပေါ့ ... "

ဟု စန္ဒာပြောခဲ့သော စိုးလှိုင်အောင်သည် ယခု



သတင်းစာတွင် ဖော်ပြသော စိုးလှိုင်အောင်ပင် ဖြစ်လေသလား၊ စိုးလှိုင်အောင်ဆိုသည့်အမည်တွေ အများအပြားရှိနိုင်သည်။

သတင်းစာတွင် အသတ်ခံရသော စိုးလှိုင်အောင်၏ သတင်းကိုမူ အကျယ်တဝင့် ဖော်ပြခြင်း မရှိပေ။ အကျဉ်းမျှသာ ဖော်ပြသည်။

အသတ်ခံသေဆုံးသွားသော စိုးလှိုင်အောင်သည် ဓာတ်ပုံဆရာတစ်ဦးဖြစ်ကြောင်း၊ ရန်ကုန်မြို့၊ (     )လမ်း၊ အိမ်ပါတ်(        )အပေါ်ထပ်တွင် နေထိုင်ကြောင်း၊ ယမန်နေ့ညက အမည်မသိ အမျိုးသမီးတစ်ဦး ထိတ်လန့်တကြားအော်ကာ ဆင်းပြေးသွားသည်ကို အောက်ထပ်ခန်းနေ ကုလားလင်မယားက တွေ့ရပြီး မသင်္ကာသဖြင့် အပေါ်ထပ်သို့ လှေကားမှ တက်ကြည့်ရာ စိုးလှိုင်အောင်သည် ဓာတ်ပုံတွင်ပါရှိသည့်အတိုင်း တွေ့ရှိသဖြင့် ကုလားလင်မယားမှတစ်ဆင့် အခြားအိမ်နီးပါးတွေ ရောက်လာပြီး အလောင်းကို ကြည့်နေကြစဉ်မှာပင် ညပတ္တရောင်းရဲများ ရောက်ရှိလာပြီး တွေ့ရသည်ဖြစ်ကြောင်း စိုးလှိုင်အောင်သည် မသေမီ အရိုက်အနှက် အနှိပ်အစက် ခံခဲ့ရဟန်တူကြောင်း၊ ဦးခေါင်းတွင်ရှိသောဒဏ် ပြင်းထန်၍ သေဆုံးဖွယ်ရှိကြောင်း၊ ထိတ်လန့်တကြား ဆင်းပြေးသွားသော အမျိုးသမီး၏ပုံပန်းသဏ္ဌာန် အမည်နေရပ်လိပ်စာကို မည်သူမျှ မပြောနိုင်ကြောင်း ရဲအဖွဲ့က မည်သူသည် မည်သည့်အကြောင်းကြောင့် ယခုလို နှိပ်စက်သတ်ဖြတ်သွားသည်ကို ဆက်လက်စုံစမ်းလျက်ရှိကြောင်း။

သတင်းဖော်ပြချက်မှာ ထိုမျှသာ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသတင်းနှင့် ဓာတ်ပုံကို ဖတ်ရှုကြည့်ရှုပြီး အောင်စည်ဟိန်း စဉ်းစားပြန်သည်။

သေဆုံးသူ စိုးလှိုင်အောင်သည် စန္ဒာပြောခဲ့သည့် စိုးလှိုင်အောင်ဖြစ်နေပြီး အတိတ်တလန့်အော်ဟစ်ဆင်းပြေးသွားသော အမျိုးသမီးမှ စန္ဒာပင်လျှင် ဖြစ်လေမလား။

ဟုတ်သည် မဟုတ်သည် မသေချာသော်လည်း ထိုအမျိုးသမီးသည် စန္ဒာဖြစ်နိုင်ဖို့က ရာခိုင်နှုန်းတော်တော်များနေပေသည်။

တကယ်တော့ အောင်စည်ဟိန်းသည် ဝါသနာစုံထောက်သာဖြစ်သည်။ သူ့ဟာသူဖြစ်နေသော မှုခင်းတွေနှင့် ဘာမှု အောင်စည်ဟိန်း မဆိုင်။

သို့သော် ...

စန္ဒာနှင့် ဆက်နွယ်မိသောကြောင့် ယခု သတင်းစာဖော်ပြပါ အမှုတွင် အောင်စည်ဟိန်း အရမ်းစိတ်ဝင်စားသွားသည်။

ထို့ကြောင့်လည်း လေသာက အနေသာကြီးရှိပါလျက်နှင့်ပင် အောင်စည်ဟိန်းသည် စိုးလှိုင်အောင်နေရာလမ်းသို့ စုစမ်းကြည့်ရန် ရောက်လာပေတော့သည်။

လမ်းထဲရှိ စိုးလှိုင်အောင့်၏ တိုက်ခန်းနေအိမ်အား သော့ပိတ်ကာ ရဲအစောင့်ချထားသည်ကို တွေ့ရသည်။

အောင်စည်ဟိန်းက အောက်တည့်တည့်အခန်းသို့ သွားသည်။

ကုလားလင်မယားနေသောအခန်းဖြစ်ပါ၏။ အောင်



စည်ဟိန်း၏ ဥပမိရုပ်ကြောင့်ရော ကိုယ်ပိုင်ကားနှင့် လာသည်ဖြစ်သောကြောင့်ရော ကုလားလင်မယားက ဖျူဖျူလေးစားစွာ ဆက်ဆံပြောဆိုပေသည်။ အောင်စည်ဟိန်းမေးသမျှကို စိတ်ရှည်လက်ရှည် ဖြေကြားပေးသည်။

ကုလားလင်မယားသည် မြန်မာစကား ပြောနိုင်ရုံမက စကားအသုံးအနှုန်းများကိုပင် မြန်မာဆန်အောင် ပီသစွာပြောနိုင်ပေသည်။

"အပေါ်ထပ်တည့်တည့်အခန်း စိုးလှိုင်အောင်အကြောင်း သိချင်လို့ပါ ... အဲ ... နောင်ကြီးနာမည်က ..."

"ကုလားလိုတော့ ယူနွတ်ပေါ့ ... မြန်မာနာမည်ကတော့ ခင်မောင်ဝင်းပါ ... ကျွန်တော့်မိန်းမက ကုလားနာမည်ခေါ်ရင် မကြိုက်ဘူး အစ်ကို ... သူ့နာမည်က ခင်ဆန်းလင်းပါ ..."

အားပါးပါးဟု အောင်စည်ဟိန်း ရင်ထဲမှာပင် အာမေဋိတ်မိသည်။ ခင်မောင်ဝင်းနှင့် ခင်ဆန်းလင်းနာမည်ကို သူတို့လင်မယားသည် မည်သည့်ဗေဒင်ဆရာထံတွင် ငွေကုန်ကြေးကျခံ ဗေဒင်ကိန်းခန်းနှင့် တွက်ချက်ပြီး ရယူထားသနည်းဟုတောင် မေးချင်စရာဖြစ်နေပါ၏။

"အဲ အစ်ကိုက နောက်ထပ်စုံထောက်အရာရှိတစ်ယောက်ပဲလား အစ်ကို ..."

"အဲ ... ဟုတ်ပါတယ် ခင်မောင်ဝင်း ..."

"တခြားစုံထောက်ကို ကျွန်တော်သိသလောက် ပြောပြီးပါ

www.burmeseclassic.com

www.burmeseclassic.com



ပြီ အစ်ကို … အဲဒီစုံထောက်ကတော့ ရဲယူနီဖောင်းပါ … ကျွန်တော့်အနေနဲ့ သိပ်ပြောစရာမှ မရှိတာ … ကျွန်တော်နဲ့ ခင်ဆန်းလင်းက မိန်းမတစ်ယောက်အော်သံ ဟစ်ပြေးသွားတာကို အသံလည်းကြားတယ် … မြင်လည်းမြင်လိုက်တယ်၊ ဒါကြောင့် အပေါ်တက်ကြည့်ကြတယ် … ကိုစိုးလှိုင်ခမျာ ကြိုးနဲ့အတုပ်ခံရပြီး သေနေတာကိုတွေ့တယ် … ကျွန်တော်နဲ့ ခင်ဆန်းလင်းက အိမ်နီးချင်းတွေကိုခေါ်ပြီးပြောတယ်၊ အဲဒီနောက် ရဲတွေရောက်လာတာပါပဲ အစ်ကို၊ ဒါလောက်ပါပဲ အစ်ကို … ”

“စိုးလှိုင်အောင်ဟာ မသေခင်က အရိုက်အနှက် အနှိပ်အစက်ခံရသေးတာပဲ … အဲဒီရိုက်သံ နှိပ်စက်သံကို ခင်မောင်ဝင်းတို့လင်မယား မကြားကြဘူးလား … ”

“အဲဒါကိုပဲကျွန်တော်နဲ့ခင်ဆန်းလင်း လင်မယားနှစ်ယောက်စလုံး စိတ်မကောင်းဖြစ်ရပါတယ် အစ်ကို … တကယ်လို့သာ အဲဒီအသံတွေကြားရင် ကျွန်တော်တို့ အပေါ်တက်လာပြီး ကူညီနိုင်မှာပါလားလို့လေ၊ ကျွန်တော်တို့ ဘာမှမကြားလို့ ကိုစိုးလှိုင်အောင် သေသွားရှာတာပါ … ကျွန်တော်တို့က လူထက် အများကြီးပိုကြီးမားတဲ့ နွားကိုတောင် လည်လှီးရဲတာပဲ … နှိပ်စက်တဲ့ကောင်တွေကိုတွေ့ရင် လည်လှီးပစ်လိုက်မှာပေါ့ အစ်ကို … ဒါပေမဲ့ အစ်ကိုရာ ပြောရရင် ရှက်စရာပါ … ဟဲ … ဟဲ … ”



ခင်မောင်ဝင်းက အသားမည်းသောကြောင့် သွားတွေ ပိုဖြူဖွေးလေသလားတော့မသိ။ ပြုံးဖြဲဖြဲနှင့် သွားတွေဖြူဖွေးပေါ်ပြီး …

“အဲဒီညက ကျွန်တော်နဲ့ ခင်ဆန်းလင်း အိပ်ရာအစောကြီးဝင်ကြမိတယ် … ပြီးတော့ အိပ်မောကျသွားတယ် အစ်ကို၊ အပေါ်ထပ်လှေကားက တဒုန်းဒုန်းမြည်အောင် အော်ဟစ်ပြေးဆင်းသွားတဲ့အသံတွေကြောင့် ကျွန်တော်တို့လည်း နိုးသွားကြတာ … ”

“အဲဒီအချိန်က နာရီဘယ်လောက်လောက်ရှိသွားပြီလဲ ခင်မောင်ဝင်း … ”

“သန်းခေါင်ကျော် တစ်နာရီမိနစ်သုံးဆယ်လောက်ပဲ အစ်ကို၊ ကျွန်တော် အိပ်ရာက လူးလဲထရင်း ဘေးကစားပွဲတင်နာရီကို တိုက်မိလို့ နာရီကို ပြန်ထောင်ရင်း နာရီကို ကြည့်မိလို့ တိတိကျကျ မှတ်မိတာ အစ်ကို … ”

“အဲဒီအော်ဟစ်ပြေးသွားတဲ့ မိန်းမကို ကိုခင်မောင်ဝင်း တွေ့မြင်လိုက်တယ်နော် … ”

“အသံကိုသာ သေသေချာချာ ကြားတာပါ … ကျွန်တော်တို့ တံခါးဖွင့်လှမ်းကြည့်တော့ အဲဒီမိန်းမနောက်ကျောပိုင်းကိုပဲ မြင်ရတော့တယ် … သူ့ဆံပင်တွေက နောက်ကျောဖုံးနေသေးတယ် … ”

ယူနွတ်ခေါ်ခင်မောင်ဝင်း၏ ဖြေကြားစကားတွေကို အောင်စည်ဟိန်း လက်ခံပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်တိုက်ခန်းနေသမားများသည် ဤပုံစံအတိုင်း ရှိကြသည်။ တိုက်ခန်း၏ဝင်ပေါက် ထွက်ပေါက် တံခါးကို ပိတ်ထားလျှင် ပတ်ဝန်းကျင်၏ အဖြစ်အပျက်များကို အသံသာကြားနိုင်ပြီး မြင်တွေ့ရမလွယ်ပေ။ ညသန်းခေါင်ကျော်အချိန်ကြီးတွင် အပြင်မှ အသံတွေ ကြားသည်ဆိုဦးတော့ အဘယ်တိုက်ခန်းနေသမားသည် အိပ်ရေးပျက်ခံကာ ဖွင့်ကြည့်လေမည်နည်း။ ဤကုလားလင်မယားပင်လျှင် စပ်စုသောအကျင့်ရှိသောကြောင့် ဤသို့ပြောနိုင်ခြင်းဖြစ်ပေသည်။

"သေသွားတဲ့ စိုးလှိုင်အောင်နဲ့ ကိုခင်မောင်ဝင်းတို့ လင်မယား ခင်မင်ကြမှာပေါ့နော် ..."

"အစ်ကို နယ်ကနေပြီး ရန်ကုန်ရောက်လာတာ မကြာသေးဘူး ထင်တယ် ... ရန်ကုန်မှာက အိမ်နီးချင်းကပ်လျက်နေတာတောင်မှ မခင်မင် မသိကျွမ်းတတ်ကြဘူး အစ်ကို ... သေသွားတဲ့ ကိုစိုးအောင်လှိုင်ကိုတောင် ကျွန်တော်တို့ အသိ အကျွမ်းမဖြစ်ကြဘူး၊ လှေကားအပေါ်တက်အောက်ဆင်း မြင်ဖူးရုံလောက်ပဲရှိတာ ..."

"ဒါဆို အဲဒီလို လှေကားအတက်အဆင်းမှာလည်း စိုးလှိုင်အောင်ဟာ အမျိုးသမီးနဲ့အတူ တွဲတက်တွဲဆင်းကော ခင်မောင်ဝင်းတို့လင်မယား တွေ့မိကြသလား ..."

"အဲဒါတော့ ခဏခဏတွေ့တယ် ... ကိုစိုးအောင်လှိုင်ဟာ မိန်းမချောချောလေးနဲ့ တွဲသွားတွဲလာ ရှိတာကိုတော့



ကျွန်တော် ခဏခဏမြင်တယ် ... ဒါပေမဲ့ အဲဒီမိန်းမနာမည်ကို ကျွန်တော် ဘယ်သိမလဲ ..."

အောင်စည်ဟိန်းသည် စန္ဒာ၏ရုပ်မျက်နှာဖုံး၊ အရပ်အမောင်း စသည်တို့ကို ပြောပြသည်။

"ဟုတ်တယ် အစ်ကို ... အခု အစ်ကိုပြောပြတဲ့ မိန်းမပုံစံနဲ့တော့ ကိုစိုးလှိုင်အောင် အတူတွဲတာ ဟုတ်တယ် ... အဲဒီမိန်းမက အစ်ကိုပြောတဲ့ပုံစံအတိုင်းပဲ ..."

"အဲဒီမိန်းမကို စိုးလှိုင်အောင်က စန္ဒာလို့ခေါ်တာကိုရော ခင်မောင်ဝင်းတို့ မကြားမိဘူးလား ..."

"ဟင့်အင်း ... မကြားမိဘူး အစ်ကို ... အဲဒီ စန္ဒာဆိုတာက လှေကားကအောင်ဟစ်ပြေးဆင်းသွားတဲ့ မိန်းမလား အစ်ကို"

"ဖြစ်နိုင်စရာပေါ့ ခင်မောင်ဝင်း ... ဒါပေမဲ့ အတိအကျဟုတ်တယ်လို့တော့ ဘယ်ပြောနိုင်မလဲ ... စိုးအောင်လှိုင်က လူပျိုဆိုတော့ သူတွဲတဲ့ မိန်းကလေးတွေ အများကြီးရှိမှာပေါ့ကွာ ... နောက်ပြီး စိုးလှိုင်အောင်ရဲ့အလုပ်က ဓာတ်ပုံဆရာဆိုတော့ မိန်းမတွေနဲ့ ဆက်ဆံရများတဲ့ အလုပ်ပဲ ..."

"အား ... အစ်ကို ... အစ်ကိုပြောတာ မှန်တယ် ... အိမ်နီးချင်းတချို့က ပြောကြတယ် ... စိုးလှိုင်အောင်ဟာ ဓာတ်ပုံဆိုင်ဖွင့်ထားတယ်တဲ့ ... ဒါပေမဲ့ သူ တစ်ယောက်တည်းပိုင်တဲ့ဆိုင်တော့ မဟုတ်ဘူးတဲ့ ... လုလွန်းဆွေဆိုတဲ့ အမျိုးသမီးနဲ့ စပ်တူဖွင့်ထားတာလို့ ပြောကြတယ် အစ်ကို ...

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ အစ်ကို့အနေနဲ့ အဲဒီလှလွန်းဆွေဆိုတဲ့ အမျိုးသမီးဆီ သွား...မ်းရင် ကိုစိုးလှိုင်အောင်အကြောင်းတွေ ပိုသိနိုင်မလားဘဲ ... ကိုစိုးလှိုင်အောင်ရဲ့ဓာတ်ပုံဆိုင်နာမည်က 'လှလွန်းဆွေ'ဆိုလားပဲ ... ဗိုလ်ချုပ်အောင်ဆန်းလမ်းမှာ ဖွင့်ထားတာတဲ့ ... ဘူတာကြီးနဲ့ မျက်စောင်းထိုးလောက်မှာလို့ ပြောကြတယ် ...”

“အဲ့ဒါကို စောစောက ပြောပါတော့ ယူနွတ်ခေါ်ကိုခင်မောင်ဝင်းရယ် ...”

ဟု အောင်စည်ဟိန်း ညည်းညည်းညူညူလေး ရေရွတ်ပြီး ယူနွတ်ခေါ် ခင်မောင်ဝင်းနှင့် ခင်ဆန်းလင်း လင်မယားကို နှုတ်ဆက်ပြီး ထွက်လာခဲ့တော့သည်။

ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးဘက်သို့ မောင်းလာခဲ့ပါလေတော့၏။

— — ✿ —



၆

'လှလွန်းဆွေ'ဓာတ်ပုံတိုက်ဆိုင်းဘုတ်သည် အနက်ခံတွင် ရွှေစာလုံးဖြင့် ခန့်ခန့်နားနား ချိတ်ဆွဲထားသည်။

ရုပ်လုံးကြွနမူနာပြဓာတ်ပုံများကို မှန်ဗီရိုတွင် ဝင့်ကြွားစွာ ဖော်ပြထားသည်။

ဧည့်ခန်းနှင့် လုပ်ငန်းခန်းမှာ တစ်ဆက်တည်းသာရှိပြီး ကူရှင်ခံငွေရောင်ပိုက်လုံးထက် ကုလားထိုင်များစီချထားသည်။

...ဝင်လိုက်သည်နှင့် ...သန့်ရှင်းပြောင်လက်နေသည်။

ဓာတ်ပုံခန်းထဲရှိ စားပွဲတစ်လုံးတွင် ထိုင်နေသော အမျိုးသမီးတစ်ဦးကို အောင်စည်ဟိန်း တွေ့မြင်ရသည်။

ထိုအမျိုးသမီးသည် စားပွဲအံဆွဲကို ဝိတ်လိုက်ဖွင့်လိုက်ဖြင့် အလုပ်ရှုပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်စည်ဟိန်း ဝင်ရောက်လာသည်ကိုတွေ့လျှင် အမျိုးသမီးသည် အံ့ဩဲ့ဝှက်လိုက်သည်။ ယူနွတ်ခ်င်မောင်ဝင်း ပြော ပြချက်အရ ထိုစားပွဲထိုင် အမျိုးသမီးပင်လျှင် လှလွန်းဆွေဖြစ်ပေ မည်။

"အဲဒီက မလှလွန်းဆွေ မဟုတ်လား ..."

"ဟုတ်ပါတယ် ... အဲဒီတော့ ဘာဖြစ်လဲ ..."

အဲဒီတော့ ဘာဖြစ်လဲဟု ပြန်မေးသောမေးခွန်းကို အောင်စည်ဟိန်း မည်သို့ပြန်ဖြေရမှန်းမသိ။

ဆတ်ခနဲ ပြန်မေးခွန်းမေးသော အမျိုးသမီးလှလွန်း ဆွေကိုသာ ငေးကြည့်အကဲခတ်သည်။

လှလွန်းဆွေသည် မြင်သည်နှင့် ချစ်စရာကောင်း သည့် မိန်းကလေးဟု အောင်စည်ဟိန်းသတ်မှတ်သည်။ ရုပ်လှပြီး အချိုးကျသည်။

သို့သော် ...

မြသုခကလပ်စင်မြင့်တွင် ကပြဆိုပြသော နှင်းသီ တာ၏အလှမျိုးလည်းမဟုတ်။ စန္ဒာ၏ အရှိကိုအရှိအတိုင်း ပေါ်လွင် စေရန် ဝတ်စားဆင်ယင်ပုံမျိုးလည်းမဟုတ်။ ကလက်ပြီးလှသော အလှမျိုး မဟုတ်ပါလေ။

လှလွန်းဆွေဝတ်ဆင်ထားသော အဝတ်အထည်မှာ ထူထူထဲထဲ လုံလုံခြုံခြုံရှိပေသည်။

ယင်း ထူထဲလုံခြုံသည့်ကြားက္ကာပင် သူမ၏ပင်ကိုယ်



ရှိ အဝန်းအဝိုင်း အကွေ့အကောက် အရှိက်အဟိုက် အစို့အပို့ အတင်း အမာတို့သည် ပုံရိပ်သဏ္ဍာန်ရှိနေသည်။

"အဲဒီတော့ ဘာမှမဖြစ်ပါဘူး ... မလှလွန်းဆွေနဲ့ စကား သိုးနည်းပါးပါးပြောချင်တာလောက်ပါဗျာ ..."

ရှင်က နောက်ထပ် သတင်းထောက်တစ်ယောက်လား။ ဒါဆိုရင်တော့ လွန်းဆွေ ဘာမှမပြောတော့ဘူး ... ကိုယ့် ဘာသာကိုယ် ပြန်ပေတော့ ... ဘယ့်နှယ်ရှင် ... လူတစ်ဘက် သားကို အားနာစိတ်လေးရှိကြဦးမှပေါ့ ... ရှင်တို့ ထမင်း ဘစ်လုတ်အတွက် ဘယ်သူ့ကိုမှ မငဲ့ကွက်ကြတော့ဘူးလား။ တကတဲ ... မေးပဲမေးနိုင်လွန်းတယ် ... ကြာတော့ ဘာ ဖြေရမယ်မှန်းတောင် မသိတော့ဘူး ... အို ... ရှင်တို့ သတင်းထောက်တွေကို လွန်းဆွေ စကားမပြောချင်ဘူး ... မှန်းစရာ ..."

"ကျွန်တော်က သတင်းထောက်မဟုတ်ပါဘူး ... ဝါသနာစုံ ထောက်တစ်ယောက်လို့ပြောရင်ရပါတယ် ... ဘယ်ဌာနက မှ ခန့်ထားတဲ့ ရာထူးမျိုးလည်း ကျွန်တော့်မှာ မရှိပါဘူးဗျာ"

"အင်ံ ဒုပ့်ါလေ ... သတင်းထောက်ပဲဖြစ်ဖြစ် ... ဌာနခန့် ရာထူးစုံထောက်ပဲဖြစ်ဖြစ်၊ အပျော်တမ်းဝါသနာစုံထောက် ဖြစ်ဖြစ် လူတွေကို စိတ်ညစ်အောင် မေးခွန်းတွေမေးတတ် ကြဖို့သူတွေချည်းပဲ မဟုတ်လား ... ဟွန်း ... လွန်းဆွေ ရှင်တို့ကို စိတ်ပျက်တယ် ..."

အောင်စည်သူက ရိုးတွန့်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



လှလွန်းဆွေအား စိုးလှိုင်အောင် အသတ်ခံသေဆုံးမှုအတွက် အောင်စည်ဟိန်း ရောက်မလာမီကပဲ ရဲစုံထောက်များ ရောက်လာမေးမြန်းသွားခြင်း လှလွန်းဆွေ ခံထားရပုံရသည်။ ဤသည်ကိုပင် လှလွန်းဆွေ ငြီးငွေ့စိတ်ပျက်နေဟန်တူပါ၏။

"ကိုစိုးလှိုင်အောင်ဟာ စန္ဒာဆိုတဲ့ အမျိုးသမီးချောတစ်ယောက်နဲ့ သိကျွမ်းခင်မင်နေတာကို မလှလွန်းဆွေ သိသလားလို့ပါ ... "

"စန္ဒာ ... ဟုတ်လား ... မသိပါဘူး ... ကြားလည်း မကြားမိဘူး ... လွန်းဆွေက ဓာတ်ပုံဆိုင်ဖွင့်ချိန် အကန့်အသတ်အတွင်းမှာသာ ဒီဆိုင်မှာ တာဝန်အရရှိနေတာ ... ကိုစိုးလှိုင်အောင်ရဲ့ ပြင်ပဆက်ဆံရေးတွေ၊ အပေါင်းအသင်းတွေကို လွန်းဆွေ မသိဘူး ... သိစရာလည်းမလိုဘူး ... လုပ်ငန်းသဘောအရ ငွေစပ်တူပါတနာဖွင့်ခဲ့တာကလွဲပြီး တခြားဘာမှ မသိဘူး ... "

လှလွန်းဆွေသည် စိုးလှိုင်အောင် သေဆုံးသွားခြင်းအတွက် ဘာမျှစိတ်ထိထိခိုက်ခိုက် ရှိပုံမရပေ။ စိုးလှိုင်အောင်နှင့် လုပ်ငန်းပါတနာလုပ်ခဲ့ခြင်းတစ်ချက်သာ ရှိပုံရသည်။ ပုဂ္ဂိုလ်ရေး သံယောဇဉ်မရှိကြောင်း သိသာနေသည်။

"များသောအားဖြင့် ဓာတ်ပုံဆရာတွေဟာ ကိုယ့်ဟန်ပြမယ်တွေထားပြီး ဓာတ်ပုံအမျိုးမျိုးရိုက်တတ်တယ် မဟုတ်လား မလှလွန်းဆွေ ... "



"လှလွန်းဆွေလို့ပဲခေါ်ပါလား ... ရှေ့က 'မ' ကြီး တပ်ခေါ်တာ နားကလောစရာကြီး ... "

"ဟုတ်ကဲ့ပါ လှလွန်းဆွေ ... စိုးလှိုင်အောင်ဟာ စန္ဒာဆိုတဲ့ အမျိုးသမီးကို အဲဒီလို ကိုယ်ပြမယ်အဖြစ်မျိုးထားခဲ့သလားလို့ ... စန္ဒာရဲ့ရုပ်ကိုယ်ခန္ဓာဟာ ကိုယ်ဟန်ပြမယ်ထားရှိနိုင်လောက်အောင်ပဲ ရုပ်ခန္ဓာရှိနေတယ် ... "

လှလွန်းဆွေက ခေါင်းခါပြသည်။

"အဲဒီလို အမျိုးသမီးရုပ်ခန္ဓာအလှရိုက်တာမျိုး ပြက္ခဒိန်တွေက လာအပ်တာတောင် လွန်းဆွေက လက်မခံဘူး၊ ဟောဒီ လွန်းဆွေ အစုဝယ်ထားတဲ့ ဓာတ်ပုံဆိုင်ဟာ ဓာတ်ပုံပညာကိုသာ အဓိကထားပြီးဖွင့်ခဲ့တာ ... သန့်သန့်ရှင်းရှင်း အနုပညာပိုင်းကိုသာလုပ်တာ ... "

"မလွန်းဆွေက လက်မခံလိုက်ပေမဲ့ ... စိုးလှိုင်အောင်က လက်ခံရင်ကောဗျာ ... "

"ဒါတော့ လွန်းဆွေ မသိနိုင်ဘူး ... ဓာတ်ပုံဆိုင်ကို ညပိုင်းဆိုင်ပိတ်ချိန်မှာ ကိုစိုးလှိုင်အောင် အသုံးပြုရင်ရတယ် ... ပြင်ပမှာ သူ့ဟာသူ အဲဒါမျိုးတွေ လက်ခံလုပ်တယ်ဆိုရင်ရယ်၊ အဲဒါကိုတော့ လွန်းဆွေ မသိနိုင်ဘူး ... နောက်ပြီး ဒီဆိုင်ရဲ့ တံခါးသော့တွဲက သူ့မှာလည်းတစ်တွဲရှိနေတယ် ... အစုစပ်ပါတနာဆိုတော့ သူ့ကို သော့ပိုတစ်တွဲပေးထားရတယ် ... နေ့ပိုင်းအားလပ်ချိန်မှာတော့ လွန်းဆွေ ဆိုင်ထိုင်တယ် ... ဒါမျိုးတွေ လုံးဝမလုပ်ဘူး ... "

www.burmeseclassic.com

www.burmeseclassic.com



"ဒီခါတတ်ပုံဆိုင်က တယ်လီဖုန်းနဲ့ရော စိုးလှိုင်အောင် အပြင်ကို စကားပြောတဲ့အခါ စန္ဒာဆိုတဲ့ အမျိုးသမီး ဆီကို ဆက်တာမျိုး လှလွန်းဆွေ ကြားမိတာမျိုးရှိသလား ..."

လှလွန်းဆွေ ခေါင်းခါပြသည်။

"စိုးလှိုင်အောင် တစ်စုံတစ်ဦး တစ်ဖွဲ့တစ်စည်းက သတ်ပစ်ချင်လောက်တဲ့ အကြောင်းအရာနဲ့ ဆက်သွယ်နေတာကိုရော လှလွန်းဆွေ မရိပ်မိဘူးလား ..."

မေးခွန်းမှာ တည့်တိုးဆန်လွန်းမှန်း အောင်စည်ဟိန်းက သိသော်လည်း မေးရတော့သည်။

လှလွန်းဆွေသည် အောင်စည်ဟိန်း မေးမြန်းသည်တို့ကို ဆက်လက်ဖြေကြားချင်ပုံမရလောက်ဘဲ တိုင်ရာမှထရန် ဖင်ကြွကြွဖြစ်နေသောကြောင့် အောင်စည်ဟိန်း မေးသမျှ မသိပါ မရိပ်မိပါဟူ၍သာ ဖြေတော့သည်။

"ကဲ ... ကိုအောင်စည်ဟိန်းမေးသမျှ လွန်းဆွေ ဖြေပြီးပြီ၊ ရဲအဖွဲ့က လူတွေကိုရော ရဲစုံထောက်တွေကိုရော အခုဖြေတာထက် လွန်းဆွေ ပိုပြီးမဖြေနိုင်ခဲ့ပါဘူး ..."

ပြောရင်းပင် အတွင်းဘက်သို့ လှလွန်းဆွေက လှမ်းပြောလိုက်သည်။

"မောင်ပုရေ ... ဆိုင်ပိတ်တော့ မသွားတော့မယ်"

အောင်စည်ဟိန်းက ဆက်လက်၍ ဘယ်လိုမှ မေးနိုင်စွမ်း မရှိတော့ပြီ။

"ကျွန်တော့်မှာ မော်တော်ကားပါလာပါတယ် လှလွန်းဆွေ"



"လွန်းဆွေကို လိုက်ပို့ပေးပါရစေလို့ပဲ ပြောမှာ မဟုတ်လား ကိုအောင်စည်ဟိန်း ဟင် ... ဟင်း ... ရှင်တို့ယောကျ်ားတွေကတော့ တကယ့်ကို ယောကျ်ားတွေပါပဲရှင် ... လွန်းဆွေကို အပြန်ကားနဲ့ လိုက်ပို့ပေးမယ် ... ကားမောင်းသွားရင်း သိချင်တာတွေ မေးခွန်းတွေဆက်ပြီး အစ်အောက်မေးမယ် ... လွန်းဆွေက ဘာမှထပ်မဖြေနိုင်ရင်တော့ လွန်းဆွေနေတဲ့ အိမ်ကို လိုက်ပို့ရလို့ လိပ်စာသိသွားမယ် ... စိုးလှိုင်အောင် အသတ်ခံရတာကို အကြောင်းပြပြီး လွန်းဆွေအိမ်ကို ခဏခဏလာမယ် ... ပြီးတော့ ..."

လှလွန်းဆွေက ရယ်လိုက်သည်။

"ပြီးတော့ ဘာဖြစ်လဲ လှလွန်းဆွေ"

"ဘာမှမဖြစ်ဘူးဘဲ ထားပါတော့ ... ဒါပေမဲ့ ဦးအောင်စည်ဟိန်း လိုက်ပို့ပေးမယ်ဆိုတာကို လွန်းဆွေ လက်ခံပါတယ်၊ ကဲ ... ဒါဆိုလည်း သွားကြစို့တော့ ..."

အောင်စည်ဟိန်း၏ကားနှင့်ပင် လှလွန်းဆွေ လိုက်ပါခဲ့သည်။ လမ်းတွင် စကားမပြောဖြစ်ကြဘဲ လှလွန်းဆွေက အောင်စည်ဟိန်း မောင်းနေသည့်ဘက်သို့ ခဏခဏ လှည့်ကြည့်သည်။

အောင်စည်ဟိန်းသည် မောင်းနေလျက်ကပင် ဖို့(ဒ်) ဆလွန်းကားတစ်စီးကို မသင်္ကာဖြစ်လာသည်။ ထိုဆလွန်းကားသည် အနက်ရောင်ဖြစ်သည်။ အောင်စည်ဟိန်း၏ကားနောက်မှ

www.burmeseclassic.com

အစဉ်တစိုက် လိုက်လာနေကြောင်း နောက်ကြည့်မှန်မှ အောင်စည်ဟိန်း သတိထားတွေ့နေရသည်။

လမ်းထဲသို့ အောင်စည်ဟိန်း ချိုးကွေ့ဝင်လိုက်ချိန်တွင် နောက်မှ ဖို့(ဒ်)ဆလွန်းကားသည် ကျော်တက်ပြီး ကားချင်းဘေးတိုက်ညီ ယှဉ်မိသည်နှင့် အောင်စည်ဟိန်းက သူ့ကားကို ဒက်စဘော့ဘာရိတ်နင်းကာ တုံ့ခနဲရပ်သွားသည်နှင့် လှလွန်းဆွေကို ဆွဲကာ ကျရှင်ပေါ်သို့ လှဲချလိုက်သည်။ အောင်စည်ဟိန်းကိုယ်တိုင်လည်း လဲကျသွားသော လှလွန်းဆွေကို သူ၏ရင်အုပ်ကြီးနှင့် ကွယ်ဖိထားလိုက်သည်။

"ဖန်း ... ဖန်း ..."

ယမ်းအားသေးသော သေနတ်မှထွက်လာသော သေနတ်သံမို့ ဒိုင်း ... ဒိုင်းဟု မမည်ဘဲ ဖန်းဖန်းဟုမည်ကာ အသံထွက်သည်။

နှစ်ချက်ပစ်ပြီးနောက် ဖို့(ဒ်)ဆလွန်းကား ရှေ့ဆက်မောင်းသွားသည်။

အောင်စည်ဟိန်း ပြန်ထကာ ဘေးစလွယ်အိတ်ထဲမှ သူ့သေနတ်ကိုထုတ်ပြီး အောက်သို့ဆင်းပြီး ဖို့(ဒ်)ဆလွန်းကား၏နောက်ဘီးတို့ကို ဆက်တိုက် တဒိုင်းဒိုင်း ပစ်ထည့်လိုက်သည်။

ဖို့(ဒ်)ဆလွန်းကားဘေးတစ်ဘက် အိကျသွားပြီး ပလက်ဖောင်းပေါ်တွင် ထိုးတက်မေးတင်ရပ်သွားသည်။ ဖို့(ဒ်)ဆလွန်းကားပေါ်မှလူ ခုန်ဆင်းကာ လမ်းထဲရှိ တိုက်ကြိုတိုက်ကြားထဲသို့ ထွက်ပြေးသွားတော့သည်။



ထိုပြေးသူနောက်ကို အောင်စည်ဟိန်း ပြေးမလိုက်တော့ပေ။ သေနတ်ပါသော ရန်သူတိုက်ကြိုတိုက်ကြားထွက်ပုန်းပြေးပုန်းကွယ်ရာနောက်သို့ လိုက်ခြင်းသည် ကိုယ့်မှာပင် အန္တရာယ်များလှသည်။ သူက အကာအကွယ်ယူထားပြီး ပြန်လှည့်ဆီးပစ်နိုင်ခွင့်ရသွားပေပြီ။

ဖြစ်ပျက်ပုံမှာ မြန်ဆန်လွန်းသောကြောင့် လှလွန်းဆွေသည် ကုရှင်တွင် လှဲဝပ်ပုံစံမှ အောင်စည်ဟိန်းကို မော့ကြည့်နေပေသည်။

လမ်းချိုးလမ်းကွေ့ထဲမှာ ဖြစ်သောကြောင့် ပတ်ဝန်းကျင်လူတွေ သိပ်အုံးအုံးကြွက်ကြွက်ဖြစ်မလာမီမှာပင် အောင်စည်ဟိန်း ကားပေါ်တက် ပြန်မောင်းလိုက်တော့သည်။ ဂငယ်ကွေ့ဖြင့် လမ်းတန်းသို့ပင် မောင်းထွက်လိုက်သည်။

"ဟိုကားနက်ထဲကလူက လွန်းဆွေကို သေနတ်နဲ့ပစ်တာလားဟင် ..."

"အဲဒီလူဟာ လှလွန်းဆွေကို ပစ်တာ မဟုတ်ဘူးဆိုရင်တော့ သေနတ်ပစ်ပြိုင်ပွဲဝင်ဖို့ လေ့ကျင့်နေသလားပဲ ... မော်တော်ကားမောင်း သေနတ်ပစ်ပြိုင်ပွဲလေ ..."

လှလွန်း တကယ်ကြောက်လန့်သွားသည်။ ဟိုကားနက်မှ သေနတ်ပစ်ထွက် ပြေးသူသည် မိမိထိုင်သည့်ဘက်မှ ကားကျော်တက်ပြီး ပစ်ခြင်းဖြစ်သောကြောင့် မိမိကိုပစ်မှန်း လှလွန်းဆွေ သေချာသည်။

www.burmeseclassic.com

www.burmeseclassic.com

မိမိအသက်ကို လျှင်မြန်အသွက်လက်ဆုံး ကယ်တင်ပေးသော အောင်စည်ဟိန်းအား အလွန်ကျေးဇူးတင်ရှိသော မျက်ဝန်းစုံအကြည့်ဖြင့် ကြည့်နေမိသည်။

"အခု လွန်းဆွေတို့ ဘယ်သွားကြမလဲ ကိုအောင်စည်ဟိန်း"

"ကျွန်တော့်မှာ သိပ်ရင်းနှီးခင်မင်တဲ့ ရဲအရာရှိ ဦးမင်းစံရှိတယ် ... အခုဟာ လုပ်ကြံတဲ့ မှုခင်းတစ်ခုပဲ ဦးမင်းစံဆီ သွားတိုင်ကြားမှာပေါ့ ..."

"စည်ပိုင်းလို ဝတုတ်တုတ်ရဲအရာရှိ ဦးမင်းစံကို ပြောတာလား ကိုအောင်စည်ဟိန်း ..."

"ဟုတ်တယ် လှလွန်းဆွေ ... သူ့ကို သိသလား ..."

ဟု ပြန်မေးရင်း ဦးမင်းစံကို စည်ပိုင်းလို ဝတုတ်ကြီးဟု ပြောသည်ကို အောင်စည်ဟိန်း ရယ်မိသည်။

"ဟုတ်တယ် ... သူ့ဆီသွားမလို့ ..."

"ဆွေမလိုက်ချင်ဘူး အစ်ကို ..."

"ဘာလို့လဲ ..."

"ဟာ ... သိပ်အမေးအမြန်းထူတာ ဒီနေ့တစ်မနက်လုံး စိုးလှိုင်အောင် သေနတ်ဆုံးမှုနဲ့ ပတ်သက်ပြီး လှလွန်းဆွေကို အဲဒီလူဝကြီးမေးတာ စိတ်ကိုညစ်သွားတာပဲ ... လွန်းဆွေ မဖြေတတ်တာတွေကိုချည်းမေးတာ ... အခုသွားရင် သေနတ်ပစ်ခံရတဲ့အကြောင်း သူ ဆက်မေးဦးမှာ အစ်ကို ... ဒီညလွန်းဆွေ အိမ်ပြန်ရောက်တော့မှာ မဟုတ်ဘူး ..."

"ဒါဆိုလည်း လွန်းဆွေသဘောပဲလေ ... အခု သေနတ်ပစ်ခံရမှုမှာ လှလွန်းဆွေက တရားလိုပဲ ... တရားလိုကိုယ်တိုင်က အမှုမဖွင့်ချင်ရင် အိမ်ပြန်ကြရုံပဲပေါ့ ..."



"ဟုတ်ပါတယ် အစ်ကိုရာ ... လွန်းဆွေကို အိမ်ပဲလိုက်ပို့ပါတော့ ..."

လှလွန်းဆွေက မိမိကိုဦးအောင်စည်ဟိန်း၊ ကိုအောင်စည်ဟိန်းဟု ခေါ်ရာမှ ပြောင်းပြီး 'အစ်ကို' ဟု ဘာလို့ခေါ်ပါလိမ့်ဟု စဉ်းစားရင်း ဆက်မောင်းလာခဲ့တော့သည်။

... ✿ ...

www.burmeseclassic.com

www.burmeseclassic.com



၇

"အစ်ကို … "

"ပြော လှလွန်းဆွေ … "

"ဦးမင်းစံရဲ့ ရဲစခန်းကိုပဲ မောင်းပါတော့ အစ်ကို … လွန်းဆွေဟာ လွန်းဆွေကို သေကြောင်းကြံစည်ထားတာပဲဖြစ်ဖြစ် လွန်းဆွေရဲ့ လုံခြုံမှုအတွက် ရဲကိုတိုင်ထားမှဖြစ်မယ်လို့ နို့မို့ရင် နောက်ပိုင်း ပြဿနာတွေ ဆက်ပေါ်လာရင်ခက်မှာ"

"အဲ့ဒါ သိပ်မှန်တာပေါ့ … တကယ်တမ်း ရာဇဝတ်မှုကို ကာကွယ်ပေးနိုင်တာ တရားအစစ်ကို ရှာပေးနိုင်တာ ရဲအဖွဲ့ပဲဟာ … "

အောင်စည်ဟိန်းသည် ကားကို သူ့ရဲဘော်မိတ်ဆွေကြီး ဦးမင်းစံ၏ ရဲစခန်းသို့ ပြန်လည်ဦးတည်မောင်းခဲ့ပေတော့သည်။



ဦးမင်းစံသည် မိမိရုံးခန်းထဲသို့ ဝင်လာသူနှစ်ဦးအား ကြည့်ပြီး လှလွန်းဆွေကို နှုတ်ဆက်အပြုံးဖြင့် ကြိုဆိုသော်လည်း အောင်စည်ဟိန်းကို မျက်မှောင်ကြုတ်၍ ကြည့်လေသည်။

ဦးမင်းစံနှင့် တွေ့လေတိုင်း ဘယ်အခါမှ အပိုးမကျိုး အလိုက်ကန်းဆိုးမသိတတ်သော အောင်စည်ဟိန်းသည် ကုလားထိုင်တွင် အစွေ့သား ဝင်ထိုင်လိုက်သည်။

လှလွန်းဆွေကလည်း အောင်စည်ဟိန်း၏ ကပ်လျက် ကုလားထိုင်တွင် ဝင်ထိုင်ပေသည်။

ဦးမင်းစံကပင် လှလွန်းဆွေကို မေးလိုက်သည်။

"မိန်းကလေးက ပထမ ကျုပ်မေးတုန်းက မဖြေတာတွေကို အခုဖြေဖို့လာတာလားကွယ် … "

လှလွန်းဆွေမဖြေမီ အောင်စည်ဟိန်းက ဝင်ရောက်ဖြေလိုက်သည်။

"ဘယ်ကဟုတ်ရမှာလဲ … အခုလာတာက လမ်းမှာ ဖို့(ဒ်)ကားအနက်တစ်စီးနဲ့ လူက လှလွန်းဆွေကို သေနတ်နဲ့ ပစ်တာ ခံရလို့ ဦးမင်းစံကို လာတိုင်ကြားအမှုဖွင့်တာ … "

ဦးမင်းစံသည် သူ၏ငှက်ပျောဖီးလိုထားပြီး တုတ်ခိုင်ပြီးနေသော လက်ချောင်းလက်ဝါးကြီးဖြင့် သူ့စားပွဲကို ဒေါ်နှင့် မာန်နှင့် ပုတ်လိုက်သည်။

"ငါ မင်းကို မမေးဘူး … အောင်စည်ဟိန်း … "

အောင်စည်ဟိန်းက ပခုံးတွန့်ပြပြီး ဘာမှမဖြေသလို စီးကရက်ထုတ်သောက်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လှလွန်းဆွေက လမ်းတွင် သေနတ်ပစ်ခံခဲ့ရသည်ကို အစအဆုံး ဦးမင်းစံအား ပြောပြလိုက်သည်။

"အဲဒီလူက လှလွန်းဆွေကို ဘာလို့ သေနတ်နဲ့ ပစ်တယ်လို့ ထင်သလဲ ..."

"မထင်တတ်ဘူး အန်ကယ် ... ဒါပေမဲ့ သူဟာ လှလွန်းဆွေကို လိုက်သတ်တာတော့ အမှန်ပဲ ..."

"လှလွန်းဆွေမှာ ရန်သူရှိသလား ..."

လှလွန်းဆွေက ခေါင်းခါပြသည်။

"ဒါဆိုရင်တော့ ... စိုးလှိုင်အောင်နဲ့ပတ်သက်တဲ့ကိစ္စတစ်ခုခု ဖြစ်နိုင်တယ် ... စိုးလှိုင်အောင်ကိစ္စမှာ လှလွန်းဆွေသိထားတာရှိနေဦးမှာပါ ... အန်ကယ်တို့ကို ဖွင့်မပြောဘဲ လှလွန်းဆွေ ရင်ထဲမှာ သိနေတာမျိုးလေ ..."

"မရှိဘူး အန်ကယ် ... လှလွန်းဆွေ သိသမျှအားလုံး အန်ကယ့်ကို မနက်က ဖွင့်ပြောပြီးသားပဲ ..."

"မဟုတ်နိုင်သေးဘူး လှလွန်းဆွေ ... စိုးလှိုင်အောင်နဲ့ ပတ်သက်ပြီး အရေးကြီးတာတစ်ခုခု လှလွန်းဆွေမှာ ရှိနေလိမ့်မယ် ..."

"အဲဒီလိုသိနေတာကိုပဲ လှလွန်းဆွေဘာသာ ပြန်မသိတာမျိုးဖြစ်မှာပါ ... ဒါပေမဲ့ ... လူသတ်သမားကတော့ အဲဒီအချက်ကို လှလွန်းဆွေ သိထားတယ်အထင်နဲ့ လှလွန်းဆွေကို နှုတ်ပိတ်ပစ်ဖို့ ကြိုးစားတာဖြစ်မယ်လို့ အန်ကယ် ယူဆတယ် ..."



"လှလွန်းဆွေ သိသလောက်တော့ မနက်က အန်ကယ့်ကို လှလွန်းဆွေ ဖြေပြီးသားပဲ ... အန်ကယ်ကိုယ်တိုင် မေးခွန်းတွေ ရာနဲ့ချီမေးခဲ့တာပဲ မဟုတ်လား ..."

"ထပ်ပြီးစဉ်းစားပါ လှလွန်းဆွေ တစ်ခုခုပြန်အမှတ်ရလာရင် အန်ကယ့်ကိုပြောပေါ့ ..."

ဦးမင်းစံက အောင်စည်ဟိန်းဘက်သို့လှည့်လိုက်သည်။

"ဒါမယ် ... အောင်စည်ဟိန်း ... မင်းက လူသတ်မှုတစ်ခုဖြစ်လာပြီဆိုရင် -ကန့်လန့်ကန့်လန့်နဲ့ ပါလာတော့တာပဲ၊ အခု သေနတ်အပစ်ခံရမှုဟာ မင်းတို့ ငါ့ဆီမလာခင်ကတည်းက ငါ့ဆီဖုန်းသတင်းလာပြီးပြီ ... အခုလည်း လှလွန်းဆွေကို လုပ်ကြံတဲ့အမှုထဲမှာ မင်းက ဘယ်လိုပတ်သက်ပြီးပါလာရပြန်တာလဲ ... တကယ် ... မင်းကတော့စံပဲ"

"ဒီမှာ ဦးမင်းစံ ... မိန်းမချောတစ်ယောက်ရှေ့မှာ ကျွန်တော့်ကို ပစ်ဟောက်နေလို့ ... ဦးမင်းစံမှာ ဘယ်လိုအကျိုးမှ မရနိုင်ပါဘူး ... နောက်ပြီး မိန်းမချောရှေ့မှာ အဟောက်ခံရလို့ ... ကျွန်တော်လိုလူက ရှက်တတ်တဲ့လူစားလည်း မဟုတ်ဘူးဆိုတာ ဦးမင်းစံ ကျွန်တော့်အကြောင်း ကောင်းကောင်းသိထားသားနဲ့ ... လူသတ်မှုမှာ ကျွန်တော် ကန့်လန့်ကန့်လန့်ပါလာတိုင်း ဦးမင်းစံတို့မှာ အကျိုးရှိခဲ့တာချည်း မဟုတ်လား ... တရားခံအစစ်ပေါ်ထွက်လာရေး

www.burmeseclassic.com



ထုတ်ဖော်ရေးတွေမှာ ဦးမင်းစံကို ရဲအဖွဲ့ကို ကျွန်တော်ကူညီခဲ့တာတွေဟာ အထောက်အကူရခဲ့တာချည်း မဟုတ်လား၊ အခု လုလွန်းဆွေ သေနတ်ပစ်ခံရတဲ့ကိစ္စမှာလည်း ကျုပ်ဆီကို စန္ဒာဆိုတဲ့ အမျိုးသမီးတစ်ယောက်က လာပတ်သက်ထားတာနဲ့ ဆက်နွယ်နေလို့ ကျုပ်ပါလာရတာ၊ ကောင်းပြီလေ … ဒီကိစ္စမှာ ကျုပ် ဘေးထွက်နေလိုက်မယ် … ကျုပ်ကို ဘယ်တစ်ယောက်ကမှ ငွေကြေးပေးပြီး ဒီကိစ္စအတွက် ငှားထားတာလည်း မဟုတ်ဘူး … နေသာတယ် … ဦးမင်းစံ နေသာတာမှ လေညှာကပဲဗျို့ … ကျုပ်က ဝါသနာစုံထောက်တစ်ယောက်ပါ … ကင်းကင်းနေဖို့ အရှင်းကြီးပါ ဦးမင်းစံ …”

အောင်စည်ဟိန်းက တကယ်တမ်း တင်းတင်းမာမာနှင့် ဖြစ်ရပ်မှန်ကို ပြောလာသည်နှင့် ရဲအရာရှိကြီးဦးမင်းစံကလည်း တဟဲဟဲနှင့် ပါးစုံ့ကြီးနှစ်ဘက် လှုပ်ခါသွားအောင် ရယ်လိုက်ပေသည်။

“ကြည့်ကောင်းတယ် အောင်စည်ဟိန်း … အခု မင်းပြောသွားတဲ့စကားလုံးတွေနဲ့ လိုက်ဖက်တဲ့ မျက်နှာအိုက်တင်တွေက အကယ်ဒမီ ကောလိပ်ဂျင်နေဝင်းရဲ့ ရှော့တွေအတိုင်းပဲ … မင်းက ရုပ်ကလည်း သားနားတော့ … သိပ်ကြည့်ကောင်းတယ် … သိပ်နားထောင်လို့ကောင်းတယ် … ဟဲ … ဟဲ … ငါက မင်းရဲ့ အဲဒီအိုက်တင်ကိုကြည့်ချင်လို့ တမင်



စ,တာပါကွာ … ကဲ … စန္ဒာဆိုတဲ့ အမျိုးသမီးက မင်းကို ပတ်သက်လာပုံနဲ့ မိုးလှိုင်အောင် အသတ်ခံရမှုဟာ ဘယ်လိုဆက်နွယ်တယ်ဆိုတာလေး ငါ့ကို ပြောပြပါဦးကွာ”

အောင်စည်ဟိန်းက မြသုခ ကလပ်တွင်းတွေ့ခဲ့ရသည့် ‘စန္ဒာ’၏အကြောင်းအားလုံးနှင့် နောက်ဆုံး စန္ဒာအိမ်မှ ထွက်ပြေးသည်အထိ ပြောပြလိုက်သည်။

“မိုးလှိုင်အောင်ရဲ့ လူသတ်မှုကို ငါ အသေးစိတ်လေ့လာတယ်ကွာ … ခုချိန်ထိ မင်းပြောတဲ့ စန္ဒာဆိုတဲ့ မင်းပြောတဲ့ မိန်းကလေးရဲ့သဲလွန်စ မရသေးဘူး … တစ်ခုတော့ရှိတယ်ပေါ့ကွာ … မိုးလှိုင်အောင်ရဲ့နောက်ကြောင်းတွေ တို့စေ့စေ့ငငမရသေးတာကြောင့် ဖြစ်မှာပေါ့ …”

“စန္ဒာ ကျွန်တော့်ကို ပြောပြခဲ့တဲ့ မိုးလှိုင်အောင်ဆိုတာက အခု အသတ်ခံရတဲ့ မိုးလှိုင်အောင် မဟုတ်ဘဲ … တခြား မိုးလှိုင်အောင်တစ်ယောက် ဖြစ်နေရင်ကော …”

“အဲဒါလည်း စဉ်းစားစရာပေါ့ … အောင်စည်ဟိန်း၊ ဒါတွေဟာ တို့စစ်ရင်းဆေးရင်း အမှုကိုလိုက်ရင်း ပေါ်ထွက်လာမှာပါ … မင်းက ငါတို့ကို တစ်ခုတော့ ကူညီကွာ အောင်စည်ဟိန်း … စန္ဒာကို နောက်တစ်ခါ မင်းဆက်သွယ်မိရင် ငါတို့ဆီကို ခေါ်လာပေးကွာ”

“ဦးမင်းစံမှာ တပည့်လက်သားတွေ အစုံရှိတာပဲ … ကိုယ့်ဟာကိုယ် စန္ဒာ့ကို ရှာကြပေါ့ဗျာ”

www.burmeseclassic.com

www.burmeseclassic.com



"မကြောင်စမ်းပါနဲ့ ကောင်လေးရာ … ဘာလဲ … ခုနက ငါက မင်းကိုဟောက်လို့ ကျွဲမြီးမတိုစမ်းပါနဲ့ … စိုးလှိုင် အောင် လူသတ်မှုမဖြစ်ခင်ကတည်းက ငါလိုက်နေရတဲ့ တခြားလူသတ်မှုတွေ ရှိနေသေးတယ်ကွ … ငါတို့ ဘယ်လောက် အလုပ်များတယ်ဆိုတာ မင်း သိသားနဲ့ … မင်းက ခါတိုင်းလိုပဲ ငါ့ကို ပူးပေါင်းတဲ့သဘောနဲ့ ဆောင်ရွက်ဖို့ ငါ ပြောတာပါ …"

"ကျွန်တော်က အပျော်တမ်း ဝါသနာ ကြေးစားစုံထောက်ပါ ဦးမင်းစံ …"

"အဲဒါ ဘာဖြစ်လဲ …"

"ဩော် … ကျွန်တော့်အတွက် အခကြေးငွေလေးရမှ အမှု နောက်လိုက်ဖို့ စရိတ်စက ရှိသေးတယ်မဟုတ်လား …"

အောင်စည်ဟိန်းက ရယ်ဖြဲဖြဲနှင့်ပင် …

"ဒီလိုလုပ်ပေါ့ ဦးမင်းစံ … စိုးလှိုင်အောင်ကိစ္စမှာ ဦးမင်းစံက ကျွန်တော့်ကို တန်ရာတန်ကြေး ငွေပေးပြီးငှား …"

"မင်းအဘကလွှား … မင်းက တော်တော်ဖင်ခေါင်းကျယ် ပါလား အောင်စည်ဟိန်း … မြွေပွေးက မြက်ရှောဆီက အဆိပ်တောင်းရမှာလားကွ …"

ဦးမင်းစံက ဒေါကန်စွာ ပြောနေစဉ်မှာပင် သူ့စားပွဲပေါ်မှ တယ်လီဖုန်းမြည်သံ ထွက်လာသည်နှင့် ကောက်ယူနားထောင်ကာ …



"အေး … ငါ ဒီလိုထင်သားပဲ" ဟု ပြောပြီး ဖုန်းပြန်ချထားလိုက်သည်။ ပြီး အောင်စည်ဟိန်းအား ဆက်ပြောသည်။

"လမ်းထဲမှာ မင်း ဘီးဖောက်ပစ်ခဲ့တဲ့ ဖို့(ဒ်)ကားအနက်ဟာ ကြည့်မြင်တိုင် ကုန်သည်တစ်ယောက်ဆီက ခိုးသွားတဲ့ကား တဲ့ … ဒီလိုပဲ ဖြစ်မှာပေါ့ကွာ … သူများကားနဲ့ ရာဇဝတ်မှု ကျူးလွန်တာဟာ သဲလွန်စ ဖျောက်တဲ့နည်းပဲ … မင်း အဲဒီ ဖို့(ဒ်)ကားပေါ်က ဆင်းပြေးတဲ့ ငနဲကောင်ကို မမှတ်မိဘူးလား အောင်စည်ဟိန်း …"

"သူက ထွက်ပြေးတဲ့လူဆိုတော့ ခပ်လှမ်းလှမ်းကပဲ သူ့ ကျောပိုင်းကိုပဲ မြင်လိုက်ရတယ် …"

"လုလွှန်းဆွေကရော မမှတ်လိုက်ဘူးလား သမီး …"

"မြင်တောင် မမြင်လိုက်ဘူး အန်ကယ် … လွှန်းဆွေတို့ ကားထဲမှာ ကြောက်လို့ ဝပ်နေတာ …"

"အင်းပေါ့လေ … စိုးလှိုင်အောင်နဲ့ ပတ်သက်ပြီး လုလွှန်း ဆွေကို တစ်စုံတစ်ယောက်က သတ်ချင်နေတယ်ဆိုတာ လက်ခံနိုင်လောက်စရာပဲ … အဲဒီ လူသတ်သမားဟာ နောက်ထပ် လုလွှန်းဆွေကို သတ်ဖို့ မကြိုးစားတော့ဘူးလို့ ဘယ်သူ အာမခံနိုင်မှာလဲ … ဒီတော့ အန်ကယ် အကြံပေး မယ် … အခု လောလောဆယ် လုလွှန်းဆွေ နေတဲ့အိမ်မှာ ဆက်မနေပါနဲ့ … လူတွေ မသိနိုင်တဲ့ နေရာတစ်ခုမှာ လုလွှန်းဆွေ ပြောင်းနေပါ … ပြောင်းတဲ့နေရာကို အန်ကယ့် အကြောင်းကြားဦး … ဒါမှ ဆက်သွယ်လို့ရမှာ …"

www.burmeseclassic.com



"ဟုတ်ကဲ့ ပြောင်းနေပါ့မယ် ... ပြောင်းတဲ့နေရာကို ... အန်ကယ့်ဆီလည်း ဆက်သွယ်အကြောင်းကြားပါ့မယ် ... ဒါပေမဲ့ အခုလောလောဆယ်တော့ လှလွန်းဆွေ အိမ်ပြန်ပြီး ယူစရာရှိတာတွေ သွားယူရဦးမယ် အန်ကယ် ... ဒါပေမဲ့ အိမ်ပြန်ဖို့ လှလွန်းဆွေ ကြောက်နေတယ် ... အစ်ကို လှလွန်းဆွေကို အိမ်လိုက်ပို့ပေးပါလား ... "

အောင်စည်ဟိန်းက လွယ်ကူစွာပင် ခေါင်းညိတ်လိုက်သည်ကို ဦးမင်းစံက ဝင်နှောက်လိုက်သေးသည်။

"အေး ... ဒီကောင်နဲ့ဆို လှလွန်းဆွေအတွက် စိတ်ချရတယ်၊ ဒီကောင်က လှလွန်းဆွေလို ချောချောလှလှ အချိုးကျကျ အမျိုးသမီးဆိုရင် အသက်နဲ့လဲပြီး ကူညီတဲ့ဝါသနာ ရှိပြီးသားပါ ... "

အောင်စည်ဟိန်းက စိတ်ထဲမှ တစ်စုံတစ်ခု ကျိန်ဆဲရင်း နေရာမှ ထလိုက်သည်။

ဒုတိယအကြိမ် ကားလေးပေါ်တွင် လှလွန်းဆွေကို တင်ဆောင်ကာ အောင်စည်ဟိန်းသည် လှလွန်းဆွေ ညွှန်ပြသည့် လမ်းအတိုင်း ဝင်ရောက်လာခဲ့သည်။

လှလွန်းဆွေ ညွှန်ပြသည်မှာ ဝင်လာသောလမ်း၏ လက်ယာဘက်တွင် တည်ရှိသော နှစ်ထပ်တိုက်ဖြစ်သည်။

လှလွန်းဆွေ၏ အခန်းမှာ အပေါ်ထပ် လက်ယာဘက်အခန်း ဖြစ်သည်။



လှေကားမှ မတက်မီ အောင်စည်ဟိန်းသည် ပတ်ဝန်းကျင်ကို ဝေ့ဝိုက်အကဲခတ် ကြည့်သည်။

လှလွန်းဆွေ၏ အခန်းတံခါးဝသို့ ရောက်သည်နှင့် အောင်စည်ဟိန်း သေနတ်တို့ တုတ်တို့ အဆင်သင့် ဖြစ်သွားသည်။ လှလွန်းဆွေကိုလည်း သတိပေးအနေနှင့် လက်မောင်းကို ဆုပ်ကိုင်လိုက်သည်။

အကြောင်းမူ လှလွန်းဆွေ၏ တိုက်ခန်းတံခါးသော့ကို ... တစ်ဦးတစ်ယောက်က ဖျက်ဆီးထားသည်ကို တွေ့သောကြောင့်ပင်။

... ❀ ...

www.burmeseclassic.com

www.burmeseclassic.com



## ၈

အောင်စည်ဟိန်းသည် တံခါးကို ခပ်ပြင်းပြင်းဆောင့်ကန်ဖွင့်လိုက်သည်။ အကယ်၍ တံခါးရွက်နောက်တွင် အပြင်သို့ ချောင်းကြည့်ပေါက်မှ ကြည့်နေသူရှိလျှင် တံခါးရွက်ပြင်းပြင်း ရိုက်မိစေရန် ဖြစ်သည်။

တံခါးဖွင့်သည်နှင့် သေနတ်အသင့်ကိုင်ပြီး အောင်စည်ဟိန်း အိမ်ထဲသို့ ဝင်ရောက်လိုက်သည်။

လှလွန်းဆွေတစ်ယောက်တည်း နေသောတိုက်ခန်းမှာ သပ်သပ်ရပ်ရပ် လှလှသန့်သန့်ရှင်းရှင်း ရှိပေသည်။ လှလွန်းဆွေသည် နေတတ်ထိုင်တတ်သော အမျိုးသမီးတစ်ယောက်မှန်း သူမနေသောအခန်းကို တွေ့မြင်ရုံနှင့် သိသာသည်။

ဧည့်ခန်းတွင် သက်ရှိဆို၍ တစ်ကောင်တစ်မြီးမှ မတွေ့။



အောင်စည်ဟိန်း အိပ်ခန်းဘက်သို့ ကူးသွားသည်။ တစ်ယောက်အိပ်ခုတင်၌ မွေ့ရာ၊ ခေါင်းအုံး၊ ခြင်ထောင်၊ စောင်စသည်တို့မှာ သူ့နဂိုအတိုင်း သပ်သပ်ရပ်ရပ် ရှိနေသည်ကို တွေ့ရပြန်သည်။ ခုတင်ခြေရင်းဘက်တွင် အငယ်စား ကိုယ်လုံးပေါ် မှန်တင်ခုံ ရှိသည်။ မှန်တင်ခုံပေါ်ဝယ် အမျိုးသမီးသုံး အလှပြင်ပစ္စည်းများ စီစီရီရီ ရှိနေသည်။

အိပ်ခန်းတွင်း၌လည်း သက်ရှိသတ္တဝါတစ်ကောင်မျှ မရှိဘဲ သူ့နဂိုအတိုင်းပင် အားလုံး ရှိနေသည်။

ရေချိုးခန်း မီးဖိုခန်း စသည်တို့တွင် အောင်စည်ဟိန်း ဝင်ကြည့်ပြန်သည်။

အောင်စည်ဟိန်းက သေနတ်ကို ဘေးစလွယ်အိတ်ထဲ ပြန်ထည့်လိုက်ရင်း တံခါးဝတွင် ရပ်နေသော လှလွန်းဆွေအား ခေါင်းညိတ်ခေါ်သည်။

“လာလို့ရပြီ လှလွန်းဆွေ … အထဲမှာ ဘာဆိုဘာမှမရှိပါဘူး …”

လှလွန်းဆွေ အခန်းထဲသို့ ဝင်ရောက်လာသည်။

“ဘာတွေ ဖြစ်ကုန်ပြီလဲ အစ်ကို …”

“တစ်ယောက်ယောက်တော့ အခန်းတံခါးသော့ဖျက်ပြီး ဝင်ခဲ့တာပဲ လှလွန်းဆွေ … ဒါပေမဲ့ အဲဒီတစ်ယောက်ပျောက်မရှိတော့ပါဘူး … မစောင့်နိုင်လို့ဖြစ်ဖြစ် စောင့်ချိန်မရတော့လို့ဖြစ်ဖြစ် ထွက်သွားတာ ဖြစ်မှာပေါ့ …”

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ တစ်ယောက်ယောက်က အာလို့မျှား လှလွန်းဆွေ တိုက်ခန်းထဲကို ဝင်တာပါလိမ့် ...."

"လှလွန်းဆွေကို နှုတ်ပိတ်ပစ်ချင်လို့ ရောက်လာတာဖြစ်မှာပဲပေါ့ ...."

လှလွန်းဆွေသည် ရေခဲသေတ္တာအပု အသေးစားလေးကို ဖွင့်ကာ ရေပုလင်းမှရေထည့်ပြီး သောက်သည်။ သူမ၏ပူနေသောရင် အေးမြစေရန် ဖြစ်မည်။

"ဟုတ်တယ်နော် .... တစ်ယောက်ယောက်က လှလွန်းဆွေကို သတ်ချင်နေတာ အမှန်ပဲ .... လှလွန်းဆွေ ဘာဆက်လုပ်ရမလဲ အစ်ကို ...."

"ဒီအခန်းထဲ ဝင်လာတဲ့သူဟာ သူခိုးတစ်ယောက် ဖြစ်ချင်လည်း ဖြစ်နိုင်တာပဲ .... လှလွန်းဆွေရဲ့ ဘာပစ္စည်းတွေ ပျောက်ရှလည်းဆိုတာ စစ်ဆေးကြည့်လိုက်ပါဦးလား"

လှလွန်းဆွေက သူမ၏ ပစ္စည်းတွေအားလုံးကို စစ်ဆေးကြည့်သည်။ ပြီးမှ ဆက်တီပေါ် ထိုင်ချလိုက်သည်။

"ဘာပစ္စည်းမှလည်း မပျောက်ဘူး .... ဘာတွေမှလည်း အနေအထား မပျက်ဘူး .... နဂိုထားခဲ့တဲ့အတိုင်းပဲ အစ်ကို"

"ဒီနေ့မနက် ဒီအခန်းက လှလွန်းဆွေ ဘယ်အချိန်က ထွက်သွားခဲ့သလဲ ...."

"ညက တစ်ညလုံး ဒီတိုက်ခန်းအိမ်မှာ လှလွန်းဆွေ ပြန်မအိပ်ခဲ့ဘူး .... ရဲအရာရှိကြီး ဦးမင်းစံကလည်း အခု အစ်ကို မေးခဲ့တဲ့ မေးခွန်းမျိုး မေးတာပဲ .... စိုးလှိုင်အောင် အသတ်



ခံရတဲ့အချိန်မှာ လှလွန်းဆွေ ဘယ်မှာရှိနေတယ်ဆိုတာကို သိချင်လို့တဲ့ ...."

အောင်စည်ဟိန်းသည် လှလွန်းဆွေကို စူးစိုက်ကြည့်မိပြန်သည်။

"ဟုတ်တယ် .... မနေ့ညက လှလွန်းဆွေ တစ်ညလုံး ဘယ်မှာရှိနေလဲ .... စိုးလှိုင်အောင် အသတ်ခံရတဲ့အချိန်မှာ လှလွန်းဆွေ ဘယ်မှာရှိနေတယ်ဆိုတဲ့ အလီဘိုင် လိုချင်လို့ ဦးမင်းစံ မေးတာ ...."

"ဟောကြည့် .... အစ်ကိုကပါ လှလွန်းဆွေကို မယုံသလို မေးပြန်ပြီ .... မနေ့က ညဦးပိုင်းကတည်းက လှလွန်းဆွေ မင်္ဂလာဒုံလေဆိပ်မှာ ရောက်နေတယ် အစ်ကို .... လှလွန်းဆွေရဲ့ သိပ်ခင်မင်တဲ့ သူငယ်ချင်းမတစ်ယောက် ပြင်သစ်ကို ပညာတော်သင်အဖြစ် .... သွားရောက်ခွင့် အရွေးခံရလို့ လေယာဉ်ကွင်းကို လိုက်ပို့တာ .... အဲဒီသူငယ်ချင်းမက သွားဖို့ ဆန္ဒစောပြီး လေယာဉ်နဲ့လိုက်ဖို့ အချိန်အကြည့်မှားသွားတာ .... လေယာဉ်က မနက်ရှစ်နာရီထွက်မှာကို သူက A.M နဲ့ P.M မှားပြီး ညဦးပိုင်းတည်းက လေယာဉ်ဆိပ်ကို သွားတာ .... ဟိုရောက်မှ အချိန် မနက်နဲ့ည လွဲနေမှန်း သိပြီး လှလွန်းဆွေကို မပြန်ပါနဲ့တော့ .... သူနဲ့ပဲ အဖော်နေပေးပါ ဆိုတာနဲ့ သူနဲ့အတူ တစ်ညလုံး လေယာဉ်ကွင်းတည်းခိုခန်းမှာ နေခဲ့ရတယ် .... မနက် ရှစ်နာရီ သူ လေယာဉ်နဲ့ ပါသွားပြီးတော့ လှလွန်းဆွေ တိုက်ခန်းမပြန်သေးဘဲ အလုပ်ခွင်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကို တန်းပြီး အလုပ်ဆင်းလိုက်တာ အစ်ကို ... အခုမှ ဒီတိုက်ခန်းကို ပြန်ရောက်တာ ... "

"အဲဒီ ပြင်သစ်ကိုသွားတဲ့ သူငယ်ချင်းမကိုပဲ လှလွန်းဆွေ ကျေးဇူးတင်ပေတော့ ... သူက လှလွန်းဆွေရဲ့အသက်ကို ကယ်လိုက်တာပဲ ... ညက လှလွန်းဆွေအခန်းကို တံခါး ဖျက်ဝင်လာတဲ့လူဟာ လှလွန်းဆွေကို ... နှုတ်ပိတ်အသေ သတ်ဖို့ ရောက်လာသူပဲ ဖြစ်မယ် ... "

လှလွန်းဆွေသည် ရှည်လျားသော သက်ပြင်းကြီး ချလိုက်မိသည်။ သူမ၏ အကြည့်သည် အောင်စည်ဟိန်းကို အားကိုး အားထား ကြည့်သောအကြည့်မျိုး ဖြစ်လာသည်။

သူမရှေ့တွင် ထောင်မောင်းသောအရပ်၊ ကျယ်ပြော သော ပခုံးတန်း၊ မို့မောက်တင်းမာသော ရင်အုံ၊ ကြွက်သားမာဆယ် ဖြိုင်းဖြိုင်းထကာ နှစ်လိုဖွယ်ရှိသော အဆင်းရှိသည်။ အစ်ကို အောင် စည်ဟိန်းသည် အားကိုးစရာကြီးဟု ယူမှတ်ချင်လိုက်မိသည်။

ဤ အစ်ကိုအောင်စည်ဟိန်းပင် လျှင်မြန်သွက်လက် စွာဖြင့် သူမ၏ အသက်ကို ကယ်တင်ခဲ့သူ ဖြစ်နေပြန်သည်။

"လှလွန်းဆွေအတွက်တော့ အိပ်မက်ဆိုးကြီးတစ်ခု မက်နေ သလိုပါပဲ အစ်ကို ... ဒါထက် ... အစ်ကိုက ဝါသနာနဲ့ ဆိုပေ မဲ့ အခကြေးငွေယူပြီးလည်း စုံထောက်အလုပ် လုပ်တာပဲ မဟုတ်လား ... အဲဒီလို စုံထောက်မျိုးဟာ အန္တရာယ်ကာ ကွယ်ပေးဖို့ ငွေကြေးနဲ့ငှားရင်လည်း လိုက်ပေးတယ်လို့ လှလွန်းဆွေ ကြားဖူးတယ် ... "



"အဲဒီလို လူတွေ ရှိကြပါတယ် ... "

"ဒါဆို ... လှလွန်းဆွေရဲ့ အသက်အန္တရာယ်ကို ကာကွယ် ပေးပါလား အစ်ကို ... လှလွန်းဆွေမှာ ဘဏ်စုငွေ ရှိသင့် သလောက် ရှိပါတယ် ... "

"တို့ကိုငှားရင် လှလွန်းဆွေ ဘဏ်မှာစုထားတဲ့ငွေ ပြုတ်ရုံ မကဘူး ... ရှိတာတွေ ကုန်သွားမှာပေါ့ ... "

"ဘာလို့လဲ အစ်ကို ... "

"တို့က ဝါသနာစုံထောက်ဆိုပေမဲ့ ကြေးသိပ်ကြီးတယ် ... လူတစ်ယောက်ရဲ့ အသက်အန္တရာယ်ကို ကာကွယ်ဖို့ဆိုတာ က အဲဒီလူရဲ့ အနီးမှာ နှစ်ဆယ့်လေးနာရီ နေပေးရမယ်၊ ရက်ပေါင်း ဘယ်လောက်ကြာမယ်မှန်း မခန့်မှန်းနိုင်ဘူး ... နောက်ပြီး ... တို့မှာ အဓိက ဝင်ငွေလုပ်ငန်းဖြစ်တဲ့ ဝင်ကုန် ထုတ်ကုန် လုပ်ငန်းကို စီးပွားရေးလုပ်ငန်းအဖြစ် ရှုံးမှုမှုပြီး လုပ်နေတာ၊ ... တို့ကို လှလွန်းဆွေ ဘယ်ငှားနိုင်မှာလဲ ... နောက်ပြီး အသက်အန္တရာယ် လုံခြုံရစေမယ်ဆိုတဲ့ အာမခံ ချက်လည်း မပေးနိုင်ဘူး ... တကယ်တော့ ကာကွယ်ပေး နိုင်တာက ရဲအဖွဲ့ပဲ လှလွန်းဆွေ ... လှလွန်းဆွေရဲ့ဘဏ်မှာ ရှိတဲ့ငွေကို လှလွန်းဆွေ လုံခြုံတဲ့နေရာမှာ သွားနေဖို့ ကုန် ကျငွေစရိတ်အတွက် သိမ်းထားပါ ... အခု လူတွေမသိနိုင် တဲ့ လုံခြုံတဲ့နေရာကို တို့ ရှာပေးမယ် ... အဲဒီမှာ လှလွန်းဆွေ ရဲ့ လုံခြုံရေးအတွက် ရဲအစောင့်ချထားပေးဖို့လည်း တို့ စီစဉ် ပေးမယ် ... ဦးမင်းစံနဲ့ တိုင်ပင်ပြီး ချပေးမှာပါ ... "

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို လှလွန်းဆွေက အကျဉ်းသားတစ်ယောက်လိုနေပြီး အပြင်မထွက်ရတော့ဘူးလား အစ်ကို ... "

"လောလောဆယ်မှာတော့ အဲဒီသဘောပဲ လှလွန်းဆွေ၊ ဒါပေမဲ့ ... အဲဒီမှာ ကက်ဆက်ရှိမဲ့ တီဗီရှိမယ် ... လှလွန်းဆွေ ဘာလိုဦးမလဲ ... "

"လိုတာပေါ့ အစ်ကို ... အစောင့်အရှောက် ကိုယ့်နားမှာ လိုသေးတာပေါ့ ... အခုလောလောဆယ်မှာပဲ ... အစ်ကို ကယ်တင်စောင့်ရှောက်လို့ လှလွန်းဆွေ စကားပြောနိုင်တာ၊ နို့မို့ရင် သေပြီ ... ရင်ခွဲရုံ ရောက်နေလောက်ပြီ ... "

"ကိုယ် လှလွန်းဆွေဆီကို အချိန်ရတိုင်း လာမှာပါ ... "

လှလွန်းဆွေက မဲ့ပြုံးသည်။

သူမ၏ဆန္ဒကို အောင်စည်ဟိန်း ရိပ်မိသည်။ သူမ ရောင်တိမ်းပုန်းကွယ်ရာနေရာသို့ အောင်စည်ဟိန်းကို အတူလိုက်နေစေချင်သည်။ ဒါကြောင့်လည်း အောင်စည်ဟိန်းကို ငွေကြေးပေးပြီး ငှားပါရစေဟု ဆိုလာခြင်းဖြစ်သည်။

ဒါကို အောင်စည်ဟိန်းက ငြင်းပယ်သည်ကို သူမသည် မကျေမနပ် ဖြစ်သွားပြီး မဲ့ပြုံးခြင်း ဖြစ်သည်။

အောင်စည်ဟိန်း၏ အမြင်နှင့် အယူအဆမှာ မိမိ သူမနှင့် အတူနေရုံမျှနှင့် သူမအတွက် အန္တရာယ်လုံခြုံမှုမရှိနိုင်ပေ။ လှလွန်းဆွေကို သတ်ဖြတ်ချင်နေသည်။ လူသတ်သမားကို ရှာဖွေဖော်ထုတ်မှသာလျှင် လှလွန်းဆွေ၏ အသက်အန္တရာယ် အစစ်အမှန် လုံခြုံမှုရမည်။



စိုးလှိုင်အောင်အား သတ်ခဲ့သော လူသတ်သမားသည် ယခုတိုင် လွတ်မြောက်ဆဲရှိနေသည်။ ထိုလူသတ်သမားကပင် လှလွန်းဆွေကို ထပ်မံ သတ်လိုသည်ပဲ ဖြစ်မည်။ လူသတ်သမားသည် လူသတ်ပြီး သွေးစွန်းနေပေပြီ။ နောက်ထပ် လူသတ်ရန် ဝန်မလေးတော့။

လှလွန်းဆွေသည် အောင်စည်ဟိန်းကို ကျောပေးကာ လက်ဆွဲအိတ်ထဲသို့ သူမ၏ အဝတ်အထည်များ ထည့်နေသည်။

အောင်စည်ဟိန်းက သူမ၏နောက်ပိုင်းကို ငေးကြည့်နေသည်။

ယခုအချိန်ထိ လှလွန်းဆွေတွင် ယောကျာ်းဆို၍ ယင်ဖိုပင် မသန်းသေးသော အမျိုးသမီးဖြစ်ခြိမ့်မည်။ လှလွန်းဆွေ၏ သေးကျဉ်သော ခါးအထက်ပိုင်းရော ခါးအောက်ပိုင်းရော တင်းတင်းမို့မို့လေးတွေ ရှိလွန်းနေသည်။ အပျိုစစ်စစ် တစ်ဦး၏ ပုံသွင်တွေ ရာနှုန်းပြည့် ရှိနေသည်ကို တွေ့မြင်နေရသည်။

ဆယ်မိနစ်ခန့် ကြာပြီးသောအခါ ... လှလွန်းဆွေ အတွက် ဤတိုက်ခန်းမှ ထွက်ခွာရန် အဆင်သင့်ဖြစ်သွားသည်။

အောင်စည်ဟိန်းက ပျက်စီးသွားသော တံခါးသော့ အစား မျောက်လက်တစ်ခု ရှာကြံတပ်ဆင်ကာ သော့ပိတ်လိုက်သည်။

လှလွန်းဆွေ တိုက်ခန်းမှ အတူထွက်လာပြီး အောင်စည်ဟိန်းသည် ရေကျော်ထဲရှိ သူ့တိုက်အိမ်လေးဆီသို့ မောင်းလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါက ဘယ်ကိုလဲ အစ်ကို ..."

"ဟောဟိုရှေ့က တစ်ထပ်တိုက်ပုလေးဟာ တို့အိမ်ပဲ လုလွှန်းဆွေ ... ဒီကားကို တို့အိမ်မှာပဲ ထားခဲ့မယ် ... တော်တော်များများ ဒုစရိုက်ကောင်တွေဟာ တို့ကားကို သိနေကြတယ် ... ဒီကားနဲ့ ဆက်သွားရင် တို့နောက်က ဒီကောင်တွေ နောက်ယောင်ခံလိုက်ရင် လုလွှန်းဆွေ ပုန်းအောင်းတဲ့နေရာကို သိသွားမှာစိုးရတယ် ..."

အောင်စည်ဟိန်းသည် သူ၏ ကားကို သူ့အိမ်ခြံထဲ စိုထောင်မှာပင် သွင်းပြီး လုံလုံခြုံခြုံ ဂိုထောင်တံခါး သော့ခတ်ထားလိုက်သည်။

ခြံထဲမှ ပြန်အထွက်တွင် အဆင်သင့်ပင် ကံအားလျော်စွာ မောင်းလာသော လေးဘီးအငှားကားရသဖြင့် ငှားရမ်းကာ အင်းလျားလမ်းသို့ မောင်းရန် လမ်းညွှန်ပြလိုက်သည်။

"ရှမ်းပလောင်တည်းခိုရိပ်သာ"

အင်းလျားလမ်း၏ ခြံကျယ်ကြီးတစ်ခုအတွင်း၌ တည်ရှိသော ရှမ်းပလောင် တည်းခိုဆောင်သို့ ရောက်လာခဲ့ကြသည်။

ရှမ်းပလောင်တည်းခိုရိပ်သာသည် သီးသန့်ဖြစ်ပါ၏။ အများအားဖြင့် ရှမ်းပြည်နယ်မှ ရန်ကုန်သို့ အလုပ်ကိစ္စနှင့် လာရောက်သော ပုဂ္ဂိုလ်များ ယင်းသီးသန့်တည်းခိုရိပ်သာတွင် တည်းခိုလေ့ရှိသည်။ ဗရုတ်သုက္ခ လူစားမျိုးတွေအား ရှမ်းပလောင်တည်းခိုရိပ်သာက လက်ခံလေ့ မရှိပေ။ မှတ်ပုံတင်မှအစ လိုအပ်ချက်များ



ကို စစ်ဆေးကျေနပ်မှ တည်းခိုခွင့်ရသော တည်းခိုဆောင်ဖြစ်သည်။

ရှမ်းပလောင်တည်းခိုရိပ်သာမှ မန်နေဂျာနှင့် အောင်စည်ဟိန်းသည် နဂိုကပင် ခင်မင်ရင်းစွဲရှိထားသောကြောင့် လုလွှန်းဆွေအတွက် အခက်အခဲမရှိ တည်းခိုခွင့်ရရုံမက စိတ်ကြိုက် တည်းခိုခန်းကိုလည်း ရစေသည်။ တည်းခိုခ၊ အခကြေးငွေကတော့ ထုံးစံအတိုင်းပင်။

လုလွှန်းဆွေအတွက် ပေးသော အခန်းလေးမှာ နေချင်စဖွယ် သန့်ပြန့်သပ်ရပ်လှသည်။

အောင်စည်ဟိန်းသည် အခန်းထဲ ရောက်သည်နှင့် တယ်လီဖုန်းဆီသို့ သွားလိုက်သည်။ မောင်ထော်လေးလမ်းရှိ မိမိအလုပ်တိုက်ရုံးခန်းသို့ ဆက်လိုက်သည်။

တပည့်ကျော် နီတာလေးထံမှ ပြန်ထူးသောအသံထွက်လာသည်။

အလုပ်တိုက်တွင် ထူးထူးခြားခြားကိစ္စ ဘာမျှ မရှိကြောင်း နီတာလေးထံမှ ပြန်ပြောချက်ရရှိသည်။

ဒုတိယအကြိမ် ရဲအရာရှိကြီး ဦးမင်းစံထံသို့ အောင်စည်ဟိန်း ဆက်ပြန်သည်။

လုလွှန်းဆွေ၏ လုံခြုံရေးအတွက် ရှမ်းပလောင်တည်းခိုရိပ်သာသို့ ပို့ထားကြောင်း သဲတင်းပေးပို့သည်။ လုလွှန်းဆွေအတွက် ရဲဝန်ထမ်းတစ်ဦး ချထားပေးရန်ကိုလည်း ပြောကြားလိုက်သည်။

"အေး ... ငါ့ဆီက စိတ်ချရတဲ့ ရဲကြပ်တစ်ယောက် ချပေး

www.burmeseclassic.com

www.burmeseclassic.com

ထားမယ် ... လုလွန်းဆွေကို ပြောပြကွာ ... အပြင်ကို လုံး၀ မထွက်ပါနဲ့လို့ ... အိုကွာ ... တယ်လီဖုန်းတောင် အခုအခိုက်အတန့် အချိန်မှာ မဆက်ပါနဲ့လို့ ... "

ပြောပြီး အောင်စည်ဟိန်း စောကလျာရှေ့တွင် မျက်နှာချင်းဆိုင် ရပ်လိုက်သည်။ ဦးမင်းစံ ပြောသည့်အတိုင်း လောလောဆယ် အပြင်နှင့် ဘာမျှမဆက်သွယ်ရန် မှာကြားသည်။

"ဒီမှာ စိတ်ချလက်ချ စိတ်အေးအေးနဲ့နေ လုလွန်းဆွေ ... ဒီက မန်နေဂျာဟာ တို့သူငယ်ချင်းပဲ ... ဒါပေမဲ့ ဒီတည်းခိုရိပ်သာစာရင်းမှာတော့ လုလွန်းဆွေနာမည် တို့ ပေးမထားဘူး ... "

"ဒါဆို ... ဘာနာမည်နဲ့ လုလွန်းဆွေက တည်းခိုရမှာလဲ"

"စောကလျာ ... "

လုလွန်းဆွေသည် နှစ်ခြိုက်စွာ ရယ်မောလိုက်သည်။

"အစ်ကို ဘယ်ဆိုးလို့လဲ ... စောကလျာဆိုတဲ့ နာမည်ကို လုလွန်းဆွေ သဘောကျလိုက်တာ ... "

"ရှေ့ဆက်ပြီး စောကလျာဟာ တို့ကို သဘောကျစရာတွေ အများကြီး ဖြစ်လာဦးမှာပါ ... "

"အံမယ် ... ကျလိမ့်မယ် ... အားကြီးကြီး စောင့်နေ"

စောကလျာ အသစ်စက်စက် ... လုလွန်းဆွေက အောင်စည်ဟိန်းအား ပြုံးသလိုလို မဲ့သလိုလို မျက်နှာလေးနှင့် ချစ်စဖွယ် ပြန်ပြောလိုက်သည်။



သူမ၏ အမူအရာလေးသည် အောင်စည်ဟိန်းအား အသည်းယားစေပါ၏။

အလွန်ချစ်စရာကောင်းသော မိန်းကလေးပါပေ။

"တို့ ပြန်သင့်ပြီ စောကလျာ အသစ်စက်စက်လေး ... "

လုလွန်းဆွေ သက်ပြင်းကြီး ချပြန်သည်။ ပြီး အောင်စည်ဟိန်း၏ လက်မောင်းတစ်ဖက်ကို ဆွဲကိုင်လိုက်သည်။

"နေပါဦးလား အစ်ကို ... လုလွန်းဆွေတို့ ဒီအခန်းမှာပဲ တစ်ခုခု မှာစားကြစို့လား ... စောကလျာဆိုတဲ့ နာမည်အသစ် ကင်ပွန်းတပ်ပွဲလေးအနေနဲ့လေ ... "

ထိုအခါကျမှပင် အောင်စည်ဟိန်း၏ အစာအိမ်က တကြွတ်ကြွတ် မြည်လာသည်။

ဟုတ်ပါ့ ... ။

တစ်နေ့လုံး ဗျာများနေသဖြင့် အစားကိုပင် ဘာမှ မစားရသေး။

အိတ်စတင်းရှင်းဖုန်းဖြင့်ပင် အောင်စည်ဟိန်းက စားသောက်ဖွယ်ရာများ မှာကြားလိုက်သည်။

မကြာမီအတွင်း ရောက်ရှိလာသော စားသောက်ဖွယ်ရာများ အတူစားသောက်ကြသည်။ အောင်စည်ဟိန်းက ဆာလောင်ခြင်းဖြင့် အားရပါးရ စားသောက်သော်လည်း စောကလျာ လုလွန်းဆွေမှာ မယ်မယ်ရရ မစားဘဲ တို့ကနန်း ဆိတ်ကနန်းသာ စားရှာပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသူငယ် စိတ်တွေ သိပ်လှုပ်ရှားပြီး အစားကိုပင် ကောင်းကောင်းမစားနိုင်ခြင်း ဖြစ်လေသလားမသိ။

"ကဲ ... တို့ သွားမယ် စောကလျာ ..."

"အင်းပေါ့လေ ... သွားပေါ့ အစ်ကို ..."

"လှလွန်းဆွေကိုမှ ဒီအဖြစ်မျိုးက လာဖြစ်ရတာ ... လှလွန်း ဆွေရဲ့ ကုသိုလ်ကံအကြောင်းတရားပေါ့လေ ..."

"စိတ်မာတ်မကျစမ်းပါနဲ့ စောကလျာ ... ဒီကိစ္စတွေဟာ မကြာခင် ပြီးသွားမှာပါ ... တို့ အတတ်နိုင်ဆုံး လှလွန်းဆွေ အတွက် လှုပ်ရှားဆောင်ရွက်မှာပါ ..."

စောကလျာ ခေါ် လှလွန်းဆွေက အောင်စည်ဟိန်း မျက်နှာကို သေချာစူးစိုက်ကြည့်ပြီး ...

"အစ်ကို ပြောခဲ့တယ်နော် ... လှလွန်းဆွေကို အချိန်ရတိုင်း လာမယ်လို့လေ ... လှလွန်းဆွေဟာ အခု ဒီမှာ တရားလာ ကျင့်တဲ့ ယောဂီ မဟုတ်ဘူး အစ်ကို ... တစ်ယောက်တည်း နေရတာကို သိပ်ငြီးငွေ့နေသူပါ ..."

အောင်စည်ဟိန်းသည် လှလွန်းဆွေ၏ လက်မောင်း နှစ်ဖက်လုံးကို မချင့်မရဲ စုံဖျစ်ညှစ်လိုက်ပြီး နှုတ်ဆက်ထွက်ခွာလာ ခဲ့တော့သည်။

... ✿ ...



## ၉

ဤသို့သော နေ့မျိုးဝယ် အောင်ဆန်းကွင်း၌ အားကစားသမားမျိုးစုံကို တွေ့ရတတ်သည်။ အပြေးလေ့ကျင့်သူတွေ၊ ဘတ်စကက်ဘော၊ ဘော်လီဘောနှင့် အားကစားကျွမ်းမှအစ လက်ဝှေ့သမားများ လေ့ကျင့်နေကြသည်။ အမျိုးသားတွေရော၊ အမျိုးသမီးတွေရော နည်းပြဆရာဆရာမတွေရော အားကစားမယ်တွေရော စုံလှသည်။

လက်ဝှေ့စင်၏ ထောင့်တစ်နေရာတွင် အားကစားမှူး ကိုမောင်မောင်လွင်ကို အောင်စည်ဟိန်း တွေ့ရသည်။

ကိုမောင်မောင်လွင်၏ဘေးတွင် လက်ဝှေ့နည်းပြ ဆရာ အကျော်အမော် ကျားဘသိန်းကိုလည်း တွေ့ရသည်။ စင့် တစ်ချိန်က ကျားဘသိန်းအမည်ဖြင့် နာမည်ရှေ့တွင် ကျား

www.burmeseclassic.com

www.burmeseclassic.com



နာမဝိသေသန တက်ယူနိုင်အောင် နာမည်ကြီး လက်ဝှေ့သမားကြီး ဖြစ်ပါ၏။ ယခု မူ လက်ဝှေ့နည်းပြဆရာတာဝန်ကို ကျားဘသိန်း ထမ်းဆောင်နေ သည်။

ကြိုးဝိုင်းအတွင်း လေ့ကျင့်နေသော လက်ဝှေ့ပွဲ ဖြစ်စေကာမူ တော်တော်ကြည့်ကောင်းသဖြင့် အောင်စည်ဟိန်း ခေတ္တ ငေးကြည့်နေသည်။

အာရှချန်ပီယံဘွဲ့နှင့် ရွှေခါးပတ်ကို မျှော်မှန်းထားသော တက်သစ်စ လက်ဝှေ့သမား ကျော်ကျော်သည် လေ့ကျင့်ပွဲ အနေနှင့် ကြိုးဝိုင်းထဲတွင် ထိုးသတ်နေသည်။

ကျော်ကျော်သည် အရပ်ရှည်သည်၊ ကျစ်လျစ်သော ခန္ဓာကိုယ်နှင့် သန်မာသည်။ အရေပြားအောက်ဝယ် အမြှောင်းလိုက် မာဆယ်ကြွက်သားတွေ လှုပ်ရှားတိုင်း ထွက်ပေါ်လာသည်။ ဆံပင် တိုနှင့်ဖြစ်သည်။ နုပျိုသော ကျော်ကျော်၏ လှုပ်ရှားမှုတွေသည် သွက်လက်လွန်းလှပါ၏။

အတိုက်အခိုက် အခြောက်အလှန့် အတက်အဆုတ် အဝင်အထွက်တွေမှာ ရိုးခနဲ ရိပ်ခနဲ သွက်လွန်းသဖြင့် တစ်ဘက်လူ မျက်စိလည်စေသည်။

လက်ဝှေ့သမားလေး ကျော်ကျော်အား အောင်စည် ဟိန်းသည် ကြိုးဝိုင်းအပြင်ဘက်တွင် သာမန်အရပ်သားတစ်ဦးအနေ နှင့် တွေ့ဆုံသိကျွမ်းသည်။ ယခု ကြိုးဝိုင်းအတွင်း လေ့ကျင့်နေစဉ် နှင့် လုံးဝမတူသော သိမ်မွေ့ခြင်းများ ကျော်ကျော့်တွင် ရှိသည်။ ကြိုးဝိုင်းအတွင်း၌ ကျားတစ်ကောင်၏ ဟန်ပန်အလှုပ်အရှားရှိစေ



ကာ သူ့အပြင်တွင် အလွန်ယဉ်ကျေးသိမ်မွေ့သော လူငယ်တစ်ဦး ဖြစ်ပါ၏။

ကျော်ကျော့်အား နည်းပြဆရာ ဆရိန်နာ ကျား ဘသိန်းနှင့် အားကစားမှူး မောင်မောင်လွင်က ကျကျနန လေ့ကျင့် သင်ကြားနေခြင်းဖြစ်သည်။

ကြည့်နေရင်းမှာပင် ကျော်ကျော် မည်သို့လှုပ်ရှား လိုက်မှန်းမသိလိုက်ရမီ တစ်ဘက်မှ ယှဉ်ပြိုင်ထိုးသတ်သူ စိုင်းခနဲ လဲကျသွားသည်။ ကျော်ကျော်၏ လက်သီးချက်ကြောင့် လဲကျသူ ပြန်မထနိုင်ပါလေတော့။

ဤအတိုင်းဆိုလျှင် ယခုလာမည့် သောကြာနေ့တွင် ကျင်းပတော့မည့် ဂျပန်မြန်မာ ချစ်ကြည်ရေးပွဲတွင် ဂျပန်မှ ချန်ပီယံ အိုကာဆာဝ ဂျပန်လက်ဝှေ့သမားသည် ကံဆိုးရှာပေဦးမည်ဟု အောင်စည်ဟိန်းက တွက်ဆလိုက်မိသည်။

"ဒီနေ့အဖို့ တော်ပြီဟေ့ ..."

ဟု ကျားဘသိန်းက ပွဲသိမ်းလိုက်သံပြုလိုက်သည်။

ကျော်ကျော့်အား အလေ့အကျင့်မပျက်စေရုံသာ လေ့ကျင့်စေရုံမှလွဲပြီး ပွဲကြီးမတိုင်မီ ကျော်ကျော့်ကို အပင်ပန်းမခံ စေလိုသောကြောင့် ဖြစ်ပေမည်။

ပွဲသိမ်းမှ ... အောင်စည်ဟိန်းသည် အားကစားမှူး မောင်မောင်လွင်ဆီသို့ လျှောက်သွားသည်။

"ကိုမောင်မောင်လွင်ရဲ့ ကျော်ကျော်ကတော့ ... တော်တော်ကောင်းလေးပဲဗျာ ... ဒီလောက် သွက်ပြီး ပြင်းတဲ့လက်သီး

www.burmeseclassic.com

www.burmeseclassic.com



မျိုး ကျွန်တော် တွေ့တောင် မတွေ့ဖူးသေးဘူး ...”

“ဘာလဲ ... ကိုအောင်စည်ဟိန်းက သောကြာနေ့ပွဲကြီးမှာ ရှိသမျှ ကျော်ကျော့ဘက်က ပုံလောင်းမလို့ လာအကဲခတ်တာလား ...”

အောင်စည်ဟိန်းက ခေါင်းခါပြသည်။

“ဒီလို အလောင်းအစားပွဲမျိုး ကျွန်တော် လုံးဝ ဝါသနာ မရှိဘူး ကိုမောင်မောင်လွင် ... ဘယ့်နှယ်ဗျာ ... လူသားနစ်ဦး ထိုးသတ်ပွဲကို ကြက်ပွဲမှာ လောင်းကြေး လောင်းသလို လောင်းတာကို ပြောတာပါ ... အခု ကျွန်တော် လာတာက ကိုမောင်မောင်လွင်နဲ့ တွေ့ချင်လို့ သက်သက် လာတာပါ ... သီးသန့်တွေ့ချင် ပြောချင်တယ်ဆိုပါတော့ဗျာ ...”

“ကျွန်တော်နဲ့ ... သီးသန့်တွေ့ချင်လို့ ဟုတ်လား ... ဘာကြောင့်ပါလိမ့် ကိုအောင်စည်ဟိန်း ...”

အောင်စည်ဟိန်းက သူနှင့် သီးသန့်တွေ့ချင်သည်ဆိုခြင်းကို မောင်မောင်လွင် အံ့ဩသွားမှန်း သူ့မျက်နှာတွင် တွေ့ရသည်။

“ဒါဖြင့် လာဗျာ ...”

မောင်မောင်လွင်က လူရှင်းသောနေရာသို့ အောင်စည်ဟိန်းကို လက်ဆွဲခေါ်သွားရင်း သူ့ဟာသူ မြောဆဲစကားဖျောက် လာသည်။

“သောကြာနေ့ ကျော်ကျော့ပွဲမှာတော့ ဘေးမှာ ကြိတ်ပိုင်း လောင်းသမားတွေ ရှိသမျှ အောပြီး ... တရားမဝင် ကျော်ကျော့ဘက်က လောင်းကြေးတွေ လောင်းနေကြတယ်လေ ... ကြိတ်လောင်းနေတာတွေဆိုတော့ ကျွန်တော်တို့လည်း ဘာတတ်နိုင်မှာလဲ ... အဲ ... ကျော်ကျော့ကို အဲဒီ ပယောဂတွေ ဝင်မှာစိုးလို့ အရမ်းဂရုစိုက်နေရတယ် ...”



သူ့ဟာသူ သောကြာနေ့ပွဲအတွက် စိတ်ဝင်စားစွာ ညည်းညူသလို ပြောနေရာမှ အောင်စည်ဟိန်းက သူ့ကို သီးသန့် လာတွေ့ပါသည်ဆိုခြင်းကို သတိရသွားဟန်တူပါ၏။

“ဩော် ... ကိုအောင်စည်ဟိန်းက ကျွန်တော့်ကို သီးသန့် ဘာကိစ္စကြောင့် တွေ့ချင်တာတဲ့လဲဗျာ ...”

“စန္ဒာဆိုတဲ့ အမျိုးသမီးတစ်ယောက်အကြောင်းကို သိချင်လို့ပါ ... စန္ဒာဆိုတဲ့ အမျိုးသမီးကို ကိုမောင်မောင်လွင် သိပါတယ်နော် ...”

“နေဦးဗျ ... ကျွန်တော့်အသိထဲမှာ စန္ဒာဆိုတဲ့ အမျိုးသမီး သုံးယောက်တောင် နာမည်တူရှိနေတယ် ... ဘယ်စန္ဒာကို ကိုအောင်စည်ဟိန်း မေးတာလဲ ...”

အောင်စည်ဟိန်း ... သူနှင့် ဆုံကြုံခဲ့သော စန္ဒာ၏ အကျီင်္ကြယ်သီးဖြုတ်၏ ပုံစံကို အသေးစိတ်ပြောပြလိုက်သည်။

“အား ... ဒါဆိုရင်တော့ စန္ဒာမိုးပဲ ... ဟားပါတော့ ... စန္ဒာမိုးပဲလို့ ...”

“ဒါဆို ... အဲဒီ စန္ဒာမိုးနဲ့ ကိုမောင်မောင်လွင် အကျွမ်းတဝင် သိခဲ့တာလား ...”

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အကျွမ်းတဝင်ပဲ ဆိုပါတော့ ... ပထမတော့ စန္ဒာမိုးက ရိုးရိုး လက်နှိပ်စက် စာရေးမလေးပဲဗျ ... အဲဒီနောက် အဲဒီအလုပ်ကထွက်ပြီး ဘာတွေ ဆက်လုပ်သလဲတော့ မသိဘူး ... တော်တော် မြင့်သွားတယ် ... နေထိုင်တာရော ဝတ်စားတာရော ဖာကယ့် ကောင်းမွေ ညွှန့်မွေ အဖိုးတန်တွေကို အသုံးပြုလာတယ် ... ပြောင်းလဲသွားတယ် ဆိုပါတော့ ..."

"...န္ဒာမိုးဆီက ... ဒီတနေ့ ကိုမောင်မောင်လွင့်ဆီကို အဆက်အသွယ်လုပ်တာ တစ်ခုခု ရှိသလားဗျာ ... ဥပမာ ဖုန်းဆက်တာတို့ စာပေးခိုင်းတာတို့မျိုးလေ ..."

"ဟင့်အင်း ... မရှိဘူး ... ဘာဖြစ်လို့ ဒီနေ့မှ စန္ဒာမိုးက ကျွန်တော့်ကို ဖွေ့ချင် ဆက်သွယ်ချင်ရမှာလဲ ကိုအောင်စည်ဟိန်း ..."

"ဒီလိုဗျ ... မနေ့ညက စန္ဒာမိုးဟာ ... မြသုခ ကလပ်ကို ရောက်လာတယ် ... ကိုမောင်မောင်လွင် နှင်းသီတာ အဆိုတော်နဲ့ ထွက်သွားပြီးနောက်ပိုင်းမှာ ... အဲ ... သူက ကိုမောင်မောင်လွင်နဲ့ တွေ့ချင်လို့ မြသုခ ကလပ်မှာ လာရှာတာတဲ့ ..."

"ဟုတ်လား ... အဲဒါကို ကျွန်တော် မသိလိုက်ဘူးဗျာ ... နေပါဦး ... အခု ကိုအောင်စည်ဟိန်းက ဘာလို့ အဲဒီ စန္ဒာမိုး အကြောင်း ကျွန်တော့်ကို လာမေးနေတာလဲ ..."



"စန္ဒာမိုးဟာ အခု ဒုက္ခတစ်ခုခု အန္တရာယ်တစ်ခုခု တွေ့နေတယ်လို့ ထင်မိလို့ပဲ ကိုမောင်မောင်လွင် ..."

"ဘယ်လို ဒုက္ခမျိုးလဲ ..."

"အတိအကျတော့ မသိဘူး ... ကျွန်တော့် စိတ်အထင်နဲ့ ပြောတာပါ ..."

ကိုမောင်မောင်လွင်သည် လက်ထဲမှ စီးကရက်တိုကို ဖောက်လွှင့်ပစ်လိုက်သည်။

"စန္ဒာမိုးမှာ ဒုက္ခတစ်ခုခု တွေ့နေရှာတယ်လို့ ကိုအောင်စည်ဟိန်း ထင်ရင် စိတ်မပူနဲ့ ... ဒီငတိမက သူ့နည်းသူ့ဟန်နဲ့ ဒုက္ခကို ရှောင်တိမ်းနိုင်တတ်မှာပါ ... အဲ ... တကယ်လို့ စန္ဒာမိုးအပေါ်မှာ ကိုအောင်စည်ဟိန်း သိပ်စိတ်ဝင်စားနေမိရင်လည်း စိတ်ကို လျှော့လိုက်ဗျ ... စန္ဒာမိုးကို စိတ်ဝင်စားတဲ့ လူတွေမှာ အကျိုးမရှိတတ်ဘူးဗျို့ ..."

"ဆိုစမ်းပါဦး ... ဘယ်လိုကြောင့်လဲဆိုတာ ..."

"တော်မက မြင်သူစွဲမက်စရာ ကောင်းသလောက် တန်ဖိုးနည်းမှာပဲ ... ငါးတွေ အများကြီးချတတ်တဲ့ အမျိုးသမီးဗျ ... မျက်နှာ သိပ်များတယ်ဆိုပါတော့ ..."

ကိုမောင်မောင်လွင်၏ လေသံမှာ မခံချင်သံ၊ ခံပြင်းသံ၊ ဒေါသသံတွေ ပါနေငြဲပေသည်။ သို့သော် စန္ဒာမိုး အကြောင်းကို ဆက်ပြောပါ၏။

"ကျွန်တော်ကိုယ်တိုင် တစ်ချိန်တုန်းက စန္ဒာမိုးရဲ့ ငါးမျှားချိတ်ကို ဟပ်မိတဲ့ ငါးတစ်ကောင်ပေါ့ ... စန္ဒာမိုးအပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com



အမူးအရူး ဖြစ်ခဲ့တယ် ... ဒါပေမဲ့ စန္ဒာမိုးမှာက ကျွန်တော့်လို အကောင်တွေ အများကြီးမိထားတာပဲ ... ဒါကြောင့် ကျွန်တော် စိတ်ကို တင်းပြီး စန္ဒာမိုးကို အဆက်ဖြတ်ပစ်လိုက်တယ် ...”

“ဖြစ်နိုင်တာပေါ့လေ ... ကိုမောင်မောင်လွင့်မှာ နှင်းသီတာလို အမျိုးသမီးကို ထပ်ပြီး ဟပ်မိပြီပဲဟာ ...”

ကိုမောင်မောင်လွင်က ကျေနပ်စွာ တဟဲဟဲ ရယ်လေသည်။

“စန္ဒာမိုးနဲ့ ကိုမောင်မောင်လွင် ... ခွဲပြတ်တာ ဘယ်လောက်ရှိသွားပြီလဲဗျာ ...”

“ဟော ... ဝါသနာစုံထောက်ကြီး ရာဇဝတ်ကြောင်း မှုခင်းတွေကို စုံထောက်မှာလား ... သူများ အချစ်ရေးကိစ္စတွေကို စုံထောက်မှာလား ... ကေန္တ ... စုံထောက်ဝါသနာက နေပြီး ဝါသနာအချစ်စာရေးဆရာဘဝကို ပြောင်းမလို့ထင်တယ် ...”

အောင်စည်ဟိန်း ရယ်လိုက်မိသည်။

“မဟုတ်ပါဘူးဗျာ ... သိချင်လို့ မေးတဲ့သဘောလောက်ပါ”

“စန္ဒာမိုးနဲ့ ကျွန်တော် ခွဲပြတ်တာ ငါးလခြောက်လလောက်တော့ ရှိသွားပြီပေါ့ ...”

“အဲဒီလို ခွဲပြသွားပြီးကတည်းက စန္ဒာ့ကို ကိုမောင်မောင်လွင် ထပ်မတွေ့တော့ဘူးလား ...”

“အဲဒီလိုတော့ မဟုတ်ဘူး ကိုအောင်စည်ဟိန်း ... မကြာ



မကြာ အမှတ်မထင် တွေ့တာမျိုးတော့ ထပ်တွေ့တတ်ကြတယ် ... ကလီကမာ ဆက်ဆံတာမျိုး မဟုတ်ပေမဲ့ ... အခေါ်အပြော မပျက်ပါဘူး ... ခွာပြပြီးတဲ့ နောက်မှာတောင် စန္ဒာမိုးက ကျွန်တော့်ဆီက ပိုက်ဆံချေးလို့ ချေးလိုက်သေးတယ် ... ညက မြသုခဓာလပ်မှာ သူနဲ့ တွေ့တယ်ဆိုတာလည်း စန္ဒာမိုး ကျွန်တော့်ဆီက ပိုက်ဆံချေးချင်လို့ လာတာဖြစ်မှာပါ ...”

ကိုမောင်မောင်လွင်၏ စကားသည် မှတ်လောက်ပေသည်။ မိမိအိမ်သို့ စန္ဒာ လိုက်လာစဉ်က သူမတွင် ငွေလိုနေကြောင်း ပြောသေးသည်။

“ဟုတ်မယ် ကိုမောင်မောင်လွင် ...”

“သိပ်ဟုတ်တာပေါ့ ကိုအောင်စည်ဟိန်းရာ ... စန္ဒာမိုးမှာ အမြဲ ပိုက်ဆံလိုနေတတ်တာပဲ ... သူက ပိုက်ဆံတော့ ချေးတတ်ပြီး ... ဘယ်တော့မှ ပြန်ဆပ်လေ့မရှိဘူး ... နေပါဦး ... ကိုအောင်စည်ဟိန်းက စန္ဒာမိုးကို ဘာလို့ ဒီလောက်တောင် စိတ်ဝင်စားနေတာလဲ ... ကျွန်တော် မေးတာဟာ ကိုအောင်စည်ဟိန်းရဲ့ ကိုယ်ရေးကိုယ်တာပိုင်း ရောက်သွားရင် မေးမိတာကို တောင်းပန်တယ်ဗျာ ...”

“ကိစ္စမရှိပါဘူး ကိုမောင်မောင်လွင် ... စန္ဒာနဲ့ ကျွန်တော်မှာ ကိုယ်ရေးကိုယ်တာပိုင်းအထိလည်း မရောက်ပါဘူး ကျွန်တော့်စိတ်ထဲမှာ စန္ဒာမိုးမှာ အကျဉ်းအကျပ်တစ်ခုထဲမှာ ရောက်နေတယ်လို့ ယူဆတယ် ... အဲဒီအကျဉ်းအကျပ်

www.burmeseclassic.com

www.burmeseclassic.com



ထဲက ဆွဲထုတ်ပေးချင်တဲ့ စေတနာသက်သက်ပါ ... စန္ဒာရဲ့ လိပ်စာကို ကိုမောင်မောင်လွင် သိနေလား ..."

"သိတော့ သိတယ် ... ဒါပေမဲ့ သိပ်တော့ မသေချာဘူး ... လွန်ခဲ့တဲ့လအထိတော့ စန္ဒာမိုးဟာ ဘိုလေးဈေးလမ်းက နှစ်ခန်းတွဲတိုက်ခန်း အမှတ် (  ) မှာ နေတယ်ဗျ ... ဒါပေမဲ့ ဒီမိန်းမက ခြေငြိမ်တဲ့မိန်းမမှမဟုတ်ဘာ ... ခုလောက်ဆို ဒီပြင်တစ်နေရာ ရွှေ့သွားချင် သွားမလားပဲ ... အဲဒီတိုက်ရဲ့ ဖုန်းနံပါတ် (    ) ကို ကိုအောင်စည်ဟိန်း မေးကြည့်ပါလား ..."

အောင်စည်ဟိန်းသည် မောင်မောင်လွင်အား ကျေးဇူးတင်စကား နှုတ်ဆက်စကား ပြောပြီး ထွက်လာခဲ့သည်။

အိမ်ပြန်ရောက်သည်နှင့် တယ်လီဖုန်းလမ်းညွှန်စာအုပ်တွေ ရှာကြည့်ရာ မောင်မောင်လွင် ပြောသော ဘိုလေးဈေးလမ်း လိပ်စာနှင့် ကိုက်ညီနေသည်ကို တွေ့ရသည်။

ထိုလိပ်စာအတိုင်း ထိုတိုက်ခန်းရှိသူတစ်ဦးက မနေ့ညကတည်းက ဤတိုက်ခန်းသို့ စန္ဒာမိုး ယခုအထိ ပြန်မရောက်သေးဟု သိခဲ့ရသည်။

မှန်ပေမည်။ စန္ဒာမိုးသည် မိမိအိမ်သို့ မပြန်ရဲသော အခြေအနေ ရှိနေသည်။

စန္ဒာမိုးအကြောင်းကို အောင်စည်ဟိန်း ဆက်တွေးကြည့်သည်။



နံနက်က အေးမြမြဆိုသည့် အမျိုးသမီးက မိမိကို ကမ္ဘာအေးလမ်းရှိ ကျေးမင်း တည်းခိုရိပ်သာသို့ခေါ်သဖြင့် မိမိ သွားခဲ့စဉ်က အကျီလည်ပင်း ကြယ်သီးပြုတ် စန္ဒာမိုး အိပ်ရာထက်တွင် ပက်လက်လဲလျောင်းပုံစံ ကျန်ခဲ့သည်။ စန္ဒာမိုးသည် လူမသိသော တစ်နေရာတွင် သွားရောက်ပုန်းအောင်းမည်ဟုလည်း ပြောခဲ့သည်။ ဒါဆို စန္ဒာမိုးသည် ရန်ကုန်တစ်နေရာတွင် သူမ ပုန်းအောင်းစဉ် အတွင်း လိုအပ်သောငွေ လိုက်ရှာနေလေသလား။

တစ်နေ့လုံး အောင်စည်ဟိန်းက ဦးစံမင်း၊ လှလွန်းမွေတို့နှင့် အလုပ်များပြီး အိမ်မပြန်နိုင်သေးမီအတွင်း စန္ဒာမိုးက မိမိကို မစောင့်နိုင်တော့ဘဲ ထပ်မံ ဆက်သွယ်ပါမည်ဟု စာရေးထားခဲ့ပြီး ထွက်သွားခြင်းဖြစ်သည်။

ညစာ စားရန်အတွက် ရေခဲသေတ္တာကို ဖွင့်စဉ်မှာပင် တယ်လီဖုန်းမြည်သံ ထွက်လာသဖြင့် ကောက်ယူနားထောင်လိုက်သည်။

"စန္ဒာပါ ကိုအောင်စည်ဟိန်း ..."

ဟု စန္ဒာ ဆက်သွယ်သောဖုန်း ဖြစ်နေပါ၏။

... ✿ ...

www.burmeseclassic.com

www.burmeseclassic.com



## ၁၀

"စန္ဒာ့ကို ကူညီပါ ကိုအောင်စည်ဟိန်း ... စန္ဒာ့မှာ ကိုအောင်စည်ဟိန်းရဲ့ အကူအညီ တကယ်လိုအပ်နေလို့ပါ ..."

စန္ဒာ၏ အသံသည် ကြောက်ရွံ့ထိတ်လန့်သံ ပါရှိနေသည်မှာ ကြားရုံဖြင့် ကိုကိုလေး သိသည်။ စန္ဒာ၏ အသံအစစ်အမှန်လည်း သိသည်။

"ရေကျော်အိမ်က စန္ဒာ ဘာလို့ ထွက်ပြေးသွားတာလဲ ..."

"မပြေးလို့မှ မဖြစ်တာ ... ကိုအောင်စည်ဟိန်းလည်း သွားရော သူတို့လည်း ရောက်လာကြတယ်လေ ..."

"သူတို့ဆိုတာက ..."

"လူနှစ်ယောက်ပေါ့ ... ကိုအောင်စည်ဟိန်း ထွက်သွားပြီးတာနဲ့ ရေကျော်အိမ်ရှေ့ကို ကားတစ်စီး လာရပ်တာ စန္ဒာ ပြတင်းပေါက်က လှမ်းမြင်တယ် ... ကားပေါ်က လူနှစ်



ယောက် ဆင်းလာတယ် ... မရမ်းကုန်းလမ်းဘေးမှာ စန္ဒာကို သတ်ဖို့ကြိုးစားတဲ့ နွားလောက် ကြီးမားတဲ့ လူကြီးပေါ့ စန္ဒာ သိပ်ကြောက်သွားတာပေါ့ ... သူတို့ခြံထဲမဝင်ရောက်ခင် စန္ဒာ အိမ်ထဲက သူတို့မမြင်အောင် ပုန်းထွက်နိုင်လိုက်တယ် ... နောက်ပြီး ခြံစည်းရိုးပုတ္တာရိုက်ပင်တောထဲမှာ စန္ဒာ ဝင်ပုန်းနေလိုက်တယ် ..."

"ဒါဆို အိမ်တံခါးကို ဒီအတိုင်း စန္ဒာ ဖွင့်ထားခဲ့သလား"

"အင်းပေါ့ ... သူတို့က ကိုအောင်စည်ဟိန်း အိမ်မှာ စန္ဒာ ရှိနေမှန်းသိလို့ လာကြတဲ့ဟာမဲ ..."

ယင်းအချက်တွင် အောင်စည်ဟိန်း အတွေးနက်ရသည်။ မရမ်းကုန်းလမ်းမှ စန္ဒာ့ကို ကယ်တင်ခေါ်လာစဉ်က ကားတစ်စီး အောင်စည်ဟိန်း ကားနောက်သို့ နောက်ယောင်ခံလိုက်မလာမှန်း အောင်စည်ဟိန်း သိခဲ့သည်။ ဤသို့ လိုက်လာလေမလားဟု အောင်စည်ဟိန်း သေချာ ကြည့်ခဲ့သည်။ မိမိနောက်မှ ဘာကားတစ်စီးမှ လိုက်လာခြင်း မရှိမှန်း သေချာမှ အိမ်အထိ အောင်စည်ဟိန်း မောင်းခဲ့ခြင်း ဖြစ်သည်။

ဒါဆိုလျှင် စန္ဒာ့အား လည်ပင်းညှစ်သတ်ဖို့ ကြိုးစားခဲ့သည့် နွားလောက် ထွားကျိုင်းသော လူထွားကြီးသည် မိမိကိုလည်းကောင်း၊ မိမိနေအိမ်ကိုလည်းကောင်း နဂိုတည်းက သိရှိထားသူဖြစ်ခြိမ့်မည်။

ကိုအောင်စည်ဟိန်းကတော့မှ ထိုလူထွားကြီးကို ဘယ်သူ ဘယ်ဝါမှန်း မသိသေး။ သူတို့က မိမိကိုရော မိမိလိပ်စာ

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကိုရော သိထားသောကြောင့် ချက်ချင်း လိုက်လာခြင်း ဖြစ်ပေမည်။ ဤအချက်ကို အောင်စည်ဟိန်း အလေးအနက် စဉ်းစားခြင်း ဖြစ်သည်။

စန္ဒာ ဆက်ပြောပြသည်။

"သူတို့နှစ်ယောက်စလုံး ကိုအောင်စည်ဟိန်းရဲ့ အိမ်ထဲကို တန်းတန်းမတ်မတ်ဝင်သွားကြတယ် … အိမ်ထဲမှာ ဘယ်သူ့ကိုမှ မတွေ့လို့ထင်ပါရဲ့ သူတို့ ပြန်ထွက်သွားကြတယ် … သူတို့ ပြန်ထွက်သွားပြီးမှ စန္ဒာ အိမ်ထဲဝင်ပြီး အဲဒီမှာ ဆက်မနေရဲတော့လို့ စာတစ်စောင် ရေးထားခဲ့ပြီး စန္ဒာ ထွက်ပြေးတာ၊ ကိုအောင်စည်ဟိန်း စန္ဒာ့ကို ဆက်ပြီး ကူညီပါဦးနော်"

"တို့က စန္ဒာ့ကို ဘယ်လိုဆက်ကူညီနိုင်မှာလဲ … စန္ဒာ ဘယ်လို အခက်အခဲ ဘယ်လိုအန္တရာယ်နဲ့ ရင်ဆိုင်နေရတယ်ဆိုတာလည်း တို့ မသိဘူး … စန္ဒာ ဘာတွေဖြစ်ခဲ့တယ်ဆိုတာလည်း တို့ သိမှ မသိတာ …"

"စန္ဒာ အားလုံး ပြောပြပါ့မယ် … ကိုအောင်စည်ဟိန်းသာ စန္ဒာ့ဆီ လာခဲ့ပေးပါ … အခုပဲ လာပေးပါလားဟင် …"

"ဘယ်ကို လာရမယ်ဆိုတာရော …"

"စန္ဒာ မြေနီကုန်းထဲက နာမည်မတပ်ထားတဲ့ အပေါ်စား တည်းခိုခန်းမှာ တည်းနေပါတယ် ကိုအောင်စည်ဟိန်း … စန္ဒာ တည်းခိုတဲ့ အခန်းနံပါတ်က လေးပါ …"

အောင်စည်ဟိန်း မြေနီကုန်းက အ-ည်မရှိ တည်းခို



ခန်းကို ချက်ချင်း သိလိုက်သည်။ စုံတွဲတွေ တိတ်တိတ်ပုန်း ပျော်ပါးသော တည်းခိုခန်းအပေါ်စား ဖြစ်ပါ၏။

အောင်စည်ဟိန်းသည် သူ၏ သေနတ် စစ်ဆေး ကျည်ဆန်ထပ်ဖြည့်ပြီး သူ့ကားလေးကို မောင်းထွက်လာခဲ့သည်။ မောင်းလျက်ကပင် ထောင်ကြီးကွေ့အရောက်တွင် မောင်းနေသော ကားလေး ထိုးရပ်သွားသည်။ ကားဆီဒိုင်ခွက်ကို စစ်ဆေးရာ ကားထဲတွင် ဓာတ်ဆီကုန်သွားသည်ကို ဒိုင်ခွက်မြားတံက ပြသနေသည်။

ကားဓာတ်ဆီ ကုန်သွားသည်ကိုလည်း အောင်စည်ဟိန်း အံ့သြရပြန်သည်။ မနေ့ကပင် ကားလေးထဲသို့ ဓာတ်ဆီအပြည့် ရှစ်ဂါလံ ထည့်ထားသည်။ ဤကားလေးသည် တစ်ဂါလံ မိုင်သုံးဆယ်နှုန်း ရသော ကားလေးဖြစ်သည်။ သူ မောင်းခဲ့သော ခရီးစဉ်များဖြင့် တွက်ကြည့်ပါက ဘယ်နည်းမှ ဆီရှစ်ဂါလံ ကုန်နိုင်စရာ မရှိသေး။

တစ်စုံတစ်ယောက်သည် အောင်စည်ဟိန်း ခရီးဖင့်စေရန် ကားတိုင်ကီထဲမှ ဆီတွေကို ထုတ်ပစ်လိုက်ခြင်းသာ ဖြစ်ရမည်။

အောင်စည်ဟိန်း ယခုလောလောဆယ်တွင် ဓာတ်ဆီ ဖြည့်ရန် အချိန်မရတော့သဖြင့် ကားကို ထောင်ကြီးကွေ့ လမ်းဘေးမှာပင် ရပ်ပြီး တံခါးတွေ သော့ခတ်ကာ ကြုံရာ အငှားကားတစ်စီး လက်တားပြီး မြေနီကုန်းသို့ အငှားကားဖြင့် ဆက်လိုက်လာခဲ့သည်။

www.burmeseclassic.com

မြေနီကုန်းရှိ တည်းခိုခန်းမှာ တကယ့် အပေါစား အခန်းဖြစ်သည်။ အဆောက်အဦတို့ ဟောင်းနွမ်းရုံမက အထဲတွင်လည်း ညစ်ပတ်နေသည်။ ထုံးစံအတိုင်း အရက်နှင့် စားသောက်စရာနှင့် တွဲဖွင့်ထားသည်။

ညွှန်သည့်မရှိသလောက် ရှင်းနေသည်။ ဒီလောက် စုတ်ပွဲသော စားသောက်ဆိုင် တည်းခိုခန်းကို အလွန်အောက်တန်းကျသော ညွှန့်မျိုးသာ လာပေမည်။

စားပွဲတစ်လုံးတွင် ကောင်တာစာရေးတစ်ယောက် ထိုင်နေသည်ကို တွေ့ရသည်။

တည်းခိုဆောင်က ညစ်ပတ်စုတ်ပွဲသလောက် စားပွဲတွင် ထိုင်နေသော စာရေးက တောက်တောက်ပြောင်ပြောင် ရှိလွန်းနေသည်ကို အောင်စည်ဟိန်း တွေ့မြင်နေရသည်။

ထိုစာရေးက အောင်စည်ဟိန်းတစ်ယောက်တည်း ဝင်ရောက်လာသည်ကို စိတ်ဝင်စားပုံမရဘဲ ဂဏ်ကျေတန်းကျေသဘောဖြင့် ဆီးမေးမြန်းသည်။

"ဘာအလိုရှိသလဲဗျာ … ခင်ဗျားမှာ အတွဲပါမလာဘူး … ကျုပ်က ခေါ်ပေးရမယ်ဆိုရင်တော့ အချိန်နည်းနည်း ကြာမယ် …"

မေးမြန်းသော စာရေးသည် အကောင်းစား အပါးစား သက္ကလတ်ကုတ်အင်္ကျီနှင့် ဘောင်းဘီအဖိုးတန် ဝတ်ဆင်ထားသည်။ လက်တွင် ပတ်ထားသော နာရီက ထောင်ကျော်ပေးရသော ရိုးလက်(စ်)နာရီ ရွှေရောင်ကို ရွှေလက်ပတ်ကြိုးဖြင့် ပတ်ထားသည်။



တည်းခိုဆောင်က စုတ်ချာသလောက် ဒီစာရေးတွင် ဘယ်လိုပွပေါက်တွေနှင့် ဖြိုးနေပေသလဲမသိ။

ကိစ္စမရှိ … ဒါ အောင်စည်ဟိန်းနှင့် မဆိုင်။

"တည်းခိုခန်း အမှတ်(၄)ကို သွားချင်လို့ …"

"သြော် … ဒီလိုလား၊ အခန်း(၄)က အမျိုးသမီးနဲ့ ခင်ဗျားက ပြေလည်ပြီးသားကို … ဒါဆို … လာ … ကျုပ် အခန်း(၄)ကို လိုက်ပြပေးမယ် … ကျုပ် လိုက်ပြပေးခ ဘောက်ဆူးကတော့ တစ်ရာတန်တစ်ရွက်ပဲ …"

"ရပါတယ် …"

စာရေးက ပျင်းတိပျင်းတွဲ ထိုင်ရာမှ ထစဉ်မှာပင် အောင်စည်ဟိန်းက စလွယ်မှ သေနတ်ကို ထုတ်ယူကာ အပြားလိုက် လက်ဝါးတွင်တပ်ပြီး စာရေး၏ ဦးခေါင်းကို ရိုက်ချလိုက်သည်။

စာရေးခမျာ ခွေခနဲ လဲကျသွားသည်။

ပါသနာစုံထောက်ဆိုသည်မှာ ဒီလိုပဲ ဖြစ်ရမည်။ ပန်းအကျီဒေါက်တွင် ရာထူး ငွေရောင်ပွင့် ငွေရောင်ချောင်း မရှိ။ ယူနီဖောင်း မရှိ … ၊ အခြားလူတစ်ဖက်သားက လေးစားခြင်းမရှိသော သာမန်လူတစ်ယောက်သာ ဖြစ်သည်။

ဒီတော့လည်း ဘာမဆို ချက်ချင်း အခြေအနေကို ဆုံးဖြတ်တတ်ရမည်။ ကျားမျက်လုံးကဲ့သို့ အမှောင်ကို ထွင်းဖောက်မြင်တတ်ရမည်။ မိမိကိုယ်တိုင် သားကောင်ဘဝကို ရောက်မသွားစေဖို့ သတိနှင့် သတ္တိ အမြဲ အဆင်သင့် ဖြစ်နေရမည်။

www.burmeseclassic.com



ဤ အပေါစား တည်းခိုဆောင်စာရေးကို မြင်သည်နှင့် အောင်စည်ဟိန်းသည် စာရေးအစစ် တစ်ဦး မဟုတ်နိုင်ဟု ချက်ချင်း သတိထားမိသည်။

ထို့ကြောင့်လည်း မိမိ သားကောင်ဘ၀ ရောက်မသွားမီ မုဆိုးဘ၀ကိုပဲ ခံယူကာ မုဆိုးဇာတ် ခင်းလိုက်ခြင်း ဖြစ်ပါ၏။

ခွေခေါက်လဲကျသွားသော စာရေး၏ ခေါင်းတွင် ထိုင်ချကာ သူ့ကိုယ်တွင် အောင်စည်ဟိန်း ရှာဖွေကြည့်သည်။

စာရေးကုတ်အကျႌ အတွင်းအိတ်ထဲမှ သေနတ်အသေးစားတစ်လက် တွေ့ရသည်။ တခြားပစ္စည်းများ ရှာဖွေနေစဉ်မှာပင် စာရေးတု မျက်လုံးပြန်ပွင့်လာသည်။ သေနတ်ကိုင်ထားသော အောင်စည်ဟိန်းအား ပြူးကြောင်ကြောင်ကြည့်ကာ ...

"ဒါက ဘာသဘောလဲဗျ ..."

"အဲ့ဒီ ဘာသဘောလဲဆိုတာက မင်းက ဖြေရမဲ့စကားပဲ စာရေးအတုရဲ့ ..."

ပြောပြောဆိုဆို စာရေးတုကို အောင်စည်ဟိန်းက ဆွဲထူပြီး မတ်မတ်ရပ်စေသည်။ ပြီး ... စာရေးတု၏ လက်တစ်ဖက်ကို နောက်ပြန်လိမ်ချိုးထားလိုက်သည်။

"မင်း ရှေ့က သွားစမ်း ... အခန်းနံပါတ် (၄)ကို သွား"

စာရေးတု မငြင်းသာတော့ အောင်စည်ဟိန်း လက်ထဲတွင် သာတီးအိတ်ခြောက်လုံးပြူး ကိုင်ထားသည်။ သူ့ကုတ်



အကျႌထဲမှ သေနတ်လေးလည်း [illegible]ထားရပြီ။ ဦးခေါင်းတွင်လည်း အရိုက်ခံထားရသည်။

စာရေးတု မုဆိုးလက်ထဲ ကျရောက်သွားသော သားကောင် ဖြစ်သွားပေပြီ။

အောင်စည်[illegible]အတိုင်း အခန်း(၄)သို့ ခေါ်ဆောင်သွားရတော့[illegible]

[illegible](၄)မှ [illegible]ပိတ်လျက်သား ရှိနေသည်။

"ကဲ ... [illegible] [illegible]က်စမ်းကွာ ..."

စာရေးတု [illegible]တော့သည်။

"ခေါက်လေကွာ တံခါး ..."

ပြောပြောဆိုဆို အောင်[illegible] လက်နောက်ပြန် လိမ်ချိုးထားချက်ကို ပို၍ တင်းလိုက်သည်။

စာရေးတုမှာ မနေသာတော့ဘဲ တံခါးကို ခေါက်လိုက်တော့သည်။ တံခါးခေါက်မှာ [illegible] ခေါက်ချက်မျိုး မဟုတ်ဘဲ [illegible] [illegible] အောင်စည်ဟိန်း သတိထားမိပြန်သည်။

တံခါးခေါက်သဖြင့် အထဲမှ ကြေးဘုသီးကို လှည့်ပြီး ကြေးဘုသီးလေး လည့်သွားသည်နှင့် စာရေးတုကို ရှေ့မှ ဒိုင်းအဖြစ် [illegible] [illegible] အောင်စည်ဟိန်း ဆောင့်ကန်ဖွင့်လိုက်သည်။

တံခါးပွင့်သွားပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အခန်းထဲတွင် မှောင်နှင့်မည်းမည်း ဖြစ်နေသည်။

တံခါး ပွင့်သွားသည်နှင့် အခန်းထဲမှ အဝါရောင်မီးလေး ပွင့်ပြီး ဒိုင်းခနဲ သေနတ်သံ ထွက်လာသည်။

ရှေ့တွင် ဒိုင်းသဖွယ် ခံထားသော စာရေးတုမှာ တွန့်ခနဲ ဖြစ်သွားသည်။ အခန်းထဲမှ ပစ်လိုက်သော သေနတ်ကျည်ဆန်သည် စာရေးတုကို ထိမှန်သွားခြင်းဖြစ်သည်။ မီးပွင့်အဝါလေး ထွက်လာ[illegible]ည်သို့ စာရေးတုအား အောင်စည်ဟိန်းက အရှိန်ပြင်းစွာ တွန်းလွှတ်လိုက်ရင်း အခန်းမီးခလုတ်ကို ဖွင့်လိုက်သည်။

တစ်ခန်းလုံး မီးလင်းသွားသည်။

အခန်းထဲတွင် ဒဿမလေးငါး ဝစ္စတိုသေနတ် ကိုင်ထားသော လူထွားကြီးကို တွေ့ရသည်။

အောင်စည်ဟိန်း တွန်းပို့လိုက်သော စာရေးတု၏ ခန္ဓာကိုယ်က သူ့ဆီသို့ တည့်တည့်ကြီး ဝင်ရောက်လာသည်ကို လူထွားကြီး တအံ့တသြ ဖြစ်နေချိန်တွင် အခန်းတွင်းမီးလုံးမှ မီးပွင့် ဖျတ်ခနဲ လင်းလာသောကြောင့် အမှောင်ထဲတွင် ကျင့်သားရနေသည့် လူထွားကြီး၏ မျက်လုံးများ ကျိန်းစပ်သွားကာ ခေတ္တလူထွားကြီး တန့်ရပ်သွားသည်။

သို့သော် ချက်ချင်းပင် လူထွားကြီးသည် စာရေးတုခန္ဓာကိုယ်ကြီးကို ဘေးသို့ တွန်းပစ်ပြီး ဝင်ရောက်လာသော အောင်စည်ဟိန်းအား သူ့သေနတ်ကြီး လက်ဆန့်ချိန်လိုက်သည်။

လူထွားကြီးပင် နောက်ကျသွားပြန်သည်။



အောင်စည်ဟိန်းက သူ့သေနတ်ဖြင့် သေနတ်ကြီးကိုင်ထားသော ညာလက် ညာပခုံးဆီသို့ လူထွားကြီးကို အရင်ပစ်လိုက်နိုင်သည်။

လူထွားကြီး၏ ... သေနတ်ကိုင် ညာလက်မှာ တွဲလောင်းကြီး ကျသွားသည်။ လူထွားကြီးက ဘယ်လက်ဖြင့် သေနတ်ကို ပြောင်းယူကာ အောင်စည်ဟိန်းအား ထပ်မံပစ်ရန် ကြိုးစားပြန်သည်။

အောင်စည်ဟိန်း မသွာနိုင်ပါလေတော့။ လူထွားကြီး၏ လက်ဖဝါးရင်အုံကို ထပ်ဆင့်ပစ်ချလိုက်ရတော့သည်။

မည်မျှပင် ခန္ဓာကိုယ် အကောင်ကြီးမားစေကာမူ ရင်ထဲက နှလုံးသား ပေါက်ထွက်သွားပြီဆိုပါက အဘယ်မှာလျှင် ခံနိုင်တော့မည်နည်း။

လူထွားကြီး ဖွဲ့အိတ်ကြီးလို အိခနဲ လဲကျသွားတော့သည်။

အောင်စည်ဟိန်းသည် သေနတ်ယမ်းနံ့များ ညှော်ထွက်နေသည့်ကြားကပင် အသက်ကို ပြင်းစွာ ရှူသွင်းလိုက်သည်။ ပြီး ... ရှည်လျားသော သက်ပြင်းကြီး မှုတ်ထုတ်လိုက်မိတော့သည်။

ဤပွဲတွင်လည်း သူ့အသက် ကိုယ့်အသက် ယှဉ်ပြိုင်လုကြရာတွင် အောင်စည်ဟိန်းပင် အောင်နိုင်သူ ဖြစ်သွားပြန်သည်။

ကြိုတင်စီစဉ်ထားသော ထောင်ချောက်သို့ စွတ်ဝင်တိုးရင်း အောင်စည်ဟိန်း အောင်နိုင်သွားသော ပွဲဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



အိပ်ခန်းထဲတွင် စန္ဒာ့ကို အောင်စည်ဟိန်း လိုက်ရှာကြည့်သည်။

အိပ်ရာပေါ်တွင် စန္ဒာ့ကို အောင်စည်ဟိန်း တွေ့ရသည်။ အင်္ကျီအပြာတွင် လည်ပင်းကြယ်သီးပြုတ် ဝတ်ဆင်ထား လျက်ပင် ပက်လက် စန္ဒာ့ကို တွေ့ရသည်။

စန္ဒာ၏ အနီးသို့ အောင်စည်ဟိန်း တိုးကပ်သွားစရာ မလိုတော့ပါပေ။ အကြောင်းမူ စန္ဒာ၏ ဦးခေါင်းနားထင်တွင် ကြီးစွာသော ဒဏ်ရာဖြင့် စန္ဒာ အသက်မရှိလေတော့ပြီ။

ယောက်ျားသားတို့အပေါ်တွင် ... ဆွဲဆောင်အား အပြည့်ရှိသော စန္ဒာတစ်ယောက် ကောင်းရာသုဂတိ လားပါစေဟု သာ အောင်စည်ဟိန်း ဆုတောင်းမေတ္တာ ပေးလိုက်တော့သည်။

... ❀ ...

## ၁၁

အလောင်းသုံးလောင်း ရှိနေသော အခန်းကို စိတ်ပျက်စွာ ကြည့်ပြီး အောင်စည်ဟိန်း အပြင်သို့ ထွက်လာသည်။

အပေါ်ထား တည်းခိုခန်းမှ စာရေးအစစ်ကို အခြားအခန်းတစ်ခုထဲ၌ ကြိုးနှင့်တုပ်နှောင်ထားသည်ကို အောင်စည်ဟိန်း ရှာတွေ့သည်။ ခြေနှင့်လက်ကို နောက်ပြန်တုပ်ထားသည်။ ပါးစပ်ပေါက်ကို ပလတ်စတာဖြင့် ပိတ်ထားသည်။

ထိုစာရေးအစစ်မှာ အသက် (၅၀) ရွယ်ခန့် ရှိသည်။ အောင်စည်ဟိန်းက တုပ်ထားသော ကြိုးတွေ ဖြေပေးသည်။ ပါးစပ်ပေါက် ပိတ်ထားသော ပလတ်စတာကို ခွာပေးလိုက်သည်။

"ငါ့ကို ဝိုင်းကိုင် အတင်းချုပ်တာယ်လေ ... ဘာကောင်တွေမှန်း မသိဘူး ... ငါနဲ့လည်း ဘာမှ သူတို့နဲ့ ပြဿနာဘူးဘဲနဲ့ သိပ်လူပါးဝတဲ့ ခွေးလိုနှစ်ကောင် ..."

www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးနဲ့ သူတို့ အရင်က သိခဲ့ဖူးလား ..."

"ဒီခွေးသားနှစ်ကောင်နဲ့ တစ်ခါမှ မသိခဲ့ဖူးပါဘူးကွာ ... ငါ့ကို သက်သက်မဲ့ ဝိုင်းချုပ်ကြိုးတုပ် အခန်းပိတ်လှောင်တာ"

အောင်စည်ဟိန်းသည် အပြင်ဘက် အလှုပ်စားပွဲဆီသို့ သွားကာ တယ်လီဖုန်းဖြင့် ဦးမင်းစံထံသို့ ဆက်လိုက်သည်။ ဤမှာ အလောင်းသုံးလောင်း ဖြစ်သွားပြီး ဖြစ်ပျက်သမျှ အားလုံးအစအဆုံး ပြောပြလိုက်သည်။

နာရီဝက်အတွင်းမှာပင် အဖွဲ့လက်သား စုံလင်စွာဖြင့် ဦးမင်းစံ ရဲအားပြာနှင့် ရောက်လာသည်။ အလောင်းတွေကို သူတို့ လုပ်ရိုးလုပ်စဉ်အတိုင်း မြေဖြူခြစ် လက်ဗွေပုံစံယူ၊ တစ်ကိုယ်လုံး စစ်ဆေးခြင်းများ ပြုလုပ်ဆောင်ရွက်ကြသည်။

"မင်းပြောတာ မှန်တယ်ကွ ဖိုးအောင်စည်ဟိန်း ... ခုတင်အိပ်ရာပေါ်က အလောင်းဟာ စန္ဒာမိုးဆိုတဲ့ ကောင်မလေးပဲ ... သူ့လက်ပွေ့အိတ်ထဲက အမျိုးသားမှတ်ပုံတင်တွေဘာတွေ ညာတွေ ငါ အားလုံး စစ်ဆေးပြီးပြီ ... အဲဟိုအလောင်းနှစ်ကောင်ကိုရော မင်း သိလား အောင်စည်ဟိန်း ..."

"မသိဘူး ဦးစံမင်း ... ဒါပေမဲ့ နွားလို ထွားကျိုင်းတဲ့ကောင်ကြီးက မရမ်းကုန်းမှာ စန္ဒာ့ကို သတ်ဖို့ ကြိုးစားတဲ့ကောင်ကြီးပဲ ... ကျန်တဲ့ ကောင်ကတော့ လှလွန်းဆွေကို ဖို့ကားအနက်နဲ့ လိုက်ပစ်သတ်ဖို့ ကြိုးစားလွှက်ပြေးသွားတဲ့ ကောင်ပဲ ... စာရေးအတုယောင်ဆောင်တဲ့ ကောင်လေ ... ဒီမှာ



သူ့ ဒဿမ နှစ်ငါးသေနတ် ... သူ့ဆီက ကျုပ် အရယူထားလိုက်တာ ..."

ထိုသေနတ်ကို ဦးမင်းစံ လက်သို့ အောင်စည်ဟိန်း ပေးအပ်သည်။

"သူတို့နှစ်ယောက်ကို မင်း မသိပေမဲ့ လူဆိုးမှတ်တမ်းဝင်တွေမို့ ငါ သိပါတယ်ကွာ ... နွားလိုကောင်ကြီးက စိန်ပန်းတဲ့ ... နောက်တစ်ကောင်က အေးညိုတဲ့ ... နှစ်ကောင်လုံး ကြေးစားတွေပါ ... ပိုက်ဆံပေးနိုင်းရင် ဘာမဆို လုပ်တဲ့ကောင် ... လူဆိုးစာရင်းဝင်တွေပါ ... သူတို့ကို ဘယ်သူက နိုင်းတာလဲဆိုတာ စစ်ဆေးရဦးမယ် ... မင်း ငါနဲ့လိုက်ခဲ့ဦး ... ဒီမှာ ငါ့ကောင်တွေ ဆက်လုပ်လိမ့်မယ် ..."

ဦးမင်းစံနှင့်အတူ ဦးမင်းစံရုံးခန်းသို့ အောင်စည်ဟိန်း လိုက်သွားသည်။

"ဩော် ... ဦးမင်းစံ ခင်ဗျားလူ တစ်ယောက်ယောက်ကို ရေခဲကျော်က ... ဈေးနှုန်းကောင်းအိမ် ဖုန်းလိုင်းကာနေပြီး တစ်ယောက်ယောက် ခိုးပြီး ဆက်သွယ်ထားတယ်ထင်လို့ပါ"

"မင်းက အဲဒီလို ဘာလို့ထင်တာလဲ ..."

"သူတို့ဟာ စန္ဒာ ဘယ်ရောက်သွားမှန်းမသိတော့အောင် မျက်ခြည်ပြတ်သွားပုံပဲ ... ဒါပေမဲ့ စန္ဒာက ဈေးနှုန်းကောင်းဆီကို ဖုန်းဆက်မယ်လို့တော့ သူတို့တွက်မိပုံပဲ ... ဒါကြောင့် စန္ဒာ ဈေးနှုန်းကောင်းဆီ ဖုန်းဆက်တာနဲ့ ဈေးနှုန်းကောင်း နောက်ကို လိုက်သွားရာမှာ ကြန့်ကြာစေဖို့ရော ... စန္ဒာရှိတဲ့နေရာကို

www.burmeseclassic.com

www.burmeseclassic.com



သိနိုင်အောင်လို့ရော ကျွန်တော့်ဖုန်းလိုင်းကို တစ်နေရာရာက သူတို့ ခိုးဆက်တာဖြစ်မယ် … ကျွန်တော် စန္ဒာ့ဆီ လိုက်မသွားနိုင်အောင်လည်း ကျွန်တော့်ကားထဲက ဓာတ်ဆီတွေ ခိုးထုတ်ပစ်လိုက်တယ်လို့ ကျွန်တော် ထင်လို့ပဲ ဦးမင်းစံ …"

"မင်းပြောတာ ဖြစ်နိုင်စရာတော့ ရှိတယ် … ဒါပေမဲ့ စန္ဒာနေတဲ့ နေရာကို သူတို့ သိသွားပြီး စန္ဒာ့ကို သတ်လိုက်ပြီးမှ မင်းကို ဘာလို့ အကွက်ဆင် ထောင်ချောက်ဆင်ပြီး မြေနိကုန်း အပေါ်စားအဆောင်ကို ခေါ်ခိုင်းမှာလဲကွာ … စန္ဒာ့ကို သတ်ပြီးတာနဲ့ သူတို့ လစ်ပြေးလို့ ရနိုင်သားပဲဟာ …"

"မနေ့က စန္ဒာဟာ ကျွန်တော်နဲ့ တော်တော်ကြာအောင် အတူရှိနေခဲ့တယ်လေဗျာ … သူတို့ စန္ဒာ့ကို သတ်ခဲ့တာဟာ စန္ဒာက သူတို့လုပ်ငန်းကိစ္စတွေကို သိနေလို့ … ဖော်မှာစိုးလို့ နှုတ်ပိတ်တာပဲ ဖြစ်မယ်၊ ဒီတော့ စန္ဒာက ကျွန်တော့်ကို သူတို့ လျှို့ဝှက်လုပ်ငန်းကိစ္စတွေ ဘယ်လောက်အထိ ပြောခဲ့ပြီး … ကျွန်တော်က ဘယ်လောက်ထိ သိနေမလဲ လို့ သူတို့ တွက်မှာပေါ့ … ဒါကြောင့် ကျွန်တော့်ကိုလည်း နှုတ်ပိတ်ဖို့ ထောင်ချောက်ဆင် ဖမ်းသတ်ဖို့ ကြိုးစားတာ ဖြစ်နိုင်တာပဲ …"

ဦးမင်းစံက … ဖုန်းကောက်ကိုင်ကာ သူ့ရဲကြပ်ကြီး တစ်ဦးအား အောင်စည်ဟိန်း၏ ဖုန်းလိုင်း ခိုးယူမှုကို စစ်ဆေးခိုင်းလိုက်သည်။



"မင်း မနက်က ငါ့ကို ပြောခဲ့တယ်မဟုတ်လား အောင်စည်ဟိန်း … မင်းကို စန္ဒာက ပြောခဲ့တဲ့ စိုးလှိုင်အောင်ဆိုတာ ညက အသတ်ခံရတဲ့ ဓာတ်ပုံဆရာ စိုးလှိုင်အောင် မဟုတ်ဘဲ တခြားနာမည်တူ စိုးလှိုင်အောင် ဖြစ်နေမလား ဆိုတာလေ"

အောင်စည်ဟိန်း ခေါင်းညိတ်ပြသည်။

"အဲဒါ … တခြားတစ်ယောက် စိုးလှိုင်အောင် နာမည်တူ မဟုတ်ဘူးကွ … စန္ဒာ ပြောခဲ့တဲ့ … စိုးလှိုင်အောင်ဟာ အသတ်ခံရတဲ့ ဓာတ်ပုံဆရာ ဖြစ်နေတယ် …"

"ဟုတ်နိုင်တာပဲ … အဲဒါ ဘာဖြစ်လဲ … ဆက်ပြောဦးလေဗျာ …"

"ဒီလိုကွ … လွန်ခဲ့တဲ့ လေးလလောက်က အောင်ကျော်ဇောဆိုတဲ့ လူတစ်ယောက်ရဲ့အလောင်းကို ဗိုလ်ချုပ်ပန်းခြံဘေးမှာ ငါတို့ တွေ့ခဲ့တယ် … အောင်ကျော်ဇောရဲ့ဦးခေါင်းကို အသေရိုက်သတ်တဲ့ ဒဏ်ရာနဲ့ပေါ့ကွာ … အောင်ကျော်ဇောဆိုတဲ့လူက လူချမ်းသာတစ်ယောက်ကွ … နှစ်ထပ်သဘောၤနှစ်စီး၊ ပုဂ္ဂလိက စီးပွားရေးအနေနဲ့ ပြေးဆွဲနေတာရယ် … အင်းစိန် ကမ်းနားမှာ ဆန်စက်ကြီးတစ်လုံး ရှိရုံမက အတွင်းပစ္စည်းနဲ့ ဘဏ်အပ်ငွေတွေလည်း တော်တော်များအောင် ချမ်းသာတဲ့လူကွ … အဲ … အောင်ကျော်ဇော အလောင်းကို တွေ့ရှိချိန်မှာတော့ သူ့အိတ်တွေထဲမှာ ဘာအဖိုးတန်ပစ္စည်းမှ မရှိတော့ဘူး … လက်ပတ်နာရီရောင် ချွတ်ယူသွားတယ် … ဒါကြောင့် ရဲအဖွဲ့က လုယက်ရှင်း

www.burmeseclassic.com

www.burmeseclassic.com

လူသတ်မှု လက်လွန်သွားတာလို့ပဲ မှတ်တမ်းယူထားရ
တယ် ... ”

ဦးမင်းစံက ထိုအောင်ကျော်ဇောနှင့် စန္ဒာ ပတ်သက်ခဲ့ပုံကို ဆက်၍ ပြောပြပြန်သည်။

အောင်ကျော်ဇောသည် တရားဝင် လက်ထပ်ဇနီး ရှိသူဖြစ်သော်လည်း သားသမီး မထွန်းကားပေ။ အောင်ကျော်ဇော မသေမီက စန္ဒာမိုးနှင့် တွဲခဲ့သည်။ အောင်ကျော်ဇောသည် မိန်းမကိစ္စတွင် ဝါသနာကြီးမားသည်။ ရုပ်ချော ကိုယ်လှ အညှုအတာကောင်းသော စန္ဒာမိုးနှင့် သူဌေးအောင်ကျော်ဇော ချိတ်မိသွားသည်။

“အေး ... အောင်ကျော်ဇောက ဘိုကလေးဈေးလမ်း ... တစ်လကို လခ သုံးရာပေးရတဲ့ နှစ်ခန်းတွဲ တိုက်အိမ်ငှားပြီး စန္ဒာမိုးကို ထားပေးတယ် ... သဘောကတော့ စန္ဒာမိုးကို အောင်ကျော်ဇောက ကိုယ်အငယ်အနှောင်းထားတဲ့သဘောပေါ့ ... လိုအပ်တာ မှန်သမျှ ထောက်ပံ့ထားတယ်ပေါ့ ... ”

“အောင်ကျော်ဇော သေဆုံးမှုမှာရော ... ဦးမင်းစံရဲ့ ရဲအဖွဲ့က စန္ဒာမိုးကို မစစ်ဆေးခဲ့ဘူးလားဗျာ ... ”

“ဟ ... စစ်ဆေးတာပေါ့ကွ ...' ဒါပေမဲ့ တော်မက အောင်ကျော်ဇော သေဆုံးတဲ့အချိန်မှာ သူမဟာ ဘယ်နေရာမှာ ဘယ်သူနဲ့ ရှိနေပါတယ်ဆိုတဲ့ ... အလီဘိုင် သက်သေအထောက်အထား အခိုင်အမာပြနိုင်တယ်ကွ ... ”



“အဲဒီ စန္ဒာမိုး အခိုင်အမာ ပြတဲ့ အလီဘိုင် သက်သေက ဘယ်သူလဲဗျာ ... ”

“စိုးလှိုင်အောင် လေကွာ ... စိုးလှိုင်အောင်နဲ့ စန္ဒာမိုးဟာ အဲဒီညမှာ တစ်ညလုံး မိုးလင်းထိ အတူရှိနေပါတယ်လို့ နိုင်ငံမာမာကြီး နှစ်ယောက်လုံးက ထွက်ဆိုကြတယ် ... ဒါကြောင့် ... စန္ဒာမိုး ပြောတဲ့ စိုးလှိုင်အောင်ဆိုတာ ညက အသတ်ခံရတဲ့ စိုးလှိုင်အောင်ပဲကွ ... ”

“အင်း၊ ဟုတ်ချင် ဟုတ်မှာပေါ့ဗျာ ... စန္ဒာမိုးက ယောကျ်ားမိတ်ဆွေ တော်တော်များများ ထားတတ်တယ်လို့တောင် အားကစားမှူး ကိုမောင်မောင်လွင်က ကျွန်တော့်ကို ပြောဖူးတယ် ... ပြီးတော့ အငယ်အနှောင်း အဖြစ်ခံရတဲ့ အမျိုးသမီးတွေရဲ့ ပုံစံနဲ့ သဘာဝက ဒီအတိုင်းပဲဟာ ... ”

“နောက်ပြီး ... အောင်ကျော်ဇောဟာ စန္ဒာမိုးအတွက် မဒေသာပင်လည်း ဖြစ်ပြန် ... ရွှေဥမှန်မှန် ဥပြီးနေတဲ့ ဘဲလည်း ဖြစ်ပြန်ဆိုတော့ ... စန္ဒာမိုးကတော့ အောင်ကျော်ဇောကို ရိုက်မသတ်တန်ဘူးလို့ ယူဆစရာပေါ့ကွာ ... ”

“အောင်ကျော်ဇော အသတ်ခံရမှုမှာ သားသမီး မထွန်းကားတဲ့ အောင်ကျော်ဇောရဲ့ တရားဝင်ဇနီးကိုရော ... ကိုစံမင်းတို့ ထည့်မစဉ်းစားဘူးလားဗျာ ... မိန်းမဆိုတာ ကိုယ့်လင်သား ဖောက်ပြန်နေတာကို ဘယ်မိန်းမက ကျေနပ်မှာလဲ ... သည်းမခံနိုင်တဲ့အဆုံး ကြံမိကြံရာ ကြံတာမျိုးကော ဖြစ်နိုင်ဘူးလား ... ”

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နေ့မလဲ အောင်စည်ဟိန်းရာ ... အဲဒါကို အိုင်အိုတစ်ယောက်က တာဝန်ယူပြီး သေချာစုံစမ်းတာပေါ့ ... ဒါပေမဲ့ အောင်ကျော်ဇောရဲ့ဇနီးမှာ မသင်္ကာစရာ ဘာမှ မတွေ့ဘူးတဲ့ကွ ... ဆိုလိုတာက တရားရုံးကို တင်ပြနိုင်တဲ့ အထောက်အထား ဘာမှမတွေ့ဘူးတဲ့ ... "

"အဲဒီတော့ ... "

"အဲဒီတော့ တို့ရဲ့ မှတ်တမ်းမှာ အောင်ကျော်ဇော သေဆုံးမှုဟာ စုံစမ်းစစ်ဆေးနေဆဲအမှုလို့ပဲ သတ်မှတ်ထားရတာပေါ့ အောင်စည်ဟိန်း ... "

"ဒါကို ဦးမင်းစံက သဘောတူ လက်ခံသလားဗျာ ... "

"ဟာ ... ဖိုးအောင်စည်ဟိန်းရ ... ငါတို့ ရဲတွေဆိုတာ အမှုတစ်ခု တရားရုံးတင်ဖို့အတွက် အဘက်ဘက်က အထောက်အထား သက်သေတွေ ပြည့်စုံမှ တင်ပြရတာကွ ... စိတ်ထင်ရာ အထင်နဲ့ ထ,လုပ်လို့ ဖြစ်တာမှ မဟုတ်တာ ... "

"ဒါပေမဲ့ ... အခု ဓာတ်ပုံဆရာ စိုးလှိုင်အောင်နဲ့ စန္ဒာမိုး အသတ်ခံရတာက သေချာနေတာပဲ ... သူတို့နှစ်ယောက်စလုံးဟာ အောင်ကျော်ဇော အသတ်ခံရတဲ့ညက အတူရှိနေခဲ့တဲ့ နှစ်ယောက် မဟုတ်လား ... အဲဒါတွေကို ဆက်စပ်ကြည့်ရင်ကောဗျာ ... "

ဦးမင်းစံက ပါးကြီးဖောင်းကြွလာအောင် ပြုံးလိုက်သည်။



"ငါ့ရဲ ... ရဲအရာရှိ သက်တမ်းတစ်လျှောက်မှာ ဝါသနာနဲ့ အပျော်တမ်း ပြင်ပစုံထောက်တွေ အများကြီး တွေ့ခဲ့ဖူးတယ် ... အဲဒီလူတွေ အားလုံးထဲမှာ မင်းဟာ အပါးနပ်ဆုံး အလျင်မြန်ဆုံး စုံထောက်ပညာ အတွေးအခေါ် အပြည့်ဝဆုံးပါလို့ ငါ အထက်ကို ခဏခဏ အစီရင်ခံဖူးတယ် ... အဲဒီ အောင်ကျော်ဇောအမှု ... ဓာတ်ပုံဆရာ စိုးလှိုင်အောင်အမှုကို မင်းဟာမင်း ဆက်လုပ်သင့်တာတွေ လုပ်ပါ ဖိုးအောင်စည်ဟိန်း ... ငါကတော့ မင်းလုပ်ဆောင်ချက်တွေကို ဆက်လက်ပြီး ငွေရောင်ပိတ်ကားပေါ်မှာ ရှုစားလျက်ပါမဲ့ပေါ့ အောင်စည်ဟိန်း ... "

ထိုစဉ်မှာပင် ဦးမင်းစံ စားပွဲမှ တယ်လီဖုန်းမြည်သံ ထွက်လာသည်ကို ဦးမင်းစံက ကောက်ယူနားထောင် ပြောကြားတော့သည်။

အင်း ... အင်း ... အဲ ... အဲ ... ပြောပြီး ဖုန်းကို ပြန်ချထားလိုက်သည်။

"စောစောက ငါ ခိုင်းလိုက်တဲ့ ရဲကြပ်ကြီးဆီက ဆက်တာကွ ... မင်းအိမ်က ဖုန်းခိုးဆက်သွယ်မှုကို စစ်ဆေးတယ်တဲ့၊ မင်းဖုန်းလိုင်းကို ကြားဖြတ်ဝါယာဆက်ပြီး ခိုးနားထောင်တဲ့ အထောက်အထားကို တွေ့ရပေမဲ့ ... အဲဒီဝါယာတွေကို ဖြတ်သွားကြပြီမို့ ဘယ်နေရာက ခိုးဖမ်းနားထောင်တယ်ဆိုတာ မခန့်မှန်းတတ်ပါဘူးတဲ့ ... "

www.burmeseclassic.com

www.burmeseclassic.com



အောင်စည်ဟိန်းသည် ပခုံးကိုသာ တွန့်ပြလိုက်ရတော့သည်။

လူသတ်သမားသည် အရာရာတွင် တစ်ကွက်ဦးကာ သိပ်လျှင်နေပါလားဟုသာ မှတ်ချက်ပြုရတော့သည်။

ဒီနောက်မှာတော့ ယခု လတ်တလော အပေါစား တည်းခိုခန်းက ဖြစ်ရပ်တွေအားလုံးကို အောင်စည်ဟိန်းက ထွက်ဆိုချက် ပေးရသည်။ ရဲလက်ရေးတိုဝန်ထမ်းက ထွက်ဆိုသမျှ စစ်ဆေးဖြေကြားချက်မှန်သမျှကို လက်ရေးတိုဖြင့် ရေးမှတ်ပေသည်။

ထွက်ဆိုချက် ပေးနေစဉ်မှာပင် ဦးမင်းစံ တယ်လီဖုန်းမြည်သံကြောင့် ဦးမင်းစံ ပြောသည်ကို တွေ့ရသည်။

ထွက်ဆိုချက် ပေးပြီးနောက် လက်ရေးတို ဝန်ထမ်း ထွက်သွားမှ ဦးမင်းစံက အောင်စည်ဟိန်းကို ပြောကြားသည်။

"စန္ဒာမိုးရဲ့ ဘိုကလေးရှေး တိုက်ခန်းကို သွားစစ်ဆေးတဲ့ ရဲကြပ်ကြီးဆီက တယ်လီဖုန်းဆက်တာ ... စန္ဒာမိုးရဲ့ အိပ်ခန်းထဲက မှန်ဗီရိုတစ်လုံးက တော်တော်ထူးဆန်းနေတယ်တဲ့ ..."

"ဘယ်လို တော်တော်ထူးဆန်းတာလဲ ..."

"ဗီရိုက မှန်ဗီရိုတဲ့လေ ... အပြင်ကကြည့်ရင် ကြည့်မှန်ရိုးရိုးဖြစ်နေပေမဲ့ ... ဗီရိုအတွင်းက ဝင်ကြည့်တဲ့အခါ မှန်အကြည်ဖြစ်ပြီး အပြင်ကို အားလုံး မြင်နေရသတဲ့ ... ပြတင်းပေါက် တတ် ရိုးရိုးမှန်မျိုးပေါ့ကွာ ... အဲဒါကို မင်း ဘယ်လိုကောက်ချက်ချမလဲ အောင်စည်ဟိန်း ..."



အောင်စည်ဟိန်းလည်း ဘယ်လိုမှ ကောက်ချက် မချတတ်ပေ။

အလွယ်ဆုံးပြောရလျှင် ဗီရိုထဲ ဝင်နေသူ၊ အိပ်ခန်းတွင် ဘာတွေဖြစ်နေသည်ကို မြင်တွေ့နိုင်သည်ဟုသာ ရင်ထဲမှ ကောက်ချက်ချသည်။

အောင်စည်ဟိန်းသည် ပခုံးတွန့်ပြရုံသာ တွန့်ပြနိုင်ပေသည်။

သို့သော် ထိုထူးဆန်းသော ဗီရိုကိစ္စကိုမူ ဦးနှောက်ထဲ မှတ်သားကာ ဆက်စပ်စဉ်းစားကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ၁၂

ညဉ့်နက်မှ အိပ်ရာဝင်ခဲ့သောကြောင့် နံနက် (၉) နာရီကျမှ အိပ်ရာက နိုးပေသည်။

ရေမိုးချိုး အဝတ်အစားလဲပြီး ကော်ဖီသောက်ပြီး ဦးမင်းစံထံသို့ ဖုန်းဆက်သည်။

မနေ့ညက မြေနီကုန်း အပေါ်စားတည်းခိုဆောင်တွင် သေဆုံးသွားသူ ကြေးစားနှစ်ဦး ဖြစ်သည့် ... စိန်ပန်းနှင့် အေးညိုကို မည်သူက စေခိုင်းခြင်းဖြစ်ကြောင်း ဦးမင်းစံကို မေးမြန်းသည်။

"စိန်ပန်းနဲ့ အေးညိုကို ဘယ်သူက ခိုင်းမှန်းမသိရသေးဘူးကွ ... မင်းက သူတို့ကို အသေဆော်ထည့်လိုက်တာကိုး၊ အသက်မသေ ဒဏ်ရာရရုံလောက်ဆိုရင် မေးလို့မြန်းလို့ ရဦးမှာ ..."



"စိန်ပန်းကို ... ကျွန်တော် အသေမဆော်ရင် ခုလောက်ဆို ဦးမင်းစံ ကျွန်တော့်အတွက် လွမ်းသူ့ပန်းခွေ ဝယ်နေရပြီပေါ့ဗျာ ... ဟိုကောင် အေးညိုကတော့ သူ့အဖော် စိန်ပန်း လက်ချက်ကြောင့် ကြွသွားတာလို့ ကျွန်တော် ပြောခဲ့သားပဲ ..."

"အေးလကွာ ... ဒါတော့ ဒါပေါ့ ... အခု ဒီနှစ်ကောင်လုံး ကြွသွား ... ခြေရာပျောက် ဖြစ်နေတာကို ငါ ပြောတာပါ"

"ဗျို့ ... စန္ဒာမိုးနဲ့ ပတ်သက်ပြီး ဦးမင်းစံတို့ စုံစမ်းနေတယ် မဟုတ်လား ..."

"ဒီကောင်မလေးကလည်း ခြေရာပျောက်ပဲ အောင်စည်ဖာိန်းရေ ... သူ့မှာ မိန်းကလေးသူငယ်ချင်း မရှိသလောက်ပဲ ... ဘယ်အမျိုးသမီးမှ သူ့အကြောင်း ကျကျနန သိတဲ့သူ မရှိဘူးကွ ..."

"ယောက်ျားမိတ်ဆွေတွေတော့ စန္ဒာမိုးမှာ ရှိပါတယ် ဦးမင်းစံ ... ဥပမာ အားကစားမှူး ကိုမောင်မောင်လွင်ဆိုရင် ကောင်း စန္ဒာမိုးရဲ့ မိတ်ဆွေလေ ..."

"မောင်မောင်လွင်ကိုလည်း ငါ စုံစမ်းတယ်ကွ ... ဒါပေမဲ့ စန္ဒာမိုးနဲ့ မောင်မောင်လွင် အဆက်အသွယ် ပြတ်နေတာကြာပြီ ... နောက်ပြီး မနေ့ညက မြေနီကုန်း တည်းခိုဆောင်မှာ စန္ဒာမိုး အသတ်ခံရချိန်မှာ မောင်မောင်လွင်က အောင်ဆန်းအားကစားကွင်းမှာ မြန်မာ–ဂျပန် ချစ်ကြည်ရေး လက်ဝှေ့ပွဲအတွက် အစည်းအဝေးထိုင်နေတာ ... အခိုင်

www.burmeseclassic.com

www.burmeseclassic.com



အမှာ ငါ စုံစမ်းပြီးပြီ ... စန္ဒာမိုး အသတ်ခံရမှုနဲ့ ပတ်သက်ပြီး မောင်မောင်လွင်ဆီက ဘာမှ သတင်းထူး မရဘူး အောင်စည်ဟိန်း ... ”

“ဒါဆို ... ဆက်ပြီး ခြေရာကောက် စုံစမ်းရမှာပေါ့ဗျာ”

အောင်စည်ဟိန်း ဖုန်းပြောပြီးနောက် အပြင်သို့ ထွက်ခဲ့ရပြန်သည်။ မနေ့က ထောင်ကြီးကွေ့တွင် ထားခဲ့သော မိမိ မော်တော်ကားကို မာတ်ဆီဖြည့်ပြီး မိမိ အလုပ်တိုက်ရှိရာ မောင် ထော်ဂေါ်ဂ လမ်းသို့ ပြန်မောင်းလာခဲ့သည်။

တပည့်ကျော် နီတာလေးက ရောက်ရှိနေသော စာ အိတ်တွေ တစ်ပုံကြီး စားပွဲပေါ် လာချပေးသည်။

အောင်စည်ဟိန်းက စာတွေကို တစ်အိတ်ပြီးတစ် အိတ် ဖောက်ဖတ်သည်။ စာအားလုံး အလုပ်နှင့်ပတ်သက်သော သာမန်လာနေကျ စာတွေသာ ဖြစ်နေသည်။

သွင်းကုန်ထုတ်ကုန်နှင့် ပတ်သက်သော လုပ်ငန်း များကို အောင်စည်ဟိန်း ထိုင်လုပ်ရသည်။

ထို့နောက် တပည့်ကျော် နီတာလေးကို မှာကြား စရာရှိသည်များ မှာကြားပြီး သူ့ကားလေးနှင့် ပြန်မောင်းထွက်လာ ခဲ့သည်။

ပန်းဆိုးတန်းထဲရှိ ‘ရွှေတိုင်းမှန်’ သတင်းစာတိုက်သို့ မောင်းလာခဲ့သည်။ ထိုသတင်းစာတိုက်တွင် အောင်စည်ဟိန်းနှင့် အရမ်းခင်သော သူငယ်ချင်းသတင်းထောက် မြင့်အောင် ရှိသည်။ သတင်းထောက် မြင့်အောင်သည် သတင်းစုံရအောင် လိုက်နိုင်သော



သတင်းထောက် လူတော်တစ်ဦး ဖြစ်သည်။ တစ်ခါတစ်ရံ သတင်း နှင့်ပတ်သက်ပြီး အောင်စည်ဟိန်းနှင့် နားလည်မှု ယူခဲ့ခြင်းများစွာ ရှိသည်။

ကံအားလျော်စွာပင် သတင်းထောက် မြင့်အောင် ကို တွေ့ရသည်။ ယနေ့အဖို့ ရွှေတိုင်းမှန်သတင်းစာ၏ လက်ထောက် အယ်ဒီတာ တုပ်ကွေးမိ ဖျားနေသောကြောင့် သတင်းထောက် မြင့် အောင်က လက်ထောက်အယ်ဒီတာစားပွဲတွင် ထိုင်ပေးနေရသော ကြောင့် အလွယ်တကူ တွေ့ရခြင်း ဖြစ်ပါ၏။

“လာဟေ့ ... အောင်စည်ဟိန်း၊ ငါ ပျင်းနေတာနဲ့ မင်း ရောက်လာတာ အတော်ပဲ ... ငါက ပြင်ပ သတင်းထောက် အလုပ်ကိုသာ ခုံမင်တာ ... ဒီလို အယ်ဒီတာစားပွဲမှာ ထိုင် ရတာ အပျင်းဆုံးပဲ ... ”

“အေး ... ငါကလည်း လာလို့သာ လာခဲ့ရတာ တိုက်မှာ မင်းကို တွေ့မှ တွေ့ပါ့မလားလို့ စိတ်ပူပြီး လာခဲ့တာ ... မင်းကို တွေ့ချင်စရာ ကိစ္စရှိလာလို့ပဲ မြင့်အောင် ... ”

“ပြော ... ဘာကိစ္စ ... ငါလည်း သိပါတယ် ... မင်းက ငါ့ ကို ခင်မင်လို့ တမင်လာလည်တာ မဟုတ်မှန်း ... ကဲ ပြော”

“အေး ... ငါ သိချင်တာ တစ်ခုက လွန်ခဲ့တဲ့ လေးလ လောက်က ဗိုလ်ချုပ်ပန်းခြံဘေးမှာ အသတ်ခံလိုက်ရတဲ့ သူဌေးပေါက်စ အောင်ကျော်ဇောရဲ့ အသတ်ခံရတဲ့ သတင်း တွေ မင်း လိုက်ပြီး ဒီသတင်းစာမှာ ဖော်ပြခဲ့တာ ငါမှတ် ရတယ် ... အဲဒီကိစ္စ ငါ အသေးစိတ် သိချင်လို့ကွာ ... ”

www.burmeseclassic.com

www.burmeseclassic.com



မြင့်အောင်က အောင်စည်ဟိန်းကို သေချာကြည့်ပြီး "မင်း မှူခင်းကိစ္စတစ်ခုခုနောက်ကို ခြေရာကောက်လိုက်နေပြီ မဟုတ်လား အောင်စည်ဟိန်း ... ကောင်းပြီ ... မင်းလိုချင်တဲ့ အောင်ကျော်ဇောအကြောင်း ငါ စုံစမ်းသိထားသမျှ ပြောပြမယ် ... မင်းကရော ငါ့ သတင်းစာအတွက် ဘယ်လိုထူးခြားတဲ့ သတင်း ပြန်ပေးမလဲ ... အခု မင်းလိုက်နေတဲ့ ခြေရာကောက် သတင်းကို ပြန်ပေးမလား အောင်စည်ဟိန်း ..."

"အခု လတ်တလောမှာတော့ ငါ အဲဒီသတင်း မင်းကို မပေးနိုင်သေးဘူး မြင့်အောင် ... ကိစ္စက တန်းလန်းကြီး ရှိနေသေးတယ် ... အေး ... ကိစ္စတွေ ပြီးသွားပြီဆိုရင်တော့ မင်းသတင်းစာမှာ မျက်နှာဖုံးသတင်းဖြစ်လောက်အောင် ငါ ပေးမယ်လေ ... ဘယ်သတင်းစာတိုက်ကမှ မရတဲ့ သတင်းမျိုး ဖြစ်စေရမယ် ... ကျေနပ်လား ..."

"ဒါဆို အိုကေ ..."

မြင့်အောင်သည် စင်မြင့်တွင် တန်းစည်ထားသော ခုနှစ်အလိုက်၊ လအလိုက် သတင်းစာဟောင်းစင်ကြီးမှ လွန်ခဲ့သောလေးလက အောင်ကျော်ဇော အသတ်ခံရသည့် သတင်းစာဟောင်းကို ပြန်ရှာသည်။

သတင်းစာတွင် အောင်ကျော်ဇော၏ ဓာတ်ပုံပါ ဖော်ပြထားသော သတင်းစာကို တွေ့ရှိပါ၏။

သို့သော် သတင်းစာတွင် သတင်းအဖြစ် ဖော်ပြ



ချက်များမှာ ရဲအရာရှိကြီး ဦးမင်းစံ ပြောပြထားသည်ထက် ပိုမိုထူးခြားသော အချက်အလက်ကို မတွေ့ရ။ လူဆိုးများက အောင်ကျော်ဇောထံမှ လုယက်ပြီး သတ်ပစ်လိုက်သည်ဆိုခြင်းသာလျှင် ပါရှိလေသည်။

"ဒီသတင်းက လုယက်ရင်း လက်လွန်သေဆုံးသွားတယ်လို့ ဖော်ပြချက်ကို မင်း ယုံသလား မြင့်အောင် ..."

"ဒီသတင်းကို ငါကိုယ်တိုင် လိုက်ခဲ့တာ ... ရေးခဲ့တာ ဖော်ပြတာပဲ အောင်စည်ဟိန်း ... ဒါပေမဲ့ အဲဒီကတည်းက အောင်ကျော်ဇော လုယက်မှုမှာ လူဆိုးတွေ လက်လွန်သေဆုံးခဲ့တယ်ဆိုတာကို ငါ ကိုယ်တိုင် မယုံကြည်ဘူး ... ဒါပေမဲ့ ဒီပြင်အကြောင်း ဘာသတင်းမှ အခိုင်အမာ မရှိတော့ ဒီလိုပဲ ရေး ... ဒီလိုပဲ ဖော်ပြလိုက်ရတယ် အောင်စည်ဟိန်း"

"ငါကတော့ ဒီကိစ္စမှာ အောင်ကျော်ဇောရဲ့ ဇနီးကိုပါ ထည့်စဉ်းစားမိလို့ပဲ မြင့်အောင် ... သူတို့လင်မယားမှာ သားသမီး မထွန်းကားဘူး ... ပြီးတော့ အောင်ကျော်ဇောက မြာမွေတယ် ... တကယ်လို့ အောင်ကျော်ဇောသာ နောက်ထပ် တရားဝင်ဇနီး ထပ်မယူရင် အောင်ကျော်ဇော ချမ်းသာသမျှကို အမွေဆက်ခံရမှာ လက်ရှိ တရားဝင်ဇနီးပဲ ရှိတယ် ... ဇနီးမယားဆိုတာက ကိုယ့်ယောကျ်ား တခြားမိန်းမကို တရားဝင် လက်ထပ်ယူလိုက်မှာ စိုးရိမ်စမြဲပဲ မြင့်အောင် ... ဒါကြောင့် သူ့ဇနီးကပဲ အောင်ကျော်ဇောကို အချိန်မီ လုပ်သိပ်လိုက်တာမျိုး မဖြစ်နိုင်ဘူးလားကွာ ..."

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ဖြစ်နိုင်တာပေါ့ အောင်စည်ဟိန်း ... မင်း အခု တွေး သလို အတွေးမျိုး ငါလည်း တွေးမိလို့ အောင်ကျော်ဇော်ရဲ့ တရားဝင်လက်ထပ်ဇနီး ကေသီကို ငါ တော်တော်လိုက်ပြီး အနံ့ခံသေးတယ်၊ ဒါပေမဲ့ အခိုင်အမာ ဘာမှမတွေ့ဘူးကွ"

"အောင်ကျော်ဇော ဇနီးနာမည်က ကေသီတဲ့လား ..."

"အေး ... ကေသီတဲ့ ... သူတို့နေတာက ရွှေတောင်ကြား လမ်းအိမ်မှာ ... အိမ်ကြီးမှ ဟိန်းလို့ ..."

"ဒါပေမဲ့ ... အောင်ကျော်ဇော သေပြီးမှ ကေသီဟာ ရွှေတောင်ကြားလမ်း တိုက်အိမ်မှာ မနေတော့ဘဲ တိုးကြောင် လေး အိမ်ကြီးမှာ သွားနေတယ်ကွာ ... တိုးကြောင်လေး မှာ အောင်ကျော်ဇော မသေမီကတည်းက အားလပ်ရင် အနားယူဖို့ဆိုပြီး ခြံကြီးဝင်းကျယ်နဲ့ အိမ်ကြီးဆောက်ထား တာ ... ရေကူးကန်တွေ ဘာတွေနဲ့ အကျအနပဲ ..."

"အခုဆို ပိုပြီး ကေသီက ကျနမှာပေါ့နော် ... အောင်ကျော် ဇော ရှိသမျှ ချမ်းသာကြွယ်ဝသမျှကို ဇနီး ကေသီပဲ ဆက်ခံ ရတာ မဟုတ်လား မြင့်အောင် ..."

"အေး ... ကေသီထက် ပိုပြီး မတ်သွားက ကေသီရဲ့ အစ်ကို ရင်း ဦးသိဒ္ဓိကြီးကွ ..."

မြင့်အောင်၏ စကားတွင် ဦးသိဒ္ဓိဆိုသည့် နာမည် တစ်လုံး ထပ်မံပါရှိလာသောကြောင့် လာပြန်ပြီနောက်တစ်ယောက် ဟူသော အကြည့်ဖြင့် အောင်စည်ဟိန်းက မြင့်အောင်ကို မျက်ခုံး နှစ်ဖက် ပင့်ကြည့်လိုက်သည်။



"ကေသီ့အစ်ကိုဦးသိဒ္ဓိ ဟုတ်လား၊ ဓာတ်ဏ ပိုရှုပ်လာပြန်ပြီ၊ ဆိုပါဦး မြင့်အောင် ... ဦးသိဒ္ဓိက ဘာလို့ မတ်လာတာလဲ"

မြင့်အောင်က သူ စုံစမ်းသိရှိထားသလောက် ထပ် ဆင့်ပြောပြသည်။

ကေသီနှင့် ဦးသိဒ္ဓိသည် မောင်နှမအရင်း ဖြစ်ကြ သည်။ တိုးကြောင်လေးတွင် အောင်ကျော်ဇောပိုင် ဆန်စက်ကြီး တစ်လုံး ရှိထားသည်။ အောင်ကျော်ဇော သေဆုံးသွားသောအခါ အင်းစိန်မှ ဆန်စက်အပြင် တိုးကြောင်လေးမှ ဆန်စက်ကိုရော ဦးသိဒ္ဓိ က ဆက်လက်တာဝန်ယူ လုပ်ကိုင်ပေးရသည်။ နှစ်ထပ်သဘော် တိုစွကိုလည်း အောင်ကျော်ဇော သေဆုံးပြီးနောက် ကေသီက အစ်ကိုဖြစ်သည့် ဦးသိဒ္ဓိကိုပင် မှုးတွဲတာဝန်ယူစေသည်။ ထို့ကြောင့် လုပ်ငန်းမှန်သမျှ ဦးသိဒ္ဓိက လုပ်ဆောင်ရခြင်းကြောင့် ဦးသိဒ္ဓိ မတ် သွားသည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

"ဒါဆို ... အောင်ကျော်ဇော သေဆုံးပြီး သိပ်အကျိုးရှိနေတဲ့ ဦးသိဒ္ဓိဟာ ငါတို့ စဉ်းစားစရာပဲ မြင့်အောင် ..."

"သိပ်စဉ်းစားသင့်တာပေါ့ကွာ ... ရဲအဖွဲ့က အဲဒီနောက်ကို လိုက်စုံစမ်းသေးတယ် ... ဒါပေမဲ့ ဦးသိဒ္ဓိနဲ့ ကေသီ မောင်နှမ ဟာ အောင်ကျော်ဇောနဲ့ ကေသီ လက်မထပ်ခင်ကတည်း က ကေသီနဲ့ ဦးသိဒ္ဓိ မိဘတွေက လူချမ်းသာတွေကွ ... တိုးကြောင်လေးနယ် တစ်နယ်လုံးကလူတွေကလည်း ဒီ ဆန်စက်ဟာ နဂိုတည်းက ကေသီရဲ့ မိဘပိုင် ဆန်စက်လို့ ပြောကြတယ် ... ဒီတော့ ဦးသိဒ္ဓိဟာ နဂိုကတည်းက ချမ်း

www.burmeseclassic.com

www.burmeseclassic.com



သာပြီးသားလို့ပဲ ယူဆလိုက်ရတယ်တဲ့ ... အေး ... နောက်တစ်ချက်က အောင်ကျော်ဇော သေဆုံးတဲ့ညက ကေသီရော ဦးသိဒ္ဓိရော တိုးကြောင်လေး အိမ်မှာ ရှိနေကြောင်း အားလုံး သက်သေခံ အလီဘိုင် ပေးကြတယ်လေ ... ဒီတော့ အောင်ကျော်ဇော အမှုမှာ ဦးသိဒ္ဓိကိုရော ကေသီကိုရော ဘယ်လိုမှ စွပ်စွဲလို့မရဘူးပေါ့ ..."

အောင်စည်ဟိန်းသည် သတင်းထောက် မြင့်အောင်နှင့် ဤမျှလောက် ပြောဆိုပြီး ရှုတိုင်းမှန် သတင်းစာတိုက်မှ ထွက်လာခဲ့သည်။

စုံထောက်ဆိုသည်မှာ ... တန်နိုးရှင် ပုဂ္ဂိုလ်တွေ မဟုတ်လော။ သာမန်ထက်ပိုသော စူပါမင်း စွမ်းအားရှင်မျိုးတွေလည်း မဟုတ်ပေ။ အမှုတစ်ခုတွင် သဲလွန်စတွေ၊ သက်သေတွေ ရှာဖွေရသည်။

ပြီး ... ရရှိသော သဲလွန်စနှင့် သက်သေတွေနောက်သို့ ... အစဉ်တစိုက် လိုက်လံ စုံစမ်းမေးမြန်းရသည်။ တွေ့သမျှ အန္တရာယ်ကို ရင်ဆိုင်နိုင်ရန်၊ ဆက်စပ်တွေးခေါ်နိုင်ရန်၊ လျှပ်တပြက် တိုက်ခိုက်ခုခံမှုတွေတွင် သွက်လက်ရန်တွေသာ သာမန်ထက် ပိုရှိဖို့ လိုအပ်သည်။ ဒီအတွက်လည်း အမြဲလေ့ကျင့်ရသည်။

တခြားနေရာတွေမှာတော့ စုံထောက်ဆိုသည်မှာလည်း လူသားတစ်ယောက်သာ ဖြစ်ပါ၏။

... ✿ ...



၁၃

မြင့်အောင်ထံမှ ရရှိခဲ့သော သတင်းများအရ အောင်စည်ဟိန်းသည် တိုးကြောင်လေးသို့ ရောက်ရှိခဲ့သည်။

ကေသီတို့ အနားယူရန် ဆောက်လုပ်ထားပါသည် ဆိုသော ခြံဝန်းကျယ်ကြီးနှင့် တိုက်အိမ်ကို မြင်တွေ့ရုံနှင့်ပင် ကေသီတို့ မည်မျှ ချမ်းသာကြောင်း ခန့်မှန်းနိုင်လောက်သည်။

ခြံကြီးထဲသို့ အောင်စည်ဟိန်း ကားမောင်းဝင်လာသည်။ တိုက်အိမ်၏ ပေါ်တီကိုအောက်တွင် ကားရပ်လိုက်သည်။

အဝင်အထွက် သံဘာဂျာတံခါးတွင် ဆယ့်လေးငါးနှစ်အရွယ် ကုလားချွတ်ကရားလေးတစ်ယောက်က ရပ်သည်။ မြန်မာစကားကို ပီပီသသ မြန်မာသံအတိုင်း ပြောနိုင်သော မြန်မာ ပြည်ပေါက် ချွတ်ကရားကုလားလေးပါပေ။

"ကျွန်တော် ဘာအကူအညီ ပေးနိုင်မလဲ အစ်ကို ..."

www.burmeseclassic.com

www.burmeseclassic.com

"မင်း သိပ်တော့ ကူညီစရာ မရှိပါဘူးကွာ ... ငါက ကေသီ နဲ့ တွေ့ဖို့လာခဲ့တာလောက်ပါပဲ ..."

"ဒါဆိုရင်တော့ အစ်မ ဒေါ်ကေသီဟာ အခု အိမ်ထဲမှာ ရှိ မနေပါဘူး ... ရေကူးကန်ဘက်ကို လိုက်သွားပါ အစ်ကို"

"ဒါဆို ရေကူးကန်ဘက်ကို သွားဖို့ မင်းကပဲ ငါ့ကို လမ်းညွှန် ပေးပါလားကွာ ..."

ချွတ်ကရား ကုလားလေးက သေသေချာချာပင် လက်ညှိုးထိုး လမ်းညွှန်ပြသည့်အတိုင်း အောင်စည်ဟိန်း ရေကူး ကန်သို့ ရောက်လာသည်။

ရေကူးကန်တွင် ဒေါ်ကေသီ တစ်ဦးတည်း ရှိနေ သည် မဟုတ်ပေ။

ဒေါ်ကေသီ ကဲ့သို့သော အမျိုးသမီးကို တရားဝင် ဇနီးအဖြစ် ပိုင်ဆိုင်ခဲ့သော အောင်ကျော်ဇောသည် အဘယ်ကြောင့် များ မြာမွေချင်ဘိလေသနည်းဟု အောင်စည်ဟိန်း စိတ်ထဲမှ ကိုယ့် ဟာကိုယ် ပြန်မေးမိသည်။ ရေကူးဝတ်စုံဖြင့် ဒေါ်ကေသီသည် ပကတိအလှအတိုင်း ရှိနေပါ၏။

ဒေါ်ကေသီသည် ... တစ်ကြိမ်တစ်ခါမျှ ကိုယ်ဝန် ဆောင်ရသော ဒုက္ခနှင့် သားမွေးရသော ဒုက္ခအတွေ့အကြုံမရှိလေ သောကြောင့် ထင်ပါ၏။

များသောအားဖြင့် မြန်မာအမျိုးသမီးတို့နှင့် အရှေ့ တိုင်းသူတွေသည် ရင်၊ တင်၊ ခါးတို့ အချိုးကျစေဦးတော့ ခြေသလုံး များကျတော့ တုတ်ခိုင်ပြီး ကြည့်မကောင်းရှိတတ်ကြသည်။



ဒေါ်ကေသီကျတော့ ခြေသလုံး တုတ်ခိုင်လွန်ခြင်း မရှိဘဲ ကိုယ်ထည်အချိုးအစားနှင့် ညီမျှသည့် လှပသော ခြေသလုံး သားလေးတွေ ရှိနေပေသည်။

ရေကူးကန်ပေါင်ပေါ်တွင် ထိုင်နေသောကြောင့် ရောက်ရှိလာသော အောင်စည်ဟိန်းကို ဒေါ်ကေသီ မော့ကြည့် လိုက်သည်။ ဒေါ်ကေသီ့ဘေးတွင် ပွဲကပ်ထိုင်နေသော အမျိုးသား ကလည်း အလားတူ မော့ကြည့်သည်။

အမျိုးသားသည် ဒေါ်ကေသီထက် အသက်ပိုငယ် ပေမည်။ ဒေါ်ကေသီက အသက် သုံးဆယ်ခန့် ရှိလောက်သော် လည်း အမျိုးသားမျက်နှာ နုဖတ်ဖတ်လေး ရှိနေသည်က အသက် ပိုငယ်ကြောင်း သိသာစေသည်။

သို့သော် အမျိုးသားငယ်သည် ထွားကျိုင်းအချိုးကျ သော ခန္ဓာကိုယ်မျိုး ရှိပေသည်။ အမျိုးသားငယ်သည် ကာယဗလ သမား ဖြစ်ပုံရသည်။ သူ၏ ကျယ်ပြန့်သော ရင်အုပ်၊ လက်မောင်း လက်ဖျံ၊ ပေါင်တံတို့တွင် မာဆယ်လ်ကြွက်သားတွေ ဖုဖုထစ်ထစ် နှင့် အမြောင်းလိုက် အကန့်လိုက် ရှိနေပေသည်။

ဒေါ်ကေသီက အနက်ရောင် ရေကူးဝတ်စုံ ဝတ် ထားသဖြင့် သူမ၏ အသားရောင် ဖြူဝင်းပပကို ထင်းခနဲ ပေါ်လွင် စေသည်။

"ဒေါ်ကေသီဆိုတာ ..."

"ဟုတ်ပါတယ် ... ဒေါ်ကေသီဆိုတာ ကေသီပါ"

"ကျွန်တော်က အောင်စည်ဟိန်းပါ ... လွယ်လွယ်ပြောရရင်

www.burmeseclassic.com

တော့ ကျွန်တော်က အပျော်တမ်းစုံထောက်တစ်ဦး ဆိုပါတော့ မကေသီ ... အခု ကျွန်တော် မကေသီဆီကို တမင်လာခဲ့တာက စန္ဒာဆိုတဲ့ အမျိုးသမီးတစ်ယောက်အကြောင်း နည်းနည်းပါးပါး သိချင်လို့ ... မေးမြန်းချင်လို့ပါ ...”

ဒေါ်ကေသီသည် ထိုင်ရာမှ မတ်တတ်ရပ်လိုက်သည်။ မတ်တတ်ရပ်လေမှ သူမ၏ အရပ်အမောင်းမှာ ပို၍ပင် ကြည့်ကောင်းသွားပြန်ပါ၏။

အမျိုးသားငယ်ကလည်း မတ်တတ်ရပ်လိုက်သည်။ ဒေါ်ကေသီ ထိုင်လျှင် ထိုင်၊ ဒေါ်ကေသီ ထလျှင်ထ ဆိုသည့်ပုံစံ ရှိနေပါ၏။

မစန္ဒာဆိုသည့် ... အမည်ကို ကြားလိုက်သည်နှင့် ဒေါ်ကေသီ မျက်လုံးများ ပို၍ပြူးဝိုင်းသွားသည်။

“ဘယ်က စန္ဒာလဲ ...”

“စန္ဒာမိုးတဲ့ ... ဒေါ်ကေသီရဲ့ သေဆုံးသွားတဲ့ ... ခင်ပွန်းဟောင်း ဦးအောင်ကျော်ဇောက အငယ်အနှောင်းအဖြစ်ထားခဲ့တဲ့ စန္ဒာမိုးကို ပြောနေတာပါ ... ဒါဆို ဒေါ်ကေသီ မှတ်မိလောက်ပါပြီနော် ...”

ဒေါ်ကေသီ၏ နှုတ်ခမ်းလှလှသည် မျဉ်းကြောင်းနီလေးလို စေ့သွားသည်။

“ဒီကို ကျွန်တော် ဘာလို့ လိုက်လာတယ်ဆိုတာ ဒေါ်ကေသီ သဘောပေါက်လာပါတယ်နော် ... ညကပဲ စန္ဒာမိုးဟာ အသတ်ခံရလို့ သေဆုံးသွားပါပြီ ...”



အောင်စည်ဟိန်းသည် ... ထိုစကားကိုပြောရင်း ဒေါ်ကေသီ၏မျက်နှာအမူအရာ မည်သို့ရှိသွားသည် ကျကျနန အကဲခတ်လိုက်သည်။

ဒေါ်ကေသီ၏မျက်နှာတွင် အံ့ဩသွားသော အမူအရာမှအပ တခြားမရှိပေ။ ထူးထူးခြားခြား ပြောင်းလွဲမသွားပေ။

ဒေါ်ကေသီအား စိတ်ရှုပ်သွားစေသော အောင်စည်ဟိန်းအား အနီးက အမျိုးသားငယ်က မကျေနပ်သော အကြည့်ဖြင့် ကြည့်လိုက်သည်။

“ဩော် ... စန္ဒာမိုး သေသွားရှာပြီကိုး ... ဒီလို သေသွားတာပဲ သူ့အတွက် ကောင်းပါတယ်လေ ...”

“အခု ဒေါ်ကေသီ ပြောပုံက စန္ဒာမိုး သေသွားတာကို အခု ကျွန်တော် ပြောမှပဲ သိရသလိုကြီးပါလားဗျာ ...”

“ကေသီက ဘယ်လို သိနိုင်မှာလဲ ဦးအောင်စည်ဟိန်း ... ကေသီ တိုးကြောင်လေးကို ရောက်နေတာ ကြာပဲ ကြာလှပြီဟာ ...”

“ဒီနေ့ထုတ် သတင်းစာမှာလည်း စန္ဒာမိုးအကြောင်း ပါသားပဲ ဒေါ်ကေသီ ...”

“ဒီနေ့ထုတ် သတင်းစာကို ကေသီ ကိုင်တောင်မကြည့်ရသေးဘူး ...”

အောင်စည်ဟိန်းက ပခုံးတွန့်သည် ...။ စီးကရက်တစ်လိပ်ကိုလည်း ထုတ်၍သောက်လိုက်သည်။

“ညက စန္ဒာမိုး အသတ်ခံရတာပဲ ဒေါ်ကေသီ ... ”

www.burmeseclassic.com

www.burmeseclassic.com

ညကျ. ဒေါ်ကေသီက ဘယ်မှာရှိနေသလဲဗျာ ...”

“ဒါက ကေသီကို စွပ်စွဲတာလား ဦးအောင်ကျော်ဟိန်း”

“စုံစမ်းတာပါ ဒေါ်ကေသီ ...”

“စုံစမ်းရအောင် ဒီမိန်းမလည်း မိန်းမရှုပ် စန္ဒာနဲ့ ကေသီ ဘာမှ မပတ်သတ်ခဲ့တာ ...”

“သွားလေသူ ဒေါ်ကေသီရဲ့ခင်ပွန်း ဦးအောင်ကျော့်ဖေကတော့ စန္ဒာမိုးကို ပတ်သက်ခဲ့တယ်လေဗျာ ...”

“ဒါကတော့ ကေသီ ဘာတတ်နိုင်မှာလဲ ...”

ပြောရင်းပင် ဒေါ်ကေသီ၏အသံများ တုန်လာသည်။

ဤသည်ကို မကြည့်ရက်သော အမျိုးသားငယ်က လက်သီးနှစ်ဖက်ဆုပ်ရင်း ရှေ့သို့တိုးလာကာ စကားဆိုလာသည်။

“နေပါဦး မမကေသီ ... သူ မေးတိုင်း မမကေသီက ဘာလို့ ဖြေရမှာလဲ ... သူက သူ့ကိုယ်သူ စုံထောက်ပါဆိုရင် သူ့ရဲ့ စုံထောက်အိုင်ဒင်တီတီကတ်ကို ပြရမှာ ပေါ့ ...”

မှန်ပေသည်။ ဤအခွင့်အရေးမျိုးကတော့ အမေးအမြန်း ခံရသူတွင် ရှိသင့်သည်။

အောင်စည်ဟိန်းက ... ဝတ်ထားသော ဂျာကင် အတွင်းအိတ်မှ ရဲအဖွဲ့က ခွင့်ပြုချက်ထုတ်ပေးထားသောကတ်ကို ထုတ်ယူရာတွင် ဘေးစလွယ်ဖြင့် လွယ်ထားသော သေနတ်ကို သူတို့နှစ်ယောက်စလုံး တွေ့ရှိသွားသည်။

အောင်စည်ဟိန်းက ခွင့်ပြုချက်စုံထောက်ကတ်ပြား ကို မပြသေးမီ ကိုနုထွား အမျိုးသားငယ်အား ကြည့်လိုက်သည်။



“မောင်ရင်လေးက ဘယ်သူဆိုတာ အရင်ပြောဦးလေကွာ”

“အောင်နိုင်ဝင်း ...”

“ဪ ... မောင်အောင်နိုင်ဝင်းကရော ဒီမှာ နေတာလား”

“ဘာလို့ ကျုပ်က ဒီမှာနေရမှာလဲ ... မမကေသီရဲ့ မိတ်ဆွေ မို့ မမကေသီဆီ လာလည်တာ ... ကဲ ... ခင်ဗျားဟာ ခင်ဗျားကိုယ်ကို ရဲအရာရှိ စုံထောက်လို့ ပြောခဲ့တယ် ... သက်သေခံကတ်ပြလေ ... ဟုတ်မဟုတ် သေချာအောင် ကျုပ်တို့က ကြည့်ရမှာပေါ့ ...”

“ငါဟာ ... အပျော်တမ်း ဝါသနာစုံထောက်လို့သာ ပြောခဲ့ တယ် အောင့်နိုင်ဝင်း ...”

အောင်စည်ဟိန်းက သူ့ကတ်ပြားကို အောင်နိုင်ဝင်း အား ပြသလိုက်သည်။ အောင်နိုင်ဝင်းက ကတ်ပြားကို သေချာ ကြည့်ပြီးနောက် ...

“အလကားပါ မမကေသီ ... သူက အပျော်တမ်းဝါသနာပါ စုံထောက်ခွင့်ထုတ်ပေးထားတဲ့ လူပါ ... သူ မေးတာကို မမကေသီ မဖြေချင်လည်း မဖြေလို့ ရတာပဲ ...”

အောင်စည်ဟိန်းက ကတ်ပြားကို သူ့ဂျာကင်အိတ် ထဲသို့ ပြန်ထည့်ထားလိုက်သည်။

“အဲဒီလို ကျွန်တော်မေးတာကို မဖြေချင်လည်း ရပါတယ် ဒေါ်ကေသီ ... ဒါပေမဲ့ အဲဒီလို မဖြေချင်တာကပဲ ဒေါ်ကေသီ ဟာ ... တစ်ခုခု ဖုံးကွယ်ထားတယ်လို့ ယူဆစရာ ... ကျွန်တော်က ဝါသနာအပျော်တမ်းစုံထောက်ပေမဲ့ ဒီ

www.burmeseclassic.com

www.burmeseclassic.com



ကတ်ပြားက သက်ဆိုင်ရာရဲအဖွဲ့က ခွင့်ပြုထုတ်ပေးထား တာဆိုတော့ ကျွန်တော်ရဲ့ စုံစမ်းတွေ့ရှိချက်တွေကို သက် ဆိုင်ရာ အမှုလိုက် ရဲအရာရှိကို ပြန်ပြောပြနိုင်နေတယ်လေ”

“ဘာလဲ ... ရှင်က ကေသီမှာ ဖုံးကွယ်ချက်တွေ ရှိတယ်၊ ဘာအချက်တွေ ဖုံးကွယ်ထားတယ်ဆိုတာကို ရှင် သိတယ်၊ အဲဒါတွေ ... သက်ဆိုင်ရာရဲက မသိစေချင်ရင် ငွေ ဘယ် လောက်ပေးဆိုတာမျိုး ငွေညှစ်ချင်တာလား ... ကျွန်မ နိုင်ငံ ခြားဝတ္ထုတွေ ဖတ်ပါတယ် ... နိုင်ငံခြားမှာ 'PRIVATE DETECTINE' ဆိုတဲ့ အလွတ်စုံထောက်တွေအကြောင်း လည်း ဖတ်ဖူးထားတယ် ... အဲဒီ ပရိုက်ဗိတ်စုံထောက်တွေ က ငွေညှစ်တတ်တယ်ဆိုတာလည်း ကျွန်မ ဖတ်ဖူးထား တယ် ... ဒါပေမဲ့ ဝေးသေးတယ် ... ရှင့်ကို ကျွန်မက ပိုက် ဆံတစ်ပြားတောင် မပေးဘူး ...”

“ဒေါ်ကေသီဆီက ကျွန်တော်ကလည်း တစ်ပြားမှ မလိုချင် ပါဘူး ... ဒေါ်ကေသီတို့ အဆင့်ရှိတဲ့သူတွေက ငွေကို ဦးထိပ် ပန်ဆင် ကိုးကွယ်ပေမဲ့ ကျွန်တော်တို့လို ဝါသနာစုံထောက် ဆိုတာက ဥပဒေကိုသာ ကိုးကွယ်သူတွေပါ ... ဒေါ်ကေသီ ဆီက ကျွန်တော် လိုချင်တာဟာ ငွေမဟုတ်ဘူး ... သတင်း နဲ့ သဲလွန်စကိုသာ လိုချင်တာ ... အခု အချိန်ပိုင်းလေး အတွင်းမှာပဲ လူနှစ်ယောက်ဟာ အသတ်ခံလိုက်ရတယ်၊ တစ်ယောက်က စန္ဒာမိုးလို့ ကျွန်တော် ပြောပြီးပြီ ... နောက် တစ်ယောက်ကတော့ ဓာတ်ပုံဆရာ စိုးလှိုင်အောင်ပဲ ...



စိုးလှိုင်အောင်ကို ဒေါ်ကေသီ သိပါတယ်နော်၊ အဲ ... အောင် နိုင်ဝင်းလည်း စိုးလှိုင်အောင်ကို သိနေတာပဲ မဟုတ်လား”

“တစ်ခါမှတောင် မကြားဖူးဘူး ...”

“ဒါဖြင့် စန္ဒာမိုးကိုတော့ သိတယ်ပေါ့ ...”

“လုံးဝ မသိဘူးဗျာ ...”

“အေး ... စန္ဒာမိုးကို မင်းက မသိပေမဲ့ ဒေါ်ကေသီက စန္ဒာ မိုးကို သိတာအမှန်ပဲ ...”

“ဟုတ်တယ် ... ဒါပေမဲ့ ကိုအောင်ကျော်ဇော သေသွားပြီး မှ စန္ဒာမိုးအကြောင်း ကြား ဖူးတာ ...”

“မဖြစ်နိုင်ဘူး ဒေါ်ကေသီ ... စန္ဒာမိုးဟာ ဦးအောင်ကျော် ဇောရဲ့အဆက် အငယ်အနှောင်းဖြစ်နေမှန်း ဒေါ်ကေသီ စောစောပိုင်းတည်းက သိနေတာ ... အဲဒီ စန္ဒာမိုးကြောင့် ဦးအောင်ကျော်ဇောကို ဒေါ်ကေသီ လက်လွှတ်လိုက်ရမှာ ကို အင်မတန် စိုးရိမ်မိမှာပါ၊ ဦးအောင်ကျော်ဇော ချမ်းသာ ကြွယ်ဝသမျှကို အမွေဆက်ခံမဲ့သားသမီးမရှိဘူးလေ၊ တကယ် လို့ ဦးအောင်ကျော်ဇောကသာ စန္ဒာမိုးကို တရားဝင်လက် ထပ်လိုက်ရင် အမွေတွေကိုစန္ဒာမိုးကလည်းတရားဝင်မယား အနေနဲ့ ပိုင်ဆိုင်ဆက်ခံခွင့် ရှိသင့်သလောက်ရှိလာမှာ ...”

ဒေါ်ကေသီသည် အသားဆတ်ဆတ်တုန်လာအောင် စိတ်လှုပ်ရှားသွားပေပြီ။ ဒေါ်ကေသီ၏ မျက်လုံးအစုံသည် မီးတောက် မတောက် တောက်ပလာသည်။ ပြီး ... မျက်ရည်တွေ တလိမ့်လိမ့် စီးကျလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကို အောင်နိုင်ဝင်းက မေးကြောကြီးများ ထောင်ထလာအောင် အံကြိတ်ပြီး ကြည့်နေသည်။

"ရှင် ထွက်သွား ... အခု ထွက်သွား ..."

"မပူပါနဲ့ ဒေါ်ကေသီ ... ကျွန်တော် သွားမှာပါ ... ဒါပေမဲ့ ပြောစရာရှိတာလေးတော့ ပြောပါရစေဦး ... ဦးအောင်ကျော်ဇော သေဆုံးတဲ့ညက ... တိုးကြောင်တစ်နယ်လုံး အပေါ်မှာ သြဇာညောင်းပြီးသားဖြစ်တဲ့ ဒေါ်ကေသီနှင့် ဦး--ရဲ့ မောင်နှမဟာ တိုးကြောင်လေးအိမ်ကြီးမှာပဲ ရှိနေကြပါတယ်လို့ အလီဘိုင် ပြချက်ကို တိုးကြောင်လေးက လူတွေအားလုံးက သက်သေခံကြမှာပါ ... ဒါပေမဲ့ တိုးကြောင်လေးတစ်နယ်လုံးရှိ ကလေးလူကြီးတွေ အားလုံး အပေါ်မှာ သြဇာသက်ရောက်လျက် ရှိနေကြောင်းကို ရဲအဖွဲ့က မသိဘဲ နေမလား ... နောက်ပြီး ဦးအောင်ကျော်ဇော သေဆုံးပြီးမှ အင်းစိန် ဆန်စက်ရော၊ တိုးကြောင်လေး ဆန်စက်ရော သဘော်နှစ်စီးစလုံးကိုရော ဒေါ်ကေသီရဲ့အစ်ကို ဦးသိဒ္ဓိက အားလုံး သိမ်းပိုက်လုပ်ဆောင်နေတာတွေကို ရဲအဖွဲ့ကရော တခြားလူတွေကရော မသိဘဲ မမြင်ဘဲ နေကြမလား ... ရှင်းရှင်းပြောမယ်ဗျာ ... ဦးအောင်ကျော်ဇောက ပိုင်ရှင်သူဌေးအနေနဲ့ ချုပ်ကိုင်ထားခဲ့သမျှ ... အခု ခင်ဗျား တို့မောင်နှမလက်ထဲ အားလုံးရောက်သွားတယ် မဟုတ်လား ... ခင်ဗျားတို့ မောင်နှမဟာ ဦးအောင်ကျော်ဇော သေဆုံးစဉ်မှာ တိုးကြောင်လေးမှာ မောင်နှမနှစ်ယောက်



စလုံး အလီဘိုင် ရှိနေတယ်ဆိုပေမဲ့ ခင်ဗျားတို့ မောင်နှမက ပဲ ဦးအောင်ကျော်ဇောကို ကြေးစားလူသတ်သမားငှားပြီး သတ်ပစ်တာ မဟုတ်ဘူးလို့ ရဲအဖွဲ့က တစ်ထစ်ချ ယူဆမတဲ့ လား ..."

အောင်စည်ဟိန်း၏ စကားတွေကို ဒေါ်ကေသီ ခံနိုင်ရည်စွမ်း မရှိတော့ပေ။

အောင်နိုင်ဝင်းအား ... အားကိုးသောအကြည့်ဖြင့် ကြည့်လိုက်ပြီး မျက်နှာလက်ဝါးအုပ် ဒေါ်ကေသီ ငိုချလိုက်တော့သည်။

အောင်နိုင်ဝင်းသည် လက်သီးနှစ်ဖက် ကျစ်ကျစ်ပါ အောင် ဆုပ်ပြီး တစ်ရှိန်ထိုးပင် အောင်စည်ဟိန်းထံသို့ ဝင်ရောက်လာသည်။

တောင့်တင်းကြံ့ခိုင်သော လူငယ်တစ်ယောက်၏ လက်သီးချက်မို့ မြင်းတော့ မြင်းထန်သည်။ သို့သော် ခွေးအကြို နှင့် အလေ့အကျင့်နည်းသောကြောင့် လှုပ်ရှားရာတွင် နှေးကွေး သည်။

အောင်စည်ဟိန်းအဖို့ လွယ်ကူစွာပင် အောင်နိုင်ဝင်း ၏ လက်သီးချက်နှစ်ချက်ကို ဘေးသို့ ပုတ်ထုတ်လိုက်ရာ အောင် နိုင်ဝင်း ရင်ဘတ် ဟာလာဟင်းလင်းဖြစ်သွားသည်နှင့် အောင်စည်ဟိန်း၏ ဦးခေါင်းနှင့် ပစ်တိုက်လိုက်သည်။

အချိန်မဆဲ အသံနှင့်အတူ အောင်နိုင်ဝင်း ပါးနက်ချက်

www.burmeseclassic.com

www.burmeseclassic.com



တန့်သွားသည်နှင့် ဆောင့်တွန်းပစ်လိုက်ရာ အောင်နိုင်ဝင်း မြေပေါ်သို့ ဖင်ထိုင်လဲကျသွားတော့သည်။

အောင်နိုင်ဝင်း၏ ရှုံးနိမ့်မှုကို မြင်တွေ့သည်နှင့် ဒေါ်ကေသီသည် သူမ၏ တိုက်အိမ်ဆီသို့ ပြေးသွားတော့သည်။

အောင်နိုင်ဝင်း ဖင်ထိုင်ကျသွားရာမှ ပြန်လူးလဲထသည်။

တကယ်တော့ အောင်စည်ဟိန်းသည် အောင်နိုင်ဝင်းလို မျှတတ်ကို မသတ်ပုတ်လိုပေ။

အောင်စည်ဟိန်းက ဒေါ်ကေသီအိမ်ဆီသို့ ထွက်ပြေးသွားသည်ကို လှမ်းကြည့်နေစဉ်မှာပင် အောင်နိုင်ဝင်းသည် အောင်စည်ဟိန်းအား နောက်ကျောဘက်မှ သိုင်းဖက်ပြီး ချုပ်တိုင်သည်။

အောင်စည်ဟိန်းက သူ့အား နောက်မှ အတင်းရစ်ပတ်လာသော လက်ဖျံနှစ်ဖက်ကို သူ၏လက်ဝါးစောင်းနှစ်ချက်ဖြင့် ခုတ်ချလိုက်ရာ အောင်နိုင်ဝင်း ညည်းသံနှင့်အတူ ရစ်ပတ်အား လျော့သွားသည်။

အောင်စည်ဟိန်းက မိမိနောက်ကျောမှ အောင်နိုင်ဝင်းကို ကုန်းပိုးသလို ပိုးပြီး တစ်ပတ်ကျွမ်းလည်ဖြင့် ရှေ့သို့ ကိုင်ပေါက်ချလိုက်သည်။

အောင်နိုင်ဝင်းသည် ကာယဗလ တောင့်တင်းကြံ့ခိုင်သော လူငယ်ဖြစ်စေကာမူ သတ်ရေးပုတ်ရေး၌ အောင်စည်ဟိန်းနှင့် နှိုင်းစာပါက သူငယ်တန်းအဆင့်မျှသာ ရှိသေးသည်။



အောင်နိုင်ဝင်း မလျှော့သေး ပြန်လည်တိုက်ခိုက်ရန် လူးလဲထပြန်သည်။

အောင်စည်ဟိန်း ... ဖြည်းလေးညင်သာစွာနှင့်ပင် အောင်နိုင်ဝင်းကို ပြောလိုက်သည်။

"တော်လောက်ပြီ အောင်နိုင်ဝင်း ... မင်းရဲ့ မမကေသီလည်း ပွဲကြည့်ပရိသတ်အနေနဲ့ မရှိတော့ဘူး ... တိုက်အိမ်ဘက်ကို ပြေးသွားပြီ ... မင်း ဆက်အရွမ်းမပြချင်နဲ့တော့"

မရပေ။ အောင်နိုင်ဝင်း အတင်းပြန်လာပြီး အတင်းဝင်ရောက်ပြန်သည်။

အောင်စည်ဟိန်း မညှာနိုင်တော့ပြီ။ တိုးဝင်လာသော ... အောင်နိုင်ဝင်း၏ ဝမ်းဗိုက်ကို လက်ယာလက်သီးဖြင့် ထောက်လိုက်ပြီး လက်ဝဲလက်သီးက ဖြောင့်လက်သီးချက်၊ အောင်နိုင်ဝင်း မျက်နှာသို့ ဝင်ပေးလိုက်သည်။

ကားခနဲ အောင်နိုင်ဝင်း ကျသွားတော့သည်။ မလှုပ်ပါလေတော့။

အောင်စည်ဟိန်းက အောင်နိုင်ဝင်းအပေါ် လက်လွန်သွားပြီလားဟု စမ်းသပ်ကြည့်သေးသည်။

ငနဲလေးသည် အသက်ရှူနေသေးသည်။ သတိမေ့သွားရုံမျှသာကို တွေ့ရသည်။ သွေးထွက်သံယိုမဖြစ်၊ ကွဲပြဲသွားခြင်း မရှိ။

အောင်စည်ဟိန်း တိုက်အိမ်ဆီသို့ ဆက်ပြေးလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... ရှင် ... အောင်နိုင်ဝင်းကို ဘာလုပ်ခဲ့လဲ ဟင် ..."

ဒေါ်ကေသီသည် သူမလက်ထဲတွင် ခြောက်လုံးပြူး သေနတ်တစ်လက်ကိုင်ကာ အကြောက်လွန်သော မျက်နှာနှင့် ဝင်ရောက်လာသည်။ အောင်စည်ဟိန်းအား သေနတ်ပြောင်းချိန်ထားရင်း မေးမြန်းသည်။

သေနတ်ကိုင်ပြီး အကြောက်လွန်နေသော အမျိုးသမီးမျိုးကိုတော့ အောင်စည်ဟိန်းကိုယ်တိုင် အတန်ငယ် ထိတ်လန့်မိသည်။ ဘာရယ်မဟုတ် မစဉ်းမစားနှင့် သေနတ်မောင်းခလုတ်ကို အလွယ်ဆွဲပစ်ချင် ပစ်လိုက်နိုင်သည်။

"အောင်နိုင်ဝင်း ဘာမှမဖြစ်ပါဘူး ဒေါ်ကေသီ ... သူ့မျက်နှာပေါ်ကို ဒေါ်ကေသီ ရေတစ်ပုံးလောက်ယူသွားပြီး လောင်းပေးလိုက်ပါ ... သူ လူကောင်းတစ်ယောက်အတိုင်း ပြန်ဖြစ်လာမှ ပြန်ထလာမှာပါ။ ဒေါ်ကေသီလက်ထဲက သေနတ်ကို အေးချမ်းအောင်ထားလိုက်စမ်းပါဗျာ ... မတော်တဆ ကျည်ဆန်ထွက်သွားမှဖြင့် ..."

"မချဘူး ... ရှင် အခုထွက်သွား ... မသွားရင် ကေသီ တကယ်မောင်းဆွဲမှာ ..."

ဒေါ်ကေသီ သေနတ်မောင်းမဆွဲမီမှာပင် အောင်စည်ဟိန်းသည် ကိုယ့်ကားကိုယ်မောင်း ပြန်ထွက်လာခဲ့ရတော့သည်။

--- ❀ ---



၁၄

အချိန်မှာ စောနေသေးသောကြောင့် မောင်တော်လေးလမ်းထဲရှိ အလုပ်ရုံးခန်းသို့ အောင်စည်ဟိန်း ပြန်ထိုင်သည်။

ဘဏ်ကိစ္စ၊ စာအလာ စာအသွားကိစ္စ၊ မှတ်တမ်းကိစ္စ စသည့် လုပ်ငန်းနှင့် ဆိုင်ရာအလုပ်များ ဆက်တိုက်လုပ်နေသည်။

နီတာလေး လာရောက်သတင်းပေးပို့ စကားဆိုသည်။

"ဆရာ မရောက်ခင် ရှုတိုင်းမှန် စာတိုက်က လက်ထောက်အယ်ဒီတာ သတင်းထောက် ကိုမြင့်အောင်ဆိုတဲ့သူ ဆရာ့ဆီကို ဖုန်းဆက်တာ နှစ်ခါရှိသွားပြီဆရာ"

"အေး အေး ... ငါ သူ့ဆီ ပြန်ဆက်မယ် ..."

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောပြီး အောင်စည်ဟိန်း မြင့်အောင်ဆီသို့ ဖုန်းဆက်လိုက်သည်။

"ငါပါ မြင့်အောင် … မင်း ငါ့ဆီ ဆက်တာ နှစ်ခါရှိပြီဆို … ပြော … ကိစ္စ"

"အေး … နည်းနည်း မင်းနဲ့ ပတ်သက်ပြီး ထူးဆန်းတာ တစ်ခု ရှိနေလို့ကွ … ငါ့ဆီကို လူတစ်ယောက် ဖုန်းဆက်ပြောတယ်ကွ … ကနေ့ညနေ ရွှေတောင်ကြားလမ်းမှာရှိတဲ့ ဒေါ်ကေသီတို့အိမ်မှာ ဦးသိဒ္ဓိက ပါတီပွဲတစ်ခု ကျင်းပမယ်တဲ့ … အဲဒီပါတီပွဲကို ကိုအောင်စည်ဟိန်း သွားနိုင်ရင် အကျိုးရှိမယ်တဲ့ … အောင်စည်ဟိန်းဆီကို ဖုန်းဆက်ပေမဲ့ ဖုန်းကိုင်မဲ့သူမရှိလို့ ငါ့ဆီဆက်ပြီး မင်းကို အကြောင်းကြားပေးဖို့ ပြောတာတဲ့ကွ … "

"အဲဒီ ဖုန်းဆက်တဲ့လူရဲ့ နာမည်နဲ့ လိပ်စာကို မင်းက မေးမထားဘူးလား မြင့်အောင် … "

"မမေးဘဲ နေမလားကွာ … ဒါပေမဲ့ သူက သူ့နာမည် သူ့လိပ်စာက အဓိကအကြောင်းမဟုတ်ဘူးလို့ ပြောပြီး ဖုန်းချပစ်လိုက်တယ် … အောင်စည်ဟိန်း အဲဒါ မင်း ဘယ်လိုသဘောရလဲ … "

"ထောင်ချောက်တစ်ခု ဖြစ်နိုင်တာပေါ့ သူငယ်ချင်း … "

"မင်း သွားမယ်ဆိုရင် ငါ အဖော်လိုက်ပေးမယ်လေ … "

အောင်စည်ဟိန်း ခဏစဉ်းစားသည်။

"ငါ သွားတော့သွားမယ် မြင့်အောင် … တကယ်လို့ ထောင်ချောက်ဖြစ်နေရင်လည်း အဲဒီထောင်ချောက်ထဲက သတင်းထူးတွေ ပြန်ရနိုင်တယ် … ခင်း လိုက်ဖို့လိုမှာမဟုတ်ဘူး မြင့်အောင် … တကယ်လို့ ဖုန်းသတင်းပေးတဲ့အတိုင်း ပါတီပွဲ မရှိလည်း ငါက ပြန်လာမှာပဲဟာ … "

"အေးလေ … ဒါဆိုလည်း ပြီးရော … နေပါဦး အောင်စည်ဟိန်း … အခု မင်းက ဘာကို ဦးတည်ပြီး လိုက်နေတဲ့ကိစ္စလဲ … ဘယ်သူက မင်းကို ငွေတွေပုံပြီး ငှားတာမို့ ဒီလောက်တောင် မင်းက သဲကြီးမဲကြီးနေတာလဲ … "

"အေး … ပြောရတာတော့ ခက်ခက်ခက်ပဲ မြင့်အောင် … ဒီကိစ္စမှာ အဓိက မီးမွှေးခဲ့တာကတော့ စန္ဒာမိုးပဲ … အခုတော့ ဒီငတိမလည်း အသတ်ခံရပြီးပြီ … ပြီးတော့ လှလွန်းဆွေဆိုတဲ့ အမျိုးသမီးတစ်ယောက်ခများလည်း အသတ်ခံရမှာ ကြောက်လို့ ပုန်းအောင်းနေရတယ် … စိုးလှိုင်အောင်လည်း စန္ဒာမိုးထက် အရင်စောပြီး အသတ်ခံရတယ် … အဲဒီနောက်ကို ငါ ခြေရာကောက်လိုက်ရင်း အောင်ကျော်ဇော အသတ်ခံရပြန်တယ် … အမှုက တော်တော်ရှုပ်တယ်ကွ … ဒီအမှု ငါ အခု ဆက်လိုက်နေတာ လှလွန်းဆွေကြောင့်ပဲ … ဒီအမှုတွေရဲ့ လူသတ်သမားကို မဖော်ထုတ်နိုင်သရွေ့ လှလွန်းဆွေဟာ စိုးရိမ်စရာမို့ ပုန်းအောင်းနေရတယ် … အဲဒါကို ငါ မလိုလားဘူး … နောက်ပြီး ရဲအရာရှိကြီး ဦးမင်းစံကိုလည်း ငါ ကူညီချင်တယ် … လှလွန်းဆွေကတော့ ငါ့ကို အခကြေးငွေပေးပြီး ငှားပါတယ် … ငါ



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

လက်မခံပါဘူး ... ဒီအမှုမှာ ငါကိုယ်တိုင်က စနှာခမိုး တွေ့ရပြီးတဲ့နောက် စိတ်ဝင်စားမှု ပြင်းထန်လာတယ်ဆိုပါတော့ကွာ ... မင်းလည်း ငါ့အကြောင်း သိသားနဲ့ ... ငါ စိတ်ဝင်စားလာပြီဆိုရင် ငွေကြေးအဓိကမဟုတ်ဘူး ... ကိုယ့်ထမင်းကိုယ်စားပြီး ဘကြီးရဲ့နွားကို ကျောင်းပေးတတ်တာပဲဟာ၊ အဲဒီပုံစံနဲ့ ငါ တရားခံတွေ ဖော်ထုတ်ပေးခဲ့တာ ဦးမင်းစံအသိဆုံးပဲလေကွာ ... ကဲ ... မင်း သဘောပေါက်ပြီလား မြင့်အောင် ..."

"အေး ... သဘောလည်း ပေါက်တယ် ... နောက်ပြီး မင်းကို ငါ သောက်မြင်လည်း ကပ်တယ် အောင်စည်ဟိန်း"

အောင်စည်ဟိန်း တယ်လီဖုန်း ပြန်ချသည်။

ညနေ (၅) နာရီထိုးပြီမို့ အလုပ်သိမ်းပြီး အိမ်ပြန်လာခဲ့သည်။

အိမ်ရောက်ပြီး ဦးသိဒ္ဓိ၏ ပါတီပွဲသို့ သွားရန် အဝတ်အစား လဲသည်။ ပါတီပွဲနှင့် လိုက်ဖက်သော အပါးစားသက္ကလတ်ကုတ်အင်္ကျီနှင့် ဘောင်းဘီအနက်ရောင်ဝတ်ဆင်သည်။ ရှပ်လက်ရှည်အဖြူနှင့် လိပ်ပြာတောင်လည်စီး တပ်ဆင်သည်။

ကျကျနန ဝတ်ဆင်လေ အောင်စည်ဟိန်း ကြည့်ကောင်းလေဖြစ်သည်။

ည(၇)နာရီခန့် ရွှေတောင်ကြားလမ်း အိမ်သို့ သူ့ကားလေးဖြင့် အောင်စည်ဟိန်း ရောက်ရှိလာသည်။

အကယ်၍ ရွှေတောင်ကြားလမ်းတိုက်အိမ်မှ ဦးသိဒ္ဓိ



၏ ပါတီပွဲသည် အောင်စည်ဟိန်းအား ထောင်ချောက်ဆင်သောပွဲသာဆိုပါက အလွန်ခမ်းနားစွာသော ထောင်ချောက်ဟု ခေါ်ရပေမည်။

အရက်ကို ရေလိုသောက်နိုင်သော ပါတီပွဲမို့ လာသမျှ ဧည့်သည် အရက်ခွက်ကိုယ်စီနှင့် ရှိနေကြသည်။

ဧည့်သည်တွေ အများကြီး ရှိသော်လည်း တစ်ဦးတစ်ယောက်ကိုမျှ အောင်စည်ဟိန်း မသိကျွမ်းပေ။

အများနည်းတူ အရက်ခွက်ကို အောင်စည်ဟိန်း လက်တွင် ကိုင်ထားသော်လည်း မသောက်မိစေရန် မိမိစိတ်ကို ထိန်းထားသည်။

"အလို ... ဒီအစ်ကိုက ရှပ်ဖြောင့်သားနဲ့ အတွဲလည်း မရှိဘူး သနားပါတယ် ... ပက်ဂီက အဲဒါမျိုးဆိုရင် သနားတတ်တယ် ..."

ပန်းနုရောင်လက်ပြတ်အင်္ကျီ ဝတ်ထားပြီး လုံးကျစ်သော လက်မောင်းသားလေးများကို မြင်တွေ့ရသည်။ တင်းမို့ထွားသော အောက်ပိုင်းခန္ဓာကို ဓာဖြည်ထိုး နီရဲရဲထဘီတိုကိုဖြင့် ဝတ်ဆင်ကာကွယ်ထားသည့် အရပ်အနည်းငယ် ပုသယောင်ရှိသော်လည်း ကြည့်ပျော်ရှုပျော် ရှိပါ၏။

သူမကိုယ်ကို 'ပက်ဂီ' ဟု မိတ်ဆက်လာသည် ... တော်တော်လေးလည်း အရက်မူးနေပုံရသည်။

အောင်စည်ဟိန်းနှင့် နီးကပ်စွာ ထိုင်ချလိုက်သည်။

"ရှင်က ဦးအောင်ကျော် ဓော လက်ထက်က ခန့်ထားခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



လူတော့ ဟုတ်ပုံမရဘူး ... စည်းကမ်းစကား သိပ်ပြောတဲ့ ဦးသိဒ္ဓိရဲ့ လူသစ်တစ်ယောက်ပဲ ဖြစ်မှာပါ ... ဒါကြောင့် စကားလည်း သိပ်မပြော အရက်လည်း သိပ်မသောက်တာ နေမှာပေါ့ ... ပက်ဂီကိုတော့ ဦးအောင်ကျော်ဇော စိတ်ကြိုက် ခန့်ခဲ့တာလေ ..."

"ဒီပါတီပွဲမှာ ကျုပ်က လူသစ်တစ်ယောက် ဖြစ်နေတာတော့ အမှန်ပဲ ပက်ဂီ ... ဒီပါတီပွဲဖိတ်လို့သာ လာခဲ့တာ ကျုပ်အတွက် ဒီပါတီပွဲက စိမ်းနေတယ် ..."

ပက်ဂီက ရယ်မောလိုက်သည်။

"ဟုတ်မှာပေါ့ ... ရှင် ဒီပါတီပွဲနဲ့ စိမ်းနေမှန်း အသိသာကြီးပဲ ... ဒီပါတီပွဲကို ဦးအောင်ကျော်ဇော သေပြီးမှ ဦးသိဒ္ဓိ လုပ်တဲ့ ပထမဆုံး ပါတီပွဲကြီး ... အစဉ်အလာမပျက် ဦးသိဒ္ဓိက လုပ်တဲ့သဘောပဲရှိတာ ... စိတ်ပါလက်ပါမှ မရှိတာ၊ ဒီပါတီပွဲ လာသမျှ ကိုးဆယ့်ကိုးရာခိုင်နှုန်း ဧည့်သည်တွေဟာ ဦးအောင်ကျော်ဇောရဲ့ လူတွေချည်းပဲဟာ ... ပက်ဂီကတော့ ဦးသိဒ္ဓိ အရေးမစိုက်ပါဘူး ... ဦးအောင်ကျော်ဇော လက်ထက်ကအတိုင်း သောက်မှာပဲ ... ပျော်မှာပဲ ... ဒီပွဲကိုက ပျော်ရွှင်ဖို့ လုပ်ပေးခဲ့တဲ့ပွဲမျိုးပဲဟာ ... အော် ... ဒါထက် ရှင့်နာမည်ကို ပြောပြဦးလေ ..."

"အောင်စည်ဟိန်းပါ ပက်ဂီ ..."

"ကောင်းတယ် ... သိပ်ခန့်ညားတဲ့ နာမည်ပဲ ... ရှင်နဲ့ လိုက်တယ် ... ရှင်ကလည်း ခန့်ချောကြီးမဟုတ်လား ..."



ပက်ဂီ အရက်နောက်တစ်ခွက် ငုံမြိန်သည်။ ပက်ဂီ ခေါင်းမသွားမီ အောင်စည်ဟိန်းက မေးမြန်းလိုက်သည်။

"ဦးသိဒ္ဓိကြီးကို ဘယ်မှာတွေ့လဲ ပက်ဂီ ..."

"ဘယ်သိနိုင်မှာလဲ ..." ဒီလူကြီးက သူ့ကိုယ်သူ ဘုရားအကာလိုလို ကျောင်းအကာလိုလိုနဲ့ ပက်ဂီတို့နဲ့ ကီးမှမကိုက်တာ၊ တချောင်ချောင်မှာ သူဟာသူ ကုတ်နေမှာပေါ့ ..."

ထိုစဉ်မှာပင် ...

"ဟေး ပက်ဂီ ... ဒီရောက်နေတာကိုး ... ကိုယ်က ပက်ဂီ ပျောက်လို့ လိုက်ရှာနေတာ ..."

ထိုလူ ခေါ်ရာနောက်သို့ ပက်ဂီ လိုက်ပါသွားသည်။

အောင်စည်ဟိန်းသည် တစ်ယောက်တည်း ကျန်ခဲ့မှ ဝန်းကျင်ကို ဝေ့ဝိုက်ကြည့်လိုက်ရာ ထောင့်တစ်နေရာတွင် အဖော်မရှိသော အသက်ကြီးကြီး ပုဂ္ဂိုလ်တစ်ဦးတည်း ထိုင်နေသည်ကို တွေ့ရှိသဖြင့် ထိုပုဂ္ဂိုလ်ကြီးဆီသို့ အောင်စည်ဟိန်း သွားလိုက်သည်။

"ပါတီပွဲကတော့ တကယ့်ပျော်စရာပွဲကြီးနော် ..."

"ဒါလား ပျော်စရာ ... လူငယ်တွေအတွက် ပျော်စရာဖြစ်ချင် ဖြစ်မယ်ပေါ့ကွာ ... ငါတို့လိုဘူတား အရွယ်တွေအဖို့ကျတော့ အောင်ကျော်ဇော ရှိတုန်းကနဲ့ ဘာမှမဆိုင်တဲ့ ပွဲမျိုးပဲကွ ..."

"ကိုအောင်ကျော်ဇော ရှိတုန်းက ဘယ်လိုထူးခြားလို့လဲဗျာ"

"ဟာ ... အောင်ကျော်ဇော ရှိတုန်းက ဒီလိုပါတီပွဲမျိုးလုပ်ပြီဆိုရင် ငါတို့လို ဘူတားကြီးတွေအတွက်ကိုး အတွဲရ

www.burmeseclassic.com

www.burmeseclassic.com



အောင် လုပ်ပေးတာကွ ... သူကိုယ်တိုင် ငါတို့ကို အတွဲ ရှာပေးတယ် ... လူကြီးလူငယ်အားလုံး ပျော်စေချင်တဲ့ စေတနာမျိုးပေါ့ကွာ ... အခု သိဒ္ဓိဆိုတဲ့ ကောင်က ... အလကားကောင်ပဲ ... အရက်တောင် ဖြောင့်အောင် မသောက်တတ်တဲ့ကောင် ... သူကိုယ်တိုင်ကျတော့လည်း ဘုန်းကြီးကျနေတာပဲ ... အလကား လူဖြစ်ရှုံးတဲ့ကောင်၊ အောင်ကျော်ဇောနဲ့တော့ ကွာသဟေ့ ..."

"အခု ဦးသိဒ္ဓိက ဘယ်သွားနေလို့လဲ ..."

"တချောင်ချောင်မှာ သွားငိုက်နေမှာပေါ့ ... သူက တာဝန် ရှိလို့သာ လုပ်ရိုးလုပ်စဉ် ပါတီပွဲလုပ်ပေးတာ ... စိတ်ပါတာ မှ မဟုတ်တာ ..."

ဘူတာကြီးသည် ပါတီပွဲတွင် သူ၌ အတွဲမရှိသည်ကို ဒေါပွနေဟန်တူပါ၏။

အောင်စည်ဟိန်း ... အမိက တွေ့ချင်နေသည်မှာ ဦးသိဒ္ဓိကိုသာဖြစ်သည်။ သို့သော် ဦးသိဒ္ဓိကို ဘယ်မှာရှာရမည်မှန်း မသိ။

အဖော်လိုချင်နေသော ... ဘူတာကြီးထံမှလည်း ဦးသိဒ္ဓိ ဘယ်မှာရှိမှန်း မသိသဖြင့် အောင်စည်ဟိန်း သူ့နေရာ တွင် ပြန်ပြီးထိုင်နေစဉ်မှာပင် ဒုတိယအကြိမ် ပက်ဂီရောက်လာပြန် သည်။

ပက်ဂီသည် အောင်စည်ဟိန်းနှင့်သာ တွဲချင်နေပုံရ



သည်။ ဇောဇောက နေ့ကို ဘယ်ချောင်မှာ ထိုးထားမှန်းမသိရဘဲ အောင်စည်ဟိန်းထံသို့ ပြန်ရောက်လာသည်။

"လာ ... ကိုအောင်စည်ဟိန်း ... ပက်ဂီတို့ ခြံထဲမှာသွားပြီး လေသန့်ရှူကြစို့ ... ဒီမှာ မွန်းအိုက်နေတာ ..."

လူရှင်းသော ခြံထဲရှိ ခုံတန်းလျားတွင် ထိုင်ကြသည်။

"ကိုအောင်ကျော်ဇော ရှိတုန်းကဆိုရင် ပက်ဂီလို လှပပြီး ချစ်စရာကောင်းတဲ့ မိန်းကလေးကို ကိုအောင်ကျော်ဇောက တော်တော်ခင်မှာပဲနော် ..."

ပက်ဂီကမဖြေမီ ရယ်သေးသည်။ တော်တော်လည်း အသောက်များပြီး ရေချိန်လွန်နေပုံရသည်။

"ဟင်း ဟင်း ... ကိုအောင်ကျော်ဇောက ဘယ်အမျိုးသမီး လှလှမဆို ခင်တတ်တဲ့လူပဲ ကိုအောင်စည်ဟိန်း ... ပက်ဂီ နဲ့လည်း ခင်ခဲ့တယ်ဆိုပါတော့ ... ဒါပေမဲ့ သူ တကယ်တမ်း ခင်တာက နောက်ဆုံး အမျိုးသမီးတစ်ယောက်တည်းကို ပါ ... စန္ဒာမိုးဆိုတဲ့ အမျိုးသမီးလေ ... စန္ဒာမိုးနဲ့ တွေ့ပြီး တဲ့နောက် ပက်ဂီတို့ကို ရှိတယ်တောင် မမှတ်တော့ဘူး ... စန္ဒာမိုးကို တခမ်းတနား ထားတော့တာပဲ ... ဟင်း ဟင်း။ ပက်ဂီကလည်း ဒါမျိုးကို ဂရုမစိုက် ..."

ပက်ဂီ စကားပင် ဆုံးအောင်မပြောနိုင်ဘဲ တန်း လျားပေါ်မှာပင် လှဲချကာ အိပ်ပျော်သွားတော့သည်။

ဒေါင်းသွားပြီဖြစ်သော ပက်ဂီကို ထားခဲ့ကာ အောင် စည်ဟိန်းသည် ဦးသိဒ္ဓိအား ထပ်မံမရှာဖွေတော့ဘဲ သားအားလေး

www.burmeseclassic.com

www.burmeseclassic.com



မောင်းပြီး ရွှေတောင်ကြားလမ်း ပါတီပွဲမှ ရေကျော်အိမ်သို့ပင် တန်းတန်းမတ်မတ် မောင်းလာခဲ့သည်။

ပါတီပွဲတွင် ငြီးစီစီဖြစ်လာသည်မို့ အိမ်ပြန်ရောက်သည်နှင့် ရေထပ်ချိုး၊ ညဝတ်အင်္ကျီဝတ်ပြီး မအိပ်မီ ဝီစကီသောက်ဦးမည်ဟု ရေခဲသေတ္တာထဲမှ ဝီစကီပုလင်းနှင့် ဖန်ခွက်ယူကာ စားပွဲတွင် ထိုင်လိုက်သည်။

ဖန်ခွက်တွင် ငှဲပြီးသော ဝီစကီကို တစ်ငုံနှစ်ငုံ မော့သောက်ပြုံးသည်နှင့် ရင်ထဲတွင် မီးတောက်မီးလျှံလို ပူလောင်သွားသည်။ ချွေးစီးများထွက်လာသည်။ ဒယီးဒယိုင်ဖြစ်လာသည်။

အောင်စည်ဟိန်း ချက်ချင်း ကိုယ့်ဟာကိုယ် သိလိုက်သည်။

ဒယီးဒယိုင်ဖြင့်ပင် အိမ်ထဲမှ ထွက် ... မော်တော်ကားပေါ်ပြန်တက်ပြီး မြွေလိမ် မြွေကောက်ဖြင့် ဆေးရုံကြီးသို့ မရောက် ရောက်အောင် မောင်းလာသည်။ တာဝန်ကျဆရာဝန်ကို တွေ့သည်နှင့် ...

"အဆိပ်မိလာတယ် ဒေါက်တာ ... ကျွန်တော် အဆိပ်မိလာတယ် ..."

ခွေကျသွားသော လူနာ အောင်စည်ဟိန်းကို ချက်ချင်း အရေးပေါ်အခန်းသို့ သယ်ယူသွားရပေတော့သည်။

... ✿ ...



၁၅

မျက်လုံးဖွင့်အကြည့်တွင် ပထမဆုံး မြင်တွေ့ရသည်မှာ ဆေးရုံခန်း၏ အဖြူဆွတ်များဖြစ်သည်။ နံရံတွေလည်း ဖြူသည်။ မျက်နှာကျက်လည်း ဖြူသည်။ အိပ်ရာခုတင်တွေလည်း ဖြူသည်။

တစ်ကိုယ်လုံး လေးလံနေသည်။ မှန်ပြတင်းပေါက်မှ ကြည့်လိုက်ရာ နေရောင်ဖြင့် ထိန်ထိန်လင်းနေသည်ကို မြင်ရသည်။

အောင်စည်ဟိန်း ဘေးတွင် ဆရာဝန်ရှိသည်။ သူနာပြုဆရာမ ရှိသည်။

ပြီး ... ရဲအရာရှိကြီး ဦးစံမင်းလည်း ရှိသည်။ သူတို့ကြည့်ရသည်မှာ အတန်ငယ် ပင်ပန်းနွမ်းနယ်နေပုံရှိကြသည်။

အောင်စည်ဟိန်းက စကားပြောရန် ကြိုးစားသည်။

www.burmeseclassic.com

www.burmeseclassic.com



အသံမှာ ကွဲအက်အက်နှင့် လည်ချောင်းမှာ ပူစပ်ပူလောင် နာကျင်သော ဝေဒနာတစ်မျိုး ခံစားရသည်။

ဆရာဝန်က ဟန့်တားသည်။

“ခင်ဗျား စကားမပြောနဲ့ဦး ကိုအောင်စည်ဟိန်း ... လည်ချောင်းကြွက်သားတွေ ပြန်သန်မာလာအောင် ခဏစောင့်ဦး ... မကြာခင် ခင်ဗျား စကားပြောလို့ရမှာပါ ...”

“မင်း ကံကောင်းတယ် ဖိုးအောင်စည်ဟိန်း ... ငါက ဒီတစ်ခါတော့ တကယ်ပဲ မင်းအတွက် လွမ်းသူ့ပန်းခွေ ဝယ်ရပြီထင်တာ ... အေး ... တော်သေးတာပေါ့ကွာ ... မင်း တစ်ငုံနှစ်ငုံလောက် သောက်မိလို့ ဖန်ခွက်ထဲ ရှိတာတွေသာ အကုန်သောက်မိရင် မင်း တကယ်အကြွပဲ ...”

ဦးမင်းစံ၏ ပြောစကားကို အောင်စည်ဟိန်း ပြန်မေးချင်သည်။ ပြန်ပြောချင်သည်။

မိမိ ညက တွေ့ကြုံခဲ့ပုံများအကြောင်း ဖြစ်ပါ၏။

ရွှေတောင်ကြားလမ်းအိမ် ပါတီပွဲတွင် ဝက်ဂီနှင့်အတူ သောက်ခဲ့သော အရက်ကပင် အဆိပ်မိခြင်းလား သို့မဟုတ် ရေကျော်အိမ်ကို ပြန်ရောက်ပြီးမှ ရေခဲသေတ္တာတွင် ထည့်ထားသော ဝီစကီက အဆိပ်မိသွားခြင်းလား မည်သည့်အရက်ကဟု အောင်စည်ဟိန်း မသဲမကွဲဖြစ်နေသည်။

အောင်စည်ဟိန်း ... မေးချင် ပြောချင်နေသည်ကို မျက်နှာအမူအရာကြည့်ပြီး ဦးမင်းစံက သဘောပေါက်ပြီး ဆက်လက်၍ ပြောပြသည်။



“ငါတို့ မင်း ရေကျော်အိမ်ကို သွားပြီး အဖွဲ့နဲ့ စစ်ဆေးပြီးပြီကွ ... စားပွဲပေါ်မှာ မင်းသောက်တဲ့ ဝီစကီပုလင်းထဲမှာရော ငှဲ့ထားတဲ့ လက်ကျန်ဖန်ခွက်ထဲမှာရော အာဆင်းနိတ်အဆိပ်တွေ တွေ့ရတယ် ... ဝီစကီပုလင်းထဲ ခပ်ထားတဲ့ အဆိပ်ဟာ လူဆယ်ယောက်လောက်အထိ ကိစ္စချောနိုင်တယ်တဲ့ ... ကော်ဖီဘူးထဲမှာလည်း အဆိပ်၊ နို့ဆီ သကြားဘူးတွေမှာလည်း အဆိပ် ... ဒီကွာ ... ကုန်ကုန်ပြောမယ် ရေခဲသေတ္တာထဲက ရေအေးပုလင်းတွေထဲမှာတောင် အဆိပ်တွေနဲ့ ... မင်းကို မလွတ်တမ်း အသေကြံစည်တာပဲ အောင်စည်ဟိန်း ...”

အောင်စည်ဟိန်း သဘောပေါက်စွာ ခေါင်းညိတ်ပြသည်။

“ကဲ ... စကားပြောနိုင်ပြီဆိုရင် ပြောတော့ကွာ ... အခုလောက် အပြင်းအထန် အဆိပ်ခတ် သေကြောင်းကြံစည်တာ မင်းရဲ့ခြေရာကောက် နောက်ကလိုက်ခဲ့တာတွေဟာ သူတို့အတွက် ... စိုးရိမ်စရာ ထိတ်လန့်စရာ ဖြစ်တဲ့အထိ ရောက်နေပုံပဲကွ ... သူတို့က သူ့အကြောင်းတွေ မင်း မဖော်နိုင်အောင် နှုတ်ပိတ်တဲ့သဘောပဲ ...”

မှန်ပေသည်။ အောင်စည်ဟိန်းကို သေကြောင်းကြံစည်သူသည် ကျကျနန အကွက်ဆင်ခဲ့မှန်း ထင်ရှားသည်။

မနေ့ညနေပိုင်းက အောင်စည်ဟိန်းအား ရေကျော်အိမ်၌ မရှိစေလို၍ သတင်းထောက်မြင့်အောင်၏ ဖုန်းတစ်ဆင့်

www.burmeseclassic.com

www.burmeseclassic.com



အောင်စည်ဟိန်းကို အိမ်မှ ပယ်ထုတ်စေသည်။ အောင်စည်ဟိန်း အိမ်တွင် အောင်စည်ဟိန်း စားမည့်သောက်မည့် အစားအသောက်အားလုံးထဲတွင် အားလုံးစေ့ငအောင် အချိန်ယူ အဆိပ်ခတ်ခြင်းပြုသည်။

မနေ့ညက ရွှေတောင်ကြားလမ်းမှ ပါတီပွဲသည် လူသတ်သမား၏ ထောင်ချောက်ဆိုလျှင် အောင်ကျော်စောာ သေဆုံးခြင်းသည် စိုးလှိုင်အောင်၊ စန္ဒာမိုးတို့ ဆက်သွယ်ပတ်သက်သည်ဟု ဆက်စပ်တွေးထင်စရာ ဖြစ်လာသည်။

မနေ့က နေ့လယ်ပိုင်းတွင် ... အောင်စည်ဟိန်း ဒေါ်ကေသီထံ တိုးကြောင်လေးသို့သွားကာ အောင်ကျော်စော အသတ်ခံရမှုတွင် ဒေါ်ကေသီနှင့် ဦးသိဒ္ဓိတွင် တာဝန်မကင်းကြောင်းတွေ ပြောခဲ့သည်။ ညပိုင်းရောက်သည်နှင့် ရန်ကုန် ရွှေတောင်ကြားလမ်းအိမ်တွင် ပါတီပွဲပြုလုပ်ကာ အောင်စည်ဟိန်း ပါတီပွဲသို့ တက်ရောက်လာစေရန် နည်းပရိယာယ်တွေသုံးပြီး ဖေ ပမှုသည်။

ပါတီပွဲတွင် ညှိသည်တွေကို တွေ့ခဲ့ရသော်လည်း ဦးသိဒ္ဓိကိုလည်းကောင်း၊ ဒေါ်ကေသီကိုလည်းကောင်း အောင်စည်ဟိန်း တွေ့ဆုံခွင့်မရလိုက်။

ပါတီပွဲတွင် အချိန်တွေအကြာကြီး နေစေရန် ပက်ဂိက တစ်ဆင့် ဖန်တီးခြင်းလည်း ဖြစ်နိုင်သည်။

ရွှေတောင်ကြားလမ်းအိမ် ပါတီပွဲတွင် အောင်စည်ဟိန်းအား အစပျောက်ဖို့ မလွယ်လောက်အောင် ညှိပရိသတ်တွေ ရှိနေသည်။ လူသတ်သည်ဆိုခြင်းမှာ မျက်မြင်သက်သေ၊ ဘာသဲလွန်



စ ဘာမှ မရှိမမြင်မကြားအောင် လုပ်ဆောင်နိုင်ဖို့ အဓိကမဟုတ်ပါလား ...။

အောင်စည်ဟိန်းသည် ရဲအရာရှိကြီး ဦးမင်းစံနှင့်မင်မင်သည့်အပြင် ပြီးခဲ့သော လူသတ်မှုများတွင် ရဲအဖွဲ့နှင့် အောင်စည်ဟိန်း ပူးပေါင်းသည်များလည်း ရှိသောကြောင့် အောင်စည်ဟိန်းကို ကြံစည်ရာတွင် အလွန်ဝိရိသေသပ်စွာ ပြုလုပ်ခြင်း အချိန်ယူထောင်ချောက်ဆင်ခြင်းမျိုးတွေ ပြုခြင်းဖြစ်ပေမည်။

ဆရာဝန်ကလည်း စကားပြောခွင့်ပြုပြီမို့ အောင်စည်ဟိန်းသည် မနေ့က အဖြစ်အပျက်အတွေ့အကြုံအားလုံးနှင့် နောက်ဆုံး အိမ်ရောက်ပြီး အဆိပ်မိသည်အထိ ဦးမင်းစံကို ပြောပြလိုက်သည်။

"အော ... မင်း သူတို့နောက်က လိုက်နေပြီး စိုးလှိုင်အောင်၊ စန္ဒာ အောင်ကျော်စောကို ဘယ်သူတွေ သတ်မှန်းမသိသေးပေမဲ့ ... သူတို့ကတော့ မင်း သိနေပြီထင်လို့ မင်းကို သတ်ချင်တာ သိသာနေပြီ ... ဒါပေမဲ့ ဘယ်သူတွေက ဘာလို့ သတ်တယ်ဆိုတာ တို့ တကယ်မသိရတာ ခက်နေတာ"

"အဲဒါကို သိတာနဲ့ တရားခံကို လက်ထိတ်ခတ် ဖမ်းရုံပေါ့ ဦးမင်းစံ ... အဲဒါ သိဖို့ပဲ ကြိုးစားနေတာပဲဟာ ..."

ထိုမျှလောက် ပြောပြီး ဦးမင်းစံလည်း နှုတ်ဆက်ပြန်သွားသည်။

အောင်စည်ဟိန်းလည်း တရားခံကို စဉ်းစားရင်း ပြန်အိပ်ပျော်သွားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု တစ်ပတ်ပြန်လည်အိပ်ရာမှ နိုးလာသောအခါ အောင်စည်ဟိန်း ဦးနှောက် ကြည်ကြည်လင်လင်ရှိနေပြီ။ အမှုကိစ္စနှင့် ဗတ်သက်ပြီး ဦးခေါင်းတွင် လက်ခနဲ တွေးမိချက်တစ်ခု ရလိုက်သည်။

အမိကမှာ ...

စန္ဒာမိုးကို မိမိ ကယ်တင်ပြီး မိမိ ရေကျော်အိမ်သို့ ခေါ်ဆောင်သွားခြင်းကို သိရှိသောသူ မည်သူဖြစ်မည်နည်း။

စန္ဒာမိုးကို မိမိ ကယ်တင်လာစဉ်က မိမိလက်ချက်ဖြင့် လဲကျခဲ့သော နွားလောက်ရှိသည့် လူထွားကြီးသည် နောက်တွင် ရုပ်ကျန်ခဲ့ပြီး မိမိကားကို ကြည့်နေသည်ကို ဖျတ်ခနဲ သတိရမိသည်။

ထိုလူထွားကြီးပင် မိမိ၏ ကားနံပါတ်ကို မှတ်ယူလိုက်ခြင်းဖြစ်ပေမည်။

ထိုညက လူထွားကြီးက မိမိကားနံပါတ်ကိုသာ မှတ်သားနိုင်ပြီး မိမိ အိမ်ပြန်သည်အထိ နောက်ယောင်ခံလိုက်လာခြင်း မရှိပါလေခဲ့။

ကားနံပါတ်ကို သိလျှင် ကားပိုင်ရှင် မည်သူဖြစ်ကြောင်းနှင့် ကားပိုင်ရှင်၏ လိပ်စာသည် ယာဉ်မှတ်ပုံတင်ရုံး၊ မော်တော်ပီကယ်ရုံးတွင် ရှိသည်။ လူထွားကြီးလို ကြေးစားလူဆိုးတစ်ယောက်အဖို့ မော်တော်ပီကယ်ရုံးသွားပြီး မိမိအမည်လိပ်စာကို ရှာခွင့်ရနိုင်စရာ လုံးဝမရှိ။

အောင်စည်ဟိန်း ဆေးရုံအောက်ဆပ်သို့ ဆင်းလာ



ကာ အများသုံး တယ်လီဖုန်းတွင် ကျသင့်ငွေပေးကာ ယာဉ်မှတ်ပုံတင် မော်တော်ပီကယ်ရုံးရှိ မိမိမိတ်ဆွေ ယာဉ်ထိန်းရဲအရာရှိထံသို့ ဖုန်းဆက်လိုက်သည်။

လွန်ခဲ့သော သုံးရက်ခန့်က အောင်စည်ဟိန်း၏ ကားနံပါတ်ကို တစ်စုံတစ်ယောက်က ၎င်းရုံးတွင် လာရောက်ရှာဖွေစစ်ဆေးခြင်း ရှိမရှိ မေးမြန်းလိုက်သည်။

"အေးဗျ ... လွန်ခဲ့တဲ့ သုံးရက် နံနက်လေးနာရီလောက် အစောကြီးက ကျွန်တော်တို့ ရုံးက အရာရှိက အောင်စည်ဟိန်းရဲ့ ယာဉ်မှတ်ပုံတင်၊ ကားနံပါတ်စာရင်းကို ရှာစမ်းလို့ အမိန့်ပေးလို့ အဲဒီယာဉ်စာရင်းကိုင်တဲ့ စာရေးက အရာရှိခိုင်းတဲ့အတိုင်း ရှာပေးရတာကို ကျွန်တော် သတိထားမိတယ်၊ အဲဒီတုန်းက ... ကျွန်တော်ကိုယ်တိုင် ညဂျူတီဆင်းနေလို့ သတိထားလိုက်မိတာပဲ ကိုအောင်စည်ဟိန်း ..."

"အဲဒီ ရှာခိုင်းတဲ့ ရဲအရာရှိက ဘယ်သူလဲဗျာ ..."

"လုံခြုံရေးမှူး ဦးကျော်မြင့်တဲ့ ... သူကလည်း ညဂျူတီ ကျချိန်လေ ..."

"အဲဒီ လုံခြုံရေးမှူး ဦးကျော်မြင့်ရဲ့လိပ်စာကို ကျွန်တော် သိပါရစေလား ..."

"ရွှေဘုံသာလမ်း ... ရဲကွာတာ တိုက်ခန်းအမှတ် (   )ပဲ ကိုအောင်စည်ဟိန်း ... သူ့တိုက်ခန်းမှာလည်း သက်ဆိုင်ရာက တပ်ဆင်ပေးထားတဲ့ ဖုန်းရှိတယ် ... ကိုအောင်စည်ဟိန်း ဆက်မေးကြည့်ပါလား ... သူ့တိုက်ခန်းဖုန်းနံပါတ်က"

www.burmeseclassic.com

www.burmeseclassic.com



အောင်စည်ပဟိန်း မိတ်ဆွေက လုံခြုံရေးမှူး ဦးကျော်မြင့်၏ ကွာတာအခန်းနံပါတ်သာမက ဖုန်းနံပါတ်ကိုပါ ပြောပြသည်။

အောင်စည်ပဟိန်းက ခင်မင်အောင် ပေါင်းသင်းထားသော မိတ်ဆွေမို့ ဤမျှ ကူညီခြင်းမျိုး ဖြစ်ပေသည်။

အောင်စည်ပဟိန်းသည် သူ့မိတ်ဆွေ ကူညီပြောပြသည့် ဖုန်းနံပါတ်အတိုင်း လုံခြုံရေးမှူး ဦးကျော်မြင့်ထံသို့ ဆက်၍ ဖုန်းခေါ်လိုက်သည်။

"ဟုတ်ကဲ့ အမိန့်ရှိပါ ... ကျွန်တော် လုံခြုံရေးမှူး ဦးကျော်မြင့်ပါ ... ကိစ္စကို အမိန့်ရှိပါ ..."

အောင်စည်ပဟိန်းသည် ကိစ္စကို အမိန့်မရှိတော့ဘဲ ဖုန်းကို ပြန်ချထားလိုက်သည်။

မိမိ တက်ရောက်နေသော ဆေးရုံခန်းသို့ အောင်စည်ပဟိန်း ပြန်လာသည်။ ဆရာဝန်၏ ခွင့်ပြုချက်မရှိဘဲ သက်ဆိုင်ရာ သူနာပြုအခန်းတွင် မိမိသဘောအလျောက် ဆေးရုံမှ ဆင်းသည်ဟု လက်မှတ်ရေးထိုးပြီး မိမိပစ္စည်းတွေ ပြန်ယူကာ ဆေးရုံမှ ဆင်းလာခဲ့တော့သည်။

— ၁၅ —



၁၆

ရွှေဘုံသာလမ်းမကျယ်ကြီးပေါ်တွင် လူပျိုပေါက်အရွယ်တွေ ဘောလုံးကန်နေသည်။

ယင်းလူပျိုပေါက် ဘောလုံးပွဲကို ဆယ်ကျော်သက်အပျိုပေါက်မလေးတစ်ယောက်က ရဲကွာတာအပေါ်ထပ်သို့ တက်သည့် လှေကားရင်းတွင် ထိုင်ကြည့်နေသည်။

ကောင်လေးတွေကို ကောင်မလေးက စိတ်ဝင်စားစွာ ကြည့်နေခြင်းဖြစ်ပါ၏။

အောင်စည်ပဟိန်းက ကောင်မလေးဘေးမှ ဖြတ်ပြီး လှေကားအတိုင်း တက်လာခဲ့သည်။

ရှိထားသည့် လိပ်စာနာမည်အတိုင်း လုံခြုံရေးမှူး ကိုကျော်မြင့်၏ အခန်းကို တွေ့ရှိပြီး တံခါးခေါက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အိပ်မယ် ကြာကာရှိသေး ညှေသည့်က လာပြီ" ဟု ညည်းညူသံနှင့်အတူ ညဝတ်ဖလန်နယ်အင်္ကျီ ဘောင်းဘီ ဝတ်ထားသော ကိုကျော်မြင့်က တံခါးဖွင့်ပေးသည်။

"ဆို ... ဘာကိစ္စ ကျွန်တော် ကျော်မြင့်ပဲ ... လုံခြုံရေးမှူး"

"ကျွန်တော်က ဝါသနာ အပျော်တမ်းစုံထောက် အောင်စည်ဟိန်းပါ ကိုကျော်မြင့် ..."

ဝါသနာ စုံထောက် အောင်စည်ဟိန်းဟု အမည်ကြားလိုက်သည်နှင့် ကိုကျော်မြင့်၏မျက်နှာ တစ်မျိုး ထူးခြားသွားသည်ဟု ထင်လိုက်မိသည်။

"ဆိုပါဦး ... ဘာကိစ္စ"

"ကိုကျော်မြင့်နဲ့ သီးသန့်စကားပြောချင်လို့ပါ ..."

"ဒါဆိုလာ ... ကျွန်တော့်အိပ်ခန်းဟာ သီးသန့်ပဲ ..."

နှစ်ယောက်အတူ အိပ်ခန်းထဲ ဝင်ခဲ့သည် ...။

တစ်ယောက်အိပ်ခုတင်၊ စာကြည့်စားပွဲ၊ အဝတ်ဗီရိုအသေးစားဖြင့် သာမန်အိပ်ခန်းတစ်ခုသာ ဖြစ်သည်။

"ကျွန်တော်က ညဂျူတီဗျ ... နေ့မိုင်း အိပ်ရေးဝအောင် အိပ်ရတာယ် ... ကိုအောင်စည်ဟိန်းကို ကျွန်တော် နာမည် ကြားဖူးနေပြီးသားပါ ..."

"ကျွန်တော့်နာမည် ကြားဖူးပြီးသားဆိုရင် အခု ကျွန်တော် ဘာကိစ္စ ကိုကျော်မြင့်ဆီကို လာတယ်ဆိုတာလည်း သိလောက်ရောပေါ့ ..."



"လိုရင်းပဲ ပြောဗျာ ... ပပေါင်ဦးတွေ လုပ်မနေနဲ့ ... ကျုပ် အိပ်ရဦးမှာ ..."

"ကိုကျော်မြင့်ဟာ လွန်ခဲ့တဲ့ သုံးမတ်လောက်က မော်တော်ဝိကယ်ရုံးမှာ ကျွန်တော်ကားနံပါတ်ကို ရှာကြည့်ခဲ့တယ် — အဲဒါ ဘာလို့ ရှာကြည့်တာလဲ ..."

"ဒါက ရဲအရာရှိတစ်ယောက်ရဲ့ ကိစ္စပဲဗျာ ... တာဝန်နဲ့ ဝတ္တရားအရ ရှာကြည့်တယ်ဆိုပါတော့ ... မော်တော်ကားမှာဖြစ်ဖြစ် မောင်းသူမှာဖြစ်ဖြစ် ယာဉ်ဥပဒေ စည်းကမ်းနဲ့ မကိုက်ညီရင် ကျုပ်မှာ စစ်ဆေးပိုင်ခွင့်ရှိနေတာပဲ ... ဒါပေမဲ့ မစိုးရိမ်ပါနဲ့ ... ကိုအောင်စည်ဟိန်းမှာရော ခင်ဗျား ကားမှာရော ပြစ်စွန်းတဲ့အပြစ် မရှိပါဘူး ..."

"ဘာလို့ လိမ်ညာချင်နေတာလဲ ကိုကျော်မြင့် ... ကျွန်တော့်ကားနံပါတ်အရ ကျွန်တော့် နေအိမ်လိပ်စာကို တစ်ယောက်ယောက်က ကိုကျော်မြင့်ကို ကြည့်ပေးပါဆိုလို့ ရှာကြည့်ပေးတာ မဟုတ်လား ... အဲဒီ ကိုကျော်မြင့်ကို ကြည့်ခိုင်းတဲ့လူဟာ ဘယ်သူလဲဆိုတာ ကျွန်တော် သိချင်လို့ လာခဲ့တာပဲ ..."

"ကျုပ် ... အိပ်ချင်နေပြီဗျာ ..."

"မအိပ်ချင်နဲ့ဦး ကိုကျော်မြင့် ... အခု ကျွန်တော် ကိုကျော်မြင့်ဆီ လာခဲ့တာ ယာဉ်နဲ့ ယာဉ်မောင်းကိစ္စမဟုတ်ဘူး — လူသတ်မှုကိစ္စနဲ့ပတ်သက်ပြီး လာခဲ့တာ ..."

"ဘာဗျ ... လူသတ်မှု ဟုတ်လား ..."

www.burmeseclassic.com

www.burmeseclassic.com



"သိမ်ဟုတ်တာပေါ့၊ စန္ဒာမိုးဆိုတဲ့ အမျိုးသမီးတစ်ယောက်ကို တစ်ယောက်က သတ်ဖို့ကြိုးစားတယ် ... စန္ဒာမိုးကို ကျွန်တော်က ကြားဖြတ်ကယ်တင်ခဲ့ပြီး ကျွန်တော့်အိမ်မှာ ခေါ်ထားတယ် ... ကိုကျော်မြင့် ကျွန်တော့်ကားနံပါတ်ကို စစ်ဆေးတဲ့ညက စန္ဒာမိုး အသက်ကို ကျွန်တော် ကယ်နိုင်ခဲ့ပေမဲ့ ... အခုတော့ စန္ဒာမိုးဟာ အသတ်ခံရလို့ သေသွားပြီ၊ ဆက်ပြီးတော့ လူသတ်သမားက ကျွန်တော့်ကိုတောင် သတ်ပစ်ဖို့ ကြိုးစားပြန်တယ် ... ခင်ဗျား မယုံရင် ခင်ဗျားတို့ရဲ့အရာရှိကြီး ဦးမင်းစံကို မေးကြည့် ..."

ကိုကျော်မြင့် မျက်နှာဖြူဖပ်ဖြူရော် ဖြစ်သွားပါလေတော့၏။

"ကဲ ... ပြောပါ ကိုကျော်မြင့် ... ကျွန်တော့်နေအိမ်လိပ်စာကို ဘယ်သူက ခင်ဗျားကို ကြည့်ခိုင်းတာလဲ ... လူသတ်မှု အရှုပ်အထွေးထဲမှာ ခင်ဗျား မပါစေချင်ရင် ကျုပ် မေးတာကို အမှန်အတိုင်း ပြောတော့ဗျာ ..."

"ကျုပ်က ဘာလို့ လူသတ်မှုထဲ ပါရမှာလဲ ... ခင်ဗျား ထွက်သွား ... ကျုပ်အိမ်က စုချက်ချင်း ထွက်သွား အောင်စည်ဟိန်း ..."

"ကျုပ် ထွက်သွားမှာပါ ... ဒါပေမဲ့ ခင်ဗျားအတွက်တော့ ဒီကိစ္စ အေးအေးဆေးဆေး ပြီးမသွားစေဘူးလို့ ကျုပ် မောင်ထွက်ပြရဲတယ် ... ဘာလို့လဲဆိုတော့ ခင်ဗျားလုပ်ကွက်က လူသတ်မှုမှာ ဝင်ပတ်သက်နေပြီမို့ပဲ ..."



အောင်စည်ဟိန်း ထွက်လာခဲ့သည် ...။ လှေကားအဆင်းထိပ်တွင် အပျိုဝေါက်မလေး မရှိပါလေတော့။ လမ်းပေါ်တွင် လူပျိုပေါက်လေးတွေ ဘောလုံးပွဲလည်း မရှိပါလေတော့။

အောင်စည်ဟိန်း လမ်းလျှောက်လာခဲ့သည်။ ထခုတစ်ခေါက် လာရာတွင် ကိုကျော်မြင့်ဆီ လာမည်မို့ မိမိကားလေးကို ယူမလာခဲ့။ မိမိကားကို မြင်ကြလျှင် မိမိ ကိုကျော်မြင့်ဆီ လာမှန်း လူတွေ သိမြင်မည်စိုးသောကြောင့် ကားမယူခဲ့ခြင်း ဖြစ်ပါ၏။

အောင်စည်ဟိန်းသည် လမ်းဘေးရှိ ဗာဒံပင်တစ်ပင်တွင် ကွယ်ပြီး ဆင်းလာခဲ့သော လှေကားကို ပုန်းလျှိုးကြည့်နေသည်။

ထင်မှတ်သည့်အတိုင်းပင် ကိုကျော်မြင့်သည် ဖလန်နယ်ဝတ်စုံကို အသစ်မလဲနိုင်ဘဲ ဒီအတိုင်း လှေကားမှ ဆင်းလာသည်။

ကိုကျော်မြင့် သွားရာနောက်သို့ အောင်စည်ဟိန်း နောက်ယောင်ခံလိုက်သွားသည်။

သိမ်ကြီးဈေးဘက်သို့ ... ရောက်လာသည်။ ဆတ်လျှောက်ရင်း (၂၁)လမ်းထဲ ချိုးဝင်ကာ နှစ်ထပ်တိုက်တစ်လုံးရှေ့တွင် ကိုကျော်မြင့် ရပ်ပြီး အိမ်ထဲမှ မှန်ဝိုင်းသေးသေးလေးကိုထုတ်ကာ နှစ်ထပ်တိုက်အပေါ်ထပ်သို့ နေရောင်ဟပ်မှန်ထွက်အလင်းရောင်ဖြင့် အချက်ပြသည်။ နှစ်ထပ်တိုက်ပေါ်မှ လူတစ်ယောက် ဝရန်တာထွက်လာပြီး ကိုကျော်မြင့်ရှိရာ အောက်သို့ ငုံ့ကြည့်ပြီး ချက်ချင်း တိုက်ပေါ်မှ အောက်သို့ ဆင်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆင်းလာသူသည် အရပ်ရှည်သည်။ အမည်းခံတွင် အဖြူပွင့်များပါသော ဂျာကင်အင်္ကျီ ဝတ်ထားသည်။ သူတို့နှစ်ယောက်သည် စကားပြောကြသည်။

အောင်စည်ဟိန်းက လှမ်းထောင့်ရှိ ကွမ်းယာဆိုင်ကို ကွယ်ကာ သူတို့နှစ်ယောက်ကို ချောင်းကြည့်နေသည်။

ထိုလူနှင့် ဒေါ်မာန်ပါပါတွေ့ ပြောဆိုပြီး ကိုကျော်မြင့်သည် ပြန်ထွက်သွားသည်။ ထိုတိုက်ပေါ်မှ ဆင်းလာသည့် ဂျာကင်နှင့် အရပ်ရှည်လူကို အောင်စည်ဟိန်း တွေ့ဖူးသလိုလို ရှိသည်။ ဘယ်နေရာတွင် ဘာကြောင့် တွေ့သည်ကိုတော့ မမှတ်မိပေ။

မည်သို့ဖြစ်စေ ... ထိုဂျာကင်လူနှင့် ကိုကျော်မြင့် အဆက်အသွယ်ရှိကြောင်းတော့ သေချာသွားသည်။

ထိုဂျာကင်နှင့်လူ ရှည်ရှည်ကပင် ကိုကျော်မြင့်အား မိမိနေအိမ်လိပ်စာကို စုံစမ်းခိုင်းခဲ့ခြင်းပေလား။ ဒါဆိုလျှင် ဒီလူပင် စိန်ပန်းနှင့် အေးညို ကြေးစားလူသတ်သမားတွေကို ငှားရမ်းအသုံးပြုခြင်းပေလား။

ကိုကျော်မြင့်ကတော့ ညဝတ်အင်္ကျီ ဘောင်းဘီနှင့်မို့ သူ့အိမ်သို့ ပြန်သွားသည်မှာ သေချာသည်။ ဆက်လိုက်စရာ မလို။ ထိုဂျာကင်နှင့်လူရှည်ကိုသာ အောင်စည်ဟိန်း ဆက်အကဲခတ်နေသည်။

ထိုလူသည် လမ်းမကြီးဘက်သို့ ထွက်လာသည်။ ပြီး ... ဆက်လျှောက်ခဲ့ရာ လသာလမ်းသို့ ချိုးကွေ့ဝင်သွားသည်။ အောင်စည်ဟိန်း နောက်မှ လိုက်မြဲလိုက်လာသည်။



လသာလမ်းထဲရှိ 'ရေနဂါး' ဟိုတယ်ထဲသို့ ထိုဂျာကင်လူရှည် ဝင်သွားပေသည်။

'ရေနဂါး' ဟိုတယ်ဆိုင်းဘုတ်လို့ မြင်လေမှ အောင်စည်ဟိန်းသည် ဂျာကင်နှင့် လူရှည်အမည်ကို ဆက်စပ်သတိရလိုက်တော့သည်။

'ဇော်မင်း' ဆိုသူ ဖြစ်ပါ၏။

ဇော်မင်းသည် ... ကြေးကြီး လောင်းကစားသမားတစ်ဦးဖြစ်သည်။ အောင်စည်ဟိန်းက ဇော်မင်းကို တွေ့မြင်ဖူးထားသည်။ ဇော်မင်း ကြေးကြီးလောင်းကစားသမားမှန်းလည်း သိထားခဲ့ဖူးသည်။ ဖြုန်းခနဲ မမှတ်မိခြင်းသာ ဖြစ်သည်။ ယခု ရေနဂါးဟိုတယ်ဆိုင်းဘုတ်နှင့် ဆက်စပ်ပြီး ပြန်အမှတ်ရသည်။

ရေနဂါးဟိုတယ်ထဲသို့ အောင်စည်ဟိန်း ဝင်ရောက်ပြီး ဟိုတယ်စာရေးစားပွဲပေါ်သို့ ငွေတစ်ရာ ပစ်တင်ပေးလိုက်သည်။

"ဇော်မင်း အခန်းနံပါတ် ..."

"အပေါ်ထပ် ... နံပါတ်(၁၆) နှစ်ယောက်ခန်း ..."

"နှစ်ယောက်ခန်းဆိုတော့ ဇော်မင်းမှာ အဖော်နဲ့လား"

"သိပ်အားကျစရာကောင်းတဲ့ အဖော်ပေါ့ ... ကိုဇော်မင်း အခုတလော ကစားဝိုင်းမှာ တော်တော်အထိနာနေပေမဲ့ လာအိပ်တဲ့နေ့ပေမဲ့ စုတ်ဝင်တာတော့ ဖြူးမှည့်နေတာပဲဗျ"

အောင်စည်ဟိန်းသည် ဟိုတယ်စာရေးစားပွဲပေါ်ရှိ တယ်လီဖုန်းနံပါတ်ကို တစ်ချက်ကြည့်ကာ ဦးနှောက်တွင် မှတ်သားထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေနဂါးဟိုတယ်မှ အပြင်သို့ ထွက်လာပြီး အနီး အနားရှိ ပိုက်ဆံပေး တယ်လီဖုန်းမှ ရေနဂါးဟိုတယ်ဖုန်းသို့ပင် ဆက် လိုက်သည်။

"ရေနဂါးဟိုတယ်ကပါ ... လိုတာ အမိန့်ရှိပါ ..."

"အခန်း(၁၆)က ကိုဇော်မင်းကို ဆက်ပေးပါ ..."

အသံကို တမင် အစ်တစ်တစ်ဖြင့် ဇော်မင်းနှင့် ဆက် ပေးရန် တောင်းခံလိုက်သည်။

"ပြောပါရှင် ... ရေနဂါးဟိုတယ် အခန်း(၁၆)က အမာဖြူ ပြောနေပါတယ် ..."

ဟိုတယ် စာရေးပြောသော မင်းဇော်၏ အဖော် အမျိုးသမီးမှန်း သေချာသွားသည်။

"ကျုပ် ကျော်မြင့်ပါ ... ကျေးဇူးပြုပြီး ကိုဇော်မင်းကို ပြော ပေးပါ ... သတင်းထူးတယ်လို့ ... ခါတိုင်း စောင့်နေကျ နေရာက ကျုပ် စောင့်နေပါတယ်လို့ ... ခုချက်ချင်း လာခဲ့ ပါလို့ ပြောပေးပါနော် ..."

"ဟုတ်ကဲ့ပါတဲ့ရှင် ... ဆက်ဆက် အခုချက်ချင်း ပြောလိုက် ပါ့မယ် ..."

၎င်းဇော်မင်း၏ အတွဲအမျိုးသမီးဆိုသူ၏ အသံ… အောင်စည်ဟိန်း ယခင်က ကြားဖူးသလိုလိုရှိသည်။ သို့သော် … ဝေဝါးပင်။

အောင်စည်ဟိန်း ဖုန်းကို ကျသင့်ငွေ ပေးပြီး ရေနံ… ဟိုတယ်တံခါးပေါက်သို့ စိုက်ကြည့်ထားသည်။



နှစ်မိနစ် အတွင်းမှာပင် ဂျာကင်ဝတ် အရပ်ရှည် ဇော်မင်းသည် ရေနဂါးဟိုတယ် တံခါးပေါက်မှ အပြင်ထွက်သွား သည်ကို တွေ့မြင်လိုက်ရတော့သည်။

— ❧ —

www.burmeseclassic.com



## ၁၇

တံခါးဖွင့်ပေးသူမှာ အမာဖြူပင်ဖြစ်ပါ၏။

ဟိုတယ်စာရေး မှန်းမည်ဆိုပါကလည်း အမာဖြူသည် မှန်းလောက်အောင်ပင် ရုပ်ချောပြီး ချစ်စရာကောင်းလှသည်။

သို့သော် ... အမာဖြူသည် ယောကျ်ားဆိုလျှင် ကြောက်စရာဟု မှတ်ယူပုံမျိုးတော့ မရှိပေ။

ခန့်ထည်သော ကိုယ်ခန္ဓာ၊ ထောင်မောင်းသော အရပ်၊ အချိုးကျကြည့်ကောင်းလှသည့် ယောကျ်ားချော ချောသည့် ဥပမိရုပ်ရှိသော အောင်စည်ဟိန်းကို ယခုမှ ပထမဆုံး မြင်ဖူးခြင်း ဖြစ်စေကာမူ တံခါးဖွင့်ပြီး အပြုံးနှင့် ကြိုဆိုသည်။ အမာဖြူ၏ အပြုံးသည် ညှို့အား တော်တော်ပင် ပါရှိပေသည်။

"ကဲ ... ဆို ... ဘာကိစ္စလဲ ကိုလူချော ..."



အောင်စည်ဟိန်းအား မြင်ရုံနှင့်ပင် အမာဖြူက 'ကိုလူချော'ဟု ကင်ပွန်းတပ်လိုက်ပေသည်။

"ကိုဇော်မင်းနဲ့ တွေ့ချင်လို့ ..."

"အယ် ... ကြည့် ... တော့လွဲလေးပဲ အခုလေးပဲ မိနစ်ပိုင်းပဲ ရှိသေးတယ် ... ကိုဇော်မင်း အပြင်ထွက်သွားတယ် ... နို့ ... ကိုဇော်မင်းနဲ့ တွေ့ဖို့ကရော ဘာကိစ်တ် ..."

"ကိုဇော်မင်းကို ကျွန်တော်က အကျိုးပြုစရာရှိလို့ပါ ..."

"ကော့ ... ငွေပေးမလို့ ထင်တယ် ... ဟုတ်ပါတယ်နော်"

"ငွေထက်တောင် ပိုပြီး တန်ဖိုးရှိတယ် ဆိုပါတော့ ..."

အမာဖြူ ရယ်လိုက်သည်။ ဟန်လုပ်ပြီး တမင်ရယ်နေမှန်း သိသာသည်။ အမာဖြူသည် ရယ်လိုက်လျှင် ပို၍ပင် လှသည်။

"လောကကြီးမှာ ငွေထက် ပိုပြီး တန်ဖိုးကြီးတာ ဘာများရှိသေးလို့လဲ ကိုလူချောရယ် ... ထားပါတော့လေ ... ကိုဇော်မင်း သိပ်ကြာမယ်မထင်ပါဘူး ... ခဏလောက် ထိုင်စောင့်ဦးပေါ့ ... ထိုင်စောင့်ချင်စိတ်ကော ရှိရဲ့လား ..."

"ဟာ ... သိပ်ရှိတာပေါ့များ ... အမာဖြူလို မိန်းကလေးကို တစိမ့်စိမ့် ကြည့်ပြီး စောင့်ရမယ်ဆိုရင် သန်းခေါင်ကျော် အထိဆိုလည်း စောင့်မှာပဲ ..."

"အမာဖြူရဲ့နာမည်ကိုတောင် ရှင်က သိနေသကိုး ..."

အောင်စည်ဟိန်းက ကုလားထိုင်တွင် ထိုင်ပြီး အမာဖြူက နှစ်ယောက်အိပ်ခုတင်တွင် ခြေတွဲလဲချ ထိုင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုဇော်မင်းက အမာဖြူရဲ့အကြောင်း ပြောပြထားလို့ ... ကျွန်တော်က သိနေတာပါ ..."

"ရှင်နဲ့ ကိုဇော်မင်းဟာ သိပ်ရင်းနှီးတဲ့ သူငယ်ချင်းလား ... ဒါမှမဟုတ် ... အကြောင်းကိစ္စ တစ်ခုခုကြောင့် အဆက်အသွယ်ရှိတာလား ..."

"ကိစ္စတစ်ခုကြောင့်ပါ ..."

"အဲဒီကိစ္စဟာ ... ငွေကိစ္စပဲ ဖြစ်ပါစေလို့ ... အမာဖြူက ဆုတောင်းရမှာပဲ ကိုလူချော ... ရှင်ကလည်း ကစားသမား တစ်ယောက်ပဲလားဟင် ကိုလူချော ..."

အောင်စည်ဟိန်းက ခေါင်းညိတ်ပြလိုက်သည်။

"အခုတလော ကိုလူချောရော ကံကောင်းရဲ့လား ... ကိုဇော်မင်းတော့ ခုတလော ကံမလိုက်ရှာဘူးရှင် ... တရှုံးတည်း ရှုံးချည်းနေတာပဲ ..."

"ဟုတ်မှာပေါ့ အမာဖြူ ... အချစ်ရေးမှာ ကံကောင်းတဲ့လူဟာ လောင်းကစားမှာ ကံဆိုးတတ်တယ်တဲ့ ... ကိုဇော်မင်း အင်မတန်လှပြီး ချစ်စရာကောင်းတဲ့ အမာဖြူကို ရထားတာမို့ အရှုံးနာနေတာ ဖြစ်မှာပေါ့ ..."

ဒီတစ်ကြိမ်တော့ အမာဖြူသည် နှစ်နှစ်ကာကာကြီးပင် ရယ်မောလိုက်လေသည်။

"အမာဖြူက အဲဒီလောက်ကြီးတောင် ချောလှနေလို့လား ကိုလူချောရယ် ..."

"ကျွန်တော့်စိတ်ထဲ အခု အမာဖြူနဲ့တွေ့ပြီး စကားပြောနေ



ရတာ လူသားတွေတစ်ယောက်နဲ့လို့တောင် မထင်ဘူး ... နတ်မိမယ်လေးတစ်ပါးနဲ့ တွေ့ဆုံပြောကြားနေရသလားတောင် ထင်မိတယ် ..."

အမာဖြူ ထပ်မံရယ်ပြန်သည်။

"ကိုလူချောကိုတော့ ... အမာဖြူ သဘောကျသွားပြီ ... ကိုဇော်မင်းက ရှင့်လို ကြည်နူးစရာကောင်းတဲ့ စကားမျိုးတွေ မပြောတတ်ဘူးရှင့် ..."

"ကိုဇော်မင်းနဲ့ အမာဖြူ အဖွဲ့ကျတာ ကြာသွားပြီလား"

အမာဖြူက ကိုဇော်မင်းနှင့် တွေ့ဆုံပုံကို ပြောပြသည်။ လွန်ခဲ့သော နှစ်ပိုင်းအထိ အမာဖြူသည် 'မိုးတိမ်ပျံ' ဆပ်ကပ်အဖွဲ့တွင် အခန်းတစ်ခန်း ပြသပေးသူ ဖြစ်ခဲ့သည်။

အမာဖြူသည် ဆပ်ကပ်ပွဲတွင် ဓားပေါက်သမလေးအဖြစ် တစ်ခန်းပြသပေးရသည်။ စင်မြင့်ပေါ်တွင် လူတစ်ယောက်အား စက်ဝိုင်းပျဉ်ချပ်တွင် ကျောကပ်နေစေပြီး အမာဖြူက ထိုလူကို ဓားမြှောင်များနှင့် ပေါက်ပြသော အခန်းဖြစ်ပါ၏။ ပရိသတ်က ကြီးစွာသော ဩဘာအပေးခံခဲ့ရအောင် အမာဖြူ ဓားပေါက်ကျွမ်းကျင်သည်။ မိုးတိမ်ပျံဆပ်ကပ်အဖွဲ့သည် တစ်ပြည်လုံး နယ်လှည့်ရုံထိုး လိုက်လံပြသသည့်အဖွဲ့ဖြစ်ပါ၏။

အမာဖြူသည် ထိုဆပ်ကပ်သမားတစ်ယောက်ဘဝဖြင့် ကျေနပ်သူ မဟုတ်ပေ။ ငွေကို ရေလိုသုံးပြီး အထက်တန်းကျကျ နေနိုင်ဖို့ အမြဲတမ်း မျှော်လင့်တောင့်တနေသူဖြစ်သည်။ လွန်ခဲ့သော နှစ်က ဘော်ကြိုဘုရားပွဲတွင် အမာဖြူတို့ ဆပ်ကပ်အဖွဲ့ပြခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ ကိုဇော်မင်းသည် လောင်းကစားတွင် အလွန်ကံကောင်းနေသူ ဘော်ကြိုဘုရားပွဲ ကစားဝိုင်းတွင် ဇော်မင်းသည် ငွေထုပ်ကြီးပိုက်နိုင်အောင် လောင်းကစားတွင် နိုင်ပေသည်။

ဤမှာပင် အမာဖြူနှင့် ဇော်မင်းတို့ တွေ့ဆုံချိတ်မိသွားခြင်း ဖြစ်တော့သည်။

ကြောင်ခုံတွင်းပျက်နှင့် ဆက်ရက်တောင်ပံကျိုး တွေ့ကြသည့်ပုံပင် ဖြစ်သွားတော့သည်။

"အဲဒီနောက်ကျတော့ကော အမာဖြူ ..."

"ရှမ်းပြည်နယ် တစ်ခွင်မှာ ကိုဇော်မင်း လောင်းကစား ကံကောင်းခဲ့ပါတယ် ... အဲ ... သူ့ ကံဆိုးတာက ရန်ကုန်ရောက်မှလေ ... ကစားတိုင်း အရှုံးကြီးပဲ ..."

"ကျွန်တော် ပြောသလိုပေါ့ အမာဖြူ ... အချစ်ရေးမှာ ကံသိပ်ကောင်းတဲ့လူဟာ လောင်းကစားမှာ ကံမကောင်းတတ်ဘူးဆိုတာလေ ... ရန်ကုန်ရောက်တော့ ကိုဇော်မင်းမှာ စန္ဒာမိုးတွေ့သွားပြီး အချစ်ရေး ထပ်ဖြစ်လာတော့ လောင်းကစားမှာ ကံနိမ့်သွားတာဖြစ်မှာပေါ့ ..."

"စန္ဒာမိုး ဟုတ်လား ... သူက ဘယ်သူလဲ ကိုဇော်မင်းနဲ့ စန္ဒာမိုး သွားငြိသလား ... စန္ဒာမိုးဆိုတာ အမာဖြူ လုံးဝ မကြား မသိပါလား ကိုလူချော ..."

ယခု ပါးစပ်ပြသွားသူမှာ အောင်စည်ဟိန်းပင် ဖြစ်တော့သည်။ အမာဖြူ၏ မျက်နှာတွင် စန္ဒာမိုးကို တကယ်မသိ မကြားဘူးကြောင်း ပြသနေသောကြောင့် ဖြစ်ပါလေ၏။



"စန္ဒာမိုးဆိုတာ ကိုဇော်မင်းရဲ့ နောက်ဆုံးဆက်သွယ်ခဲ့တဲ့ အမျိုးသမီးပဲ ... အမာဖြူလောက် မချောမလှပါဘူး ... ဒါပေမဲ့ ယောက်ျားသားတွေကို ဆွဲဆောင်မှုကတော့ အပြည့်ပဲ ... ယောက်ျားတိုင်းဟာ စန္ဒာမိုးနဲ့ ဆက်သွယ်မိရင် ဒုက္ခရောက်တတ်ကြောင်း ကိုဇော်မင်းက အမာဖြူကို ပြောမပြဘူးလား ..."

"တစ်ခါမှ မပြောဖူးဘူး ... ဒါပေမဲ့ ကိုဇော်မင်း ဒီအပေါက်မျိုးရှိုးတာတော့ အမာဖြူ မကျေနပ်ဘူး ... အခုဆိုရင် အမာဖြူကို ဝယ်ပေးခဲ့တဲ့ စိန်တွေ ရွှေတွေ အားလုံး ကိုဇော်မင်းက ပြန်တောင်းသွားတယ် ... သူ့အကြောင်းပြချက်ကတော့ အခုတစ်ချီ လောင်းကစားပွဲမှာ အပိုင်ချမလို့တဲ့ ..."

"အဲဒီ အမာဖြူဆီက စိန်တွေ ရွှေတွေ ယူသွားတာ ဘယ်လောက်ကြာသွားပြီလဲ ..."

"လွန်ခဲ့တဲ့ နှစ်ရက်က ..."

"အင်းပေါ့လေ ... သူ့ ကစားလို့နိုင်ရင် အမာဖြူကို သူ ပြန်ဝယ်ပေးမှာပေါ့ ..."

"မထင်ပါဘူး ကိုလူချောရယ် ... လွန်ခဲ့တဲ့ နှစ်လလောက်ကတည်းက သူ ဆက်တိုက်ရှုံးလာတာပဲဟာ ... ကစားသမားဆိုတာ ... ရှုံးပြီဆိုရင် ပြန်ပြီး နလံထူနိုင်တာမျိုးမှ မဟုတ်တာ ..."

"တကယ်လို့ အခုနောက်ဆုံးအချီမှာရော ကိုဇော်မင်း ရှုံးသွားရင် အမာဖြူ ဘာဆက်လုပ်မလဲ ..."

www.burmeseclassic.com

www.burmeseclassic.com



"အဟောင်းသွားရင် အသစ်လာပေါ့ ကိုလူချော ... အခုပဲ ကိုလူချော အမာဖြူ့ဆီကို ရောက်လာပြီလေ ... ကိုလူချော ဟာ ဘာမှအောင်မြင်ထားတာ မရှိဘူးပဲထားဦး ယောက်ျား ပီသတယ် ... ခွဲနဲ့ သတ္တိရှိတဲ့ရုပ် ပေါ်လွင်နေတယ် ... အဲဒီ လို လူမျိုးကိုမှ အမာဖြူက သဘောကျ နှစ်သက်တာ ..."

အမာဖြူသည် ပြောပြောဆိုဆို ထိုင်ရာမှထကာ အောင်စည်ဟိန်းပေါင်ပေါ်သို့ ပစ်ထိုင်လိုက်စဉ်မှာပင် အခန်းတံခါး ပွင့်သွားသည်။

ဇော်မင်း ပြန်ရောက်လာခြင်းဖြစ်ပါ၏။ အခန်းတံခါး ကို နောက်ပြန်ပိတ်ပြီး အောင်စည်ဟိန်းနှင့် အမာဖြူရှိရာသို့ လျှောက်လာသည်။

"အခန်းထဲမှာ ဘယ်လိုတွေ ဖြစ်နေကြတာလဲ ... ခင်ဗျားက ရော ဘယ်သူလဲ ..."

"အောင်စည်ဟိန်းပါ ... အပျော်တမ်း ဝါသနာစုံထောက်ဆို ပါတော့ ..."

အောင်စည်ဟိန်းဟု အမည်ကြားသည်နှင့် ကိုဇော် မင်း ချောက်ချားသွားကြောင်း သိသာသည်။ အမာဖြူလည်း လှုပ် လှုပ်ရှရှ ဖြစ်သွားသည်။

"ရှင် လူလိမ်လူညာပဲ ... စောစောကပြောတော့ ရှင်လည်း ကိုဇော်မင်းလို ကစားသမားတစ်ယောက်ဆို ... ဆက်စ သတ်တော့ ရှင်က အောင်စည်ဟိန်းကိုး ..."

"ဒါဆို အမာဖြူက အောင်စည်ဟိန်းဆိုတာ ကြားဖူးပြီးသား



ဖြစ်နေတယ်ပေါ့ ... ဆိုစမ်းပါဦး ... ဘယ်လိုအကြောင်းနဲ့ ပတ်သက်ပြီး ကျွန်တော့်နာမည် ကြားဖူးထားတာလဲ"

အမာဖြူက မဖြေမီ ဇော်မင်းက ဝင်မေးခွန်းထုတ် သည်။

"စောစောက ကိုကျော်မြင့် ဟန်ဆောင်ပြီး တယ်လီဖုန်း ဆက် ... ကျွန်တော့်ကို ဒီအခန်းက ပဲ့ထုတ်တာ ခင်ဗျားပေါ့ ဟုတ်လား အောင်စည်ဟိန်း ..."

"သိပ်ဟုတ်တာပေါ့ ... အဲဒီလို တယ်လီဖုန်းဆက်ပြီး အပြင် ကို ပဲ့ထုတ်တဲ့နည်းကို ခင်ဗျားပဲ သင်ပေးတာလေ"

"ခင်ဗျားပြောတာ ကျုပ် ဘာမှ နားမလည်ဘူး ..."

"နားလည်ပါတယ် ... ခင်ဗျားကိုယ်တိုင် ကျွန်တော့်အိမ် လိပ်စာကို သိချင်လို့ ကိုကျော်မြင့်ကို ယာဉ်မှတ်ပုံတင်ရုံးမှာ ရှာခိုင်းခဲ့တာ မဟုတ်လား ... ဒါကြောင့် ကျွန်တော် ရေ ကျော်လမ်းက အိမ်မှာနေမှန်း ခင်ဗျား သိသွားတယ် ... ကျုပ်အိမ်မှာ စန္ဒာမိုး ရှိနေမှန်း ခင်ဗျားက သိထားတာကိုး။ ဒီတော့ ... အခု ကျုပ် လုပ်သလိုပဲ ကျုပ်အိမ်က အပြင်ထွက် သွားအောင် တယ်လီဖုန်းဆက်ပြီး ပဲ့ထုတ်ခဲ့တယ်လေ ... နောက်ပြီး စန္ဒာမိုးဆီကို ခင်ဗျား လူသတ်သမားနှစ်ယောက် လွှတ်လိုက်တယ်လေဗျာ ..."

"စန္ဒာမိုးဆိုတာ ကျုပ် သိတောင် မသိဖူးဘူး ..."

အောင်စည်ဟိန်းက ကိုဇော်မင်းကို မျက်လုံးချင်း ဆိုင်ပြီး အေးဆေးတည်ငြိမ်စွာ တစ်လုံးချင်း ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"စန္ဒာမိုးကို ခင်ဗျား သိပါတယ် ကိုဇော်မင်း ... အခုတော့ စန္ဒာမိုးခမျာ သေဆုံးသွားပါပြီ ... ဒီလို စန္ဒာမိုး သေစေဖို့ ကိုလည်း ခင်ဗျားပဲ ဖန်တီးခဲ့တာ မဟုတ်လား ... စိုးလှိုင် အောင်ကိုလည်း ခင်ဗျား သေစေခဲ့တယ်လေ ... "

ဇော်မင်း ခေါင်းခါငြင်းသည်။

"ကျုပ်က ဘာလို့ စန္ဒာမိုးကို သေစေရမှာလဲ ... ခင်ဗျားပြော တဲ့ စန္ဒာမိုးနဲ့ စိုးလှိုင်အောင်ဆိုတာ ကျုပ်တစ်သက်မှာ တစ်ခါမှတောင် မမြင်ဖူးဘူး ... "

ဇော်မင်း၏ ပြောဟန်ဆိုဟန် ပြောသည့်လေသံနှင့် မျက်နှာအမူအရာတို့မှာ ဟုတ်မှ ဟုတ်ပါ့မလားဟု အောင်စည်ဟိန်း ပင် ဇဝေဇဝါ ဖြစ်သွားသည်။

အမာဖြူကို လှမ်းအကဲခတ်ပြန်တော့လည်း အမာ ဖြူသည် အောင်စည်ဟိန်းနှင့် ကိုဇော်မင်း ပြောနေကြသော စကား အကြောင်းအရာတွင် စိတ်ဝင်စားပုံမရဘဲ သူမ၏ ခန္ဓာကိုယ်အလှ သည် အရင်ကအတိုင်း ရှိပါသေးရဲ့လားဟု စစ်ဆေးသလို မှန်သော ရင်နှင့် တင် စသည်တို့ကို ဘယ်လှည့်ညာလှည့် ပြန်ကြည့်နေသည်။

အောင်စည်ဟိန်း အလျှော့မပေးဘဲ ဆက်ပြော သည်။

"ဘာလို့ လိမ်ညာနေတော့မှာလဲ ကိုဇော်မင်း ... ကျုပ်မှာ အားလုံး ရုပ်လုံးပေါ်အောင် အထောက်အထားတွေ ရထား ပြီပဲ ... ဒီကိစ္စတွေအားလုံးဟာ လွန်ခဲ့တဲ့ လေးလလောက် က အသတ်ခံလိုက်ရတဲ့ သူဌေးလေးဦးအောင်ကျော်ဇောနဲ့



ဆက်နွယ်ပတ်သက်လာခဲ့တာတွေ မဟုတ်လား ... "

ဇော်မင်းက အသံထွက်အောင်ပင် ရယ်ချလိုက် သည်။

"ကိုအောင်စည်ဟိန်းဟာ ... စိတ်ကူးယဉ် စုံထောက် တစ်ယောက်ပါလား ... လွန်ခဲ့တဲ့ လေးလလောက်က ကျုပ် ရန်ကုန်မှာ လုံးဝမရှိဘူး ... ရှမ်းပြည်နယ်ဘက်မှာ သိပ် အလုပ်ဖြစ်နေတာ အခု ခင်ဗျား ပြောတဲ့လူတွေဟာ ကျုပ်နဲ့ ဘယ်လိုပတ်သက်နိုင်မှာလဲ ... "

"ဘာပဲဖြစ်ဖြစ် ... ဒီလူသတ်မှုတွေမှာ ခင်ဗျားဟာ တစ်နည်း နည်း ပတ်သက်ဆက်နွယ်နေတယ် ကိုဇော်မင်း ... ဘယ်လို ခင်ဗျား ဆက်နွယ်ပတ်သက်တယ်ဆိုတာ အတိအကျ အခိုင် အမာ ဖော်ထုတ်ဖို့ ကျုပ် ဆက်ကြိုးစားဦးမှာ ... "

"ကြိုးစားပါဗျာ ... ကြိုးစားပါ၊ ခင်ဗျား ကြိုးစားဖို့ ... အချိန် တွေ ပိုပြီးရအောင် ခင်ဗျား ဒီနေရာက အမြန်ဆုံး ထွက်သွား ပေတော့ ... "

ဘာမျှ အခိုင်အမာမရှိသဖြင့် ဘာမျှမတတ်နိုင်ဘဲ အောင်စည်ဟိန်း ပြန်သွားရန် အခန်းတံခါးဖွင့်လိုသည်နှင့် တံခါးဝ တွင် မားမားကြီး ရပ်နေသော နှစ်ယောက်ကို တွေ့ရသည်။

... ❀ ...

www.burmeseclassic.com

www.burmeseclassic.com



## ၁၈

ဘွားခနဲ နှစ်ယောက်ကို မြင်လိုက်ရသည်မှာ ရယ်စရာကြီး။

တံခါးတွင် မားမားကြီး ရပ်နေသည်ဆိုသော်လည်း တစ်ယောက်က ထွားထွားကျိုင်းကျိုင်း တုတ်တုတ်ခိုင်ခိုင် မြင့်မြင့်မားမား။

ကျန်တစ်ယောက်က ပုပုနိမ့်နိမ့် ဂင်တိုလူပုလေး။

သို့သော် သူတို့နှစ်ယောက်တွင် တူညီချက်ကိုယ်စီတော့ ရှိနေကြသည်။

နှစ်ကောင်စလုံး လက်ထဲတွင် ဖော်တီဖိုက်ပစ္စတိုကိုယ်စီကိုင်ထားပြီး အခန်းထဲရှိ အောင်စည်ဟိန်း၊ ဇော်မင်းနှင့် အမာဖြူကို သေနတ်နှစ်လက်စလုံးဖြင့် ချိန်ထားသည်။

မည်မျှ သတ္တိကောင်းပြီး သွက်လက်လှပါသည်ဆို



စေကာမူ အောင်စည်ဟိန်းသည် ဖော်တီဖိုက်သေနတ်နှစ်လက်ကို တော့ ဖြုံသည်။

"အားလုံး နောက်ဆုတ်ငြိမ်ငြိမ်နေ ..."

သူတို့နှစ်ယောက် ရှေ့တိုးဝင်လာပြီး လူထွားကြီးက တံခါးကို ခြေနောက်ကန် ပိတ်လိုက်သည်။

ဇော်မင်းသည် ထိုကောင်နှစ်ကောင်ကို မြင်သည်နှင့် ပါးစပ်ဟသွားသည်။ မျက်နှာသွေးဆုတ်သွားသည်။

"သုံးယောက်စလုံး ဟိုဘက်ကို လှည့်လိုက် ..."

လူပုလေးကပင် အမိန့်ပေးနေသည်။

ဇော်မင်းသည် ဝင်လာသော နှစ်ကောင်ကို အင်မတန် အောက်ကျို့သော အသံဖြင့် တောင်းပန်သည်။

"ဒီမှာ မိုးလေး ... ငါ ပြောပါရစေဦးကွာ ..."

"ပါးစပ်ပိတ်ထား ကိုဇော်မင်း ... ခင်ဗျားတို့ သတိပေး သင်ခန်းစာ ပေးရမဲ့အချိန် ရောက်ပြီတဲ့ ... အဲဒီတော့ ကျုပ်တို့ တိုက်တဲ့ ဆေးခါးကြီးကိုတော့ နည်းနည်းပါးပါး သောက်လိုက်ပေါ့ဗျာ ..."

ဇော်မင်း ပါးစပ်ပိတ်မထား ... မျက်နှာတစ်ခုလုံး အကြောက်လွန်ကဲလျက်ရှိပြီး ထစ်ထစ်ငေါ့ငေါ့ စကားသံနှင့် လူထွားကြီးဆီကို တောင်းပန်စကားဆိုပြန်သည်။

"ငါပြောတာကို ဆုံးအောင်နားထောင်ပါ ဆင်ပေါက် ... အခြေအနေ ပြောင်းလဲလာမှာပါကွာ ..."

ဆင်ပေါက်ဆိုသော လူထွားကြီးက ပိုဆိုးသေးသည်။

www.burmeseclassic.com

www.burmeseclassic.com

ဖော်မင်း စကားကို လုံးဝ အလေးအနက်မထားဘဲ သူ၏လက်ချောင်း တုတ်ကြီးများဖြင့် ဖော်မင်း နားရွက်တစ်ဖက်ကို ဆွဲလိမ်သည်။

ဖော်မင်းမှာ အလွန်နာကျင်သော အသံဖြင့် ... အမလေးတ ညည်းညူရတော့သည်။

"မိုးလေးက ပြောနေတယ် မဟုတ်လား ... ခင်ဗျားပါးစပ်ပိတ်ထားလို့ ..."

"အားလုံး ဟိုဘက်လှည့် ... လက်တွေ ခေါင်းပေါ်တင်မြှောက်ထား ..."

ဖော်မင်းရော အမာဖြူရော ဘာမှ စောဒက ထပ်မတက်ရဲဘဲ အမိန့်အတိုင်း ဟိုဘက်လှည့်ပြီး လက်နှစ်ဖက် ဦးခေါင်းပေါ် မြှောက်တင်ထားကြရတော့သည်။

အောင်စည်ဟိန်းကတော့ ဝင်လာအမိန့်ပေးနေသော နှစ်ကောင်ကိုသာ အကဲခတ် မျက်လုံးဖြင့် ကြည့်နေသည်။

နှစ်ကောင်စလုံးသည် ဂျစ်ကန်ကန်ဖြင့် ကြည့်နေသော အောင်စည်ဟိန်းအား ထိုးချိန်လိုက်သည်။ သူတို့၏ မျက်နှာမှာ ဘာမဆို လုပ်မည်ဆိုသည့် အမူအရာကိုယ်စီ ရှိနေကြသည်။

ဤမျှအထိတော့ အောင်စည်ဟိန်း မမိုက်မဲပေ။ ဟိုဘက်လှည့် ခေါင်းပေါ် လက်နှစ်ဖက် မြှောက်တင်ထားလိုက်သည်။

မိုးလေးခေါ် ဂျပုဂင်တို့က အောင်စည်ဟိန်း၏ စလွယ်ထဲမှ ဒသသမ သုံးရှစ် သေနတ်ကိုရော ဖော်မင်းခါးကြားထိုး



ဒသသမ နှစ်ငါးသေနတ်ကိုရော ထုတ်ယူကာ ခုတင်ပေါ်တွင် ပစ်တင်ထားရှိလိုက်သည်။

အမာဖြူအနီးသို့ မိုးလေးဂျပု တိုးကပ်သွားပြန်သည်။

ခန္ဓာကိုယ် အချိုးကျသော အမျိုးသမီး လက်နှစ်ဖက် ခေါင်းပေါ်တင်ထားခြင်းသည် သူမ၏ရင်ကို ပို၍ မို့စေပြီး တင်နှစ်လုံး ပိုမိုကောက်စေသည်။

အမာဖြူက မိုးလေး သူမအနီးသို့ ကပ်လာသည်နှင့် ပိုမိုပြီး ရင်မို့စေသည်။ ပိုမို၍ တင်ကောက်စေသည်။

"လုပ်မနေနဲ့ အမိ ... ကျုပ်က ဒါမျိုးတွေ ဝါသနာမပါဘူး၊ စိတ်ဝင်စားတယ်ဆိုတောင် အခုလိုအခါမှာ အချိန်မရဘူး"

မိုးလေးက အမာဖြူကို ပြောသည့်စကားကြောင်း ဆင်ပေါက်က ရယ်လေသည်။

"ကဲ ... ရှေ့ကိုတိုး ... နံရံမှာ မျက်နှာသွားကပ်ထားကြ"

သူတို့ အမိန့်အတိုင်း အားလုံး နံရံကပ် မျက်နှာမူထားကြရသည်။

"ကဲ ... ကျုပ်တာဝန် ပြီးပြီ ... ကျန်တာ ခင်ဗျားတာဝန်ပဲ ကိုဆင်ပေါက် ... ခင်ဗျားက ခွန်အားကြီးမားတဲ့ လူမဟုတ်လား ..."

ဆင်ပေါက်သည် သူ၏ ဖော်တီးဖိုက်သေနတ်ကြီးကို ခါးတွင် ထိုးထားလိုက်သည်။ ပြီး ... ဖော်မင်းအနီးသို့ တိုးကပ်သွားသည်။ မိုးလေးဂျပုက အားလုံးကို သူ့သေနတ်ဖြင့် ချိန်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဇော်မင်းထံမှ အသံထွက်လာပြန်သည်။

"မင်း ... မင်းတို့ လက်လွှန်ကုန်မယ် ဆင်ပေါက် ... ပထမဆုံး ငါ့ကို ဦးအလျှောင်ဆီကို တယ်လီဖုန်းဆက်ခွင့် ပေးပါကွာ ... ငါ တောင်းပန်ပါတယ် ... ဘာလို့လဲဆိုတော့ သောကြာနေ့ကျရင် ငါ ပေးစရာရှိတာတွေ ဦးအလျှောင်ကို ဆက်ဆက် ပြန်ပေးမှာမို့ပါ ... ကျိန်ဆို ငါ ကျိန်ပါ့မယ် ဆင်ပေါက် ... "

ဆင်ပေါက်က ခေါင်းခါပြသည်။

တကယ်တော့ ဆင်ပေါက်နှင့် ဂျပုမိုးလေးတို့သည် စိန်ပန်းနှင့် အေးညိုကဲ့သို့ ကြေးစားလူမိုက်တွေသာ ဖြစ်သည်။ သူတို့တွင် လုပ်ရဲကိုင်ရဲ သတ်ရဲဖြတ်ရဲတွေ ရှိစေကာမူ ဦးနှောက်နှင့် ပတ်သက်ပြီး နုတ္တိလူစားတွေ ဖြစ်သည်။ သူတို့ ကိုယ်ပိုင်ဉာဏ်ဖြင့် ဘာမျှ မဆုံးဖြတ်တတ်၊ ကြိုက်ဈေးရလျှင် ခိုင်းရာလုပ်မည်ဆိုသည့် အစွဲမျိုးသာ ထားရှိသည်။

ယခု ဤပွဲတွင် အောင်စည်ဟိန်းနှင့် ဘာမျှမဆိုင်၊ ဦးအလျှောင်ဆိုသူနှင့် ဇော်မင်းတို့၏ စာရင်းရှင်းပွဲသာဖြစ်သည်။ အောင်စည်ဟိန်းမှာ ဇော်မင်းနှင့် အမှတ်မထင်ဖြူထံသို့လာရင်း ယခုလို ပိတ်မိသွားခြင်းသာ ဖြစ်ပါ၏။

"ကျိန်မနေပါနဲ့ ကိုဇော်မင်း ... ကျုပ်တို့အလုပ်က ဘုရားနဲ့ မိုးကြိုးပစ်တွေ သိပ်မပါဘူးလေဗျာ ... ဒါ သွားလုပ်ဆိုတဲ့ အမိန့်အတိုင်း ဒါ လာလုပ်တာပဲ ... အခု ကိုဇော်မင်းကို



သွားပြီး သင်ခန်းစာ ပေးလိုက်လို့ ကျုပ်နဲ့ မိုးလေးကို အမိန့်ပေးလိုက်တယ် ... ဒီတော့ ကျုပ်တို့နှစ်ယောက် လုပ်ရမှာက ကိုဇော်မင်းကို သင်ခန်းစာပေးဖို့ပဲ ... "

"မဟုတ်သေးဘူး ဆင်ပေါက် ... ငါ့ကို တယ်လီဖုန်းဆက်ခွင့်သာ ပေးပါ ... ဦးအလျှောင်ဆီ ငါက တယ်လီဖုန်းပြောပြီးရင် ဦးအလျှောင်က မင်းတို့ကို အမိန့်အသစ် ထပ်ပေးမှာပါ ... မင်းတို့ကိုယ်တိုင် တယ်လီဖုန်း နားထောင်ပါ ... ဦးအလျှောင်က သောကြာနေ့မှာ ငါ ဆက်ဆက်ပြန်ပေးပါ့မယ်ဆိုတာကို ယုံကြည်ရင် မင်းတို့ကို သူပေးထားတဲ့အမိန့် ပြန်ရုပ်သိမ်းမှာပါ ... "

"ကျုပ်တော့ အဲဒီလို မထင်ဘူး ကိုဇော်မင်း ... ခင်ဗျား သောကြာနေ့ကိစ္စကို ဦးအလျှောင်က သီးသန့်စဉ်းစားပြီး အခု ကျုပ်တို့ကို ပေးလိုက်တဲ့ အမိန့်ကတော့ ဆက်လုပ်စေမှာပဲ ... ဦးအလျှောင်အကြောင်း ခင်ဗျား ကောင်းကောင်း သိနေတာပဲ ကိုဇော်မင်း ... ဘာမဆို အကွက်ချပြီးမှ လုပ်လေ့ရှိတယ် ... သူ လုပ်ပြီးတာကို ပြန်ပြင်လေ့မရှိဘူး ... ကျုပ်က ခင်ဗျားကို တယ်လီဖုန်းပြောခွင့် ပေးလိုက်ရင် သူ့အမိန့်အတိုင်း ကျုပ်တို့ မလုပ်ဘူးဆိုပြီး ကျုပ်တို့ကို စိတ်ဆိုးမှာ ... ငါပြောတာ မဟုတ်ဘူးလား မိုးလေး ... "

"သိပ်ဟုတ်တယ် ကိုဆင်ပေါက် ... အခုဆိုရင်တောင် ကျုပ်တို့က အချိန်တွေ တော်တော်ဖြုန်းရာ ရောက်နေပြီ ...

www.burmeseclassic.com

www.burmeseclassic.com



ကိုဇော်မင်းကို သင်ခန်းစာပေးတဲ့နေရာမှာ ဦးအလျှောင်က သူကိုယ်တိုင်တောင် လိုက်ကြည့်ချင်တာ ... ဒါပေမဲ့ လူတစ်ယောက် သူ့ရှေ့မှာ အနာတရ ဖြစ်သွားတာမြင်ရင် သွေးတိုးတတ်လို့ဆိုပြီး မလိုက်ဘဲနေခဲ့တာ ... ကဲ ... ကိုဆင်ပေါက် ကိုယ့်တာဝန် ကိုယ်လုပ်တော့ဗျာ"

မိုးလေး စကားအဆုံးတွင် ဆင်ပေါက်ကြီးသည် ခန္ဓာကိုယ်နှင့် မလိုက်အောင် သွက်လက်စွာ လှုပ်ရှားတော့သည်။

ကုဇော်မင်းထံမှ အင်းခနဲ အားခနဲ အသံတွေ ... အမလေးတ,သံတွေ ဆက်တိုက် ထွက်လာပြီး ဆင်ပေါက်၏ လက်ထဲဝယ် မင်းဇော်တစ်ကိုယ်လုံး ပျော့ဖတ်သွားတော့သည်။

ဆင်ပေါက်က စိတ်ကြိုက်သင်ခန်းစာပေးပြီး လွှတ်ချလိုက်သည်နှင့် ဇော်မင်းမှာ ဖွဲအိတ်တစ်အိတ် လွှတ်ချလိုက်သလို ကြမ်းပေါ်တွင် မှောက်လျက်သား မလှုပ်မယှက် ကျသွားတော့သည်။

ထိုနောက် ဆင်ပေါက်နှင့် မိုးလေးသည် သူတို့သေနတ်ကိုယ်စီဖြင့် အောင်စည်ဟိန်းကို ချိန်ကာ နောက်ဆုတ်ပြီး တံခါးပေါက်မှ ထွက်သွားကြသည်။ တံခါးကို အပြင်မှ ပြန်ပိတ်သွားကြသည်။

တံခါးမပိတ်မီ ဆင်ပေါက်က ဇော်မင်းကို လှမ်းပြောလိုက်သေးသည်။

"ကျုပ်တို့ကတော့ လုပ်ငန်းသဘောအရပဲ ကိုဇော်မင်း — ခင်ဗျား ပြောတဲ့တိုင်း သဘောကြာနေ့ကျရင် ပြေလည်ပါစေမယ်လို့ ခင်ဗျားက ပြောလိုက်တယ်လို့ ဦးအလျှောင်ကို ကျွန်တော် ပြောလိုက်ပါ့မယ် ..."



တံခါး ပြန်ပိတ်သွားလေမှ အမာဖြူသည် ခေါင်းပေါ်တင်ထားသော လက်ကို ပြန်ချသည်။ သက်ပြင်းရှည်ကြီးတစ်လုံး မှုတ်ထုတ်လိုက်ရသည်။ ပြီး ... ကြမ်းပေါ်တွင် မှောက်နေသော ဇော်မင်းကို တစ်ချက်ငုံ့ကြည့်ကာ ပြတင်းပေါက်သို့သွားပြီး ပြင်ပလေကို အားရပါးရ ရှူသွင်းလိုက်သည်။

ဇော်မင်းကို ဘယ်လိုမှ ပြုစုခြင်းမရှိပေ။

ဇော်မင်းခမျာ ခုတင်ကို အားပြုကိုင်ရင်း ဒူးထောက်၍ထသည်။

အောင်စည်ဟိန်းက ခုတင်ပေါ်မှ သူ့သေနတ်ကို ပြန်ယူပြီး ဘောင်းဘီလွယ်အိတ်တွင် ပြန်ထည့်ထားသည်။

ခုတင်ကို အားပြုပြီး ထနေသော ဇော်မင်းကို ကြည့်လိုက်သည်။

"အဲဒါတွေက ဘယ်လိုဖြစ်ကြတာလဲ ကိုဇော်မင်း ... ကျုပ်ကူညီနိုင်တာဆို ကူညီမယ်လေ ..."

"ခင်ဗျား နေရာတကာမှာ မပါချင်စမ်းပါနဲ့ ကိုအောင်စည်ဟိန်း ..."

"ဦးအလျှောင်ဆိုတာ ဘယ်သူလဲ ..."

"သွားစမ်းဗျာ ... ကျုပ်ဟာကျုပ် နေပါရစေ ..."

www.burmeseclassic.com

www.burmeseclassic.com



ဇော်မင်းက ငိုသံပါကြီးနှင့် ပြန်ပြောနေခြင်းဖြစ်သည်။

အောင်စည်ဟိန်း အမာဖြူဘက်သို့ လှည့်လိုက်သည်။

"ဒီလောက် အနိုင်ကျင့်ခံရတာကို ဘာလို့ ထိမ်ချန်ပြီး မြို နေလဲ အမာဖြူ ... ဦးအလျောင်ဆိုတာ ဘယ်သူလဲဆိုတာ ကျွန် ို ပြောပြပါလား ..."

အမာဖြူက အောင်စည်ဟိန်းအား တစ်ခွန်းမျှ ပြန်မပြောပေ။ အောင်စည်ဟိန်းအား အမာဖြူက လူလိမ်လူညာဟု သတ်မှတ်ပုံရသည်။

"ဆင်ပေါက်နဲ့ မိုးလေးလုပ်သွားပုံက မင်းမဲ့တိုင်းပြည်ကျနေတာပဲ ... ဒါကို ခင်ဗျားက ငုံ့ခံနေသလား ကိုဇော်မင်း ... အခုချက်ချင်း ကျူပ်ရဲအဖွဲ့ကို ဖုန်းဆက်လိုက်မယ် ... ဘယ့်နှယ်လဲ ကိုဇော်မင်း ..."

ဇော်မင်း မျက်ကလူးဆန်ပျာ ဖြစ်သွားသည်။ သူ့အောက်နှုတ်ခမ်းကို အပေါ်သွားနှင့် ကိုက်ထားသည်။

"အခု ဖြစ်သွားတာတွေဟာ မတော်တဆတွေပါ ကိုအောင်စည်ဟိန်း ... ခင်ဗျားလည်း သွားတော့ဗျာ ..."

အောင်စည်ဟိန်းက ဇော်မင်း နှင်ထုတ်သည့်အတိုင်း အခန်းထဲမှ ထွက်လာခဲ့သည်။ အောက်ထပ်ရောက်သည်နှင့် ကောင်တာစာရေး၏ စားပွဲဆီသို့သွားကာ ဟိုတယ်စာရေးက မပြန်တား



နိုင်မီ အောင်စည်ဟိန်းသည် အပေါ်ထပ် အခန်း(၁၆)လိုင်းသို့ ဆက်လိုက်သည်။

"ပြောပါရှင် ... အခန်း(၁၆)က ပြောနေပါတယ် ..."

အခန်း (၁၆) တွင် အမျိုးသမီးဆို၍ အမာဖြူတစ်ယောက်သာ ရှိသည်။ ယခု ဖုန်းပြန်ပြောသည်။ အသံသည် အမာဖြူ၏ အသံမှန်း သေချာသည်။

အောင်စည်ဟိန်း ဖုန်းကို ပြန်ချထားလိုက်သည်။ ဖုန်းဆက်ကတည်းက တယ်လီဖုန်းမှ အမာဖြူ ပြောသောအသံကို ဆန်းစစ်လိုသောကြောင့် ဆက်ခြင်းသာ ဖြစ်သည်။ ပထမတည်းက အမာဖြူ ဖုန်းပြောသည့်အသံမျိုး ကြားဖူးပါသည်ဟု ဇဝေဇဝါ ဖြစ်ခဲ့သော အောင်စည်ဟိန်းအဖို့ ယခုမှ သဲသဲကွဲကွဲ ဖြစ်သွားပေပြီ။

မနေ့ညက ရေကျော်အိမ်တွင် မိမိ စန္ဒာမိုးကို ခေါ်ထားစဉ် အေးမြမြဆိုသည့် အမျိုးသမီးက အမှုတစ်ခု အပ်လို၍ ကမ္ဘာအေးလမ်းရှိ ကျေးမင်းဟိုတယ် လာခဲ့ပါရန် ခေါ်ယူသည့် အေးမြမြ၏ တယ်လီဖုန်းထဲမှအသံသည် ယခု အမာဖြူ၏ အသံဖြစ်မှန်း သေချာသွားသည်။ ညက မိမိကို ရေကျော်အိမ်မှ အပြင်ထွက်ရန် ပယုတ်သူ အေးမြမြသည် ယခု အမာဖြူ ဖြစ်နေပေပြီ။

ရေနဂါးဟိုတယ်မှ အောင်စည်ဟိန်း ပြန်ထွက်လာချိန်မှာ မှောင်ရီပျိုးနေပေပြီ။

ပထမတော့ ရေကျော်လမ်းအိမ်ကိုပင် ပြန်မည်ဟု စိတ်ကူးသေးသည်။ သို့သော် ရေကျော်အိမ်သို့ မပြန်သင့်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း သတိချပ်မိသည်။ မနေ့က ရေကျော်အိမ်အပြန်တွင် မိမိ အဆိပ်မိခဲ့သည်။

လူသတ်သမားသည် ယခုအချိန်ထိ လွတ်နေဆဲဖြစ်သည်။ အောင်စည်ဟိန်းကို ထပ်မံ သတ်ဖြတ်ရန် ကြိုးစားလျက် ရှိနေဦးမည်သာ။

အောင်စည်ဟိန်းသည် လေးဘီးအငှားကားဖြင့် လှလွန်းဆွေရှိရာ အင်းလျား ရှမ်းပလောင်တည်းခိုရိပ်သာသို့ ပြန်လာခဲ့သည်။

လှလွန်းဆွေအား ထ[illegible]ရှိသော အခန်းတံခါးကို ခေါက်သည်။ တံခါးဖွင့်မပေးပေ။

လှလွန်းဆွေကို တံခါးပုတ်ရင်း အော်ခေါ်သည်။

သို့သော် လှလွန်းဆွေ အမည်ပြောင်း စောကလျာ တည်းခိုသည့်အခန်းထဲမှ မည်သူကမျှလည်း တံခါးဖွင့်မပေး။ အထဲမှ မည်သည့်အသံမျှလည်း ပြန်မပေးပါလေ။

... ... ...



၁၉

အောင်စည်ဟိန်း ရှမ်းပလောင်၏ အောက်ထပ်သို့ ပြန်ဆင်းလာခဲ့သည်။

'စုံစမ်းရန်' ဆိုင်းဘုတ်နောက်ဝယ် ညပိုင်းတာဝန်ကျ တည်းခိုဆောင် စာရေးနှင့်အတူ ရဲအရာရှိ ဦးမင်းစံ စီစဉ်တာဝန်ချ ထားပေးသည့် လှလွန်းဆွေ၏ လုံခြုံမှုအတွက် တာဝန်ပေးထားသော ရဲကြပ်ကြီးတို့ကို အတူတွေ့ရှိရသည်။

"ဟော ... ကိုအောင်စည်ဟိန်း ... ခင်ဗျားတော်မလေး စောကလျာကို မေးမလို့ မဟုတ်လား ..."

"ဟုတ်တယ် ... သူ့အခန်းမှာ ခေါ်မကြား အော်မကြားနဲ့ ဖြစ်နေလို့ သူ့အခန်းသော့ ပေးစမ်းဗျာ ..."

"ဘယ်ကြားမလဲဗျာ ... မောင်ရင့်စောကလျာက သူ့အခန်း ထဲမှာမှ မရှိတာ ..."

www.burmeseclassic.com



အောင်စည်ဟိန်း ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။ တကယ်တော့ လှလွန်းဆွေသည် အပြင်သို့ မထွက်သင့်ပေ။ လူသတ်သမားသည် တစ်စထက်တစ်စ ပို၍ အတင့်ရဲနေပြီ မဟုတ်လား။

အောင်စည်ဟိန်း၏ လုပ်ဆောင်ချက်များသည် လူသတ်သမား၏ ခြေရာကောက်မိလုဆဲဆဲ ရှိနေလေပြီမို့ လူသတ်သမားသည် သူ့အား ဖော်ထုတ်နိုင်ခြေရှိသူတွေကို နှုတ်ပိတ်ပစ်ရန် အပြင်းအထန် ကြံစည်ကြိုးစားနေချိန်တွင် လှလွန်းဆွေသည် အပြင်သို့ လုံးဝမထွက်သင့် ရှိနေပေပြီ။ လှလွန်းဆွေလည်း လူသတ်သမားကို ဖော်ထုတ်နိုင်သူထဲတွင် တစ်ဦးအပါအဝင် အကျုံးဝင်နေသည်။

တော်တော်ခက်သည့် လှလွန်းဆွေပါပေ။

"လွန်ခဲ့တဲ့ နာရီဝက်လောက်မှ ကောင်မလေး ထွက်သွားတာ ကိုအောင်စည်ဟိန်း ..."

"သူ့အဝတ်အစား ခွဲအိတ်တွေဘာတွေ ယူသွားလား"

"ဘာမှ ယူမသွားဘူး ... လူချည်းသက်သက် ထွက်သွားတာ ... မနွေညကလိုပဲ ထွက်သွားပြီး သူ့ဟာသူ ပြန်လာမှာပါ ... မနွေညကလည်း သန်းခေါင်ကျော်မှ ပြန်လာတာလေ ..."

မနွေညက ဟူသော စကားကြောင့် အောင်စည်ဟိန်း ဦးနှောက်တွင် အတွေးတစ်ခု ဝင်လာလိုက်သေးသည်။

မနွေည (၈)နာရီမှ သန်းခေါင်ကျော်အချိန်ထိသာ ဆိုပါက လှလွန်းဆွေသည် အောင်စည်ဟိန်း၏ ရေကျော်အိမ်သို့



သွားပြီး စိတ်ရှိလက်ရှိ အဆိပ်တွေခပ်နိုင်ဖို့ အချိန်လုံလောက်စွာ ရနိုင်သည်။

သို့သော် လှလွန်းဆွေက မိမိကို သေစေရန် အဆိပ်ခပ်ရန် အကြောင်း လုံးဝမရှိ။ အမှုက ရှုပ်ထွေးသည်ထက် ပို၍ များစွာ ရှုပ်ထွေးလာလေပြီကော။

"ရဲကြပ်ကြီးကို ဦးမင်းစံက ဒီကောင်မလေး စောင့်ကြည့်ရမယ်လို့ တာဝန်ချထားပေးတာပဲဗျာ ..."

"အဲဒီတာဝန်ကိုပဲ ... ကျုပ် ဒီမှာ လာပြီး ထမ်းဆောင်နေတာပဲလေဗျာ ... အခု ကျုပ်ပြောတဲ့အချိန်ကလွဲရင် ကောင်မလေးက သူ့အခန်းထဲမှာပဲ တစ်ချိန်လုံး ရှိနေတာပဲဟာ ... ကိုအောင်စည်ဟိန်း သူ့ဆီကို ဖုန်းဆက်တာကလွဲပြီး တခြား ဘယ်သူမှ ကောင်မလေးဆီ ဖုန်းမဆက်ဘူး။ ကောင်မလေးကလည်း ဘယ်သူ့ဆီကိုမှ မဆက်ဘူး ... ကျုပ် တာဝန်အရ အမြဲစောင့်ကြည့်နေတာပဲဟာ ..."

"ဒါပေမဲ့ အခုလို သူ အပြင်ထွက်သွားတာကို ရဲကြပ်ကြီး ခွင့်မပြုသင့်ဘူးပေါ့ဗျာ ..."

ရဲကြပ်ကြီးသည် သူ၏မျက်ခုံးထူကြီးနှစ်ဖက်ကို ပင့်ပြီး အောင်စည်ဟိန်းအား ပြန်ကြည့်ရင်း ...

"ဒီနေရာဟာ ... အကျဉ်းထောင်တစ်ခုမှ မဟုတ်တာဘဲ ကိုအောင်စည်ဟိန်း ... မောင်ရင့်တေ်မလေးကလည်း အကျဉ်းသားမှ မဟုတ်တာ ... ဒီတော့ ကျုပ်ကို တာဝန်ချပေးထားတာက ရှမ်းမလောင်ပိုင် တိုက်ခရိုယာထဲမှာသာ

www.burmeseclassic.com

www.burmeseclassic.com

ကောင်မလေးရဲ့ လုံခြုံမှုကို စောင့်ရှောက်ရမယ်လို့ တာဝန်ပေးထားတာ ... သူဟာသူ အပြင်ထွက်တာကို ကျုပ် တားပိုင်ခွင့်မရှိဘူးလေဗျာ ... သူ သွားလေရာ လိုက်စောင့်ရှောက်ပါဆိုတဲ့တာဝန်မှ မဟုတ်တာ ...”

“ဟုတ်ပါပြီလေ ... ထားပါတော့ ... အခုလောလောဆယ် သူ့အခန်းကို ဖွင့်ပြီး ကျွန်တော် စစ်ဆေးကြည့်ချင်တယ်”

“ဒါတော့ ရတယ်လေ ...”

ရဲကြပ်ကြီးကင် အခန်းသော့ကိုယူပြီး ရှေ့မှတက်သွားကာ လှလွန်းဆွေ၏ အခန်းတံခါးသော့ဖွင့်လိုက်သည်။

စစ်ဆေးကြသည်။ ရေချိုးခန်းအိမ်သာမကျန် စစ်ဆေးသည်။ တစ်စုံတစ်ခု စိုးရိမ်ရသောအခြေအနေ ဘာမျှမတွေ့ရပေ။

“ကဲ ... ကျေနပ်ရဲ့လား ကိုအောင်စည်ဟိန်း ...”

“ကျေနပ်ပါတယ် ... ကျွန်တော် သူ့အခန်းမှာပဲ နေခဲ့ပြီး သူ ပြန်လာတာကို စောင့်တော့မယ် ... အဲဒါကိုရော ရဲကြပ်ကြီး ခွင့်ပြုတယ်မဟုတ်လား ...”

“ဆရာကြီး ဦးမင်းစံက အမိန့်ပေးထားပါတယ် ... ဒီကောင်မလေးအခန်းကို ကိုအောင်စည်ဟိန်း ဝင်ချင်သလို ဝင်စေတဲ့ ... ကဲ ... ကျုပ် အောက်ကစောင့်မယ် ... မောင်ရင့်ကိုတော့ ... ဆရာကြီးဦးမင်းစံက တော်တော် စေတနာထားခင်မင်ပုံပဲ ...”



ရဲကြပ်ကြီးပြန်သွားပြီးနောက် တစ်နာရီလောက်ကြာသည်အထိ လှလွန်းဆွေခေါ် ချောကလျာ ပေါ်မလာပေ။

အောင်စည်ဟိန်းသည် မိမိမှာ ကြားစကားကို မနာယူဘဲ ရဲတင်းစွာ အပြင်ထွက်နေသော လှလွန်းဆွေအပေါ်တွင် ကရုဏာဒေါသဖြင့် စောင့်ရင်း ဝမ်းဗိုက်က ဆာလာသည်။ ဆာဆာနှင့်ပင် စိတ်မောကိုယ်မောဖြင့် လှလွန်းဆွေ၏ ခုတင်ထက်မှာပင် လဲလျောင်းရင်း အိပ်ပျော်သွားသည်။

အောင်စည်ဟိန်းတစ်ပတ်ကျော့ ပြန်နိုးသောအချိန်တွင် လှလွန်းဆွေ ပြန်ရောက်နေပေပြီ။

လှလွန်းဆွေသည် စားပွဲရှိ ကုလားထိုင်တွင် ထိုင်နေပေသည်။

“အိပ်ရေးဝရဲ့လားအစ်ကို ...”

“အစ်ကိုက ဘယ်အချိန်ကပြန်ရောက်နေတာလဲ ...”

“သန်းခေါင်လောက်ကပါအစ်ကို ... လှလွန်းဆွေရောက်လာတော့ ... အစ်ကိုတကယ် အိပ်မောကျနေတယ် ... ဒါကြောင့် လှလွန်းဆွေ ဒီမှာထိုင်ငိုက်နေ တာပါ အစ်ကို”

“လှလွန်းဆွေ ဘယ်သွားနေတာလဲ ...”

“ညကိုးနာရီပွဲရုပ်ရှင်လေ ...”

“မနေ့ညကရော ...”

“ဒီညအတိုင်းပဲအစ်ကို ...”

“လှလွန်းဆွေ အပြင်မထွက်ပါနဲ့လို့ ကျွန်တော် ပြောထားသားနဲ့ဗျာ ...”

www.burmeseclassic.com

www.burmeseclassic.com

လှလွန်းဆွေ နီစွေးသော နှုတ်ခမ်းလေးကို မဲ့ပြလိုက်သည်။

"ဘယ်သူနေနိုင်မလဲအစ်ကို ... အချိန်ရတိုင်းလာခဲ့ပါ့မယ်ဆိုတဲ့ အစ်ကိုကရော လာလို့လား ... အစ်ကို့ဆီ လှလွန်းဆွေ တယ်လီဖုန်း ခဏခဏ ဆက်တယ် ... တစ်ခါမှ အစ်ကိုနဲ့ ဆက်လို့မရဘူး ... "

"ဟုတ်တယ် လှလွန်းဆွေ ... တို့ အိမ်မကပ်နိုင်အောင် ကိစ္စတွေတအားများသွားတယ် ... "

"အခြေအနေကရော ... "

"သိပ်မထူးသေးပါဘူး ... "

လှလွန်းဆွေမျက်နှာလေး ညှိုးကျသွားသည်။

"ဒါဆို လှလွန်းဆွေက ဒီလိုပဲ ဒီမှာနေရဦးမှာပေါ့ ဟုတ်လား"

"ဒီလိုပဲဖြစ်ရဦးမှာပဲ လှလွန်းဆွေ ... ဒါပေမဲ့ လှလွန်းဆွေက အပြင်ထွက်နေတာပဲ မဟုတ်လား ... "

"ပြောခဲ့ပြီကော ... ဒီတည်းခိုခန်းထဲမှာ အချိန်တိုင်း တစ်ယောက်တည်းနေနေရတာ ဘယ်လောက်ငြီးငွေ့ဖို့ကောင်းသလဲ ... အစ်ကို့ကိုစောင့်မျှော်ရတာလည်း အခုလာနိုးတော်ကြာလာနိုးနဲ့ စိတ်မောရတယ် ... "

အောင်စည်ဟိန်းထထိုင်လိုက်သည်။

လှလွန်းဆွေဆီထသွားကာ ကျစ်လစ်နွေးထွေးသော လှလွန်းဆွေ၏ ကိုယ်လေးကို သိမ်းကျုံးဖက်ထားလိုက်မိသည်။



လှလွန်းဆွေက ရုန်းကန်ခြင်း မပြုပေ။

"လှလွန်းဆွေပြန်လာတော့ ကျွန်တော့်ကို ဘာလို့ မနိုးတာလဲဟင် ... "

"အိပ်မောကျနေတာ နှိုးရက်စရာမရှိလို့ပေါ့ ... "

"ဒီလောက်တောင်ပဲလား လှလွန်းဆွေ ... "

"ဒီထက်ပိုချင်တောင် ပိုဦးမယ် ... "

အောင်စည်ဟိန်းသည် ပို၍ပင် လှလွန်းဆွေကို တင်းတင်းလေးဖက်မိပြန်သည်။ လှလွန်းဆွေကလည်း ကျေနပ်ခိုင်းဖြိုး ပြန်ဖက်ထားပါလေ၏။

... ❀ ...

www.burmeseclassic.com

www.burmeseclassic.com



## ၂၀

ဦးသိဒ္ဓိဆိုသူက အောင်စည်ဟိန်း မောင်တော်လေး ရုံးခန်းမှပင် အောင်စည်ဟိန်းကို စောင့်နေပေသည်။

"အောင်စည်ဟိန်းဆိုတာ ဟုတ်ပါတယ်နော် ... ကျုပ်က ဦးသိဒ္ဓိပါ ... "

"ဟုတ်ကဲ့ ... ဦးသိဒ္ဓိဆိုရင် မှတ်ပုံတင်တော့ပါမှာပါနော်"

ဦးသိဒ္ဓိက သူ့အိတ်ထဲမှ မှတ်ပုံတင်ကတ်ပြားထုတ်ပြီး ပြသပေသည်။

လူနှင့်မှတ်ပုံတင်ကိုက်ညီသည်ကို စစ်ဆေးတွေ့ရှိရသည်။

ဦးသိဒ္ဓိသည် အသက်(၃၅)နှင့် (၄၀)ကြားလောက်ရှိသည်။ ရုပ်လည်ကတုံးအဖြူ၊ တိုက်ပုံအကျီအနက်၊ ဝလေကပ် ချည်



ချောလုံချည်ဖြင့် ဝတ်စားပုံ မြန်မာဆန်ပြီး ရိုးသားပုံရသည်။ ဒေါ်ကေ သီ၏အစ်ကိုဆိုသူ ဖြစ်ပါသည်။

"ဦးသိဒ္ဓိ ကျွန်တော့်ဆီလာတဲ့အကြောင်းကိစ္စကရော ... "

"ကိုအောင်စည်ဟိန်းကို ကျွန်တော်နဲ့ အခုမှ ပထမအကြိမ်မြင်ဖူးပေမဲ့ နာမည်ကိုကြားဖူးနေတာကြာပါပြီ ... အခု ကျွန်တော်လာတာ အမှုတစ်ခု အပ်ချင်လို့ပါ ... "

"ပြောပါဦး ဘာမှုအပ်ချင်တာလဲ ဦးသိဒ္ဓိ ... "

"လွန်ခဲ့တဲ့လေးလလောက်က အသက်ခံလိုက်ရတဲ့ ကေသီရဲ့ ခင်ပွန်းကို သတ်သွားတဲ့ လူသတ်သမားကို ရှာဖွေဖော်ထုတ်ပေးဖို့ပါ ... "

အောင်စည်ဟိန်းက အပြုံးတစ်မျိုးဖြင့် ဦးသိဒ္ဓိကို ပြုံးကြည့်လိုက်သည်။

"ကိုအောင်စည်ဟိန်း ပြုံးပုံကို မြင်ရတာ ... ကျွန်တော် အသဉ်းယားတယ်ဗျာ ... ကျွန်တော့်ယောက်ဖသေသွားပြီးတဲ့နောက် သူ့လုပ်ငန်းတွေကို ကျွန်တော်က ဆက်ခံဦးစီးပြီး လုပ်ရတဲ့အတွက် ကျွန်တော့်မှာ အကျိုးပိုရှိတာတော့ မှန်တယ် ... အဲဒါကိုပဲ ကိုအောင်စည်ဟိန်းက ကျွန်တော့်ညီမ ကေသီဆီမှာ သွားစုံစမ်းသေးတယ်မဟုတ်လား ... တိုးကြောင်လေးအထိလိုက်လာပြီး စုံစမ်းခဲ့တာလေ ... နောက်ပြီး ရွှေတောင်ကြားလမ်းအိမ်မှာ ပါတီပွဲပေးတော့လည်း ကိုအောင်စည်ဟိန်းက ကျွန်တော့်ကို တစ်မေးတည်းမေးပြီး

www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေတယ် … ကဲ … ကျွန်တော့်အကြောင်း ကိုအောင်စည်ဟိန်း ဘယ်လောက်ထိ သိသလဲဗျာ …”

အောင်စည်ဟိန်းက တစ်လုံးခြင်းပြန်ဖြေစကားဆိုပေသည်။

“ကျွန်တော်က အစိုးရခန့်ယူနီဖောင်းဝတ် စုံထောက်မဟုတ်ပါဘူး … ဦးသိဒ္ဓိ … ကျွန်တော့်ဝါသနာကို အရင်းခံပြီး သက်ဆိုင်ရာက အသိအမှတ်ပြု အရပ်သား ဝါသနာစုံထောက်တစ်ယောက်ပါ … ကျွန်တော် စစ်ဆေးမေးမြန်းချင်တဲ့လူကို လာခဲ့စမ်းလို့ … ဆင့်ခေါ်နိုင်တဲ့ အခွင့်အရေးမျိုး ကျွန်တော့်မှာ မရှိပါဘူး … မေးမြန်းချင်တဲ့လူရဲ့နောက်ကို တကောက်ကောက်လိုက်ပြီး မေးမြန်းရတာပါ … အခု လောလောလတ်လတ်မှာ လူနှစ်ယောက်ကို လူသတ်သမားက သတ်သွားတယ် … စန္ဒာမိုးနဲ့ စိုးလှိုင်အောင်ကိုပါ … စန္ဒာမိုးဆိုတဲ့ အမျိုးသမီးဟာ ဦးအောင်ကျော်ဇောရဲ့ အငယ်အနှောင်းအမျိုးသမီးပါ … ဦးအောင်ကျော်ဇောအသတ်ခံရချိန်မှာ စန္ဒာမိုး သက်သေအလီဘိုင်ပြသူက စိုးအောင်လှိုင် … အဲသူတို့နှစ်ယောက်စလုံး အသတ်ခံကြရတယ် …”

“အဲဒါတွေ ကျွန်တော် သတင်းစာမှာ ဖတ်ပြီးပါပြီ ကိုအောင်စည်ဟိန်း … သူတို့နှစ်ယောက် အသတ်ခံရတာဟာ … ကျွန်တော့်ယောက်ဖ အောင်ကျော်ဇောနဲ့ပတ်သက်စရာ တစ်ခုခုရှိနေလို့လား …”

“ဆက်စပ်မှုရှိတယ်လို့ ထင်စရာပဲ …”



“နို … ကိုအောင်စည်ဟိန်း ကျွန်တော့်နောက်ကိုလိုက်ပြီး စုံစမ်းနေတဲ့သဘောကရော ဗျာ …”

“ကျွန်တော်ပြောခဲ့ပြီပဲ … စန္ဒာမိုး၊ စိုးအောင်လှိုင်နဲ့ ဦးအောင်ကျော်ဇော အသတ်ခံရမှုတွေဟာ တစ်ခုနဲ့တစ်ခု အများကြီး ဆက်စပ်စရာတွေရှိတယ်လို့ … အဲ … ဦးသိဒ္ဓိကတော့ ခင်ဗျားယောက်ဖအသတ်ခံရချိန်မှာ အလီဘိုင်အထောက်အထား ကောင်းကောင်းပြနိုင်တယ်ပေါ့ဗျာ … ဒါပေမဲ့”

အောင်စည်ဟိန်းက ဆက်မပြောဘဲ ဒါပေမဲ့တွင် စကားရပ်ထားသည်။

ယင်း ဒါပေမဲ့စကားနောက်တွင် ဦးသိဒ္ဓိကိုယ်တိုင် ကိုယ့်ဟာကိုယ် သဘောပေါက်ပြီးသားဟု ယူဆသောကြောင့် စကားရပ်ထားလိုက်ခြင်းဖြစ်ပါ၏။

ဦးသိဒ္ဓိသည် အောင်စည်ဟိန်း၏စကားကြောင့် စိတ်ဆိုးသွားသောလက္ခဏာ မတွေ့ရပေ။ ဝမ်းနည်းသွားသည့်ပုံစံတော့ ထွက်လာသည်။

“အင်း … အခု ကိုအောင်စည်ဟိန်း ယူဆထားတဲ့ စွပ်စွဲချက်မျိုးဟာ ကျွန်တော်တို့မောင်နှမအတွက်တော့ အဆန်းမဟုတ်တော့ပါဘူး ကိုအောင်စည်ဟိန်း … အောင်ကျော်ဇောအသတ်ခံရပြီးတဲ့နောက်ပိုင်းမှာ … လူတွေအားလုံးက အောင်ကျော်ဇောရဲ့ပစ္စည်းတွေကို အပိုင်စီးချင်လို့ … ကျွန်တော်တို့မောင်နှမကပဲ တစ်ဖက်လှည့်နဲ့ အကွက်ဆင်ပြီး သတ်လိုက်လို့ ထင်ကြေးပြောနေကြတာပဲ … ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



သူ့ ထင်ကြေးတွေထဲမှာ တရားဝင် ဘာအထောက်အထားမှ မရှိကြဘူး … ပြီးတော့ ကျွန်တော်တို့မောင်နှမကို ဖျောင်းဖျ ချွပ်ချွဲကြတာလည်း မဟုတ်ဘူး … ကွယ်ရာမှာ ထင်ကြေးတွေပြောတာပဲရှိတယ် … ဒါပေမဲ့ … အဲ … ဒီလို ထင်ကြေးတွေပြောနေကြတာကိုက ကျွန်တော်နဲ့ ကေသီမောင်နှမမှာ အင်မတန် စိတ်မကောင်းစရာ ဖြစ်နေရတယ် ကိုအောင်စည်ဟိန်း …"

"ဖုန်းဒိုင် ဒါနဲ့ ဦးသိဒ္ဓိ … ထင်ကြေးတို့ ထင်မြင်ချက်တို့ဆိုတာကို ဘယ်တရားရုံးကမှ အတည်ပြုလက်မခံကြပါဘူး"

"အင်းပေါ့လေ … ထားပါတော့ … ဒါထက် ကျွန်တော် မေးပါရစေ … အခု ကိုအောင်စည်ဟိန်း ဒီအမှုကို လိုက်နေတာ ဘယ်သူ့အတွက် ဆောင်ရွက်ပေးနေတာလဲ … ဘယ်သူက ကိုအောင်စည်ဟိန်းကို ငှားခဲ့တာလဲဗျာ …"

"ဘယ်သူကမှ မငှားခဲ့ပါဘူး … ကျွန်တော့်ဘာသာ ဝင်လိုက်တာပါ … ရဲအဖွဲ့ကိုလည်း ကူညီရာရောက်စေချင်တာရယ် ပြီးတော့ စန္ဒာမိုး အသတ်မခံရမီ မသေခင်အချိန်ကလေးမှာပဲ … ကျွန်တော့်ကို လာပတ်သက်ခဲ့တာကြောင့်ရယ် — ကျွန်တော့်စိတ်ထဲမှာ မရှင်းမလင်းဖြစ်နေတာနဲ့ ဝါသနာအရင်းခံပြီး ဒီအမှုကို ကိုယ့်ဟာကိုယ်လိုက်တာပဲ …"

အောင်စည်ဟိန်း၏အဖြေစကားကြောင့် ဦးသိဒ္ဓိ အားတက်ပုံရသည်။

"ဒါဆို … စန္ဒာမိုးအသတ်ခံရမှုကိုလိုက်ရင်းနဲ့ အောင်ကျော်ဇောရဲ့လူသတ်မှုပါ ပေါ်လာနိုင်စရာရှိတဲ့သဘောလားဗျာ"

www.burmeseclassic.com



"အဲဒါတွေဟာ တစ်ခုနဲ့တစ်ခု ဆက်စပ်လာတာတွေတော့ တွေ့နေရသလိုပဲ ဦးသိဒ္ဓိ … ဒါပေမဲ့ အခုအချိန်အထိတော့ တစ်ခုနဲ့တစ်ခု ဆက်သွယ်နေတယ်လို့ ထင်ရတာကလွဲပြီး တိတိကျကျတော့ ဘာမှမရသေးဘူး …"

"ဒါဆို … အောင်ကျော်ဇော အသတ်ခံရမှုကို ပေါ်အောင်ဖော်ထုတ်ပေးပါ … ကိုအောင်စည်ဟိန်း … အဲဒီအတွက် ကျွန်တော် ကိုအောင်စည်ဟိန်းကို ငွေကြေးနဲ့ငှားခွင့်ပြုပါ"

အောင်စည်ဟိန်း ပြုံးမိပြန်သည်။

ဤကိစ္စတွင် လှလွန်းဆွေကလည်း သူမအသက်ကို ကာကွယ်ပေးရန် ငွေကြေးနှင့် ငှားခဲ့ဖူးသည်။ သို့သော် အောင်စည်ဟိန်းက လှလွန်းဆွေ ငွေကြေးနှင့် ငှားရမ်းခြင်းကို လက်မခံခဲ့။ စန္ဒာမိုးက လာပတ်သက်ပြီး အသတ်ခံရသည့် ပဟေဠိကို သိချင်သောကြောင့် လိုက်ခဲ့ခြင်းဖြစ်သည်။

ယင်းသို့ အောင်စည်ဟိန်းကဖိလိုက်လေ၊ လူသတ်သမားက အစိုးရိမ်ကြီးစွာဖြင့် မိမိကိုပါ နှုတ်ပိတ်ရန် ကြံစည်လာလေမို့ ရှေ့သို့ဆက်တိုးလိုက်ခြင်းသာ ဖြစ်သည်။

ယခုတစ်ခါ မိမိက အကြေးမှုမခေါ်ဘဲ ဦးသိဒ္ဓိက မိမိတို့ငှားပါရစေဟု ဆိုလာသည့်အတွက် ပြုံးမိခြင်းဖြစ်သည်။

သို့သော် ဦးသိဒ္ဓိက ငွေနှစ်ထောင်ဖြင့်ငှားသည်ကို အောင်စည်ဟိန်း လက်ခံလိုက်ပေသည်။

"ငွေနှစ်ထောင်နဲ့ငှားတာတော့ ဟုတ်ပါပြီ … တကယ်လို့

www.burmeseclassic.com



ဒီအမှုမှာ အောင်ကျော်ဇောကို ဦးသိဒ္ဓိလုပ်ကြံလိုက်တာလို့ ပေါ်လာရင်ကောဗျာ …”

“ကျုပ် လုံးဝမဟုတ်ဘူး … ကျိမ်းကျိန်ပြောရဲတယ် …”

“ဒေါ်ကေသီဖြစ်နေရင်ကော …”

“ကေသီက သာပြီးတောင် မဖြစ်နိုင်သေးဘဲ ကိုအောင်စည်ဟိန်း … အောင်ကျော်ဇောသေပြီးမှ ကျုပ်တို့မှာ ပိုပြီး ချမ်းသာလာရတယ်ဆိုတာ ကျုပ်မငြင်းပါဘူး … ဒါပေမဲ့ ကျုပ်တို့မောင်နှမ အောင်ကျော်ဇော သေသွားပြီးမှ အရမ်း စိတ်ဆင်းရဲရတယ် … ကေသီဆို နေ့တိုင်းမျက်ရည်နဲ့မျက် ခွက်ပဲ … အဆိုးဆုံးကတော့ … တိုးကြောင်လေးက အိမ်ကို ကိုအောင်စည်ဟိန်းလိုက်လာပြီး ကေသီကို ပယ်ပယ်နယ် နယ် ပြောခဲ့တဲ့အချက်တွေကြောင့် ကေသီ အိပ်ရာထဲပစ်လဲ တဲ့အထိ ခံစားရတယ်၊ ဒါက ကိုအောင်စည်ဟိန်းက ထင် ကြေးကို ဗြောင်ဝင်ပြောတာနော်၊ အဲ ဘေးပတ်ဝန်းကျင်က ကျုပ်တို့ကို ဘေးမှာပြောတာတွေ ကျုပ်တို့ကို မလိုမလား ကြည့်တဲ့ဒဏ်တွေကလည်း ကေသီ့ခမျာ အများကြီးခံစား နိုင်စွမ်း မရှိတော့ဘူး … ဒါကြောင့် အောင်ကျော်ဇောကို ဘယ်သူက ဘာကြောင့်သတ်တယ်ဆိုတာအမြန်ပေါ်စေချင် နေတာပဲ၊ ကျုပ်တို့ကိုယ်တိုင်လည်း သိပ်သိချင်နေတယ်”

အောင်စည်ဟိန်းသည် ဦးကာလေးကို ခေါ်လိုက် သည်။ ပြီး ဦးသိဒ္ဓိကိုယ်တိုင် လက်မှတ်ထိုး အမှုငှားစာချုပ်ချုပ်ရန် ဦးကာလေးကို စေခိုင်းလိုက်သည်။



“ကဲ … ကျွန်တော်ဟာ ဦးသိဒ္ဓိငှားတဲ့ တရားဝင်စုံထောက် ဖြစ်သွားပြီ … ကျွန်တော်မေးသမျှ ဦးသိဒ္ဓိအမှန်အတိုင်းဖြေ ပါ …”

ဦးသိဒ္ဓိက ခေါင်းညိတ်သည်။

“ဒေါ်ကေသီဟာ သူ့ခင်ပွန်း ကိုကျော်ဇောအောင် အသတ် ခံရမှုမှာ လုံးဝမပတ်သက် ကင်းရှင်းပါတယ်လို့ ဘာဖြို့ ဦးသိဒ္ဓိ အာမခံရဲရတာလဲ …”

“ကျုပ်ညီမကေသီရဲ့ စိတ်နေသဘောထားနဲ့ အမူအကျင့် ကြောင့်ရယ်၊ ဘာမဆို အစ်ကိုဖြစ်တဲ့ ကျုပ်ကို အမှန်ဖွင့်ပြော တတ်တဲ့အကျင့်ရယ်ကြောင့် အာမခံရတာ …”

ဦးအောင်ကျော်ဇောမသေမီက ဦးအောင်ကျော် ဇောပိုင် သင်္ဘောတွေနဲ့ အင်းစိန်က ဆန်စက်ကို ဦးသိဒ္ဓိ ဘာမျှ ဝင်မလုပ်ဘဲ သူသေပြီးမှ ဘာလို့ အဲဒါတွေကို ဦးစီးပြီး လုပ်တိုင်တာ လဲ …”

“နဂိုကတည်းက ကျုပ် ဆင်းတောင့်ဆင်းရဲနဲ့ သူများ လက်ဝေခံ အလုပ် လုပ်စားတဲ့လူမှ မဟုတ်တာ … ကျုပ်ယောက်ဖ အောင်ကျော်ဇောဟာ ကျုပ်ထက်ပိုပြီး ချမ်းသာတယ်ဆိုတာ ကျုပ် မငြင်းဘူး … ကေသီနဲ့သူ လက်ထပ်ပြီး မကြာမီမှာပဲ သူ့လုပ်ငန်း တွေကိုပါ ကျုပ်ကိုဦးစီးပေးပါလို့ ပြောခဲ့တာတောင် ကျုပ်လက်မခံ ဘဲ ငြင်းခဲ့တာ … ကျုပ်မှာ ကျုပ်မိဘထားခဲ့တဲ့ တိုးကြောင်လေး က ဆန်စက်၊ မြေနဲ့ တိုက်အိမ်ရှိနေတာပဲ၊ ကျုပ်ကိုယ်တိုင်လုပ်တဲ့ မာနနဲ့ကိုယ်မို့ ကျုပ်ဟာကျုပ် အလုပ်ကိုပဲလုပ်တယ် … နောက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ကြောင်းရှိသေးတယ် ... အောင်ကျော်ဖောဟာ ညီမကေသီ ကိုယ်တိုင်က ချစ်သူတွေဖြစ်ပြီး လက်ထပ်တာကို ကျုပ်မလွဲသာလို့ လက်ပိုက်ကြည့်နေခဲ့ပေမဲ့ အောင်ကျော်ဖောလိုလူကို ကျုပ်ညီမ ကေသီနဲ့ သဘောမတူဘူး ... ဒီကောင် အောင်ကျော်ဖောဟာ မိန်းမပွေတတ်မှန်း ... သောက်စားတတ်မှန်း ... အစကတည်းက ယောက်ျားချင်း ကျွန်တော်ကြားသိနေတာပဲ ... ဒါပေမဲ့ သူ ကေသီ ကို တရားဝင် လူသိရှင်ကြားလက်ထပ်ယူတာပဲလေဆိုပြီး ကျုပ် ကြည့်နေလိုက်ရတာ ...”

ဤအချက်ကလည်း ... အောင်စည်ဟိန်းအတွက် စဉ်းစားစရာဖြစ်လာသည်။ အောင်ကျော်ဖောကဲ့သို့ လူတန်းစား အလွှာသည် ဤပုံဤနည်း ဖောက်ပြန်တတ်မှန်း အောင်စည်ဟိန်း အသိပင်၊ ပရိသတ်ရှေ့တွင် တရားဝင်ဇနီးမယားကြီးကို ပွဲထုတ်ပေး တတ်သော်လည်း ကွယ်ရာတွင် ကြုံသလို မိန်းမပွေတတ်သူများပါ ပေ။

“ဒေါ်ကေသီမှာ ရင်းနှီးတဲ့အမျိုးသားအပေါင်းအသင်းမျိုး ရှိပါ တယ်နော်၊ ဥပမာ–အောင်နိုင်ဝင်းလိုကောင်စားမျိုးလေးဆို ပါတော့ ...”

ဦးသိဒ္ဓိထိုင်ရာမှ ခါးကိုမတ်လိုက်သည်။ အောင်စည် ဟိန်း၏ မေးခွန်းကြောင့် ဦးသိဒ္ဓိမျက်နှာ အမ်းသွားသည်ကိုလည်း သတိထားလိုက်မိသည်။

“ဟိုနေ့က တိုးကြောင်လေးအိမ်ခြံကြီးထဲက ရေကူးကန်မှာ ဒေါ်ကေသီနဲ့အတူ အောင်နိုင်ဝင်းကို ကျွန်တော်တွေ့ခဲ့



တယ်၊ အသက်ငယ်ငယ် ကာယဗလတောင့်တောင့်တင်း တင်း လူငယ်တစ်ယောက်ပဲ ဦးသိဒ္ဓိ ...”

“ကျုပ်သိပါတယ် ...”

ဦးသိဒ္ဓိဖြေပုံမှာ အလိုမကျအသံပြတ်နှင့် ဖြေပုံမျိုး ဖြစ်နေသည်။

“ဦးသိဒ္ဓိက အောင်နိုင်ဝင်းကိုသဘောမတွေ့ဘူးထင်တယ်”

“သဘောမတွေ့တာအမှန်ပဲ ... ဒီကောင်လေး အောင်နိုင် ဝင်း ကေသီကို ချဉ်းကပ်နေတာဟာ ကေသီ့ဆီက ဖစ္စည်း ငွေကြေး ချူစားချင်လို့နေမှာပေါ့ ...”

“ဒါကို ဦးသိဒ္ဓိက ညီမကေသီကို သတိမပေးဘူးလားဗျာ”

ဦးသိဒ္ဓိ သက်ပြင်းချရင်း ပြန်ဖြေပေသည်။

“ကေသီ့ကို သတိပေးပါတယ် ... ဒါပေမဲ့ ကေသီက ကျုပ် စကား နားမထောင်ချင်ဘူး ... အင်းပေါ့လေ ... သူ့ဘဝမှာ ဒီလောက် ခြောက်သွေ့နေတော့လည်း ဒီလို သာယာမှု လေးတွေ အထိုက်အလျောက်တော့ ရှိနေမှာပေါ့လေ ...”

ပြောရင်း ဦးသိဒ္ဓိသည် တစ်ခုခုကို မှတ်မှတ်သား သား သတိရပုံစံဖြင့် လက်ဖျစ်တစ်ချက် ဖျောက်ခနဲတီးလိုက်သည်။

“ကျုပ် အခုပဲ ခေါင်းထဲမှာ တစ်ခုစဉ်းစားလိုက်မိတယ် ... အောင်ကျော်ဖောအသတ်ခံရတဲ့ကိစ္စဟာ အောင်နိုင်ဝင်းနဲ့ များ တစ်ခုခု ဆက်နွယ်နေမလားဝဲ၊ အခုမှပြောရင်း ဖျတ်ခနဲ တွေးမိတာပါ ... ကိုအောင်စည်ဟိန်း ... အောင်နိုင်ဝင်းနဲ့ ကျုပ်နဲ့ ဘာရန်ငြိုးရန်စမှလည်း မရှိပါဘူး ... နေပါဦး ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



ညီမ ကေသီဟာ အပျိုစင်လေးလည်းမဟုတ်တော့ပါဘူး။ မုဆိုးမ ဖြစ်ရုံမက သူ့ဘာဝကိုသူ ဖန်တီးခွင့်ရှိနေတဲ့အခြေ အနေရောက်နေပြီပဲဟာ ... "

"အောင်နိုင်ဝင်းနဲ့ ဒေါ်ကေသီဟာ ... အောင်ကျော်ဇော အသတ်မခံရမီကတည်းက တွဲနေကြသလား ဦးသိဒ္ဓိ"

"အေးဗျ ... ဒါပေမဲ့ ကျုပ်စိတ်ထဲမှာ ရိုးရိုးသားသား တွဲကြတာလို့ပဲ ထင်မိတယ် ... ဒီလိုလေဗျာ ... ဗိုလ်ချုပ်ဈေး နောက်ကလမ်းထဲမှာ မိန်းမလှကျွန်းဆိုတဲ့ အမျိုးသမီးအလှ ပြင်ဆိုင်တစ်ဆိုင်ရှိတယ် ... ကေသီတို့လိုအဆင့်က အမျိုး သမီးတွေဟာ အဲဒီအလှပြင်ဆိုင်ကို အသည်းစွဲ သွားပြင်နေလေ့ ရှိကြတယ် ... အဲဒီ မိန်းမလှကျွန်း အလှပြင်ဆိုင်ဟာ အောင် နိုင်ဝင်းဖွင့်ထားတဲ့ဆိုင်ပဲ ... အောင်နိုင်ဝင်းက အမျိုးသမီး အလှပြင်အတတ်ပညာကို ဂျပန်မှာ သွားသင်လာခဲ့ပြီး အဲဒီ ဆိုင်ဖွင့်တာပဲ ... "

ဦးသိဒ္ဓိစကားကို အောင်စည်ဟိန်းက အလေးအနက် စဉ်းစားသည်။ ဦးသိဒ္ဓိ ဘာဆက်ပြောဦးမည်ကိုလည်း နားစွင့်ထား သည်။

"ကေသီကို ကိုအောင်စည်ဟိန်းကိုယ်တိုင် မြင်ဖူးသားပဲဗျာ၊ ကေသီဟာ မိန်းမချော မိန်းမလှတစ်ယောက်ပါ ... ဒါပေမဲ့ ကေသီက အမြဲတစေ လှသည်ထက်ပိုလှချင်နေလေ့ရှိတယ်၊ တစ်နည်းတွေးကြည့်ပြန်တော့လည်း လင်ယောကျ်ားက အပယ်ခံထားရတဲ့ မိန်းမတွေရဲ့ထုံးစံအတိုင်း ကေသီဟာ



သူ့ယောကျ်ား သူ့ဆီပြန်စိတ်လည်လာဖို့အတွက် သူ့ကိုယ်သူ အစွမ်းကုန် အလှပြင်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့ဗျာ ... အဲဒီကစပြီး အောင်နိုင်ဝင်းရဲ့ မိန်းမလှကျွန်း အလှပြင်ဆိုင် ကို ကေသီအဝင်အထွက်တွေ လုပ်လာတာပဲ ... "

"ဒါဆို မေးရတာတော့ အားနာပါတယ် ... ဒါပေမဲ့ မေးရမှာ ပဲ ... ဒါဆို ဒေါ်ကေသီနဲ့ အောင်နိုင်ဝင်းဟာ ကိုအောင်ကျော် ဇောမသေမီကတည်းက မရိုးမသား ဆက်ဆံနေကြတာ လား ... "

ဦးသိဒ္ဓိက ဦးခေါင်းကို ဖြည်းလေးစွာ ခါပြသည်။

"ကေသီစိတ်ဓာတ် ... ဒီလောက်ယုတ်တဲ့ ဖောက်ပြန်မှုမျိုး တော့ မရှိလောက်ဘူးဗျ ... ဒါပေမဲ့ အောင်နိုင်ဝင်းအဖို့ ကတော့ ကေသီဟာ သူ့ယောကျ်ားရှိနေလို့သာ ငြိမ်းနေ တာပါ။ သူ့ယောကျ်ားမရှိတော့ရင် သူ့ကို လက်ခံမှာပဲလို့ တွက်ချင်လည်းတွက်မှာပေါ့ဗျာ ... "

ဦးသိဒ္ဓိနှင့် အောင်စည်ဟိန်း စကားတော့ ဆက် ပြောကြသေးသည်။

သို့သော် အမှုကိစ္စအတွက် အထောက်အကူပြုနိုင် သော စကားမျိုး ဦးသိဒ္ဓိထံမှ ထပ်မံထွက်မလာတော့ပေ။

တစ်ခဏ စကားဆက်ပြောကြပြီးနောက် ဦးသိဒ္ဓိအား နှုတ်ဆက်ပြန်သွားတော့သည်။

ဦးသိဒ္ဓိပြန်သွားမှ အောင်စည်ဟိန်းသည် ဦးသိဒ္ဓိ

www.burmeseclassic.com

www.burmeseclassic.com



ဦးတည်ချက်ထားပြီး ပြောသွားသောစကားများကို ပြန်လည်စဉ်းစား ဆန်းစစ်ကြည့်သည်။

ဦးသိဒ္ဓိကိုယ်တိုင်သော်လည်းကောင်း၊ သူ၏ညီမ ဒေါ်ကေသီသည်လည်းကောင်း၊ ကိုအောင်ကျော်ဇော အသတ်ခံသေဆုံးမှုတွင် ကင်းရှင်းသည်ဟု တွက်ဆနိုင်သည်။

သို့သော် ပတ်ဝန်းကျင်အားလုံးသည် သူတို့မောင်နှမအား အောင်ကျော်ဇော ကျန်ခဲ့သမျှ ဆက်ခံကြသူများဖြစ်နေသောကြောင့် သူတို့မောင်နှမသည်ပင်လျှင် အောင်ကျော်ဇောကို ဖြောင်လိုက်သလို အေးစကားတွေ ပြောကြသည်။ ဒါကို သံသယရှင်းသွားစေရန် လူသတ်သမားအစစ်အမှန်ကို ဖော်ထုတ်ပေးရန် ဦးသိဒ္ဓိက အောင်စည်ဟိန်းကို ငှားသည်။

ထိုသို့ပြောရင်းမှပင် ဦးသိဒ္ဓိသည် အောင်နိုင်ဝင်းဘက်သို့ လိမ္မာပါးနပ်စွာ မြားဦးလှည့်ပေးလိုက်သည်။ အောင်နိုင်ဝင်းသည် ဒေါ်ကေသီအား အနိုးကပ်နှူးနေသည်။ ဒေါ်ကေသီက ဒီလိုဖောက်ပြန်တတ်သော အမျိုးသမီးမဟုတ်သဖြင့် အောင်နိုင်ဝင်းကို လက်ခံခြင်းမရှိခဲ့။

အောင်နိုင်ဝင်းက အောင်ကျော်ဇောမရှိတော့လျှင် ဒေါ်ကေသီက သူ့ကို လက်ခံမည်ဟုတွက်ဆနိုင်သောကြောင်း ပြောသည်။ ယင်းအခြေအနေမှာပင် အောင်ကျော်ဇောသည် လူသတ်သမားလက်ချက်ဖြင့် သေခဲ့သည်။

အောင်နိုင်ဝင်းသည် ယခုအချိန်ထိ ဒေါ်ကေသီအား ကပ်၍နှူးဆဲဖြစ်သည်။



ဦးသိဒ္ဓိပြောပြချက်တို့မှာ ဒါပဲဖြစ်သည်။

ဦးသိဒ္ဓိသည် အောင်စည်ဟိန်းအား ရွှေသမင်အလိုက်မှားစေရန် လမ်းကြောင်းလိုက်ခြင်းပေလား။

သို့မဟုတ် ထောင်ချောက်တစ်ခုထဲကို မိမိတို့ရိုက်သွင်းခြင်းပေလား။

သို့မဟုတ် ဦးသိဒ္ဓိသည် သူမြင်သမျှ သူသိသမျှ သူတွေ့ကြုံသမျှကို ရိုးသားစွာ ထင်မြင်ချက်နှင့်တကွ တင်ပြခြင်းပေလား။

မည်သည်ပင်ဖြစ်စေ ...

အောင်စည်ဟိန်းသည် ဒိဗ္ဗစက္ခု ရနေသူမဟုတ်၊ ဝါသနာစုံထောက် သာမန်လူသားတစ်ဦးသာဖြစ်သည်။

မည်သည့်နေရာကဖြစ်စေ ရရှိသော သဲလွန်စနောက်သို့ ခြေရာကောက်လိုက်ရမည်သာ။

မိန်းမလှကျွန်းတွင် အောင်နိုင်ဝင်းနှင့် တွေ့ဆုံရပေဦးမည်သာ။

... ❀ ...

www.burmeseclassic.com

www.burmeseclassic.com



## ၂၀

မိန်းမလှကျွန်းဟု အမည်ပေးထားသည်နှင့် ကိုက်ညီလှပေသည်။

ဖွင့်ထားသောဆိုင်ကိုက တော်ရုံအကျည်းတန်သော အမျိုးသမီးလေးတွေကို လှသွားစေရန် ပြုပြင်ပေးသောဆိုင်မို့ ဆိုင်ထဲရှိ အမျိုးသမီးတွေလည်း လှနေသည်။ ဆိုင်ကလည်း အဖြင်အဆင် အမွှမ်းအမံဖြင့် လှနေသည်။

မိန်းမလှကျွန်းထဲသို့ အောင်စည်ဟိန်း ဝင်ရောက်လာခဲ့သည်။

အလှပြင်ဆဲ အမျိုးသမီးများ အလှပြင်ရန်အလှည့်စောင့်နေသော အမျိုးသမီးအလှတွေချည်း တွေ့ရပါ၏။

အောင်စည်ဟိန်းက ထိုအလှအပအမျိုးသမီးများကို ဂရုမထားနိုင်။ ဆိုင်ရှင်တာဝန်ခံ အမျိုးသမီးရှိရာ စားပွဲသို့ပင် တန်



တန်းမတ်မတ် ဝင်သွားသည်။ စားပွဲရှေ့တွင် မတ်တတ်ရပ်သည်။

ဆိုင်ရှင်အမျိုးသမီးက အောင်စည်ဟိန်းကို မော့ကြည့်သည်။

ဆိုင်ရှင်အမျိုးသမီးသည် ရုပ်ချော၊ ရုပ်လှသူဖြစ်သော်လည်း အမျိုးသမီးများထဲတွင် ခန္ဓာကိုယ် အထွားကျိုင်းဆုံးဟု ခေါ်ဆိုနိုင်သည်။

ဝတုတ်ခြိမ်ဟုတ်၊ အရပ်အမောင်းနှင့် ကိုယ်လုံးကိုယ်ထည် ထွားကျိုင်းခြင်းသာလျှင်ဖြစ်သည်။

"လူကြီးမင်းကို မြိုင်က ဘာအကူအညီပေးရမလဲရှင် … မြိုင်က ဒီမိန်းမလှကျွန်းဆိုင်ရဲ့ တာဝန်ခံပါ … "

"ဒီဆိုင်ရှင် ကိုအောင်နိုင်ဝင်းကို တွေ့ချင်လို့ပါ … "

မြိုင်ဆိုသည့်တာဝန်ခံအမျိုးသမီး၏မျက်နှာမှာ ညှို့သည်ကို ဖြီးဖြီး ကြိုဆိုသောအသွင်မှ ရုပ်ခြည်းတင်းမာသွားသည်။

"အခုလောလောဆယ်မှာတော့ သူမရှိပါဘူးရှင် … အပြင်ထွက်သွားပါတယ် … မြိုင်က သူမရှိတဲ့အချိန် တာဝန်ယူပေးထားရတာပါ … ကိုအောင်နိုင်ဝင်းကိုယ်စား မြိုင်က လူကြီးမင်းကို ဘာအကူအညီပေးရမလဲရှင် … "

"ကျွန်တော့်ကိစ္စက ကိုအောင်နိုင်ဝင်းနဲ့တွေ့မှ ဖြစ်မဲ့ကိစ္စပါ … ကိုအောင်နိုင်ဝင်းကို အခု ကျွန်တော် ဘယ်မှာတွေ့နိုင်မယ်ဆိုတာသာ ပြောပြပါလားဗျာ … "

"အဲဒါတော့ မြိုင်မသိပါဘူး … "

"ဒါဖြင့် … ဒီဆိုင်ကိုတော့ သူ ပြန်လာဦးမှာပေါ့နော် … "

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မိသေချာဘူးရှင် ... သူက မြိုင့်ကို ပြောသွားတယ်၊ သူ မြို့ပြင်သွားစရာရှိတယ်တဲ့ ... မြို့ပြင်ဆိုတော့ နယ်ဘက်ကို ထွက်သွားသလားပဲ ..."

အောင်စည်ဟိန်း သိလိုက်သည်။

ဤမြိုင်ဆိုသော အမျိုးသမီးသည် မဟုတ်မှန်သော မုသားစကားပြောနေခြင်းသာ ဖြစ်ရမည်။

"ဒါဆို ကျွန်တော်ကတော့ ကိုအောင်နိုင်ဝင်း ဒီကိုပြန်လာတဲ့ အထိ စောင့်ရမှာပဲ မမြိုင် ..."

"အဲဒီလိုတော့ မဖြစ်ဘူးပေါ့ရှင် ... ဒီဆိုင်က အမျိုးသမီးတွေ အလှပြင်တဲ့ဆိုင်ပဲ ... ဒီတော့ ရှင့်နာမည်နဲ့ လိပ်စာပေးခဲ့လေ ... ကိုအောင်နိုင်ဝင်းပြန်လာတာနဲ့ မြိုင်ပေးလိုက်ပါ့မယ် ..."

"အဲဒီလိုလည်း မဖြစ်ဘူးမမြိုင် ... ကျွန်တော်ကိုယ်တိုင် ကိုအောင်နိုင်ဝင်းနဲ့တွေ့ချင်တာ ..."

"ဒါဆို ကောင်းပြီလေ ... အပြင်ခန်းမှာတော့ အမျိုးသမီးတွေ အလှပြင်ရာမှာ အမျိုးသားတစ်ယောက်ရှိနေလို့ မဖြစ်နိုင်ဘူး ... ဒီဆိုင်ထဲမှာပဲ မြိုင်ရဲ့သီးသန့်အနားယူခန်းရှိတယ်၊ အဲဒီ သီးသန့်ခန်းကပဲ ရှင်စောင့်ပေါ့ ..."

"အဲဒါ မဆိုးပါဘူး ..."

"ဒါဆိုလာ ..."

မြိုင်ကပင် ထိုင်ရာမှထကာ အတွင်းဘက်သို့ ခေါ်ဆောင်သွားသည်။ အောင်စည်ဟိန်း နောက်မှလိုက်သွားသည်။



သီးသန့်ခန်းတံခါးဖွင့်ပေးသည်။ မြိုင်က တံခါးဝမှာပင်ရပ်နေသည်။

အောင်စည်ဟိန်းက မြိုင်ကိုကျော်ဖြတ်ပြီး သီးသန့်ခန်းထဲ ဝင်လိုက်သည်နှင့် ဒုတ်ခနဲ မိမိဦးခေါင်းကို နောက်မှ ပြင်းထန်စွာ အရိုက်ခံလိုက်ရသည်။

ဒီလို နောက်မှ အလစ်အရိုက်ခံရပြီဆိုမှတော့ ဘာခံနိုင်တော့မည်နည်း။ အောင်စည်ဟိန်း သတိမေ့လဲကျသွားပေတော့သည်။

မည်မျှကြာသွားသည်တော့မသိ၊ ဦးခေါင်းမှ တစ်စစ်စစ် နာကျင်မှုနှင့်အတူ အောင်စည်ဟိန်း သတိပြန်ရလာသည်။

မျက်လုံးဖွင့်ကြည့်လိုက်သည်။

လုံခြုံသော အခန်းတစ်ခုထဲမှ တစ်ယောက်အိပ်ခုတင် မွေ့ရာပေါ် အောင်စည်ဟိန်း ပက်လက်ဖြစ်နေသည်။ သူ၏ ခြေနှစ်ဖက်နှင့် လက်နှစ်ဖက်ကို သံခုတင်တွင် ကြိုးတုတ်ချီနှောင်ထားသည်။ ပါးစပ်အကျီ့ရုပ်အကျီ့ ဘောင်းဘီတွေနှင့် ရှူးဖိနပ်ကို ချွတ်ထားသည်။

အောင်စည်ဟိန်းမှာ အတွင်းခံစွပ်ကျယ်လက်ပြတ်၊ အတွင်းခံဘောင်းဘီတိုနှင့် ပက်လက်ကြီး မလှုပ်မရှားနိုင်ရှိနေသည်။

အောင်စည်ဟိန်းက သတိမေ့သွားအောင် နောက်မှ ရိုက်ခဲ့သော မြိုင်သည် ခုတင်ဘေးတွင် ကုလားထိုင်ဖြင့် ထိုင်နေသည်ကို တွေ့ရသည်။

မြိုင်သည် စီးကရက်သောက်ရင်း စောင့်ကြည့်နေခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်စည်ဟိန်း သတိပြန်ရ၍ မျက်စိဖွင့်ကြည့်သည်နှင့် မြိုင်သည် အောင်စည်ဟိန်း၏ခြေဖနောင့်တစ်ဖက်ကို ဘူမစ် စီးကရက်မီးနှင့်တို့လိုက်သည်။

"အား ..."

"ကဲ ... အခုတော့ရင် စကားပြောကြစို့ ... ရှင်ဘယ်သူလဲ ..."

"အောင်စည်ဟိန်း ..."

"မြိုင်သိပြီးသားပါ ... ရှင့်အကျီအိတ်ထဲက ကတ်ပြားတွေအားလုံး မြိုင် ကြည့်ပြီးသားပါ ... မြိုင် တကယ်သိချင်တာက ရှင့်ကို ဘယ်သူကလွှတ်လိုက်တာလဲ ... မောင်လေးအောင်နိုင်ဝင်းနောက်ကို ဘယ်သူတွေက သဲသဲမည်းမည်းလိုက်နေကြတာလဲ ... မောင်လေးအောင်နိုင်ဝင်းမှာ ဘာအပြစ်တွေကျူးလွန်ထားလို့လဲ ..."

"ကျုပ်ကို ဘယ်သူကမှ လွှတ်လိုက်တာမဟုတ်ဘူး ... အောင်နိုင်ဝင်းနောက်ကို ဘယ်သူတွေလိုက်နေတယ်ဆိုတာကိုလည်း ကျုပ်မသိဘူး ..."

"ရှင်ညာတာ ... မြိုင်က ကိုယ့်မောင်လေးရဲ့အကြောင်းကိုကောင်းကောင်းသိတာပေါ့ ... မောင်လေးအောင်နိုင်ဝင်းဟာ တစ်ခုခုကိုကြောက်နေတာ ကြာပြီ ... သူ့မိန်းမလှကျွန်း အလှပြင်ဆိုင်ဟာ တော်တော်အောင်မြင်နေတာတောင် သူ့ခမျာ ဆိုင်ကိုပြန်မကပ်လာရဲဘူး ... အမြဲရှောင်တိမ်းနေသလိုပဲ ... အဲဒီလို မောင်လေး ဘာလို့ဖြစ်နေတယ်ဆိုတာကို မြိုင်သိချင်တယ် ... မြိုင်က မောင်လေးအောင်နိုင်



ဝင်းရဲ့ အစ်မအရင်းခေါက်ခေါက်မို့ မောင်လေးအကြောင်း မြိုင်သိသင့်တယ် ..."

"ဒီမှာမမြိုင် ခင်ဗျားမောင်အကြောင်းကိုသိချင်ရင် ခင်ဗျားမောင်ကိုပဲမေးကြည့် ... ခင်ဗျား အခုလို ကျုပ်ကို သတိမေ့အောင်ရိုက် ... ကြိုးနဲ့တုတ်ထားတဲ့အတွက် ခင်ဗျားဟာ ကြီးမားတဲ့ ရာဇဝတ်မှုတစ်ခုကို ကျူးလွန်နေတယ်ဆိုတာကောသိရဲ့လား ... ခင်ဗျား ... နောက်မှ နောင်တရလိမ့်မယ် မမြိုင် ..."

မြိုင်က ကုလားထိုင်မှပြောင်းပြီး ခုတင်စွန်းတွင် တင်ပါးမှေးထိုင်လိုက်သည်။ သူမ၏ထွေးထွေးအိအိတင်ပါး၏ အထိအတွေ့ကို အောင်စည်ဟိန်း ခံစားလိုက်ရပါ၏။

"မြိုင်မောင်လေးက မြိုင်မေးတာကို မပြောဘူး ... အဲဒီတော့ ရှင်ကပဲပြောပြပေါ့ ... ရှင်မပြောမချင်း စီးကရက်မီးနဲ့ရှင့်ကို မြိုင်တို့မှာပဲ ... ဒီတစ်ခါတော့ အသားမာတဲ့ခြေဖနောင့်ကို မထိုးဘူး ... ရှင့်ကိုယ်အပေါ်ပိုင်းထိုးမယ် ... ကဲ ... မောင်လေးအကြောင်းပြော ..."

အောင်စည်ဟိန်းက မပြောပေ။

မြိုင်သည် စွပ်ကျယ်လက်ပြတ်မှ လွတ်နေသော လည်ပင်းအောက် ရင်ဘတ်ကိုထိုးရန် စီးကရက်မီးနှင့် ရွယ်လိုက်သည်။

ထိုစဉ်မှာပင် အခန်းတံခါးပွင့်လာသဖြင့် နှစ်ယောက်စလုံး တံခါးဆီသို့ လှမ်းကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်နိုင်ဝင်းဖြစ်ပေသည်။

အောင်နိုင်ဝင်းသည် အောင်စည်ဟိန်းနှင့်သူ၏အစ်မ ဖြစ်နေပုံကို မျက်မှောင်ကျုတ်ပြီး ကြည့်လိုက်သည်။

"ဘာတွေလုပ်နေတာလဲ မမမြိုင် ... "

မြိုင်သည် ထိုင်ရာမှ ဆတ်ခနဲထကာ သူ့မောင်လေး အောင်နိုင်ဝင်းကို မျက်နှာချင်းဆိုင်လိုက်သည်။

"မမမြိုင်ကတော့ မောင်လေးအတွက် စိတ်ပူပြီး လုပ်မိ ...လုပ်တာပဲ ... အခုလို မောင်လေးက မမမြိုင်ကိုပြော တော့ မမမြိုင် စိတ်မကောင်းဘူး ဝမ်းနည်းတယ် ... မောင် လေးကျိုးလန့်စာစားနဲ့ ဟိုရှောင်ဒီပုန်းလုပ်နေတာ မကြည့် ရက်လို့ အကျိုးအကြောင်းသိအောင် စုံစမ်းတာ ... "

မြိုင်သည် သူမ၏မောင်လေးအပေါ်တွင် အလွန် ကြင်နာတတ်သူဖြစ်စေကာမူ အောင်စည်ဟိန်းအဖို့တော့ မိန်းမ ကြမ်းကြီးဖြစ်သွားသည်။

"ကဲ ... မမမြိုင် ကျွန်တော့်အတွက် ဘာမှမပူနဲ့ ... မစိုးရိမ်နဲ့ တော့ ... ကျွန်တော့်ကိစ္စအားလုံး ပြီးသွားပြီ ... ကျွန်တော့် နောက်ကိုလိုက်ရန်ရှာနေတာက ဦးအလျောင်ကြီးရဲ့တပည့် လူမိုက်တွေပဲ ... အခု ဦးအလျောင်ကြီးနဲ့ကျွန်တော့်ကိစ္စ ပြေလည်သွားပြီ ... သူ့လူမိုက်တွေ ကျွန်တော့်ဆီ လာစရာ အကြောင်း ဘာမှမရှိတော့ဘူး ... ဦးအလျောင်ကို ပေးစရာ ရှိတဲ့အကြွေးတွေ ကျွန်တော်အားလုံးဆပ်ပြီးသွားပြီ ...

"ဝမ်းသာလိုက်တာမောင်လေးရယ် ... မင်းပြောတဲ့



ဦးအလျောင်တွေဘာတွေကိုတော့ မမမြိုင် ဘာမှမသိဘူး၊ မောင်လေးမှာ ဘာအန္တရာယ်မှမရှိတော့ဘူးဆိုတာကိုပဲ မမ မြိုင် အရမ်းဝမ်းသာတာ ... မင်းက ဟိုရှောင်ဒီပုန်းလုပ်နေ တော့ မင်းရဲ့ဆိုင်လုပ်ငန်းမှာလည်း လစ်ဟင်းတယ် ... ဆိုင် ကိစ္စတချို့ မမမြိုင် မဖြေရှင်းတတ်တာတွေအများကြီး ... "

"စိတ်ချပေတော့ ... အခုအချိန်ကစပြီး ကျွန်တော် ဆိုင်ပြန် ထိုင်တော့မှာ ... မမမြိုင် စိတ်အေးလက်အေး အနားယူ တော့ ... "

အောင်စည်ဟိန်းသည် ... မောင်နှမနှစ်ယောက် အကြင်နာပိုနေသည်ကိုတော့ စိတ်ထဲက သဘောကျပါ၏။

သို့သော် ... စိတ်တိုလာမိသည်။

"ဒီမှာဟေ့ ... မောင်ရင်တို့မောင်နှမ ပြီးမှဆက်အလွမ်းသယ် ကြကွာ ... ဒီမှာ ငါ့ကိုလည်း ကြည့်လုပ်ကြဦး ... "

"အို ... ဟုတ်ပါရဲ့ ... မြိုင် တကယ်တောင်းပန်ပါတယ် ကိုအောင်စည်ဟိန်း ... မြိုင့်စိတ်ထဲမှာ ... ရှင်ဟာလည်း ဟိုလူမိုက်တွေ"

"ကဲ ... မမမြိုင် အပြင်ဘက်ဆိုင်ခန်းကိုသွားပါတော့ ... ကိုအောင်စည်ဟိန်းကို ကြိုးတွေ ကျွန်တော်ဖြေပေးပြီး ပြော စရာတွေ ဆက်ပြောမလို့ ... "

မြိုင်က အခန်းထဲမှ ထွက်သွားသည်။

အောင်စည်ဟိန်း ကုတ်တွယ်ထားသမျှ ကြိုးတွေကို

www.burmeseclassic.com

www.burmeseclassic.com



အောင်နိုင်ဝင်းက ဖြေပေးသည်။ အောင်စည်ဟိန်းက ဘေးတွင် ပုံထားသော သူ့အကျီအောင်းဘီဖိနပ်တွေ ပြန်ဝတ်ပြန်စီးသည်။

"မမမြိုင်က ကိုအောင်စည်ဟိန်းကို ဆိုးဆိုးဝါးဝါးတွေ လုပ်ခဲ့လားဗျာ ..."

အောင်စည်ဟိန်းက ပခုံးတွန့်ပြသည်။

"သိပ်တော့ မဆိုးဝါးပါဘူး ... ခေါင်းကို သတိမေ့အောင် ရိုက်ရာ ခုတင်မှာ ကြိုးတုတ်ထားပြီး စီးကရက်မီးနဲ့ ထိုးတာ [illegible]ောက်ပါ ..."

"ကျွန်တော် ... လှိုက်လှိုက်လှဲလှဲတောင်းပန်ပါတယ် ... ကိုအောင်စည်ဟိန်း ... မမမြိုင်က တစ်ခါတလေ ကျွန်တော့်အတွက် အစိုးရိမ်ကြီးပြီး ဦးနှောက်မသုံးဘဲ ဖွတ်လုပ်လေ့ရှိလို့ပါ ..."

"ထားပါတော့ အောင်နိုင်ဝင်း ... တိုးကြောင်လေး ရေကူးကန်မှာ မောင်ရင့်ကို ကိုယ်က အလဲထိုးခဲ့ဖူးတာနဲ့ကျေရော လို့ပဲ သဘောထားလိုက်ပါတယ် ..."

"ဒီလိုသဘောမဟုတ်ပါဘူး ... တိုးကြောင်လေးမှာတုန်းက ကျွန်တော်ဟာ ကိုအောင်စည်ဟိန်းကို မယှဉ်နိုင်မှန်းသိလျက်သားနဲ့ မမကေသီရှေ့မှာ ကျွန်တော်က မာန်ဖီပြမိတာပါ ... မမကေသီက ကျွန်တော် မျက်နှာရအောင်လုပ်ပေးခဲ့သူမို့ပါ ... ကျွန်တော့်အခြေအနေက မမကေသီကိုအားကိုးရတော့မဲ့အခြေအနေမျိုးမို့ပါဗျာ ..."

"ဒါတွေထားပါတော့ကွာ ... ဒေါ်ကေသီနဲ့ မင်းကိုစွာ



မင်းတို့ ကိုယ်ရေးကိုယ်တာတွေပဲ ... ကဲ ... အခု မင်းမှာ ဘယ်လို ဦးအလျောင်ဆိုတဲ့လူနဲ့ပတ်သက်တဲ့ ဒုက္ခတွေ အန္တရာယ်တွေ တွေ့နေရလဲ ... ကိုယ့်ကိုပြောပြနိုင်မလား။ ကိုယ် မင်းကို တမင်လာတွေ့တာလည်း တချို့ကိစ္စတွေ မင်းဆီကသိချင်လို့ လာခဲ့တာ ..."

ဦးအလျောင်ဆိုသူကို အောင်စည်ဟိန်းသိဖို့လိုအပ်လာပေပြီ။ ရေနဂါးဟိုတယ်တွင် ဓော်မင်းနှင့်အမာဖြူ၏ အခန်းသို့ မိုးလေးနှင့်ဆင်ပေါက်ကို စေလွှတ်ပြီး မိုက်ဂုဏ်ပြစေသည်မှာလည်း ဦးအလျောင်ဟု အောင်စည်ဟိန်း သိထားခဲ့သည်။

ယခု အောင်နိုင်ဝင်းတစ်ယောက် ကိုယ့်ဆိုင်မှာပင် မနေရဲအောင် ရှောင်ပုန်းရသည်မှာလည်း ဦးအလျောင် လက်ချက်မှန်း သိရပြန်သည်။

ဦးအလျောင်သည် မည်သူနည်း။

အဘယ်အကြောင်းတွေကြောင့် လူမိုက်လောကတွင် တန်ခိုးရှင်ဖြစ်နေသနည်း။

"ဦးအလျောင်ဆိုတာ တကယ်ကတော့ ... လျောင်တိတ်တရုတ်ပုတ်တစ်ယောက်ပဲ ကိုအောင်စည်ဟိန်း ... သူက သူ့ကို ဦးအလျောင်လို့ခေါ်မှ သဘောကျလို့ သူ့ကို သူ့တပည့်တွေက ဆရာကြီးဦးအလျောင်လို့ခေါ်နေကြတာ ... အဲဒီလျောင်တိတ်ဆီက ကျွန်တော်က ငွေချေးယူမိတယ် ... ကစားဝိုင်းမှာပေါ့ ... ကျွန်တော်က ကျွန်တော့် မိန်းမလှကျွန်း အလှပြင်ဆိုင်ကို ဒီထက်အများကြီး ပိုပြီး ခဲ့ချင်ချင်

www.burmeseclassic.com



တယ် … ဒါပေမဲ့ ကျွန်တော့်မှာ ငွေကြေးမပြေလည်ဘူး … ဒါကြောင့် တရက်ပုတ် လျှောင်တိတ်ရဲ့ကစားဝိုင်းမှာ နိုင်လို့ နိုင်ငြား လျှောင်တိတ်ဆီက ငွေချေးပြီး ကစားမိတယ် … ရှုံးတယ်ဗျာ … အဲဒီမှာ လျှောင်တိတ်ရဲ့အကြွေး ကျွန်တော် ပေါ်တင်ပြီး ကြွေးပြန်မဆပ်လို့ သူ့လူမိုက်တွေနဲ့ ကျွန်တော့်ကို လိုက်ရှာနေတာ … ”

လျှောင်တိတ်ဆိုသည်မှာ ဒုစရိုက်လောကတွင် … နာမည်ထွက်မြီးမို့ အောင်စည်ဟိန်းကြားဖူးထားသည်။

သို့သော် အောင်စည်ဟိန်းနှင့် လျှောင်တိတ်တို့ ပတ်သက်မှု၊ တိုက်ဆိုင်မှု တစ်ခါမျှ မရှိခဲ့ဘူးသောကြောင့် အောင်စည်ဟိန်း ဦးနှောက်ထဲ မှတ်မှတ်သားသား ရှိမထားခြင်းဖြစ်ရသည်။ ပြီး လျှောင်တိတ်ဆိုသည်မှာ ယခုအောင်နိုင်ဝင်းပြောမှ အမည်ကို ပြန်ဟပ်မိခြင်းဖြစ်သည်။ များသောအားဖြင့် သူ့အား ဦးအလျှောင်ဟု ခေါ်ခြင်းကြောင့်လည်း အောင်စည်ဟိန်း မသိကျိုးကျွံဖြစ်နေပုံရသည်။

ယခု အောင်နိုင်ဝင်းက သူ၏အဖြစ်အပျက်ကိုပြောပြမှ ဇော်မင်းလည်း လျှောင်တိတ်ထံမှ ငွေချေးပြီး ပြန်မဆပ်နိုင်သောကြောင့် ဆင်ပေါက်နှင့်မိုးလေးဖျို့စေလွှတ်ပြီး သတိပေးခြင်းများကို ဆက်စပ်မိတော့သည်။

“လျှောင်တိတ်လိုကောင်ဆီကမှ မောင်ရင်က ငွေချေး ကစားတာကိုး … မှတ်ထား … လျှောင်တိတ်ဆီက ငွေချေး ကစားသူတိုင်းဟာ လျှောင်တိတ်ကစားဝိုင်းမှာပဲ ပြန်ရှုံးခဲ့မှာ



ချည်းပဲ … သူက ငွေချေးတဲ့အပေါ်မှာ အတိုးလည်းယူသေး တယ် … သူ့ဝိုင်းမှာပြန်ပြီး ချေးငွေအားလုံးကိုလည်း အမြန် ယူတယ် … သိပ်ယုတ်မာတဲ့ကောင်ကြီး … ”

“မှားသွားတယ်ပေါ့ ကိုအောင်စည်ဟိန်း … ကစားဝိုင်းမှာ က ငွေစက္ကူတွေ အဖွေးလိုက် အထပ်လိုက်မြင်တွေ့ရတော့ ကိုယ်ဝင်ကစားပြီး ဒီငွေတွေ အနိုင်ရရင်ဆိုတဲ့ စိတ်ကူးဖြစ်မိ တဲ့အမှားပေါ့ … ဪ … ဒါထက် ကိုအောင်စည်ဟိန်း ကျွန်တော့်ဆီ တမင်လာခဲ့တဲ့ကိစ္စကရော ဘာများလဲဗျာ”

“ဒေါ်ကေသီ့အကြောင်း နည်းနည်းမေးချင်လို့ပါ … ဒေါ်ကေ သီနဲ့အောင်နိုင်ဝင်းက ခင်မင်ကြတယ်မဟုတ်လား … ကိုယ် သိချင်တာက ဒေါ်ကေသီဟာ သူ့ယောက်ျား ကိုအောင် ကျော်ဇောဟာ စန္ဒာမိုးဆိုတဲ့ အမျိုးသမီးတစ်ယောက်နဲ့ ငြိ နေတာကို မသိဘူးလား … ”

“ဦးအောင်ကျော်ဇောဟာ မိန်းမကိစ္စပွေမှန်းတော့ မမ ကေသီသိထားပါတယ် … ဒါပေမဲ့ ဘယ်သူဘယ်ဝါနဲ့ငြိနေ မှန်း တိတိကျကျတော့ သိပုံမရဘူး … ”

“မောင်ရင့်မမကေသီက မောင်ရင့်ကိုရော လက်ထပ်မယ်လို့ မောင်ရင် မျှော်လင့်သလား … ”

အောင်နိုင်ဝင်း ခေါင်းခါပြသည်။

“မမကေသီက ကျွန်တော့်လိုကောင်ကို ဘယ်လက်ထပ် မလဲဗျာ … ကျွန်တော်ကလည်း မမကေသီ ကျွန်တော့်ကို လက်ထပ်တဲ့အထိလည်း မမျှော်လင့်ခဲ့ပါဘူး … ”

www.burmeseclassic.com

"ကဲ ... ဒါဆို နောက်တစ်ခုပဲပြောပါတော့ အောင်နိုင်ဝင်း၊ လျှောင်ရွှိတ် အခု ဘယ်မှာရှိနေလဲ ..."

"ဦးအောင်စည်ဟိန်း သူ့ဆီသွားမလို့လား ..."

"လမ်းကြုံမှပါ ..."

"လျှောင်တိတ်လို တရုတ်ပုတ်ကောင်စားနဲ့ တွေ့ချင်စမ်းပါနဲ့ ကိုအောင်စည်ဟိန်းရာ ... တော်ကြာ ကိုယ့်သချိုင်း ကိုယ်တူးသလို ဖြစ်သွားပါ့မယ် ..."

သို့သော် ...

အောင်နိုင်ဝင်းက ဦးအလျှောင်ခေါ် လျှောင်တိုတ် ယခုလက်ရှိစတည်းချနေသော နေရပ်လိပ်စာကို တိတိကျကျပင် အောင်စည်ဟိန်းအား ပေးလိုက်သည်။

... ❀ ...



## ၂၂

လျှောင်တိတ်၏လိပ်စာမှာ မော်တင်လမ်းထဲတွင်ရှိသော အတော်ပင်ခမ်းနားသည့် မော်တော်ကားဝပ်ရှော့တစ်ခု ဖြစ်ပေသည်။

အောင်နိုင်ဝင်း၏ ပြောပြချက်အရ လျှောင်တိတ်သည် တစ်ပတ်ရစ်ကားများကို အောက်ဈေးနှိုက်ဝယ်ယူကာ ၎င်းမော်တင်လမ်းဝပ်ရှော့တွင် သူ့မက္ကင်းနစ်များ သုံးလေးယောက်ဖြင့် ပြန်လည်ပြုပြင်ပြီး အမြတ်ကြီးစွာဖြင့် ပြန်ရောင်းသည်။

မက္ကင်းနစ်သုံးယောက်သာ စက်ပိုင်းဆိုင်ရာ ပြုပြင်ဖို့ခေါ်ထားပြီး ဘော်ဒီပြင် ဆေးသုတ်များကို ဘော်ဒီရုံသို့ပို့ပြီး ကားသစ်အသွင် ဖန်တီးသည်။

ထို့ကြောင့် ယခုလို နံနက်ပိုင်းတွင် မက္ကင်းနစ်များမရောက်သေး၊ လူရှင်းနေတတ်သည်။ သူ၏ ကျိတ်ပိုင်းလောင်းကစားပိုင်းကလည်း နံနက်စာစားသောက်ပြီး နေ့ခင်းမှသာ ထိုမော်

www.burmeseclassic.com



တင်လမ်း ဝပ်ရှော့အပေါ်ထပ်တွင် လုပ်သည်ဆိုသည့်အချက်များ သိထားသည်။

အောင်စည်ဟိန်းတို့ အထဲသို့မဝင်သေးမီ အပြင်လမ်းပေါ်မှ သေချာအကဲခတ်ကြည့်ရှုသေးသည်။

စိတ်ချသေချာမှ အဆောက်အဦထဲသို့ အောင်စည်ဟိန်းဝင်ခဲ့သည်။

အဝင်ဝမှာပင် စာရေးခန်းလား၊ မန်နေဂျာခန်းလား တော့မသိ၊ ရှေ့တွင် မှန်ထုကာထားပြီး အခန်းထဲတွင် လူတစ်ယောက်ထိုင်နေသည်ကိုတွေ့ရသည်။ ကာထားသော မှန်ထု၏ အောက်ခြေတွင် 'ဂ'ငယ်သဏ္ဍာန် ဆက်သွယ်ရေးအပေါက် ဖောက်ထားသည်။ ထိုအပေါက်မှ စကားပြောခြင်း ငွေပေးချေခြင်း စာရွက်စာတမ်းများပေးယူခြင်း ပြုလုပ်ရသည်။

"ဦးအလျောင်နဲ့တွေ့ချင်လို့ပါ ... "

"နာမည်ကိုပြော ... "

"ကိုဇော်မင်းက ငွေအပို့ခိုင်းလိုက်တဲ့လူလို့ ပြောပေးပါ"

အတွင်းမှလူသည် စားပွဲမှ တယ်လီဖုန်းကောက်ကိုင်လိုက်သည်။ အလွန်တိုးသော အသံဖြင့်ပြောသောကြောင့် အောင်စည်ဟိန်း မကြားရပေ။ တယ်လီဖုန်းပြန်ချထားလိုက်သည်။

"အဲဒီ အောက်ထပ်တည့်တည့်အတိုင်းလျှောက်သွားရင် လှေကားတစ်ခုတွေ့မယ် ... လှေကားအတိုင်းတက်သွား။ လှေကားထိပ်မှာ ခင်ဗျားကို ကြိုတဲ့လူစောင့်နေမယ်တဲ့"

လမ်းညွှန်လိုက်သည့်အတိုင်း အောင်စည်ဟိန်း



သည် လျှောက်လာခဲ့သည်။ ဘေးတစ်ဖက်စီတွင် မော်တော်ကားမျိုးစုံထားရှိသည်ကို တွေ့ရသည်။ အားနည်းသော မီးလုံးတစ်လုံး၏ အလင်းရောင်သာရှိပြီး ဓာတ်ဆီ၊ စက်ဆီနံ့တွေ လှောင်နေသည်။

လှေကားကိုတွေ့ရသဖြင့် လှေကားအတိုင်းတက်လာခဲ့သည်။

လှေကားထိပ်တွင် အောင်စည်ဟိန်းအား ကြိုဆိုသူကိုတွေ့ရသည်။

တခြားလူမဟုတ်၊ ဂျပု ဂင်တို မိုးလေးတို့ပင်ဖြစ်နေတော့သည်။

"ဩ ... ကိုဇော်မင်းအခန်းမှာတွေ့ခဲ့ဖူးတဲ့ ခင်ဗျားကိုး ... "

"ငါကလည်း မင်းကိုမှတ်မိပါတယ် မိုးလေး ... မင်းက အရွယ်နဲ့မလိုက်အောင် သေနတ်ကိုင်ကျွမ်းကျင် သွက်လက်တဲ့လူမျိုးပဲကွာ ... ငါ မမှတ်မိဘဲရှိမလား ... "

မိုးလေးသည် သဘောကျစွာ ဟဲခနဲရယ်လိုက်သည်။ ဒီလိုကောင်စားမျိုးသည် အမြှောက်ကြိုက်တတ်သည် မဟုတ်လား။

"အေးဗျာ ... ကျုပ်တို့လက်ချက်ကြောင့် ကိုဇော်မင်းက ချက်ချင်းအကြွေးလာဆပ်ခိုင်းတာကို ကိုဆင်ပေါက်ကြီးသိရင်လည်း ဝမ်းသာမှာပဲ ... "

"ဟာ ... ကိုဇော်မင်း တော်တော်ဖြုံသွားရာတယ်ကွ ... ချက်ချင်းငွေရှာပြီး ငါ့ကို ကြွေးသွားဆပ်ပေးပါလို့ ခိုင်းတော့တာပဲ မိုးလေး ... နောက်ထပ်ပြီး နောက်တချီ မင်းတို့နဲ့ ရင်ဆိုင်ရမှာ ကိုဇော်မင်း သိပ်ကြောက်သွားပုံပဲကွ ... ဒါ

www.burmeseclassic.com

www.burmeseclassic.com



ထက် ဆင်ပေါက်ကြီးရောကွာ ... ”

“ဘရန်ဒီနဲ့ ဘဲကင်သွားဝယ်တယ်ဗျ ... ဆရာကြီးမနက်စာစားဖို့ ... ဒါထက် ကိုဇော်မင်းက ဘာလို့ကိုယ်တိုင်ကြွေးလာမဆပ်တာလဲ ... ”

“ဘယ်လာနိုင်မလဲကွာ ... မင်းတို့ရွာထားတာ မြွေမြွေလေးကျန်ခဲ့တာ ... ငွေကိုတော့ သူ့အဆက်အမာဖြူကို သွားရှာခိုင်းရတာ ... ”

မိုးလေးက ပို၍သဘောကျစွာ ရယ်ပြန်သည်။ ပြီးမှ “လာဗျို့ ... သွားစို့ ... ဦးအလျောင်စောင့်နေတယ် ... ” ဟုပြောရင်း မိုးလေးက ရှေ့မှလမ်းပြခေါ်ဆောင်သည်။

အောင်စည်ဟိန်း လျှပ်တစ်ပြက် လှုပ်ရှားလိုက်တော့သည်။ သူ၏ဘေးစလွယ်မှ သေနတ်ကို ဆွဲထုတ်ယူကာ အပြားလိုက် လက်ဝါးတွင်ကပ်ပြီး ရှေ့မှ ပုကွကွ မိုးလေး၏ ဦးခေါင်းကို လိုအပ်သည့်လက်ဆအတိုင်း ရိုက်ချလိုက်သည်။

သေနတ်ပြားသံနှင့် မိုးလေး၏ဦးခေါင်း ထိတွေ့သံမှာ ခွပ်ခနဲ အုန်းသီးခွဲသံလောက်သာ ထွက်လာသည်။

မိုးလေးအဖို့ကား မဟာပထဝီမြေကြီး ချာလပတ်ရမ်းသွားသည်။ စကြာဝဠာတစ်ခုလုံး ဂျင်လိုလည်ပတ်ခြင်းမျိုးဖြင့် ပုံလဲကျ သတိမေ့သွားတော့သည်။ သွေးမထွက်၊ ခေါင်းမကွဲ၊သို့သော် ဆရာဝန်နှင့်မတွေ့လျှင် အနည်းဆုံး နှစ်နာရီလောက် သတိမေ့နေမည်သာ။



မိုးလေးတစ်ကိုယ်လုံးကို အောင်စည်ဟိန်းရှာကြည့်သည်။ လူပုသလောက်သေနတ်ကြီးကိုင်သော သူ့ခါးကြားမှ ဖော်တီဖိုက်သေနတ်ကို ယူသိမ်းလိုက်သည်။ ယိုးဒယားလုပ် အော်တိုမစ်တစ် မောင်းပြန်ဓားလည်း တွေ့ရသည်။

တကယ်တော့ ဤပိုင်နက်သည် မိုးလေးတို့အုပ်စုလိုက်ရှိသော ပိုင်နက်ဖြစ်သောကြောင့် မိုးလေးက အောင်စည်ဟိန်းကို မမှုဘဲ တကယ်ပင် ကိုဇော်မင်းကြွေးဆပ်ခိုင်းသည်ဟု ယူဆပေါ့ဆသောကြောင့် ခံလိုက်ရခြင်းဖြစ်ပါ၏။

အောင်စည်ဟိန်းက မိုးလေးကို ပခုံးတွင်ထမ်းလိုက်သည်။ သေနတ်ကြီးကြီးကိုမှကိုင်သော မိုးလေး၏ခန္ဓာကိုယ်မှာ ဏလေးသာသာမျှသာရှိသည်။ ပေါင်ချိန်တစ်ရာလောက်သာရှိမည်။

မိုးလေးကိုရော ဖော်တီဖိုက်သေနတ်နှင့် မောင်းပြန်ဓားကိုရော တံခါးဖွင့်ထားသော ဖြူကားဟောင်းကြီးထဲသို့ ပစ်သွင်းထားလိုက်သည်။

အောင်စည်ဟိန်း ဆက်လျှောက်လာရာ သားနားသောအခန်းတစ်ခန်းရှေ့တွင် ရပ်လိုက်သည်။

သားနားလှသောအခန်းမို့ ... ဦးအလျောင်ခေါ်လျောင်တိတ် တရုတ်ဗုတ်အခန်းမှန်း သိသာသည်။

လျောင်တိတ်ခေါင်းဆောင်တွင် ကိုယ်ရံတော်လူယုံဆင်ပေါက်က အပြင်သွားနေသည်။ ယခု မိုးလေးက သတိမေ့နေသည်။

အောင်စည်ဟိန်းသည် သူ၏သေနတ်ကို အသင့်ချိန်

www.burmeseclassic.com



ကာ အခန်းတံခါးကို တွန်းလှည့်ဖွင့်လိုက်သည်။

အခန်းထဲဝယ် ဦးအလျောင်တစ်ယောက်တည်းရှိနေပါ၏။ စားပွဲတစ်လုံးတွင် ထိုင်နေသည်။ အနောက်တိုင်းဝတ်စုံ အပေါ်ဖြူ အောက်ဖြူကို စမတ်ကျကျသားနားစွာ ဝတ်ထားသည်။

လျောင်တိတ်သည် ဝပြီး မိုက်ရွဲသောရုပ်ရှိသည်။ စားပွဲတွင် အေးဆေးစွာထိုင်ရင်း စာအိတ်ဖောက် စက္ကူဖြတ်ဓား သေးသေးလေးကိုကိုင်ကာ အပျင်းပြေလှည့်ပတ်နေသည်။

အောင်စည်ဟိန်းက တံခါးကို ကျောနှင့်ကပ်ဖိ ပြန်ပိတ်လိုက်သည်။

"ဘယ်လိုလဲ လျောင်တိတ် ... တစ်ယောက်တည်းပျင်းနေသလား ..."

သေနတ်နှင့်ချိန်ပြီး မေးမြန်းလိုက်သော အောင်စည်ဟိန်းအား လျောင်တိတ်သည် အလွန်အံ့ဩစွာ လှမ်းကြည့်လိုက်သည်။

လျောင်တိတ်သည် အခြေအနေကို ချက်ချင်းရိပ်မိကာ မျက်နှာမှာ အေးစက်မာကျောတင်းမာသောအသွင်ဆောင်သွားသည်။

လျောင်တိတ်သည် ပါးနပ်သူဖြစ်သည်။ သူ့ဘောင်းအားကိုးရမည့် တပည့်လူမိုက်မရှိ။ ထို့ကြောင့် သူ့ ဘာလက်နက်မှ မကိုင်ကြောင်း သိသာစေရန် စာအိပ်စက္ကူဖောက်ဓားကိုပင် ဘေးသို့ တွန်းဖယ်ပြလိုက်သည်။

"ကျုပ်ကို ဘယ်သူကမဆို ဦးအလျောင်လို့ပဲခေါ်ကြတယ်



ခင်ဗျားတစ်ယောက်ပဲ လျောင်တိတ်လို့ခေါ်ရဲတဲ့လူကို တွေ့ဖူးသေးတယ် ... ကဲ ... ခင်ဗျားက လူစွမ်းကောင်းကြီးပဲ ... ခင်ဗျား ဘယ်သူ ဘာကိစ္စဆိုတာ ပြောပါဦး ..."

"အောင်စည်ဟိန်းတဲ့ လျောင်တိတ် ... သွင်းကုန်ထုတ်ကုန် အေဂျင့်အလုပ်ပါ ... အဲ ... ဝါသနာပါလို့ စုံထောက်အလုပ်လေးဘာလေး တစ်ခါတလေ လုပ်တယ်ပေါ့ဗျာ ..."

"နာမည်ကြီးပဲ ... ကျုပ်ကြားဖူးနေတာကြာပြီပဲ ... ဒါပေမဲ့ အောက်ထပ်က စာရေးကိုတော့ ... အောင်စည်ဟိန်းလို့ မပြောခဲ့ဘူးနော် ... မင်းဇော်လို့ ပြောခဲ့တယ် ..."

"ဇော်မင်းက လွှတ်လိုက်တဲ့ လူလို့သာ ကျုပ်ပြောခဲ့တာ"

"ဇော်မင်းလိုကောင်ရဲ့ ကိုယ်စားလှယ်အဖြစ်နဲ့တော့ ခင်ဗျားလိုလူက ကျုပ်ဆီလာမှာမဟုတ်ပါဘူး ... တကယ်လို့ ကျုပ်ကို တွေ့ချင်တာကြောင့် လာတာသက်သက်ဆိုရင်တော့ ကိုအောင်စည်ဟိန်း လာပုံလာနည်းလွဲမှားနေပြီ ..."

"လေလုံးမိုးလုံးတွေ ... သိပ်ထွားမနေနဲ့လျောင်တိတ် ... တခြားလူတွေကိုသာ ခင်ဗျား ဒီလိုလေလုံးထွားလို့ရချင်ရမယ် ... အောင်စည်ဟိန်းဆိုတဲ့ ကျုပ်ကိုတော့ ခင်ဗျား မရဘူးမှတ် ... ကဲ ... ခင်ဗျားထိုင်ရာကထပြီး စားပွဲရှေ့ကိုပတ်လာခဲ့ ... ဒါ ကျုပ်အမိန့်ပေးတာပဲ လျောင်တိတ် ..."

"ခင်ဗျားတော့ ... အင်မတန် ကြီးမားတဲ့အမှားကြီးကို ကျူးလွန်လိုက်ပြီပဲ ကိုအောင်စည်ဟိန်း ... ဒါပေမဲ့ ...

www.burmeseclassic.com

www.burmeseclassic.com

ခင်ဗျားလက်ထဲမှာ သေနတ်ရှိနေတော့ ကျုပ်က အမိန့်ကို နာခံရမှာပေ့ါလေ ...”

ပြောရင်းပင် လျှောင်တိုတ်သည် စားပွဲပတ်ကာ အောင်စည်ဟိန်းရှေ့တွင် လာရပ်သည်။

အောင်စည်ဟိန်းက လျှောင်တိုတ်တစ်ကိုယ်လုံးကို စစ်ဆေးသည်။ လျှောင်တိုတ်တွင် သေနတ်ဆောင်မထားကြောင်း သေချာသွားသည်။ အောင်စည်ဟိန်းက သူ့ သေနတ်ကို စလွယ်အိတ်ထဲ ပြန်ထည့်ထားလိုက်သည်။

“ခင်ဗျားဆီက ဇော်မင်း ငွေဘယ်လောက်ချေးခဲ့လဲ ...”

လျှောင်တိုတ်က မဖြေပေ။ အောင်စည်ဟိန်းကိုသာ စိုက်ကြည့်နေသည်။ ကြည့်ပုံမှာ မင်းလိုကောင်ကို ငါဂရုစိုက်ဖြေနေစရာလားဆိုသည့် အဓိပ္ပာယ်သက်ရောက်နေသည်။

“ကျုပ် မေးနေတာယ်နော် လျှောင်တိုတ် ...”

“မင်းဟာ ... မိုက်မဲလို့ ကျော်ကြားတာပဲ အောင်စည်ဟိန်း။ ဉာဏ်ရှိလို့ ကျော်ကြားတာမဖြစ်နိုင်ဘူး ... မင်းဟာ အခု ငါ့ပိုင်နက် ... ငါ့အခန်းထဲရောက်နေတယ် ... ငါ အချက်ပေးလိုက်တာနဲ့ ...”

“ပေးလိုက်လေ ... ပေးချင်တဲ့အချက်ပေးလိုက် ... ခင်ဗျား ဘော်ဒီဂတ် ဆင်ပေါက်က ... အပြင်မှာ ဘဲကင်နဲ့အရက် သွားဝယ်နေတယ် ... မိုးလေးကတော့ နောက်တစ်နာရီ အတွင်းထိပြန်ရဖို့ မလွယ်ဘူး ... ဒီအခန်းကို ကျုပ်အထဲက



ဂျက်ချထားတယ် ... ကဲ ... ခင်ဗျား အချက်ပေးချင်သလို ပေးတော့ ...”

“ငါ မင်းနဲ့ ဘာမှပြောစရာမလိုဘူး ... ဇော်မင်းကိစ္စဇော်မင်းနဲ့ပဲပြောမယ် ...”

အောင်စည်ဟိန်း စိတ်မရှည်တော့ဘဲ လျှောင်တိုတ်၏မျက်နှာမှ ပါးနှစ်ဖက်ကို ဘယ်ပြန်ညာပြန် ရိုက်ပစ်လိုက်သည်။

လျှောင်တိုတ်မှ လဒကြီးဝဲသလို ပတ်လည်သွားပြီး စားပွဲကိုကျော၍လျက်သား ထိုင်လဲကျသွားသည်။

သူ့တစ်သက်နှင့်တစ်ကိုယ် ဒီလိုခံရသည်မှာ ပထမဆုံးအကြိမ်ဖြစ်သောကြောင့် ပါးစပ်ကြီးဟကာ အောင်စည်ဟိန်းကို အံ့ဩစွာကြည့်နေစဉ်မှာပင် အောင်စည်ဟိန်းသည် လက်လွှဲပြီး မျက်နှာကို ထပ်ရိုက်လိုက်ပြန်သည်။ ပြီး လျှောင်တိုတ်လည်ပင်းမှ နက်ကတိုင်စကိုဆွဲယူပြီး မတ်တတ်ရပ်စေသည်။ ဗိုက်ရွှဲကြီးကို ဒူးနှင့် တိုက်ပစ်လိုက်သည်။ လျှောင်တိုတ်ပါးစပ်မှ အင့်ခနဲတွေ အွန့်ခနဲတွေ ဆက်တိုက်ထွက်လာတော့သည်။ ပြီး တအီးအီးနှင့် ညည်းညူနေတော့သည်။

“ကဲ ... ကဲ ကျုပ်မေးတာပြော ... ဇော်မင်း ခင်ဗျားဆီက ငွေဘယ်လောက်ယူထားလဲ ...”

“ဟွတ် ... ဟွတ် ... လေးသောင်း ...”

စောစောက မထီမဲ့မြင်မျက်နှာမျိုး လျှောင်တိုတ်မျက်နှာတွင် မတွေ့ရပါလေတော့ အရည်ပျော်သွားသလားမှတ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



လျှောင်တိတ်သည် အစ်နေသော သူ့လည်ပင်းမှ နက်ကတိုင်ကို အထုံးဖြေကာ ရှပ်အင်္ကျီလည်ပင်းကြယ်သီးဖြုတ်ပြီး အသက်ဝအောင်ရှူကာ ကုလားထိုင်တွင် မရဲတရဲပြန်ထိုင်သည်။

ကြမ်းပြီဆိုလျှင် တကယ်ကြမ်းသော အောင်စည်ဟိန်းအား လျှောင်တိတ် ဦးကျိုးသွားခဲ့ပြီ။

"ခော်မင်းက လေးသောင်းတိတိချေးတာလား ..."

"မဟုတ်ဘူး ... ချေးငွေက သုံးသောင်းပဲ ... တစ်ပတ်ကို အပ...စသောင်းပေးရမယ် ... ခော်မင်းချေးသွားတာ တစ်ပတ်ကျော်သွားပြီ ... စုစုပေါင်း လေးသောင်းပြန်ဆပ်ရမယ် ... ဒါတောင် ကျုပ်က အတိုးကိုလျှော့ယူတာ ..."

"ခင်ဗျား တော်တော်စုတ်ပဲ့တဲ့ တရုတ်ပုတ်ပဲ ... ခော်မင်းက ခင်ဗျားကို ဒီကြွေးတွေ သောကြာနေ့မှာ ပြန်ဆပ်ပါ့မယ်လို့ ပြောတယ်မဟုတ်လား ..."

"ဆင်ပေါက်နဲ့မိုးလေးကို သူ အဲဒီလိုပဲပြောလိုက်တယ်လို့ ပြောတာပဲ ..."

"သောကြာနေ့ညဆိုတာ နက်ဖြန်ညပဲ ... ဒါပေမဲ့ ... ခော်မင်းမှာ ခုချိန်ထိ ငွေလေးသောင်းမရှိသေးဘူး၊ ခော်မင်း ဒီငွေလေးသောင်းကို ဘယ်လိုနည်းနဲ့ရှာနိုင်မှာလဲ ... ရနိုင်မှာလဲ ..."

"ဒါတော့ ... ကျုပ်ဘာသိမလဲ ..."

"လာပြန်ပလား ... ကျုပ်မသိတာ ..."

အောင်စည်ဟိန်းက လျှောင်တိတ်၏လည်စည်းဆွဲ



ဆုပ်ကိုင်လိုက်ပြန်သည်။ လျှောင်တိတ် အထိတ်တလန့်ဖြစ်သွားရပြန်သည်။

"ကျုပ် ကိုတ်ပြောမယ် အောင်စည်ဟိန်း ... ခော်မင်း ငွေလေးသောင်း ဘယ်လိုရှာရမလဲဆိုတာတွေ့ ကျုပ်မသိတာ အမှန်ပဲ ..."

အောင်စည်ဟိန်းက ပြန်လွှတ်ပေးလိုက်သည်။

ဟုတ်တော့ဟုတ်သည်။ ဦးလျှောင်တိတ်အဖို့ အဓိကမှာ ကြွေးငွေပြန်ရရှိရေးသာဖြစ်သည်။ ခော်မင်း ဘယ်လိုနည်းနှင့်ငွေရှာ လျှောင်တိတ်သိဖို့မလို။

"တကယ်လို့ ... ခော်မင်းဟာ နက်ဖြန်သောကြာနေ့မှာ ခင်ဗျားငွေတွေကို ပြန်မဆပ်နိုင်သေးဘူးဆိုရင်ကော ..."

"ဒါဆိုရင်တော့ ခော်မင်းဟာ ဒီဘဝမှာ ကျုပ်အကြွေးကို ဘယ်တော့မှ ပြန်ဆပ်ဖို့မလိုတော့ဘူးပေါ့ အောင်စည်ဟိန်း"

အောင်စည်ဟိန်းအတွက် လျှောင်တိတ်ထံမှ ယခုထက် ပိုမိုပြီး သတင်းရနိုင်စရာမရှိတော့ကြောင်း သဘောပေါက်ရသည်။

မိမိအနေနှင့် ဆင်ပေါက် ပြန်မလာမီ၊ ဒီကထွက်သွားသင့်ကြောင်းလည်း သတိထားမိသည်။

အောင်စည်ဟိန်း လျှောင်တိတ်ဆီကိုကပ်သွားအော သူ၏လည်ကုပ်ပိုးကြီးကို လက်ဝါးစောင်းပြင်းပြင်းတစ်ချက် ...လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လျှောင်တိတ် ဒိုက်စိုက်ကြီးသတိမေ့သွားတော့သည်။

အောင်စည်ဟိန်း တံခါးဖွင့်ကာ အောက်ထပ်သို့ ပြန်ဆင်းလာခဲ့သည်။

လှေကားရင်းတွင် ဘဲကင်နှင့် ဘရန်ဒီဝယ်ပြီးပြန်လာသော ဆင်ပေါက်ကြီးနှင့်ပက်ပင်းတွေ့ရသည်။

"ဟေးဆင်ပေါက် ပြန်လာပြီလား ... ငါ့မှာ ဘဲကင်နဲ့ဘရန်ဒီ သောက်စားဖို့ အချိန်မရတော့ဘူးကွာ ... သွား ... သွား မင်း ... မင်းကို စောင့်နေတယ် ..."

ဆင်ပေါက်ကြီး လှေကားမှတက်သွားချိန် အောင်စည်ဟိန်း အပြင်သို့ထွက်လာခဲ့တော့သည်။

ဇော်မင်းသည် သောကြာနေ့ညမှ လျှောင်တိတ်၏ ကြွေးမဆပ်လျှင် သူ၏အလောင်းကို မြောင်းကြိုမြောင်းကြားတွင် လိုက်ကောက်ရမည်မှန်းမသိဘဲနေမည် မဟုတ်။

ဒီတော့ သောကြာနေ့ ငွေအကြွေးဆပ်ရန် ဇော်မင်း ငွေတွေ ဘယ်ကရလေမည်နည်း။

သောကြာနေ့ဟု တွေးမိမှ အောင်စည်ဟိန်း ခေါင်းထဲတွင် ဖျတ်ခနဲ သတိတစ်ခုရလိုက်သည်။

သောကြာနေ့ညဦးပိုင်းတွင် မြန်မာဂျပန်ချစ်ကြည်ရေး ကျော်ကျော်နှင့် အိုကာဆာဆံတို့၏ ပွဲကြီးပွဲကောင်း လက်ဖွဲ့ပွဲရှိသည် မဟုတ်လား။

--- ❀ ---



## ၂၃

အောင်စည်ဟိန်းသည် အဆိပ်မိပြီးနောက် ဒီအတိုင်းထားခဲ့သော ရေကျော်မှ သူ့အိမ်နှင့် သူ့မော်တော်ကားလေးကို နောက်ဆံတင်းလာမိသည်မို့ အငှားကားဖြင့် ရေကျော်အိမ်သို့ ပြန်လာခဲ့သည်။

ရဲအရာရှိ ဦးမင်းစုံက သူ့အိမ်ထဲရှိ အစားအသောက်တွေအားလုံး ပိုက်စိတ်တိုက် သိမ်းယူသွားရုံမက အိမ်နှင့်ကားကိုလည်း အစောင့်ချထားပေးထားသည်။

အောင်စည်ဟိန်း အဝတ်ဟောင်းများချွတ်ကာ အဝတ်သစ်လဲလှယ်သည်။ ပါးမြိုင်းမွေးတွေ၊ မုတ်ဆိတ်မွေးတွေ ရိတ်သည်။

တစ်ကိုယ်လုံးသန့်စင်ပြီးမှ တယ်လီဖုန်းကို ကောက်

www.burmeseclassic.com

www.burmeseclassic.com



ကိုင်ကြည့်ရာ တယ်လီဖုန်းမှာလည်း ပကတိအကောင်းအတိုင်းရှိနေသည်။

ရှုတိုင်းမှန်သတင်းစာတိုက်သို့ ဖုန်းဆက်လိုက်သည်။

"မြင့်အောင် ... ငါအောင်စည်ဟိန်းပါ ... "

"ဟော့ကောင် ... ငါက မင်းမြန်မာပြည်ထဲမှာ ရှိမှရှိပါသေးရဲ့လားလို့တောင် ထင်နေတာ ... ဆေးရုံသွားတော့လည်း လက်မှတ်ထိုးပြီး ဖွတ်ဆင်းသွားပြီးတဲ့ မောင်ထော်လေးရုံးခန်းကို ဆက်ပြန်တော့လည်း မင်းဘယ်သွားမှန်း သူမသိဘူးတဲ့၊ မင်းရေကျော်အိမ်ဆက်တော့လည်း ဖုန်းကိုင်မယ့်သူ မရှိဘူး၊ မင်းဟာက မင်းအဆိပ်မိသွားတာ ငါ့ပယောဂပါနေလို့ ငါ့ကို စိတ်ဆိုးပြီး တမင်ရှောင်နေသလားလို့တောင် ငါထင်မိတယ် ... "

"အဲဒါတွေထားလိုက်ပါ မြင့်အောင် ... မင်းနဲ့ငါစကားအသစ်အဆန်းတစ်ခုပြောကြစို့ ... မင်းက အခုလောလောဆယ် လက်ထောက် အယ်ဒီတာလုပ်နေတော့ ငါသိချင်တာတွေ ပြောနိုင်မလားလို့ပါ ... "

"ဟ ... လုပ်လာပြန်ပြီ ... မင်းကတော့ ... ကဲ ... မေး... မင်း ဘာသိချင်သလဲ အောင်စည်ဟိန်း ... "

"နက်ဖြန်ည အောင်ဆန်းကွင်းမှာ ထိုးကြမဲ့ လက်ဝှေ့ပွဲအကြောင်းပါ ... ကျော်ကျော်နဲ့ အိုကာဆာစ် ထိုးပွဲမှာ ဘယ်သူနိုင်မယ်လို့ မင်းထင်သလဲ မြင့်အောင် ... "

"ဟော့ကောင် အောင်စည်ဟိန်း ... မင်းအဆိပ်မိပြီးတဲ့နောက်



စိတ်မှမှန်သေးရဲ့လားကွာ ... "

"ဘာလို့ မင်းက ငါ့ကို အဲဒီလိုပြောတာလဲ ... "

"ဟ ... ကျော်ကျော်နဲ့အိုကာဆာစ်ရဲ့ပွဲဟာ ကျော်ကျော်ရဲ့ပွဲသက်သက်ဖြစ်ကြောင်း ငါတို့ရှုတိုင်းမှန်သတင်းစာရဲ့အားကစားအာဘော်မှ ငါကိုယ်တိုင် တည်းဖြတ်တည်းဖော်ပြထားတာပဲလေကွာ... မင်းသတင်းစာတောင် မဖတ်ဖြစ်ဘူးထင်တယ် ... ဟော့ကောင် အောင်စည်ဟိန်း ဒီပွဲမှာ မြေကြီးကို လက်ဝါးနဲ့ပုတ်ပုတ်၊ ဖနောင့်နဲ့ပေါက်ပေါက်၊ မလွဲတမ်း ကျော်ကျော်နိုင်မဲ့ပွဲပဲကွ ... "

"သေချာလုချည်လား ... မြင့်အောင် အိုကာဆာစ် တက်လာတဲ့ပွဲတွေကိုလည်း မင်းတို့ ပြန်လှေ့လာကြည့်ဦးနော်၊ နောက်ကောက်အလဲထိုးပွဲတွေနဲ့ နိုင်ခဲ့တာချည်းပဲ ... မင်းတို့တစ်ဖက်သတ်ကြီး ဆုံးဖြတ်လို့မရဘူးထင်တယ် မြင့်အောင် ... အိုကာဆာစ်ရဲ့လက်သီးချက်ဟာ သိပ်ပြင်းတယ်လို့တောင် အာရှအရှေ့နိုင်ငံတွေရဲ့သတင်းစာက ထုတ်ဖော်ရေးသားထားကြတယ်မဟုတ်လား မြင့်အောင် ... "

"အေး ... အိုကာဆာစ်ရဲ့နောက်ကောက် အလဲထိုးနိုင်ပွဲတွေလည်း တို့ဝေဖန်ရေးသားထားတာပဲ ... ဒါပေမဲ့ကွာ ခြားနားချက်တွေရှိတယ် အောင်စည်ဟိန်း ... "

"ဘယ်လို ကွာခြားချက်တွေလဲ ... "

"ကျော်ကျော်က အိုကာဆာစ်ထက် အသက်ပိုငယ်တယ်၊ လှုပ်ရှားမှုပိုသွက်တယ်၊ အမောလုံတယ်၊ လက်သီးချက်

www.burmeseclassic.com

www.burmeseclassic.com



လည်းမှန်တယ်၊ အိုကာဆာစ်လောက်တော့ လက်သီးချက် မပြင်းဘူးပေါ့ကွာ ... ဒါပေမဲ့ အရှောင်အတိမ်း အဆုတ်အတက် အဝင်အထွက်တွေအားလုံးမှာ ကျော်ကျော်က အများကြီးသာတယ်၊ ဒီပွဲမှာ ကျော်ကျော်နိုင်မှာ သေချာတယ် သူငယ်ချင်း ..."

"မင်းပြောပုံကြီးက ကိန်းသေပေါက် သေချာလှချည်လား မြင့်အောင် ..."

"သေချာတာမှ သိပ်သေချာတယ် ... အပြင်ဘက်လောင်းကြေးတွေ ကျော်ကျော်ဘက်က ဆယ်လေးတစ်လေးနဲ့တောင် ပုံသြပြီး လောင်းနေကြလေရဲ့ အောင်စည်ဟိန်း"

"ဆယ်လေးတစ်လေးဟုတ်လား ..."

"အေးလေ ... ကျော်ကျော့်ဘက်က တစ်ဆယ်ဆိုရင် အိုကာစ်ဘက်က တစ်ကျပ်ပဲလောင်း ... ဒါတောင် အဲဒီတစ်ကျပ်ဟာ ကောက်ရတဲ့ပိုက်ဆံလို အလကားရလိုက်မှာ ... ဒါပေမဲ့ လောင်းကြေးငွေအများနဲ့တွက်ရင် ကျော်ကျော့်ဘက်က တစ်သိန်းလောင်းရင်း အိုကာစ်ဘက်က တစ်သောင်းပေါ့ကွာ ... ဒီတော့ သိန်းပေါင်းအများကြီးလောင်းရင် သောင်းပေါင်းအများကြီးရမယ်ဆိုတဲ့သဘောပေါ့ ..."

အောင်စည်ဟိန်း ဖုန်းပြန်ချထားလိုက်သည်။ ထို့နောက် မိမိကားလေးဖြင့် အောင်ဆန်းကွင်းဘက်သို့ မောင်းသွားခဲ့သည်။

အောင်ဆန်းကွင်း၏ အနားယူအဆောက်အဦတွင်



အာရှလက်ဝှေ့ချန်ပီယံဘွဲ့ကို မျှော်မှန်းထားသော လက်ဝှေ့သမား ကျော်ကျော်နှင့် ကျားကြီး ဘသိန်းကို အတူတွဲ၍ တွေ့ရပေသည်။

ကျော်ကျော်သည် ခုတင်တစ်လုံးပေါ်တွင်ဝမ်းလျားမှောက်နေပြီး သူ့တစ်ကိုယ်လုံးကို လင်နမင်ဆီများဖြင့် လက်ဝှေ့နည်းပြဆရာ ကျားကြီးဘသိန်းက ကျော်ကျော်၏တစ်ကိုယ်လုံး ကြွက်သားများကို ပွတ်သိမ်းပေးနေသည်။

ကျားကြီးက ဘိန်းနှင့်ကျော်ကျော်တို့အား အောင်စည်ဟိန်းက နှုတ်ဆက်လိုက်သည်။

"ကိုမောင်မောင်လွင်တစ်ယောက်ရော ကျားကြီး ..."

"သူ့အားကစားမှူးရုံးခန်းမှာ ဧည့်သည်တစ်ယောက်နဲ့ စကားပြောနေတယ် ... ကိစ္စရှိလို့လား အောင်စည်ဟိန်း"

အထူးကိစ္စမရှိကြောင်း ပြန်ဖြေပြီး အောင်စည်ဟိန်းသည် ကျော်ကျော့်ကိုကြည့်လိုက်သည်။

"ဘယ်လိုလဲ ကျော်ကျော် ... သေချာပါတယ်နော် ... ငါက မင်းပွဲမှာ ပုံသြမယ်လို့ ရည်ရွယ်ထားတာကွ ..."

ကျော်ကျော်က ဘာမျှပြန်မပြောဘဲ ပြုံးပြီးသာ ပြန်နှုတ်ဆက်သော်လည်း ကျားကြီးဘသိန်းက အားရပါးရ ဝင်ပြောပေသည်။

"လောင်းကစားမှာ အနိုင်ဘက်က လောင်းဖို့ဆိုရင်တော့ ဒီပွဲဟာ ကိန်းသေ ကျော်ကျော်နိုင်မဲ့ပွဲပဲ အောင်စည်ဟိန်း၊ ရဲရဲသာပုံသြလိုက် ... မောင်ရင်မနိုင်ရင် ကျုပ်ကလည်းဖြတ်ခံမယ်- ... ကျော်ကျော့်ဘက်က သိပ်သေချာတဲ့ပွဲကွ ...

www.burmeseclassic.com



ရာနှုန်းပြည့် ငါ အာမခံရဲတယ် ...”

အောင်စည်ဟိန်းက ခေါင်းညိတ်ပြရင်း အမှတ်မထင် မေးသလို မေးခွန်းတစ်ခု ကောက်ကာငင်ကာ မေးလိုက်သည်။

“အလောင်းအစားဆိုမှ သတိရလို့မေးရဦးမယ် ... ဇော်မင်းဆိုတဲ့ ကစားသမားတစ်ယောက် ကျော်ကျော့်ဘက်က လောင်းတာကိုများသိသလားဟင် ...”

“သိတယ် ကိုအောင်စည်ဟိန်း ...”

ကျားကြီးဘသိန်းက ဖြေသည်မဟုတ်ဘဲ ကျော်ကျော်က ဝင်ဖြေလိုက်သည်ကို ကျားကြီးဘသိန်းပင် အံ့ဩသွားမှန်း အောင်စည်ဟိန်း အကဲခတ်လိုက်မိသည်။

“ဒီကောင် ဇော်မင်းဆိုတဲ့လူကို ကျွန်တော်က တစ်ချက်တည်းအသေတောင်ထိုးပစ်ချင်တာ ... ဆရာကျားကြီးက အတင်းဟန့်တားထားလို့ ...”

“ဒါတော့ကွာ မင်းလက်သီးက အာရှချန်ပီယံလက်သီးဖြစ်ရမှာ၊ ... ဇော်မင်းလိုကောင်ကို မင်းလက်သီးနဲ့ထိုးရင် မင်းလက်သီး သနသွားမှာပေါ့ ... ဒါတောင် မင်းကိုယ်စား စောမောင်လွင် တီးပစ်လိုက်တာ ... ဇော်မင်း တော်တော်ခံသွားရသားပဲ ကျော်ကျော် ...”

အောင်စည်ဟိန်း နားရှုပ်သွားသည်။ ဇော်မင်းကို ဘာလို့ကျော်ကျော်က ထိုးချင်ရသနည်း။ ကျော်ကျော့်ကိုယ်စား အားကစားမှူးမောင်မောင်လွင်က ဇော်မင်းကို ဘာကြောင့် ရေရေ လည်လည် တီးပစ်လိုက်သနည်း။



“ခင်ဗျားတို့ပြောတာတွေ ကျွန်တော် သိပ်နားရှုပ်သွားပြီ၊ ကိုကျားကြီး ကျုပ်နားရှင်းအောင်လည်း ရှင်းပြဦးလေဗျာ”

“ဒီလိုဗျ ကိုအောင်စည်ဟိန်း ...”

ကျော်ကျော်ကပင် သူကိုယ်တိုင် ပြောပြရှင်းပြပေးသည်။

“အဲဒီ ဇော်မင်းဆိုတဲ့လူပေါ့ ... ကျွန်တော်တစ်ယောက်တည်းအဝတ်လဲခန်းမှာ အဝတ်လဲနေတုန်း ကျွန်တော့်ကို ခိုးကြောင်ခိုးဝှက် တိတ်တိတ်ကလေးလာတွေ့တယ် ... အိုကာဆာစ်နဲ့ကျွန်တော်ထိုးသတ်မဲ့ပွဲကိစ္စ လာပြောတယ်ဗျ ...”

“အဲဒါ ဘယ်လောက်ကြာသွားပြီလဲ ...”

“လွန်ခဲ့တဲ့သုံးပတ်လောက်ကပေါ့ ... အိုကာဆာစ်ကို ကျွန်တော်က ဒီပွဲမှာ အရှုံးပေးပြီး ထိုးပေးပါတဲ့၊ ကျွန်တော် တစ်ချိတ်တည်း သူဌေးဖြစ်သွားစေရမယ်တဲ့ ... အပြင်ဘက်လောင်းကြေးတွေ သူအားလုံးချုပ်ကိုင်ထားလိုက်မယ်တဲ့ ... အိုကာဆာစ်ရဲ့လက်သီးတစ်ချက်သာ ကျွန်တော်ကဆွဝင်ခံပြီး နောက်ကောက်အကျခံလိုက်တဲ့ ... ဒိုင်လူကြီးတွေရော ပွဲကြည့်ပရိသတ်အားလုံးရော ဘယ်သူမှ မရိပ်မိနိုင်ပါဘူးတဲ့၊ အဲဒီတုန်း ဦးမောင်မောင်လွင် ဆရာကျားကြီးရောက်လာလို့ ဇော်မင်းက ဒီလိုလာပြောတဲ့အကြောင်း ကျွန်တော်က တိုင်ပြောလိုက်တယ် ...”

“အဲဒီတော့ ...”

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ ဘာပြောကောင်းမလဲ ... ဦးမောင်မောင်လွင်က ဇော်မင်းကို နွှာတာရေရေလည်လည်ပေါ့ ... ကျွန်တော်နဲ့ ဆရာကျားကြီးသာဆွဲမထားရင် ဆရာဦးမောင်မောင်လွင် လူသတ်မှုနဲ့ ထောင်ထဲရောက်သွားနိုင်တယ် ... ဆရာကျားကြီးက ဇော်မင်းကို အတင်းဆွဲခေါ်သွားပြီး မောင်းထုတ်ပစ်လိုက်ရတယ် ... "

"ဟုတ်တယ်ဗျ ... ဒီကောင်ဇော်မင်းက နယ်လှည့်ကစားသမားတစ်ကောင်ပဲ ... ဒီကောင့်မှာ ကြွေးပူရှိနေတယ်၊ အဲဒီကြွေးပူကို ဆပ်ချင်လို့ ဒီကောင် ကျော်ကျော့်ဆီ အလစ်ဝင်စည်းရုံးပြီး ပွပေါက်ကြံတာ ... "

ဟု ဦးမောင်မောင်လွင်က ဝင်ရောက်ပြောပြပြန်သည်ကို အောင်စည်ဟိန်း ကိုယ်တိုင်ကလည်း သိထားသောကြောင့် ခေါင်းညိတ်ပြလိုက်သည်။

အောင်စည်ဟိန်းခေါင်းထဲ ဇော်မင်းတွင် အသက်အန္တရာယ်ဖြစ်လောက်အောင် ကြွေးပူရှိနေကြောင်း ဦးမောင်မောင်လွင်က ဘယ်လိုသိနေပေသနည်းဟု ကိုယ့်ဟာကိုယ် ပြန်မေးမိသည်။

အောင်စည်ဟိန်းသည် အားလုံးတို့နှုတ်ဆက်ကာ အောင်ဆန်းကွင်းမှ ပြန်ထွက်လာခဲ့သည်။

... ❀ ...



## ၂၆

အောင်စည်ဟိန်းသည် မှော်ဘီလေးလမ်းရှိ အိမ်ရုံးခန်းသို့ ပြန်လာခဲ့သည်။

တပည့်နီတာကို အပြင်မှာစောင့်စေပြီး သူ့အခန်းကို အတွင်းဂလန့်ထိုးကာ အောင်စည်ဟိန်းသည် ဦးခေါင်းအေးအေးနှင့် အမှုကွင်းဆက်ဇယားကို စဉ်းစားတော့သည်။

စန္ဒာစိုးနှင့် ဓာတ်ပုံဆရာ စိုးလှိုင်အောင်သည် အဆက်တွေဖြစ်သည်။

စိုးလှိုင်အောင်နှင့် လှလှနှင်းဆွေက ဓာတ်ပုံဆိုင်ကို ရှယ်ယာငွေစပ်ပြီးဖွင့်ထားသည်။

စန္ဒာစိုးတွင် ဒေါက်တာသီဟကိုယောကျ်ား၊ အောင်ကျော်ဇောနှင့်လည်း တိတ်တိတ်ပုန်းဖြစ်နေသည်။

အောင်ကျော်ဇောသည် နှစ်ထပ်သဘော်နှစ်စီး သိန်

www.burmeseclassic.com

www.burmeseclassic.com



စက်ကြီးတစ်လုံး ရွှေတောင်ကြားလမ်းတွင် ဟိန်းနေသော မြန်နှင့် တိုက်အိမ်အပြင် အတွင်းပစ္စည်းများစွာ ဘဏ်ငွေများစွာဖြင့် ချမ်းသာသော သူဌေး ဖြစ်သည်။

ဒေါ်ကေသီသည် အောင်ကျော်ဇော၏ တရားဝင် လက်ထပ်ဇနီးဖြစ်သည်။

ဦးသိဒ္ဓိသည် ဒေါ်ကေသီ၏အစ်ကို အောင်ကျော်ဇော၏ယောက်ဖဖြစ်သည်။

ဒေါ်ကေသီအား မိန်းမလှကျွန်း အလှပြင်ဆိုင်ပိုင်ရှင် လူချောလူဖြောင့်လူငယ် အောင်နိုင်ဝင်းက ကပ်ပြီး ယိနေသည်။

စန္ဒာမိုးနောက်သို့ လူသတ်သမားနှစ်ယောက်သာ အစဉ်တစိုက်လိုက်နေသည်။ စန္ဒာမိုးကို ခြေရာကောက်လိုက်ရာ တွင် လူသတ်သမားတို့သည် အောင်စည်ဟိန်း၏မော်တော်ကား နံပါတ်ကို အခြေပြုကာ ကိုကျော်မြင့်ဆိုသူကို အ ဖွဲ့ပြုပြီး စန္ဒာမိုး နေရာ အောင်စည်ဟိန်း၏ ရေကျော်အိမ်လိပ်စာကို စုံစမ်းရရှိ သည်။

လောင်းကစားသမား ဇော်မင်းတွင် အမာဖြူ သည့် မိန်းမချောလေးရှိနေသည်။

အမာဖြူသည် ဇော်မင်းနှင့်မတွေ့မီက မိုးသိမ်း ဆပ်ကပ်အဖွဲ့တွင် ဓားပေါက်သမလေးဖြစ်ခဲ့သည်။

အမာဖြူတွင် ဇော်မင်းဝယ်ပေးထားသော လက် ဝတ်ရတနာများရှိခဲ့သည်။ နောက်ပိုင်း ဇော်မင်းလောင်းကစား



ရှုံးသဖြင့် အမာဖြူထံမှ ဝယ်ပေးထားသော လက်ဝတ်လက်စားတွေကို ပြန်ယူရသည်။

ဇော်မင်းသည် ဒုစရိုက်လောကတွင် ဘုရင်ဖြစ်နေသော လျှောင်တိတ်အားပေးဆပ်ရန် ကြွေးလေးသောင်းရှိနေသည်။ ထိုကြွေးပေးဆပ်ချိန်တွင် ဇော်မင်း မပေးဆပ်ပါက လျှောင်တိတ်က သူ့တပည့်လူမိုက်များဖြင့် ဇော်မင်းကို သတ်မည်။

ထိုသို့သော ခြေရာကောက်လိုက်ပြီး ရရှိထားသော အချက်တွေကို အောင်စည်ဟိန်းဆက်စပ်ကြည့်သည်။

ဆက်စပ်ပြီး ကွင်းဆက်မိနိုင်ရန် တစ်နေရာတွင် တစ်ချက် နှစ်ချက် လိုနေသေးသဖြင့် အောင်စည်ဟိန်းစိတ်ထဲ မကျေမနပ်ဖြစ်ရသည်။

စီးကရက်တစ်လိပ်ပြီးတစ်လိပ်ဖွာရင်း အောင်စည် ဟိန်း အပြင်းအထန် စဉ်းစားသည်။

ဇော်မင်းကို အောင်စည်ဟိန်း အလေးအနက်ထား ပြီး စဉ်းစားသည်။

လွန်ခဲ့သောသုံးပတ်က ဇော်မင်းသည် သူ၏လောင်း ကြေးအတွက် လက်ဝှေ့သမားကျော်ကျော်အား သွားရောက်သွေး ဆောင်သည်။

ဇော်မင်းအဖို့ လျှောင်တိတ်၏ ကြွေးလေးသောင်း ဆပ်နိုင်ဖို့ သိပ်အမိုက်ဖြစ်နေသည်။ သူ၏အသက်နှင့်လဲယူရမည့် ငွေလေးသောင်းဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမာဖြူထံမှ လက်ဝတ်လက်စားတွေပြန်ယူသော်လည်း ငွေလေးသောင်းနှင့်အများကြီး ကွာနေသည်။

သောကြာနေ့ညတွင် ငွေလေးသောင်း ပေးဆပ်ပါမည်ဟုလည်း ဇော်မင်းက လျောင်တိတ်ကို ပြောထားပြီးဖြစ်သည်။

ဒီတော့ သောကြာနေ့ညအမီ လိုအပ်သောငွေလေးသောင်းရရှိရေးအတွက် ကျော်ကျော်နှင့် အိုကာဆာစ်လက်ဖွေပွဲတွင် မိမိအနိုင်လောင်းရတော့မည်ဟု ဇော်မင်းစိတ်ကူးမိပုံရသည်။

လောင်းကြေးမှာဆယ်လေးတစ်လေးဖြစ်နေသည်။ ဇော်မင်းငွေလေးသောင်းရရှိရေးအတွက် ဇော်မင်းက ငွေလေးသိန်း ကျော်ကျော့်ဘက်မှ ထည့်လောင်းရမည်။

အဘယ်မှာလျှင် ဇော်မင်းတွင် ငွေလေးသိန်းရှိနိုင်အံ့နည်း။ လျောင်တိတ်ကို ငွေလေးသောင်းပင်မဆပ်နိုင်သောကြောင့် အသတ်ခံအသေခံရတော့မလို ရှိနေသည်။

ဒီတော့ ဇော်မင်းက ပြောင်းပြန်ပြန်တွက်တော့သည်။

အိုကာဆာစ်ဘက်မှ ငွေတစ်သောင်းလောင်းလျှင် အိုကာဆာစ်နိုင်ပါက ငွေလေးသောင်းပက်ခနဲရမည်။ အဓိက အိုကာဆာစ်နိုင်ဖို့သာဖြစ်သည်။

ထိုအတွေးမျိုးကို အောင်စည်ဟိန်း သေချာစဉ်းစားရင်း အတွေးပေါက်သွားသည်။

အိုကာဆာစ်နိုင်ဖို့ဆိုလျှင် ကျော်ကျော်အား လျှော့ထိုး အရှုံးပေးထိုးမှရမည်။



ဇော်မင်းသည် လူအလစ် ကျော်ကျော့်ကိုလည်း သွားတွေ့ဆုံဖြားယောင်းသည်။

အောင်စည်ဟိန်း စားပွဲကို လက်ဝါးပုတ်ကာ ချက်ချင်း ရှုတိုင်းမှုနှိမ်နင်းရေးတာဝန်ခံသတင်းစာတိုက်မြင့်အောင်ထံ ဖုန်းဆက်တော့သည်။ မြင့်အောင်ဘက်မှ ပြန်ထူးသံကြားသည်နှင့် ...

"ဒီမှာ ဖိုးမြင့်အောင် ... နက်ဖြန်လက်ဖွေပွဲအတွက် အပြင်မှာ အလောင်းအစားတွေ တော်တော်များနေလားကွ ..."

"ရန်ကုန်ကမြို့လုံးသာမကဘူး ... နယ်တွေမှာတောင် ကြေးကြီးတွေလောင်းနေလေရဲ့ သူငယ်ချင်း ... ကျောင်းသားလေးတွေတောင် သူတို့မုန့်ဖိုးရှိသမျှ စုသမျှ ဒီပွဲမှာ ဝင်လောင်းတယ်လို့တောင် ငါသတင်းရတယ် ..."

"နို့ ... မင်းကရော မြင့်အောင် ..."

"ဟဲ ... ဟဲ ... အပျင်းပြေ ... တစ်ရာဖိုးပဲ ကျော်ကျော့်ဘက်ကလောင်းတယ်ကွ ... အလကားနေရင်း ငွေတစ်ဆယ်နိုင်မယ်ကွာ ... အိုးဘရန်ဒီအသေးတစ်လုံးလောက်တော့ရသေးတာပေါ့ ..."

(မှတ်ချက်–ထိုစဉ်က အိုးဘရန်ဒီပုလင်းပြားအသေးတစ်လုံးမှ ရှစ်ကျပ်ပေးရသည်။)

"ဒီမှာမြင့်အောင် မင်းတို့ဟာက မသေချာလှန်းဘူးလားကွာ ... တကယ်လို့ အဲဒီပွဲမှာ ကျော်ကျော်က အရှုံးပေးပြီး ထိုးရင်ကောကွာ ..."

"ဟကောင် ... ငါက သတင်းထောက် အယ်ဒီတာပါကွ

www.burmeseclassic.com

www.burmeseclassic.com



အောင်စည်ဟိန်း ... လည်တာမှ ပန်ကာထိပ်ကဘုသီးလေးလို မှတ်နေတာ ... ဒီပွဲမှာ ကျော်ကျော်နိုင်မှာ သေချာတယ်ကွ ... ဘာလို့လဲဆိုတော့ ကျော်ကျော်ရဲ့သွေးရင်းသားရင်းညီအစ်ကိုမောင်နှမ အဒေါ်ဦးကြီးတွေအားလုံး ကျော်ကျော့်ဘက်ကပုံညပြီး လောင်းနေကြတာကွ၊ ကျော်ကျော်က သူ့ဆွေမျိုးတွေမွဲသွားအောင် လျှော့ထိုးမတဲ့လား ... ပိုပြီးတောင် အစွမ်းကုန်အနိုင်ထိုးရမှာပေါ့ ...”

အောင်စည်ဟိန်းမှာ မြင့်အောင်စကားကြောင့် ... ဆက်ပြီးစဉ်းစားရပြန်သည်။ သူငယ်ချင်းမြင့်အောင်သည် အလွန်တော်သော သတင်းထောက်တစ်ယောက်ဖြစ်သည်။ သူ အကဲဖြတ်တည်ခဲ့သော သတင်းတွေသည် ရာနှုန်းပြည့်အမှန်တွေချည်းဖြစ်အောင် သတင်းလိုက်နိုင်သူဖြစ်သည်။ မြင့်အောင်က ဒီလောက်သေချာပေါက်ကြီးပြောမှတော့ ဤလက်ဝှေ့ပွဲတွင် ကျော်ကျော်အနိုင်ရမည်မှာ မလွဲတော့ဟု အောင်စည်ဟိန်း ဆုံးဖြတ်ရတော့သည်။

ဒါဆိုလျှင် အိုကာဆာစံဘက်မှ လောင်းမည့် ဖော်မင်း ဘာလုပ်လေမည်နည်း။

“ဒီမှာမြင့်အောင် နက်ဖြန်လက်ဝှေ့ပွဲကို မင်းသွားမှာမဟုတ်လား ...”

“ရှေ့ဆုံးကအရောက်သွားမှာပေါ့သူငယ်ချင်း၊ ငါက သတင်းထောက်ပဲဟာ ...”



“ဒါဆို ရှေ့ဆုံးတန်းကပဲ ငါ့ကို လက်မှတ်တစ်စောင်ရအောင် လုပ်ပေးပါကွာ ...”

“ဘယ်လွယ်တော့မလဲကွာ ... ဒီပွဲလက်မှတ်ကုန်သွားတာ ငါးရက်လောက်တောင်ရှိသွားပြီ ... အပြင်မှောင်ခိုမှာတောင် ဝယ်လို့မရတော့ဘူး ... သူငယ်ချင်း ... ဒီပွဲကို လူတွေအားလုံး စိတ်ဝင်စားတဲ့ပွဲမဟုတ်လား ...”

“ငါ့အတွက်တစ်စောင်တော့ ရအောင်လုပ်ပေးပါကွာ ... မင်းစွမ်းမှန်းငါသိပြီးသားပါ ... မင်းကို ငါ အရက်အဝတိုက်ပါ့မယ် သူငယ်ချင်း ...”

“ငါ့ကို ဖင်ထောင်ကျွမ်းပြန်အောင် အရက်တိုက်ပါ့မယ်ဆိုလည်း ငါက လက်မှတ်တစ်စောင်ရအောင် ဒီချိန်ကျမှ တယ်လိုမှ မတတ်စွမ်းနိုင်တော့ဘူးသူငယ်ချင်း ... မင်းဟာမင်းလည်သလိုသာဝင်ပေတော့ ... ဒါတောင် နောက်ဆုံးတန်းပဲ မင်းရမယ် ...”

“လုပ်ပါသူငယ်ချင်း ... မင်းကို ငါ ရှိခိုးပါဆို ရှိခိုးမယ်ကွာ၊ ရှေ့ဆုံးတန်းက တစ်စောင်တော့ဖြစ်တဲ့နည်းနဲ့ ငါ့ကိုလုပ်ပေးပါကွာ ... ငါ့အတွက် သိပ်အရေးကြီးလို့ပါမြင့်အောင်”

“တကယ့်ပြဿနာပါလားအောင်စည်ဟိန်း ... လက်မှတ်ရဖို့က ဒီအချိန်ကျမှ မိုးပေါ်ကသကြားမင်းတောင် လာလုပ်လို့ရတော့တာမှ ... ဟ ... ဟ ... နေဦး ... ငါတစ်ခုလောက် စဉ်းစားမိလိုက်တယ် ... ငါတို့ သတင်းစာတိုက်အတွက်

www.burmeseclassic.com

လက်ရွေ့ပွဲဖြစ်မြောက်ရေးကော်မတီက လက်မှတ်နှစ်စောင် တင်ကြိုပို့ပေးထားတယ် … တစ်စောင်က သတင်းထောက် ငါ့အတွက် နောက်တစ်စောင်က အယ်ဒီတာချုပ်အတွက် အယ်ဒီတာချုပ်လက်မှတ်ကို ငါ ယူကြည့်ပေးမယ် … အဲဒီ အယ်ဒီတာချုပ်က သူ လက်ရွေ့ပွဲမသွားတော့ဘူးဆိုရင် အဲဒီ လက်မှတ် မင်းရမယ် … ငါနဲ့ နံပါတ်စဉ်ခုံချင်းဆက်လျက် သားပဲ … အဲဒါကို ငါ ကြိုးစားပေးမယ် … ”

“ကျေးဇူးကမ္ဘာကြွဲဝင္ဘာပါပဲသူငယ်ချင်း … ရအောင် အစွမ်းကုန်ကြိုးစားပေးပါ သူငယ်ချင်း … ”

“အေး … ဒါဆို ဒါပဲ … ”

… ာ …



## ၂၉

ယနေ့ …

မြန်မာဂျပန်ချစ်ကြည်ရေး လက်ရွေ့ထိုးသော သောကြာနေ့။

ပွဲကြည့်ပရိသတ်မှာ မြိုင်မြိုင်သဲ များပြားလှသည်။

ပထမပွဲတွင် အခြားတစ်စုံနှင့်ဒုတိယပွဲတွင် အခြားတစ်စုံတို့ ထိုးပြီး …

တတိယပွဲကျမှ ကျော်ကျော်နှင့်အိုကာဆာစံတို့ အတွဲထိုးကြသည်၊

မြိုင်မြိုင်သဲ ပရိသတ်ကလည်း ဤပွဲကို ကြည့်ရှုလို၍ လာခြင်းသာဖြစ်သည်။

ကျော်ကျော်ကို ကျားကြီးဘာသိန်းနှင့် အားကစား

www.burmeseclassic.com



မှူး မောင်မောင်လွင်က တစ်ဘက်တစ်ချက်ရံပြီး ခေါ်ဆောင်လာသည်။

ကျော်ကျော် စင်ပေါ်တက် ဝတ်ရုံကိုချွတ်ပြီး ပရိသတ်ကို ကန်တော့သည်နှင့် လက်ခုပ်တီးသြဘာပေးသံတွေ ထွက်လာသည်။

ကျော်ကျော့်ကိုမြင်တွေ့ရသည်မှာ ပရိသတ်ကြီးအားရှိလှသည်။ ကျော်ကျော် လှုပ်ရှားနေသည်ကပင် ပရိသတ်ကြီးမျက်စိထဲတွင် သိပ်သဘောတွေ့နေသည်။

အိုကာဆာစံလည်း စင်ပေါ်တက်ရောက်လာပေပြီ။ အိုကာဆာစံကိုလည်း ပရိသတ်ကြီးက မျှတစွာ လက်ခုပ်တီးသြဘာပေးပေသည်။

ဒေါက်ခနဲအသံနှင့်အတူ ကျော်ကျော် အိုကာဆာစံအာရှချန်ပီယံဗိုလ်လုပွဲကြီး ပထမအချီ စတင်ထိုးလေပြီ။

ပထမပွဲအစ သုံးစက္ကန့်မှာပင် ကျော်ကျော်၏လက်ဝဲလက်တန့်ရှည်သည်။ အိုကာဆာစံ၏မျက်နှာရှိ နှာခေါင်းကို စွက်ခနဲဝင်သွားသည်။ အိုကာဆာစံနောက်သို့လန်သွားသည်။ ထိုအကွက်ကို အရယူကာ ကျော်ကျော်သည် ရှေ့သို့ဖိပြီး ညာဝိုက်ပုစ်သွင်းမြန်သည်။

အိုကာဆာစံက ပါးနပ်သည်။ လက်တံရှည်သောကျော်ဖိအလိုက်ကွင်းလွတ်အောင်ရှောင်သည်။ လက်တံပိုရှည်သောကျော်ကျော်အား လှမ်းအထိုး လက်သီးဆုံး၍ မမိနိုင်သော လှုချင်း



ပူးမိရန် အိုကာဆာစံ ကြိုးစားသည်။ ပူးကပ်မိလျှင် အိုကာဆာစံ၏လက်သီးပြင်းချက်ဒဏ် ကျော်ကျော်ခံရမည်။

ကျော်ကျော်သည် အိုကာဆာစံ၏လက်သီးချက်မမိအောင် ပါးနပ်စွာ ရှောင်တိမ်းပေသည်။ ကျော်ကျော်၏လက်သီးအိုကာဆာစံ၏မျက်နှာဦးခေါင်းကို ထိချက်တွေ ဝင်သည်ကို အိုကာဆာစံ ခံနိုင်ရည်ရှိသည်။

ပထမပွဲတွင် ကျော်ကျော်သည် တို့လိုက်ထိလိုက်နှင့်အမှတ်အရသာနေသည်။

အိုကာဆာစံသည် အသက်ပိုကြီးသည်။ အမောသိပ်မလုံ ပွဲကိုရှည်ကြာပါက သူ ကျော်ကျော်လူငယ်နှင့်ယှဉ်ပြိုင်ပြီး အပန်းမခံနိုင် ဒီတော့ သူ၏ပြင်းလက်သီးအားကိုဖြင့် ကျော်ကျော့်ကို တစ်ချက်ကောင်း အလဲထိုးဖို့သာ အကွက်ချောင်းတော့သည်။

အိုကာဆာစံဘက်မှ လောင်းသူထံမှ နောက်ကော်ချ နောက်ကော်ချအသံတွေ စီခနဲထွက်လာစဉ်မှာပင် ပထမအချိန်ပွဲအချိန်စေ့သွားသည်။ ယင်းပထမအချီပွဲတွင် ကျော်ကျော်က အမှတ်များစွာနှင့်အနိုင်ရနေသည်။

လက်ဖွေ့သမားနှစ်ဦး ကိုယ့်ထောင့်တွင်ကိုယ်ထိုင်ပြီး ရေသောက် ရေပက်ထုတ် အပန်းဖြေစေသည်။

နားချိန်စေ့သွားသည်နှင့် ဒေါက်ခနဲ ဒုတိယပွဲအချက်ပေးသံထွက်လာသည်။

မြန်မာ့ရုပ်မြင်သံကြားမှာလည်း ကွင်းမှတစ်ဆင့်တစ်ပြည်လုံး တီဗွီမှ ထိုးပွဲကိုပြသပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယပွဲအစတွင်လည်း ကျော်ကျော်သည် ပထမအချီကအတိုင်းပင် ကျော်ကျော်၏လက်သီးများသည် ယက်ကန်းယက်သလို ဝင်တို။ ဆုတ်ထွက် ဘေးအကွက်ယူများဖြင့် သွက်လှသည်။ ဒုတိယအချီ ပွဲဦးပိုင်းမှာပင် ကျော်ကျော်၏လက်သီးနှစ်လုံး အိုကာဆာစံ၏မျက်နှာကို ထိစေပြီး ကျန်လက်သီးချက်များက အိုကာဆာစံ၏ရင်ဘတ် ဝမ်းဗိုက်များသို့ မိုးသီးမိုးပေါက်ဝင်အောင် ထွက်သည်ပင်။

သို့သော် ...

ဒုတိယပွဲ၏ အချိန်အလယ်ပိုင်းလောက်တွင် ကျော်ကျော်ထိုးနှက်ပုံများမှာ ပထမကဲ့သို့ စိတ်နောက် လက်မပါ။ စိတ်နောက် ကိုယ်မပါဘဲ အနည်းငယ်လေးလံလာသည်ကို ပွဲကြည့်ပရိသတ်တစ်ဦးဖြစ်သည့် အောင်စည်ဟိန်းက သတိပြုလာမိသည်။

ဟင် ... ဟာ ... ဟု ပရိသတ်များထံမှ အသံဗျေလည်း ထွက်လာသည်။ ကျော်ကျော်လေးကန်သွားခြင်းကို အံ့ဩသွားကြသည့်အသံတွေဖြစ်ပါ၏။

ထိုစဉ်မှာပင် ...

အိုကာဆာစံ၏ လက်သီးချက်တစ်ချက် ဝင်သွားပြီး ကျော်ကျော်ဖင်ထိုင်လဲကျသွားသည်။ သို့သော် ဒိုင်လူကြီးက တစ်နှစ် ရေတွက်ရာ၌ သုံးအရောက် ကျောက်ကျော်ပြန်ထသည်။ ဆက်ထိုးသည်။ ဆက်ထိုးစေကာမူ ကျော်ကျော်၏အသွက်အလက်တို့မှာ သိသိသာသာကြီး နှေးကွေးသွားသည်။ ဆက်တိုးလျှင် ကျော်ကျော်



နောက်ကောက်ကျမည့်အခြေအရောက်နေသည်။ ကျော်ကျော်က အိုကာဆာစံ၏ထိုးချက်ကို မျက်နှာမထိအောင် ကာကွယ်ရုံမှအပ ပြန်လည်သွက်လက်စွာ ထိုးနိုင်ခြင်းမရှိပေ။

ထိုစဉ်မှာပင် ဒုတိယအချီအချိန်စေ့သွားသောကြောင့် ကိုယ်ထိုင်ရာထောင့်နေရာသို့ လက်ဝှေ့သမားနှစ်ဦး ပြန်ထိုင်ကြသည်။

ဦးမောင်မောင်လွင်နှင့် ကျားကြီးဘသိန်းသည် ဝိုင်း၍ပင် ကျော်ကျော်ကို ဂရုစိုက်အားပြန်ဖြည့်ရေများ ဖြူလုပ်ပေးကြသည်။

ခေါင်းခနဲ တတိယအချီ စလိုက်ပြန်သည်။

ကျော်ကျော်သည် ကြိုးစားပြီး အားသွန်ခွန်စိုက် ထိုးသတ်လျက်ပင်ရှိသည်။ သို့သော် ကျော်ကျော်၏ခြေနှတ် ခြေသိမ်း ဘေးကွက်နောက်ကွက် လက်သီးအတွက်တွေ မှန်ကန်စေကာမူ ပထမဆုံးအချီနှင့် မတူတော့ဘဲ လေးကန်တုံ့ဆိုင်းနေသည်ကို တွေ့ရသည်။ ကျော်ကျော်ကိုယ်တိုင်လည်း၊ သူ၏လှုပ်ရှားမှုများ ကျဆင်းသွားကြောင်း သတိထားမိပုံပေါ်သည်။ ထို့ကြောင့် တိုက်ထွက်မဝင်တော့ဘဲ ခံကွက်နှင့်သာ အိုကာဆာစံကို စုခံရုန်းရတော့သည်။

ပရိသတ်မှာ ကျော်ကျော့်အား မကျေမနပ်ဖြစ်လာသည်။

"ဟေ့ကောင် မြင့်အောင် ငါပြောတာ မင်းလုပ်ပါတော့"

www.burmeseclassic.com

www.burmeseclassic.com



အောင်စည်ဟိန်းသည် လက်ဝါးဖြင့် ပြင်းစွာပုတ်ပြီး ပြောလိုက်သည်။

"ကျော်ကျော်ဟာ ဆက်ထိုးနိုင်မှာမဟုတ်တော့ဘူး … အခု အတိုင်း ဆက်ထိုးရင် နောက်ကောက်အထိုးခံလဲကျ ပြန် မထလိုမ့်ပုံစံနဲ့ ရှုံးမယ် … အကဲဖြတ် ဒိုင်လူကြီးတွေကို ပွဲခေတ္တ ရပ်ခိုင်းပြီး ကျော်ကျော်ကို ဆရာဝန်ကြီးနဲ့စစ်ဆေးဖို့ မြန်မြန် သွားနှုပြောမြင့်အောင် …"

"ကျော်ကျော်ဟာ အဆိပ်မိထားပြီကွ …"

"ဘာကွ … အောင်စည်ဟိန်း …"

"ကျော်ကျော် ခွေးမိထားပြီကွ … စစ်ဆေးကြည့်ဖို့က ကျော်ကျော်ကိုတိုက်တဲ့ ရေပုလင်းထဲကရေကိုပဲ … သွား သွား မြန်မြန်သွား မြင့်အောင် …"

မြင့်အောင်သည် လွှားခနဲ ဒိုင်လူကြီးများရှိရာသို့ ပြေးသွားချိန်ဝယ် အောင်စည်ဟိန်းသည် ပွဲအပြင်ဘက် သူ့ကားရှိရာ သို့ ထွက်လာခဲ့သည်။ ပြီး ရေနက်ါးဟိုတယ်သို့ မောင်းလာခဲ့တော့ သည်။ မော်[illegible]လာရင်း ကားထဲမှ ရေဒီယိုကိုဖွင့်နားထောင်လိုက် သည်။

"ပွဲကြည့်လုပ်သားပြည်သူအားလုံးတို့ခင်ဗျား ယခု ရန်ကုန် မြို့ အောင်ဆန်းကစားကွင်း၌ ကျင်းပနေသော ဂျပန် မြန်မာ ချစ်ကြည်ရေးလက်ဝှေ့ပွဲတွင် မြန်မာကျော်ကျော်နှင့် ဂျပန် အိုကာဆာစတို့ ထိုးသတ်နေစဉ် ပွဲကြည့်ပရိသတ်ထဲမှ



ရှုတိုင်းမှန်သတင်းစာတိုက် သတင်းထောက်လှမ်းထောက် အယ်ဒီတာမြင့်အောင်၏ အကဲဖြတ်ဒိုင်လူကြီးများထံ တိုင် တန်းချက်အရ ကျော်ကျော်မြန်မာ၏ ရေပုလင်းများကို ဂျပန်ဘက်မှ ဆရာဝန်ကြီး ဒေါက်တာအိုကီနာဝါနှင့်မြန်မာ သမားတော်ကြီး ဒေါက်တာဦးရွှေမြင့်တို့ကို ဒိုင်လူကြီးများ သဘောတူညီချက်အရ ရေပုလင်းကို စစ်ဆေးပါခိုင်းပြီး ဒိုင်လူကြီးအဖွဲ့တွင် ဖောက်ဦးပါဝင်သော ဂျပန်နိုင်ငံလူကြီးမှ လည်း ခွင့်ပြုသဘောတူပေသည် …

ဒိုင်လူကြီးများရှေ့မှောက်မှာပင် စစ်ဆေးကြည့်ရာ မြန်မာ ဂျပန် ဆရာဝန်ကြီးနှစ်ဦးစလုံးက ကျော်ကျော်၏ ရေပုလင်း ထဲမှရေများထဲတွင် အပေါ်စီး မူးယစ်ဆေး(အိပ်ဆေး)တစ် မျိုးပါရှိနေသည်ကို တွေ့ရှိကြောင်း တညီတညွတ်တည်း တွေ့ရှိ ကြပေသည် …

ဆရာဝန်ကြီးနှစ်ဦးစလုံးကမင်း ဤပွဲသည် မရိုးသား များ ပါဝင်နေသောကြောင့် အကယ်လက်စိုးသတ်ခွင့်မပြု ကြောင်း ကန့်ကွက်ကြပါသည် …

ထို့ကြောင့် ကျော်ကျော်နှင့်အိုကာဆာစတို့ထိုးသတ်ပွဲကို အနိုင် အရှုံးမဖြတ်ဘဲ ယာယီရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်း ပိတ်လိုက်ကြောင်း ဝမ်းနည်းစွာဖြင့် ကြေငြာအပ်ပါသည်။ ကျော်ကျော်နှင့်အိုကာဆာစတို့ ထပ်မံထိုးသတ်မည့် လက်ဝှေ့ ပွဲနေ့ကို အခါအားလျော်စွာ ထပ်မံပြီး သတင်းများနှင့်တကွ

www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့အသံမှ ကြော်ငြာမည်ဖြစ်ကြောင်း အစီရင်ခံအပ်ပါသည်ခင်ဗျား ..."

အောင်စည်ဟိန်းစိတ်ထဲတွင် များစွာ ကျေနပ်သွားတော့သည်။

ရေဒီယိုကိုပြန်ပိတ်ပြီး ဆက်မောင်းခဲ့ရာ ရေနဂါးဟိုတယ်သို့ရောက်လာသည်။ ကားရပ်ဆင်းလာခဲ့ပြီး ဇော်မင်းနှင့် အမာဖြူ၏အခန်းသို့ အောင်ဟိန်း သွားရောက်တံခါးခေါက်လိုက်သည်။

တံခါးပွင့်သည်နှင့် အောင်စည်ဟိန်းအထင်နှင့်အမြင် ကွဲလွဲနေကြောင်းတွေ့ရသည်။

အောင်စည်ဟိန်းစိတ်ထဲတွင် ရေဒီယိုမှ ကြေညာချက်ထွက်သည်နှင့် ဇော်မင်းအတွက် လောင်းကြေးအရှုံးအနိုင်ငွေ မရတော့ပြီ ... ပြီး ဒီအခန်းမှ ထွက်ပြေးသွားမည်ဟု ထင်ခဲ့သည်။

သို့သော် အခန်းတံခါးပွင့်သွားသည်နှင့် အခန်းထဲ ဖော်တီဖိုက်သေနတ်ကိုင် ဆင်ပေါက်နှင့် မိုးလေးကို တွေ့လိုက်ရသည်။

အောင်စည်ဟိန်းစိတ်တွင် ဆင်ပေါက်နှင့် မိုးလေးသည် ဦးအလျောင်ကို မိမိတီးထားသည့်ကြောင့် မိမိနောက်သို့ လိုက်လာမည်ဟု ထင်ခဲ့သည်။

ယခု ဆင်ပေါက်နှင့်မိုးလေးက မိမိနောက်သို့ လိုက်မလာဘဲ ဇော်မင်းအခန်းထဲရောက်နေသည်။



အောင်စည်ဟိန်းအဖို့ စလွယ်ထဲမှ သေနတ်ထုတ်ယူချိန်မရတော့။ ဆင်ပေါက်နှင့်မိုးလေးက သူတို့ဖော်တီဖိုက်နှင့် မိမိကို ချိန်ထားပေပြီ။

"ဟော ... ဟော ... သူရဲကောင်းကြီးအောင်စည်ဟိန်း ကြွလာပြီပဲ ... ကြွပါခင်ဗျာ ... ကျွန်တော်တို့က ကြိုဆိုလျက်ပါ ..."

အောင်စည်ဟိန်းအခန်းထဲသို့ ဝင်ခဲ့သည်။ တံခါးရွက်ကွယ်ရပ်နေသော ဆင်ပေါက်က တံခါးကို ပြန်ပိတ်လိုက်သည်။ မိုးလေးက အောင်စည်ဟိန်း ဘေးစလွယ်အိတ်ထဲမှ သေနတ်ကိုချွဲ ထုတ်ယူလိုက်သည်။

ဇော်မင်းသည် ခုတင်ခြေရင်းထောင့်တွင် ကုတ်ကုတ်လေးထိုင်လျက်သားရှိနေသည်။ ဇော်မင်းမျက်နှာမှာ ကြိုးပေးခံရတော့မည့် တရားခံမျက်နှာမျိုး ရှိနေသည်။

အမာဖြူကတော့ ဒီအခင်းတွင်ဖြစ်နေသမျှ သူမနှင့်ဘာမျှမဆိုင်သလို ပြတင်းပေါက်ဘေးတွင်ရပ်ကာ အပြင်သို့ငေးကြည့်နေသည်။

ဓာတ်ခဲရေဒီယိုတစ်လုံးမှာ စားပွဲပေါ်တွင် အစိတ်စိတ်ကွဲနေသည်။ လက်ဖွဲ့ပွဲနားထောင်းရင်း အနိုင်အရှုံးမရှိ ရက်ဆွန်အသတ်မရှိ၊ ရွှေဆိုင်းသည်ကို ဇော်မင်းက မကျေနပ်ဘဲ ဒေါသဖြင့် ရေဒီယိုလေးကို ကိုင်ပေါက်ခွဲသည်ပဲဖြစ်မည်။ ဇော်မင်းက ခိုင်ဘာခွေစံဘက်မှ ဆယ်လေးတစ်လွှေးလောင်းထားသူ မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



မိုးလေးက စတင်ပြောသည်။

"ကျုပ်တို့ ဒီကိုစောစောကပဲရောက်နေတယ်ဗျ ... ဝိုင်းဖြူ ရေဒီယိုနားထောင်ကြတာပေါ့ဗျာ ... ဒီနေ့ ကိုဇော်မင်း ဖြေ ဆပ်ရမဲ့နေ့မဟုတ်လား ... ရေဒီယိုက နောက်ဆုံးကြေညာ ချက်လည်းထွက်လာရော ကိုဇော်မင်းက ရေဒီယိုလေးကို ပေါက်ခွဲပစ်လိုက်တာပဲ ... ရေဒီယိုလေးခမျာ သနားစရာ"

"ဒါဖြင့် ... ကိုဇော်မင်းဆပ်ရမဲ့ငွေကိစ္စ မင်းတို့ဆရာလျှောင် တိတ်က ဘာပြောလဲ ..."

"ဦးအလျှောင်လို့ ပြန်ပြင်ပြောပါ ကိုယ့်လူ ..."

ဆင်ပေါက်က သူ့ဆရာကို လျှောင်တိတ်ဟုခေါ် သည်ကို မကြိုက်သောလေသံဖြင့် ဝင်ပြောသည်။

အောင်စည်ဟိန်းက ပခုံးတွန့်ပြလိုက်သည်။ ဆင် ပေါက်ကပင် ဆက်ပြောသည်။

"ဆရာကြီး ဦးအလျှောင်က ဇော်မင်းအကြောင်းမပြော တော့ဘူးဗျ ... အစက ဆရာကြီးပြောတာက အောင်စည် ဟိန်းကို ငါ့ဆီအရခေါ်ခဲ့တဲ့ ဒီကောင့်နောက်ကို လိုက်မို့ မလွယ်ဘူးတဲ့ ... ဒီကောင့်ကို ဇော်မင်းနေတဲ့အခန်းမှာ ချူ စောင့်တဲ့ ... ဒီကောင်ဇော်မင်းဆီသွားမှာ သေချာတယ်တဲ့ ဆရာကြီးက သိပ်အတွေးအခေါ်ဦးနှောက်ကောင်းတာ အခု ဆရာကြီးပြောတဲ့အတိုင်း ဒီက ကျုပ်တို့စောင့်မျှော ခင်ဗျား ရောက်လာတာပဲ ..."



"မင်းတို့ဆရာကြီးက ငါ့ကို သိပ်တွေ့ချင်နေတယ်ပေါ့လေ၊ အင်း ... ဟုတ်မှာပေါ့ ..."

စကားပြောနေစဉ်မှာပင် ဆင်ပေါက်သည် အောင် စည်ဟိန်းခေါင်းကို ဖော်တီဖိုက်နှင့်ရိုက်ပစ်လိုက်ရာ အောင်စည် ဟိန်းမှာ ကျင်ခံနဲ့ ပူခနဲ့ ခံစားလိုက်ရပြီး နေရာမှာပင် ခွေလဲကျသွား တော့သည်။ ကိုကိုလေး_ သတိမေ့သွားရပြန်ပြီကော။

... ၅၁ ...

www.burmeseclassic.com

www.burmeseclassic.com



## ၂၆

မျက်နှာကို ရေခဲရည်နှင့်လည်းလောင်းသည်။ ပါးနှစ်ဖက်ကိုလည်း အဆက်မပြတ် အပုတ်ခံရသည်မို့ အောင်စည်ဟိန်း သတိရလာသည်။

မျက်လုံးအစုံကို ကြိုးစားပြီး ဖွင့်ကြည့်လိုက်သည်။

မိမိအား ရေခဲရေအေးလောင်း ပါးကိုပုတ်နေသူမှာ မိုးလေးဖြစ်ကြောင်း အောင်စည်ဟိန်း တွေ့ရသည်။ မိုးလေးလက်တစ်ဖက်ဝယ် ဖော်တီဖိုက်ကြီးကိုင်လျက်သားပင်။

"ဒီမှာလေ ဆရာကြီးဦးအလျောင် ဆရာကြီးတွေ့ချင်နေတဲ့ အရုပ်သားစုံထောက်ဆိုတဲ့ကောင်လေ ..."

"အေး ... ကောင်းတယ် မိုးလေး ... ဒီစုံထောက်စုတ် ... ငါ့ကို လုပ်ထားတာ သူဘယ်လိုပြန်ပြီးခံရတတ်တယ်ဆိုတာ ငါကပြရဦးမှာပေါ့ကွာ ..."



အောင်စည်ဟိန်းသည် လျောင်တိတ်နှင့် မိုးလေး ပြောနေသံတွေကို နားတွင် ကြားနေသော်လည်း သူ့ဦးခေါင်းတစ်ခုလုံး ကိုက်ခဲပြီး ကိုယ်လက်မသယ်ချင်အောင် နုံးနေသည်။

ခွတ်အတင်းကြိုးစားပြီး ထထိုင်ကာ အုတ်နံရံကို ကျောမှီပြီးထိုင်လိုက်သည်။ အခန်းတစ်ခုလုံးကိုလည်း ဝေ့ပတ်ကြည့်လိုက်သည်။

မိမိနှင့်အတူ ဇော်မင်းနှင့်အမာဖြူကိုပါ လသာလမ်းရှိ လျောင်တိတ်အခန်းကို ခေါ်ဆောင်လာကြောင်းတွေ့ရသည်။

အလားတူပင် အခန်းထဲဝယ် ဖော်တီဖိုက်ကိုယ်စီနှင့် ဆင်ပေါက် မိုးလေးတို့အပြင် သူတို့ဆရာကြီးလျောင်တိတ်ကိုလည်း အခန့်သား ဆုံလည်ကုလားထိုင်ကြီးတွင်ထိုင်လျက်သားရှိသည်ကို တွေ့မြင်ရသည်။

ဆင်ပေါက်မှာ တံခါးကိုကျောမှီရပ်နေသည်။

ဇော်မင်းမှာ လျောင်တိတ်၏စားပွဲကိုမှီပြီး ထိုင်နေသည်။ ဇော်မင်း၏မျက်လုံးတွေဟာ စီကြောင်ကြောင်ရှိနေပြီး သေရမှာကြောက်ပြီး ရူးကြောင်ကြောင်ဖြစ်သွားလေသလားမသိ။

အမာဖြူကတော့ ကြမ်းပေါ်တွင် မထိုင်၊ လျောင်တိတ်၏စားပွဲရှေ့မှာပင် မတ်တတ်ရပ်နေသည်။ လျောင်တိတ်ကိုလည်း သူမကိုလွှတ်ပေးဖို့ ပြောပြနေသည်။

"ဒီအထဲမှာ ကျွန်မက ဘာမှမဆိုင်ဘူး ဦးအလျောင် ... ဒါနဲ့ ကျွန်မကို ဦးအလျောင်တပည့်နှစ်ယောက်က ဒီကိုအတင်းခေါ်လာကြတယ် ... ဒီလူနှစ်ယောက်နဲ့ကျွန်မဟာ ဘာမှ

www.burmeseclassic.com



မသက်ဆိုင် မပတ်သက်ကြောင်း ရှင်းပြတာတောင်မရဘူး အတင်းဆွဲခေါ်လာကြတာ ... နောက်ပြီး အခုဦးအလျှောင် တို့ကိစ္စတွေ ကျွန်မ ဘာမှမသိဘူး ... ”

အမာဖြူ၏စကားကို အောင်စည်ဟိန်းက ဝင်ပြော လိုက်သည်။

“ဇော်မင်းလုပ်ခဲ့သမျှ အမာဖြူ ဘာမှမသိဘူးဆိုတာ မဖြစ် နိုင်ဘူး အမာဖြူ ... ကမ္ဘာ့အေး ကျေးမင်းတည်းခိုရိပ်သာက နေပြီး ဒေါ်မြမြ နာမည်ခံပြီး ကျုပ်ကို ပထုတ်တာ ခင်ဗျားပဲ အမာဖြူ ... ”

အမာဖြူက အောင်စည်ဟိန်းဘက်သို့လှည့်ကြည့် လိုက်သည်။ အောင်စည်ဟိန်း မျက်စိအစုံက အမာဖြူကို မကြည့်ဘဲ လျှောင်တိတ်စားပွဲပေါ်ရှိ တစ်နေရာကို စူးစိုက်ကြည့်ပြလိုက်သည်။

အောင်စည်ဟိန်း စူးစိုက်ကြည့်ရာသို့ အမာဖြူက လိုက်ကြည့်ရာ အောင်စည်ဟိန်း စိုက်ကြည့်ပြနေသည်မှာ စားပွဲပေါ် တွင်ရှိနေသော လျှောင်တိတ်၏ စက္ကူဖြတ် စာအိတ်ဖောက်သည့် ဦးချွန်နှစ်ဖက်သွားနှင့် ဓားလေးဖြစ်ကြောင်း တွေ့ရသည်။

“ဒါကတော့ ကျွန်မ လက်ရှိအခြေအနေက ကိုဇော်မင်းခိုင်း သမျှလုပ်ပေးရမဲ့အခြေအနေမို့ ကိုဇော်မင်းက အဲဒီလို ဆို အောင်စည်ဟိန်းဆီ ဖုန်းဆက်စမ်းဆိုလို့ ကျွန်မက ဆက်ပေး ရတာပါပဲ ... ကျွန်မ ရှင့်တို့အရှုပ်အထွေးတွေကို ဘာမှ မသိဘူး၊ ကိုဇော်မင်းကလည်း သူ ဘာတွေလုပ်နေတယ်ဆို တာ ဘယ်တော့မှ ကျွန်မကို ပြောပြလေ့မရှိဘူး ... ”



“အားလုံး ပဲ့စပ်ပိတ်ထား ... ”

လျှောင်တိတ်၏အမိန့်ပေးသံ ထွက်ပေါ်လာသည်။

လျှောင်တိတ်သည် သူ၏စားပွဲမှထရပ်လိုက်သည်။ စားပွဲရှေ့တွင် ရပ်နေသော အမာဖြူကို လျှောင်တိတ်က အလေး အနက်ထားပုံမရပေ။ ယောကျ်ားတွေကို မြူဆွယ်စားတတ်သော မိန်းမအပေါ်စားဟုပင် ယူဆပုံရသည်။ လျှောင်တိတ် အစိုက်တထား ကြည့်သည်မှာ ဇော်မင်းနှင့်အောင်စည်ဟိန်းကိုသာ ဖြစ်သည်။

ကြောင်တောင်တောင်နှင့် ကြမ်းပြင်တွင်ထိုင်နေ သော ဇော်မင်းကို လျှောင်တိတ်က ငုံ့ကြည့်သည်။

“မင်းကို ငါ သနားမိတယ်ဇော်မင်း ... ဒါပေမဲ့ ဒါတွေက ငါ့ လုပ်ငန်းသဘောပဲလကွာ ... မင်းကို ငါက သနားလို့ လွှတ်ပေးလိုက်ရင် ဒီပြင် ငါ့ကို သိန်းချီပြီးကြွေးဆပ်ရမဲ့ ကြွေး ယူထားတဲ့ကောင်တွေက ငါ့ကို အသနားခံလာကြမှာ တစ်ပုံကြီးကွ ... မင်းကို ငါကပြောင်ပြလိုက်တာနဲ့ ငါ့ အကြွေးတွေကို သူတို့ပြေးလာဆပ်ကြမှာ ... ငါ့အလုပ်က တစ်ဖက်သားကို သနားလို့ရတဲ့အလုပ်မဟုတ်ဘူး ... ”

လျှောင်တိတ်က လေအေးနှင့်ပြောနေခြင်းဖြစ်ပါ သည်။

သို့သော် ဇော်မင်းမှ လျှောင်တိတ်ပြောသမျှ ဘာမျှ မကြားသလို မသိသလို ပြုံးကြောင်ကြောင်နှင့်ကြည့်မကြည့်ရာကို စိုက်ကြည့်နေသည်။ ဘာစကားတစ်ခွန်းမျှလည်း ပြန်မပြော။ ဇော် မင်းတွင် သိစိတ် လုံးဝ ကင်းကွာသွားချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



လျှောင်တီတ်က သူ့လူမိုက်နှစ်ယောက်ကို ဆက်ပြောသည်။

"ငါတို့ ဒီအခန်းထဲမှာပဲ ကိစ္စပြတ်ရှင်းကြတာပေါ့ ဆင်ပေါက်၊ ဒီအခန်းက အသံလုံတယ်ကွ ... ပြီးမှ ... ဒီအလောင်းသုံးလောင်းကို ဇော်ရီကားနဲ့တင်သွားကြတာပေါ့ ..."

"ဘာရှင့်... အလောင်းသုံးလောင်းဟုတ်လား ဦးအလျှောင်"

အမာဖြူက အထိတ်တလန့် လှမ်းအော်ပြောလိုက်သည်။ အလောင်းသုံးလောင်းဆိုသည်မှာ ဇော်မင်း၊ အောင်စည်ပဟိန်းနှင့်တကွ အမာဖြူပါ အပါအဝင်သုံးလောင်းကို ဆိုလိုမှန်း သဘောပေါက်သွားသောကြောင့် ဖြစ်ပါ၏။

"အေးကွယ် ... မင်းဟာ ရုပ်လေးလှလှပပနဲ့ တော်တော်ကံဆိုးရှာတာပဲ ... ဒါပေမဲ့ အဖြစ်အပျက်အားလုံးက မျက်မြင်သက်သေကို ဘယ်တော့မှ အရှင်မထားတတ်ဘူးကွယ် မင်းလည်း ကံမကောင်းရှာလို့သာ ကိုယ့်ဟာကိုယ် မှတ်ယူပေတော့ အမာဖြူ ..."

သေမင်းထံတွင် အဘယ်သူသည် အယူခံဝင်၍ ရနိုင်ပါအံ့နည်း။

အမာဖြူသည် သူမကိုပါ သတ်တော့မည်မှန်း [illegible] ချာပေါက် သဘောပေါက်သွားသည်။ အကြောက်လွန်သော [illegible] ဖြူ၏မျက်နှာလေးမှာ လှပသောမျက်နှာမှ အကြောက်တရား [illegible] ပြီး ရုပ်ပျက်ဆင်းပျက်ပင် ဖြစ်သွားလေတော့သည်။

သေရမည့်အတူတူ မထူးတော့ဟု အမာဖြူ [illegible]



လိုက်သည်။ မည်သည့်သက်ရှိသတ္တဝါမဆို သေအံ့မူးမူးအချိန်တွင် ရုန်းကန်တတ်သည်သာ။

ရေနစ်သူသည် ကောက်ရိုးပင်ကိုပင် လွတ်ရာလွတ်ကြောင်း [illegible] အားကိုးပြီး ဆွဲသည့်သဘောရှိစမြဲ။

အမာဖြူသည် သူမနှင့်အနီးဆုံးတွင်ရှိနေသော စားပွဲပေါ်မှ စက္ကူဖြတ်ဓားမြှောင်လေးဆီ လက်လှမ်းယူချိန်မှာပင် — အောင်စည်ပဟိန်းကလည်း လျှောင်တီတ်သောက်ထားသောအရက်ပုလင်းဆီသို့အရောက် လွှားခနဲ ရောက်သွားသည်။ အရက်ပုလင်းကို ကောက်ယူလိုက်သည်။

"ဒီမယ်လျှောင်တီတ် ... ငါ့ကို မင်းသတ်တော့မှာပဲဟာ — မသေခင် ငါ့ကို အရက်သောက်ခွင့်တော့ပေးပါကွာ ..."

တကယ်တော့ လျှောင်တီတ် မိမိရှိရာဘက်သို့ လှည့်ကြည့်အောင် တမင်အောင်စည်ပဟိန်းပြောခြင်းဖြစ်သည်။

ဇော်မင်းကို ငုံ့ကြည့်ရင်း ပြောနေသော လျှောင်တီတ်မှာ အမာဖြူနှင့် အောင်စည်ပဟိန်းအား ကျောပေးထားရာ တစ်ကိုယ်လုံး ပြန်လှည့်ကြည့်လိုက်သည်။

"မင်းလိုကောင်ကို ငါ ဘယ်တော့မှ ... အရက်မတိုက်ဘူး အောင်စည်ပဟိန်း ... ငါ့အပေါ်မှာ လူပါးအဝဆုံးဟာ မင်း"

"ဗိုး ... ဒေါက်"

လျှောင်တီတ် ပြန်လှည့်ရင်ပတ်ပေးသည်နှင့် အမာဖြူသည် စားပွဲပေါ်မှ ဦးချွန်နှစ်ဖက်သွားဓားမြှောင်ဖြင့် လျှောင်တီတ်၏ လက်ဝဲရင်အုံသို့ ပစ်ပေါက်လိုက်တော့သည်။ မိုးထိုးပျံဆင်ကပ်

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့မှ ဓားပေါက်သမလေး အမာဖြူ၏ပေါက်ချက်သည် တည့်တည့်ကြီး လျှောင်တိတ်ကို ထိမှန်သွားတော့သည်။

ထိုအခါကျမှ ဇော်မင်းသည် ဝုန်းခနဲ မတ်တတ်ရပ်လိုက်သည်။ တကယ်တော့ ဇော်မင်း ရှုံးချင်ဟန်ဆောင်နေခြင်းသာဖြစ်သည်မို့ လျှောင်တိတ်ကို ထိသွားသည်နှင့် ဆင်ပေါက်ဆီသို့ ဇော်မင်း တိုက်ခိုက်ရန် ပြေးသွားသည်။

"ဒိုင်း ..."

ဇော်မင်းမှ ဝုန်းခနဲ လဲကျသွားသည်။

အောင်စည်ဟိန်းသည် လက်ထဲမှ အရက်ပုလင်းဖြင့် ဆင်ပေါက် မိမိဘက်ပြန်မပစ်မီ ဆင်ပေါက်၏ဦးခေါင်းကို အရက်ပုလင်းဖြင့် ရိုက်ချလိုက်ရာ ဆင်ပေါက်လဲကျသည်နှင့် ဆင်ပေါက်လက်မှ ဖော်တီဖိုက်သေနတ်ကို အရယူပြီး မိုးလေးနှင့်ဆင်ပေါက်တို့ကို ပစ်ထည့်လိုက်သည်။

မိုးလေးမှာ ရုတ်တရက်ကြီးဖြစ်သွားသည်ကို အံ့အားသင့်နေချိန်မှာပင် အောင်စည်ဟိန်းပစ်ချလိုက်သဖြင့် သေနတ်ရော လူရော နောက်သို့လွင့်စဉ်သွားရာမှ ပြန်မထနိုင်ပါလေတော့။ ဆင်ပေါက်လည်း မထနိုင်တော့။

အခန်းထဲဝယ် ဇော်မင်း၊ လျှောင်တိတ်၊ မိုးလေး၊ ဇော်မင်းတို့ လေးယောက် တုံးလုံးပက်လက်တွေ ဖြစ်သွားသည်။

ဦးစွာ အောင်စည်ဟိန်းသည် ဆင်ပေါက်နှင့်မိုးလေး၏ ဖော်တီဖိုက်သေနတ်နှစ်လက်ကို သိမ်းယူလိုက်သည်။

အမာဖြူမှာ ဘာမှမဖြစ်၊ ကြောင်ပြီးရပ်နေသည်။



ဒုတိယ ဇော်မင်းကို စစ်ဆေးကြည့်သည်။ ဇော်မင်းခမျာ ဖော်တီဖိုက်ကျည်ဆန်ဒဏ်ကြောင့် အသက်မရှိပါလေတော့။

အောင်စည်ဟိန်းသည် ဇော်မင်းအင်္ကျီအိတ်တွေထဲတွင် လိုက်ရှာကြည့်သည်။ တခြား ထူးထူးထွေထွေ မတွေ့ရှိသော်လည်း ပို့စကတ်ရွယ် ဓာတ်ပုံတစ်ပုံကို တွေ့ရသည်။

ယင်းဓာတ်ပုံသည် အောင်စည်ဟိန်းအတွက် အလွန်အသုံးဝင်သော ဓာတ်ပုံဖြစ်နေတော့သည်။ ဤဓာတ်ပုံကိုမြင်တွေ့သည်နှင့် အောင်စည်ဟိန်းအဖို့ စန္ဒာမိုးနှင့်စတင်ဖန်တီးခဲ့သော အရုပ်တော်ပုံကြီးတစ်ခုကို ဖော်နိုင်ပြီဖြစ်တော့သည်။

အောင်စည်ဟိန်းတွင် ဆက်မရဘဲ ကွင်းဆက်ပြတ်နေသည့် အမှုအား ဤဓာတ်ပုံက ကွင်းဆက်ပေးနိုင်လေတော့သည်။

တတိယ ဆင်ပေါက်ကို အောင်စည်ဟိန်း ကြည့်ပြန်သည်။

ဆင်ပေါက်လည်း အသက်မရှိတော့ပြီ။ ဆင်ပေါက်အင်္ကျီအိတ်ထဲမှ အောင်စည်ဟိန်း၏ ဒသမသုံးရစ်သေနတ်ပြန်ရသည်။

မိုးလေးသည် အလားတူပင် အသက်မရှိတော့ပြီ၊ မိုးလေးအိတ်ထဲမှ ဇော်မင်း သေနတ်အသေးစားလေး ပြန်တွေ့ရှိသည်။

နောက်ဆုံး ဒုစရိုက် ခေါင်းဆောင်ကြီး လျှောင်တိတ်တို့ စစ်ဆေးရာ၊ လက်ဝဲရင်အုံတွင် စိုက်ဝင်နေသော ဓားမြှောင်ဖြတ်မား

www.burmeseclassic.com



မြောင်လေးသည် သေးငယ်စေကာမူ စူးရှပြီး လျောင်တိတ်၏နှလုံးကို ထိုးဖောက်လိုက်ပုံရသည်။

နှလုံးဖေါက်သွားသော လျောင်တိတ်သည် အဘယ်မှာလျှင် အသက်ရှင်နိုင်တော့မည်နည်း။

လျောင်တိတ်ကိုယ်တွင် သေနတ်တစ်လက်ပင်မတွေ့၊ လျောင်တိတ်သည် ကိုယ်တိုင်သေနတ်ကိုင်သူမဟုတ်ဘဲ တပည့်တွေကိုသာ အားပြင်းကြီးမားသော ဖော်တီဖိုက်ကိုင်စေခြင်းဖြင့် သူ့အတွက် လုံခြုံသည်ဟု အမြဲယူဆခဲ့သူသာ ဖြစ်ပေသည်။

အောင်စည်ဟိန်းသည် တယ်လီဖုန်းဆီသို့ လျှောက်သွားပြီး သူ၏မိတ်ဆွေရောင်းရင်း ရဲအရာရှိကြီး ဦးစံမင်းထံ ဖုန်းဆက်လိုက်တော့သည်။

"ကျွန်တော် အောင်စည်ဟိန်းပါ ဦးစံမင်း … မော်တင်လမ်းက နံပါတ်( … )ကိုသာ လာခဲ့ပေတော့ … ဒီမှာ တရားခံတွေ တန်းစီလဲကျနေကြတယ် … "

"ဘာလဲ … မင်းလက်စွမ်းပြပြန်ပြီလား အောင်စည်ဟိန်း"

အောင်စည်ဟိန်းသည် ဖုန်းပြောရင်း မူးဝေလာသည်။ မိမိခေါင်းကိုရိုက်ပြီး ရေခဲရေလောင်း၊ အတင်းပါးပုတ်နှိုးသဖြင့် သတိမေ့ရာမှ ပြန်သတိရချိန်မှာပင် ပင်ပင်ပန်းပန်း သတ်ပုတ်တိုက်ခိုက်မှုများကြောင့် စိတ်လျှော့ချကာ ဖုန်းပြောလေမှ ကိုယ့်ဟာကိုယ် မဟန်နိုင်လောက်အောင် မူးဝေလာသည်။

"ဒီမှာ ဦးစံမင်း … နောက်တစ်ခု ကျွန်တော် ထပ်ပြောမယ်



အားကစားမှူး ကိုမောင်မောင်လွင်ကို ဦးစံမင်း အခုချက်ချင်းဖမ်းလိုက်တော့ … "

"ဟ … ဘာလို့လဲ အောင်စည်ဟိန်း … ဘာလဲ လက်ဝှေ့သမားကျော်ကျော်ရေပုလင်းထဲ အဆိပ်ထည့်မှုနဲ့လား … "

"မဟုတ်ဘူး ဦးစံမင်း … ကိုမောင်မောင်ကို ဖမ်းရမှာက လူသတ်မှုဗျ … သူ့ဒွေးလေး အောင်ကျော်ဇောကိုသတ်မှု၊ ကျွန်တော့်ဆီမှာ ဓာတ်ပုံအထောက်အထားရှိ … "

ပြောရင်းပင် အောင်စည်ဟိန်းမှာ ဘယ်လိုမှ ရပ်တည်နိုင်စွမ်းမရှိတော့ဘဲ ဖုန်းကိုင်လက်တန်းလန်းကြီးနှင့် သတိမေ့လဲကျသွားပေတော့သည်။

ဩော် … ဒီလောက် မနားမနေ နှေးညမဟူ အလွန်ပင်ပန်းစွာလုပ်ရှုံမက အဆိပ်မိ ဦးခေါင်းအရိုက်ခံရနှင့် အောင်စည်ဟိန်းမှာ သူ ခြေရာကောက် နောက်ကလိုက်သမျှ အဖြေမှန်၊ အမှုမှန် ထွက်လာပြီဆိုတော့လည်း အားမာန်လျှော့ချလိုက်သည်။ ပုံလဲ သတိမေ့သွားခြင်းပါတကား။

… ❀ …

www.burmeseclassic.com

www.burmeseclassic.com



## ၂၇

ပထမဦးစွာ သတိပြန်ရလာ၍ အောင်စည်ဟိန်း မျက်လုံးဖွင့်ဖွင့်ခြင်း ဖြူဖြူဖွေးမျက်နှာကျက်ကို တွေ့ရပေသည်။

ယခင်တစ်ခါအဆိပ်မိစဉ်ကလည်း ဤဆေးရုံအခန်း၌ပင်ဖြစ်ကြောင်း အောင်စည်ဟိန်း သတိထားမိသည်။

ဆရာဝန်ကြီးနှင့် ရဲအရာရှိကြီး ဦးစံမင်းကို တွေ့ရပါ၏။

အောင်စည်ဟိန်း ပြုံးမိသည်။

ယခင်တစ်ကြိမ် အဆိပ်မိတက်စဉ်က သတိရပြီး မျက်စိဖွင့် သတိပြန်ရချိန်တွင် ဤဆရာဝန်နှင့် ဤရဲအရာရှိကို မိမိဘေးတွင် ဤသို့ပင် ရပ်နေသည်ကိုတွေ့ရသည် မဟုတ်ပါလား။

"မင်းက ဘာပြုံးတာလဲ အောင်စည်ဟိန်း ... မင်းလိုကောင်မျိုး နောက်ထပ်တစ်ယောက် ထပ်ရှိသေးရင် ဟောဒီ ခေါ်



တာကြီးက နယ်ကိုအမြန်ပြောင်းပြေးဖို့ ကြိုးစားတော့မှာတဲ့ကွ ... တော်ကြာ အဆိပ်မိလာလိုက် ... တော်ကြာ ပက်လက်လေးသတိမေ့ရောက်လာလိုက်နဲ့ တော်တော်အလုပ်ရှုပ်တဲ့လူကိုး ... မင်းကို သောက်ပြစ်တင်နေတာကွ ... "

ပြောလိုက်သောအသံမှာ ရဲအရာရှိကြီး ဦးစံမင်းထံမှ မဟုတ်ဘဲ သတင်းထောက်မြင့်အောင်၏အသံဖြစ်နေသောကြောင့် အသံထွက်လာရာ မြင့်အောင်ဆီသို့ လှမ်းကြည့်လိုက်သည်။

မြင့်အောင်၏စကားကို ဆရာဝန်ကြီးနှင့် ရဲအရာရှိကြီးတို့က ရယ်မောကြသည်။

ဆရာဝန်ကြီးက ဆက်ပြောသည်။

"ရဲအဖွဲ့ကြီးတစ်ခုလုံးရှိနေတဲ့ကြားက ခင်ဗျားအလုပ်တွေ ဘယ်လောက်လုပ်နေသလဲတော့ မသိဘူး ကိုအောင်စည်ဟိန်း ... အခုဆိုရင်တော့ ကျုပ်က ဆရာဝန်အနေနဲ့ပြောချင်တာက အနည်းဆုံး ခင်ဗျားတစ်လ အနားယူပါလို့ ... ခင်ဗျားရဲ့ဦးခေါင်းက သံမဏိမဟုတ်ပါဘူး ... အဆိပ်မိထားတာလည်း ရိုက်ပိုင်းပဲရှိသေးတယ် ... အခုလည်း ခင်ဗျားဦးနှောက်ကို အလုပ်ပေးလွန်းရုံမက ခန္ဓာကိုယ်ကပင်ပန်းလွန်းပြီး သတိမေ့သွားတာ ... ဒီလိုသာ ဦးနှောက်ပိုင်းဆိုင်ရာတွေ ခဏခဏဖြစ်လာရင် ... ခင်ဗျားမှာ ကြီးမားတဲ့ ဦးနှောက်ရောဂါရလိမ့်မယ် ... "

"ဒီကောင်ရူးသွားလည်း ကောင်းတယ်ဆရာ ... တစ်ခါတည်း တံတားလေးပို့လိုက်ရင် အေးရော ... "

www.burmeseclassic.com

www.burmeseclassic.com



ဟု မြင့်အောင်က ဝင်ဖောက်ပြန်သည်။

အောင်စည်ဟိန်းတွင် စိတ်ချရသောအခြေအနေရှိပြီမို့ ဆရာဝန်ပြန်ထွက်သွားသည်။

"ဒါထက် အမာဖြူကော ဘယ်လိုနေသေးလဲ ဦးစံမင်း ..."

"အမာဖြူက ဘာမှမဖြစ်ပါဘူး ... စိတ်ငြိမ်အောင် ဆရာဝန်က အနားယူခိုင်းထားရုံပါပဲ ..."

"ဒီပြင်ကောင်တွေကောဗျာ ..."

"ဆင်ပေါက်၊ မိုးလေးနဲ့ ဇော်မင်းကတော့ ရင်ခွဲရုံထဲရောက်သွားတာပေါ့ကွာ ... ဖော်တီဖိုက်ကျည်ဆန်တွေပဲ ပွဲချင်းပြီးတာပေါ့ ..."

"အေးဗျာ ... သူ့အသက်ကိုယ့်အသက်လှရတဲ့အချိန်မို့ နေရာရွေးမနေနိုင်ဘူး ... သေကွင်းကိုပင် အမြန်ပစ်ရတာ ... ဒါထက် ဦးအလျှောင်ခေါ် လျှောင်တိတ် တရုတ်ပုတ်ရော"

"လျှောင်တိတ်ကတော့ ... ဆေးရုံရောက်တဲ့အထိ စကားပြောနိုင်သေးတယ်ကွ ... ထွက်ဆိုချက်ရော ဖြောင့်ဆိုချက်ရောပေးသွားခဲ့တယ် ... ဒါပေမဲ့ သူလည်း မာလကီးကုတ်သွားတာပဲပေါ့ကွာ ... အမာဖြူ ပေါက်တဲ့ဓားဟာ သေးငယ်ပေမဲ့ အဝင်စူးတယ်ကွ ... လျှောင်တိတ်ရဲ့လက်ဝဲရင်အုံဖောက်ပြီး နှလုံးကိုပါ ဓားဦးချွန်စိုက်သွားတော့ ခွဲစိတ်ကုသချိန်တောင် မရလိုက်ဘူး အောင်စည်ဟိန်း ..."

"ဒါထက် ကျွန်တော် ဦးစံမင်းဆီ နောက်ဆုံးဖုန်းဆက်တုန်းက အားကစားမှူး မောင်မောင်လွင်ကို အောင်ကျော်ဇော

www.burmeseclassic.com



သတ်မှုနဲ့ ဖမ်းလိုက်ပါလို့ပြောခဲ့တယ်မဟုတ်လား ... အဲဒါကျွန်တော့်မှာ ဓာတ်ပုံအထောက်အထားတွေရလို့ ..."

"မင်း သတိမေ့နေတုန်းကပဲ မင်းဆီကဓာတ်ပုံတွေ ငါယူကြည့်ပြီး အောင်စည်ဟိန်း ဒီမှာလေ ... မင်းဆီက ငါယူသိမ်းလိုက်တဲ့ဓာတ်ပုံတွေ ... ဒီဓာတ်ပုံတွေ အခိုင်အမာဖြစ်တော့ မောင်မောင်လွင်လည်း မငြင်းနိုင်မကွယ်နိုင်တော့ဘူး ... ငါ သူ့ကို ဖမ်းထားလိုက်တယ် ..."

နေရာတကာစပ်စုသော ... သတင်းထောက် မြင့်အောင်က ဓာတ်ပုံတွေကို လိုက်ကြည့်သည်။

အောင်စည်ဟိန်းကပင် ဦးစံမင်းလက်ထဲမှ ဓာတ်ပုံတွေကိုယူပြီး မြင့်အောင်ကို ပြသပေးသည်။

ဓာတ်ပုံထဲမှ အဖြစ်အပျက်များသည် ဘိုကလေးဈေးလမ်းရှိ စန္ဒာမိုး၏နှစ်ခန်းတွဲတိုက်ခန်းထဲတွင် ဖြစ်ပျက်သည်တို့ကိုရိုက်ထားသော ဓာတ်ပုံများဖြစ်သည်။

ဓာတ်ပုံ၏အလယ်တွင် အားကစားမှူးမောင်မောင်လွင်သည် ဒေါသအကြီးအကျယ်ထွက်နေသောမျက်နှာနှင့် ခြေကားယားပြီး မတ်တတ်ရပ်နေသည်။ သူ၏လက်ထဲတွင် တစ်ပေခန့်ရှည်သော အမျိုးသမီး ကိုယ်လုံးပေါ် ကြေးသွန်းရုပ်ကိုကိုင်ထားသည်။ မောင်မောင်လွင်၏ခြေရင်း ကြမ်းပေါ်တွင် လဲကျနေသော အောင်ကျော်ဇောကိုတွေ့ရသည်။

မြင့်ရှံနှင့်ပင် မောင်မောင်လွင်က အောင်ကျော်ဇောကို ကြေးသွန်းရုပ်နှင့် ရိုက်သတ်ခဲ့ကြောင်း ပေါ်လွင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်မောင်လွင်က အောင်ကျော်ဇောကို ဒီကြေးသွန်းရုပ်နဲ့ ရိုက်သတ်ကြောင်း ဖြောင့်ချက်ပေးပြီပေါ့ ... ဟုတ်လား ဦးစံမင်း ..."

"အေး ... ဒါပေမဲ့ ... သူဟာ သူ့အသက်ကို ကာကွယ်ခုခံရင်း လက်လွန်သွားရတာလို့ပဲ ဆိုနေသေးတယ် ... စန္ဒာမိုးကို မောင်မောင်လွင်က အမျှင်မပြတ်နိုင်တာမို့ အောင်ကျော်ဇောက စန္ဒာမိုးနဲ့ပတ်သက်ပြီး သူ့ကို သတ်မလို့လုပ်တာကို သူက အနီးရှိ ကြေးသွန်းရုပ်ကိုဆွဲယူပြီး ခုခံကာကွယ်တဲ့ အနေနဲ့ အောင်ကျော်ဇောကို ရိုက်လိုက်မိတယ်လို့ ပြောတာပဲ ..."

စန္ဒာမိုးနဲ့စိုးလှိုင်အောင် အသတ်ခံရတာကျတော့ မောင်မောင်လွင်က ဘာမှမပြောဘူးလား။

ဦးစံမင်းက ခေါင်းခါပြသည်။

"အဲဒါတွေကိုတော့ သူ ဘာမှမသိဘူးလို့ မောင်မောင်လွင်က ပြောတာပဲ ... အောင်ကျော်ဇောကို သတ်မိတယ်လို့ ဖြောင့်ဆိုချက်ပေးတာကော ဓာတ်ပုံအထင်ကရရှိနေပြီး မငြင်းတာကို ဖြောင့်ချက်ပေးတာမျိုးပဲ ... နေပါဦးကွ ... အောင်စည်ဟိန်း ... ဒီဇာတ်တွေကို မင်းက ဘယ်လိုရလာတာလဲကွ ..."

"ကဲ ... ကဲ ... ကဲ ... ဒီကိစ္စက ရှုပ်ပွေနေတာ ကျွန်တော်အစ ပဲ အစီအစဉ်အတိုင်း ရှင်းပြပြောပြသွားမယ် ... ဒါမှ ဦးစံမင်းရော မြင့်အောင်ရော နားရှင်းသဘောပေါက်မှာ ..."



"အေးကွ ... အဲဒီလိုပဲ ရှင်းပြစမ်းပါ အောင်စည်ဟိန်း"

အောင်စည်ဟိန်းက ရှင်းပြတော့သည်။

"ပထမဆုံးကတော့ စန္ဒာမိုးပဲ ... စန္ဒာမိုးဟာ ရုပ်ချောသလောက် ယောကျ်ားတွေကိုဆွဲဆောင်နိုင်တယ် ... အဲဒီထဲမှာ အထင်ကရသုံးယောက်ကတော့ အောင်ကျော်ဇောရယ်၊ စိုးလှိုင်အောင်ရယ်၊ မောင်မောင်လွင်ရယ်ပေါ့ ..."

ဟု အစချီပြီး အောင်စည်ဟိန်းက ဇာတ်ကြောင်းကို ဆက်ပြောပြသည်။

စန္ဒာမိုးသည် သူဌေးအောင်ကျော်ဇောနှင့်ငြိပြီးသောအခါ အောင်ကျော်ဇောကို လက်မလွှတ်ချင်တော့ပေ။ အောင်ကျော်ဇောသည် သူမ၏ရာသက်ပန်ဘဏ်တိုက်ကြီးဖြစ်စေလိုလာသည်။

သို့သော် အောင်ကျော်ဇော၏အကျင့်ကိုက အသစ်အသစ်များအပေါ်တွင် သာယာမှုယူတတ်သည်။ တရားဝင်ဇနီးဒေါ်ကေသီသည် သူ့အတွက် ရိုးသားသောအခါ စန္ဒာမိုးလိုအသစ်ကို ရှာသည်။ အောင်ကျော်ဇော၏ ထိုသို့သောစိတ်ထားကို စန္ဒာမိုးသိလည်း အောင်ကျော်ဇောက ကျောခိုင်းလေမည်သာ။

ထို့ကြောင့် ... စန္ဒာမိုးသည် ဓာတ်ပုံဆရာ စိုးလှိုင်အောင်နှင့်ပူးပေါင်းပြီး အကြံတစ်ခု ကြံတော့သည်။

စန္ဒာမိုးနှင့်အောင်စိုးလှိုင်သည် စန္ဒာမိုးအိပ်ခန်းထဲတွင်ရှိသော အဝတ်စက်ကပ်မှန်ဗီရိုကို အဆန်းထွင်လိုက်သည်။ အဝတ်ဗီရိုမှန်သည် အပြင်ကကြည့်လျှင် ကိုယ်လုံးပေါ်မြင်ရသော

www.burmeseclassic.com

www.burmeseclassic.com



မှန်ဖြစ်စေကာမူ ဗီရိုအတွင်းမှ လူဝင်ပြီး ထိုမှန်မှအပြင်သို့ကြည့်လျှင် အပြင်သို့ အားလုံးမြင်တွေ့ရသော ရိုးရိုးပြတင်းပေါက်တပ်မှန်မျိုး ဖြစ်သည်။

ထိုရောအခါ ဓာတ်ပုံဆရာ စိုးလှိုင်အောင်က ဗီရိုထဲ ဝင်ပြီး ကင်မရာနှင့် အပြင်တွင် အောင်ကျော်ဇောနှင့် မိုးစန္ဒာတို့ကို ကင်မရာဖြင့် ရိုက်ယူရန် ကြံစည်ကြခြင်းဖြစ်တော့သည်။

ထိုသို့သောအကြံအစည်မှာ အောင်မြင်လေသလား၊ မအောင်မြင်လေသလားတော့ မသိ။ ထိုအထဲတွင် မောင်မောင်လွင် ဝင်ရှုပ်လာသည်။

မောင်မောင်လွင်က ဒေါ်သတကြီးနှင့် ဆူပူကြိမ်းမောင်းနေချိန်တွင် ဓာတ်ပုံဆရာ စိုးလှိုင်အောင်က မှန်ဗီရိုအထဲသို့ ရောက်နေသည်။

စန္ဒာမိုးနှင့်ပတ်သက်ပြီး မောင်မောင်လွင်နှင့်အောင်ကျော်ဇောကို ကြေးသွန်းရုပ်နှင့် ရိုက်သတ်သည့်ရော ဗီရိုထဲမှ စိုးလှိုင်အောင်က ဓာတ်ပုံရိုက်ယူလိုက်သည်။

အောင်ကျော်ဇော သေသွားသည်။ သို့သော် မောင်မောင်လွင်က အောင်ကျော်ဇောကို သတ်ပစ်သည့်ဓာတ်ပုံကား တော့ ရရှိသွားသည်။

တကယ်တော့ မောင်မောင်လွင်သည် စန္ဒာမိုးနှင့်စိုးလှိုင်အောင်၏အကြံအစည်ကို လုံးဝသိရှိပုံမရပေ။

အခြေအနေက တစ်မျိုးဖြစ်သွားသည်။ လိုချင်သော ဓာတ်ပုံ ရ မရတော့မသိ။ အောင်ကျော်ဇောကတော့ သေသွားပြီ



ဒီတော့ စန္ဒာမိုးအတွက် သေသွားသော အောင်ကျော်ဇောထံမှ ဘာမျှ ထပ်မံပြီးရပေါက်ရလမ်းမရှိပါလေတော့။

ထိုစကားအရောက်တွင် ဦးစံမင်းက အောင်စည်ဟိန်းကို ကြားဖြတ်မေးခွန်း မေးလိုက်သည်။

"မောင်မောင်လွင်ရဲ့ထွက်ဆိုချက်ထဲမှာ ... သူက ဒေါသအလျောက် အောင်ကျော်ဇောကို ရိုက်သတ်ပြီးတဲ့နောက် ဘာဆက်လုပ်ရမှန်းမသိအောင် ကြောင်နေတယ်တဲ့ ... သူ သတိပြန်ဝင်လာတဲ့အချိန်မှာ စန္ဒာမိုးရော စိုးလှိုင်အောင်ရော သူ့အနားမှာရောက်နေသတဲ့ ... အဲဒီမှာ စိုးလှိုင်အောင်က အောင်ကျော်ဇောရဲ့အလောင်းကို ဖျောက်ဖျက်ပစ်ဖို့ သူ့ကို အကြံပေးတယ်တဲ့ ... သူတို့ကိုလည်း မောင်မောင်လွင်က နှုတ်ပိတ်ခပေးရမယ် ... ဆွယ်စကားပြောတယ်တဲ့ ... တကယ်တော့ကွာ အဲဒီအချိန်မှာ မောင့်မောင်လွင်ကိုယ်တိုင်က ငါတို့ရဲ့အဖွဲ့ကို အကြောင်းကြားပြီး သူ့အသက်ကို သူကာကွယ်ရင်း လက်လွန်မိသွားတာပါလို့ အစစ်ဆေးခံ ဖြောင့်ချက်ပေးရင် ထိုက်တန်တဲ့ ခပ်ပေါ့ပေါ့အပြစ်သာ သူခံရမှာ ... ဘယ်သူမဆို မိမိကိုယ်ကို ကာကွယ်ခွင့် တရားဥပဒေက ပေးထားတာပဲဟာ ... ဒါပေမဲ့ အဲဒီလို သွေးဆန်းချိန်မှာ ဒီလိုမတွေးမိဘူးထင်ပါရဲ့ကွာ ... စိုးလှိုင်အောင်နဲ့ စန္ဒာမိုးပြောတဲ့အတိုင်း အောင်ကျော်ဇောအလောင်းကို ဖျောက်ဖျက်ဖို့ မောင်မောင်လွင်က သဘောတူခဲ့တယ်တဲ့ အဲဒီနောက် သန်းခေါင်ကျော်တဲ့အထိ စောင့်ပြီး အောင်

www.burmeseclassic.com



ကျော်ဇော အလောင်းကို မိုလ်ချုပ်ပန်းခြံဘေးမှာ ကားပေါ် ကပစ်ချခဲ့ကြတာပဲတဲ့ ... ”

အောင်စည်ဟိန်းက ဆက်ပြောသည်။

“အဲဒီနောက်တော့ စန္ဒာမိုးနဲ့ စိုးလှိုင်အောင်ဟာ မောင်မောင်လွင်ကို တစိမ့်စိမ့်ငွေညှစ်တော့တာပဲ ... အဲဒီလို ငွေညှစ်နေတာကို ကျွန်တော် အစောပိုင်းကတည်းက ရိပ်မိတယ် ... စန္ဒာမိုးအကြောင်းသိချင်လို့ ပထမ ကိုမောင်မောင်လ ရှိရာ အောင်ဆန်းအားကစားကွင်းကို ကျွန်တော် လိုက်သွားပြီး ကိုမောင်မောင်လွင်နဲ့တွေ့တယ် ... စန္ဒာမိုး အကြောင်းပြောရာမှာ ကိုမောင်မောင်လွင်က အင်မတန် နာကြည်းချက်နဲ့ပြောမှန်း သေချာတယ် ... စန္ဒာမိုးကို သူ အဆက်ဖြတ်တာ ငါးလခြောက်လထဲကပဲလို့လည်း ပြောတယ် ... အခု သူ့လက်ထဲမှာ နန်းသီတာအချောအလှပဂေး ရှိနေတာတောင် စန္ဒာမိုး ငွေလာတောင်းရင် သူပေးနေသေးတယ်တဲ့ ... ဒီလောက် စန္ဒာမိုးကို စိတ်နာနေပြီပဲဟာ ဘာလို့ ငွေဆက်ပေးနေသေးလဲလို့ ကျွန်တော် အဲဒီကတည်းက စဉ်းစားကြည့်တယ် ... ”

ယင်းသို့ဖြင့်ပင် မောင်မောင်လွင်မှာ စန္ဒာမိုးနှင့် စိုးလှိုင်အောင်၏ ငွေညှစ်မှုကို အလူးအလဲခံနေရသည်။

ထိုအချိန်မှာပင် ... လျောင်တိတ်၏ကြွေးကြောင့် အငမ်းမရ ငွေလိုချင်နေသော ဇော်မင်းပေါ်လာသည်။

ဇော်မင်းသည် ဂျပန်မြန်မာ ချစ်ကြည်ရေးလက်ဝှေ့ပွဲ ကျော်ကျော်နှင့်အိုကာဆာစံထိုးပွဲတွင် အကြီးအကျယ် ပြင်ဝဠ်လောင်းကစားနေကြသည်ကို လောင်းကစားသမား ဇော်မင်းက သိနေသည်။

ထို့ကြောင့် သူ့အကွက်နှင့်သူ အောင်ဆန်းကွင်းသို့ လာရောက်ပြီး ကျော်ကျော်အား သွေးဆောင်ခဲ့ရာ အားကစားမှူး မောင်မောင်လွင်၏ အံထိုးအကျိုတ်ကို ဇော်မင်းခံသွားရသည်။ ပထမတော့ တကယ်စိတ်ဆိုးပြီး ဇော်မင်းကို ထိုးကျိတ်လိုက်သော်လည်း မောင်မောင်လွင်ကိုယ်တိုင် ငွေညှစ်ခံနေရသူမို့ လောင်းကစားသမားဇော်မင်းအကြောင်းကို မောင်မောင်လွင် ဆက်စုံစမ်းသည်။ ဇော်မင်းသည် ဒုစရိုက်လောကထဲမှ အကောင်တစ်ကောင်ဖြစ်ပြီး အမှောင်လောကထဲပွင် ကျွမ်းကျင်သော ကစားသမားဖြစ်ကြောင်းနှင့် လောလောဆယ် အငမ်းမရ ငွေကို ကြွေးဆပ်ရန်လိုနေကြောင်း မောင်မောင်လွင် စုံစမ်းသိရှိရသည်။

ဤမှာပင် ...

မောင်မောင်လွင်နှင့်ဇော်မင်းတို့ ကြောင်စံတွင်းမှုတ်နှင့် ဇရက်တောင်ပံကျိုးပုံစံ ဆက်သွယ်သွားမိကြသည်။ အပြန်အလှန် နားလည်မှုယူလိုက်ကြသည်။

ဇော်မင်းက စိုးလှိုင်အောင်လက်တွင် ရှိနေသော ဓာတ်ပုံတွေကို မောင်မောင်လွင့်အတွက် ပြန်ယူပေးရမည်။

မောင်မောင်လွင်က အိုကာဆာစံနှင့်ကျော်ကျော်ပွဲတွင် ဇော်မင်းကို ဝင်လောင်းစေပြီး ကျော်ကျော်ရှုံးစေရမည်။

www.burmeseclassic.com



ဤသည်ပင် မောင်မောင်လွင်နှင့်ဇော်မင်းတို့ နှစ်ဦး သဘောတူဖြစ်သွားသည်။

ဇော်မင်းအဖို့ နောက်ဆုံး စိုးလှိုင်အောင်ထံမှ ဓာတ်ပုံတွေ ရယူရေးတွင် စိုးလှိုင်အောင်ကိုရော စန္ဒာမိုးကိုသတ်ပြီး ယူသည့်တိုင်အောင် ဘယ်သူကမှ ဇော်မင်းကိုသတ်သူဟု ယူဆကြမည် ထင်ကြမည်မဟုတ်ဟု ယုံကြည်ထားသည်။

အကြောင်းမူ ... စိုးလှိုင် စန္ဒာမိုးနှင့် ဇော်မင်းသည် အရှေ့မကာက ဘာမှမပတ်သက်ခဲ့သောကြောင့် ဖြစ်သည်။

ဇော်မင်းသည် ရှိသမျှငွေနှင့်လက်ဖွဲ့ပွဲတွင် ပုံပြလောင်းခြင်းအားဖြင့် ကျော်ကျော်ရှုံးသွားပြီး အိုကာဆာစ်နိုင်သွားလျှင် ဇော်မင်းအတွက် လျော်ကြေးတိုက်၏ကြေးဆပ်နိုင်ရုံမက ငွေပိုငွေလျှံပင် ကျန်နိုင်ရနိုင်သေးသည်။

"အဲဒါကို ကျွန်တော် ရိပ်မိနေလို့ တယ်လီဖုန်းနဲ့ မြင့်အောင်ကို ဒီလက်ဖွဲ့ပွဲမှာ ကျော်ကျော်မရှုံးဘူးလို့ ဘယ်သူပြောနိုင်မှာလဲလို့တောင် မေးလိုက်မိသေးဘူး ... ဒါပေမဲ့ ကျော်ကျော့်ဘက်က တစ်ဆွေလုံးတစ်မျိုးလုံးတောင် ရှိသမျှငွေပုံလောင်းနေတယ်လို့ ..."

"ကျွန်တော်မသင်္ကာဖြစ်လာတာက တခြား အကြောင်းမဟုတ်ဘူး ... ရေနဂါးငါးဟိုတယ်ထဲ ကျွန်တော့်ရောက်နေတုန်း ဇော်မင်းရဲ့အိခန်းထဲကို ဆင်ပေါက်နဲ့မိုးသီးရောက်လာကြ တယ်၊ အဲဒီတုန်းက ဆင်ပေါက်နဲ့မိုးသီးက ကျွန်တော် ဘယ်သူဆိုတာ မသိကြဘူး ... ဇော်မင်းရဲ့မိတ်ဆွေတော်



ယောက်လို့ပဲ ထင်ကြတယ် ... အဲဒီမှာပင် သူ့ကို လူမိုက်နှစ်ယောက်က ဇော်မင်းက မင်းကို လက်စွမ်းပြန့်ခိုင်းတာပဲ ဗျို့ ... ဇော်မင်းက သူတို့ကို သောကြာနေ့လယ်မှာ အဆက်ဆက်ပြန်ပေးမယ်လို့ပြောတာ ကျွန်တော်နားနဲ့ဆတ်ဆတ်ကြားရတယ် ... သောကြာနေ့ရဲ့ ငွေရမှုကိုကြည့်ရင် လက်ဖွဲ့ပွဲ လောင်းကစားကြေးကို ဘာများများစားစား ရနိုင်တာကို ကျွန်တော် စဉ်းစားလိုက်မိတယ်"

"ဒါကြောင့် လက်ဖွဲ့ပွဲမှ တစ်ခုခုတော့ဖြစ်တော့မယ်လို့ တွေးမိပြီး မြင့်အောင်ဆီက လက်မှတ်တစ်စုံ မရမက တောင်းလိုက်ကြတာ ... ကျွန်တော် တွေးတင်ထားတဲ့ အဝိုင်း ကျော်ကျော်ရဲ့အရေပြလင်းထဲမှာ ထားစစ်တော့ လေ"

"မြင့်အောင်က ခေါင်းညိတ်ပြပြီး သူကိုယ်တိုင် အကဲဖြတ်ဒိုင်လူကြီးတွေကို သတင်းစာသူများတစ်ယောက်လောက် အနေနဲ့ဝင်ရောက်ပြီး ကွန်ပလိန်းတက်ခဲ့ရသည့်အကြောင်း ဆက်၍ ရှင်းပြပြောပြပေတော့သည်။

ဦးစံမင်းက ပြောင်းပြသမျှကို နားထောင်နေရာမှ ...

"အေး ... အဲဒီအထိတော့ ဟုတ်ပြီ ... မင်းတို့စကားတွေက ကျော်လာပြန်ပြီလေ ... စိုးလှိုင်အောင်နဲ့ စန္ဒာမိုးအသတ်ခံရတာကရော ဘယ်လိုလဲ ..."

ဦးစံမင်း မေးသည်ကို အောင်စည်ဟိန်းကပင် ဆက်၍ ရှင်းပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"မရမ်းကုန်းက မြသုခကလပ်မှာ နှင်းဆီတာ သီချင်းဆိုပြီး ကပြတဲ့ညကပေါ့ … ဇော်မင်းဟာ စိန်ပန်းနဲ့ အေးညိုဆိုတဲ့ ကြေးစားလူမိုက်နှစ်ယောက်ကို မောင်မောင်လွင်ပေါက်တဲ့ ငွေကြေးနဲ့ငှားပြီး စိုးလှိုင်အောင်ဆီ သွားကြတာပေါ့"

မောင်မောင်လွင်အဖို့ အဲဒီအချိန်မှာ သူဟာ နှင်းဆီတာနှင့်အတူရှိနေကြောင်း၊ အလီဘိုင် ပြနိုင်တယ်လေ။

"ဇော်မင်းအနေနဲ့ကလည်း စိုးလှိုင်အောင် သူနဲ့ဘယ်တုန်းကမှ ဘာကိစ္စနဲ့မှ မပတ်သက်တဲ့အကြောင်း တင်ပြနိုင်တယ်၊ အဲဒီဆင်ကွက်နဲ့ပဲ လူသတ်သမားနှစ်ယောက်နဲ့ ဇော်မင်း၊ စိုးလှိုင်အောင်ဆီ ရောက်သွားတယ် … စိုးလှိုင်အောင်ဆီက မောင်မောင်လွင် နဲ့ပတ်သက်တဲ့ဓာတ်ပုံတွေ နဂတစ်တွေ အရယူပြီး … စိုးလှိုင်အောင်ကို သတ်ပစ်လိုက်ကြတာပဲ ဦးစံမင်း …"

သို့သော် ထိုကိစ္စသည် ထိုမျှနှင့်မပြီးသေး။ လှလွန်းဆွေ ဓာတ်ပုံဆိုင်ကို စိုးလှိုင်အောင်နှင့်အတူ ရှယ်ယာဖွင့်သော လှလွန်းဆွေဆိုသည့်အမျိုးသမီးသည်လည်း စိုးလှိုင်အောင်သိထားသမျှ လှလွန်းဆွေလည်း သိထားနိုင်သည်ဟု တွက်ကာ လှလွန်းဆွေကိုပါသတ်ရန် လှလွန်းဆွေ၏အိမ်ကို သွားသေးသည်။

သို့သော် ထိုညက လှလွန်းဆွေသည် သူမ၏သူငယ်ချင်း ပြင်သစ်ပို့သွားကြသည်ကို လိုက်ပို့ရာ လေယာဉ်ဆိုက်ချိန် မနက်နှင့်ညမှားပြီး လေယာဉ်က နောက်နေ့မနက်မှလာမည်ဖြစ်သောကြောင့် အိမ်မပြန်တော့ဘဲ လေယာဉ်ဆိပ် တည်းခိုခန်းမှာပင်



ညအိပ်နေလိုက်သဖြင့် လှလွန်းဆွေ အသက်ဘေးမှ လွတ်သွားသည်။

ဇော်မင်းဆက်လက်ဆောင်ရွက်ရန် တစ်ခုကျန်သေးသည်မှာ စိုးလှိုင်အောင်အား ခြောင်ပြီးသည့်နောက် အလောင်းကို ဒီအတိုင်းထားခဲ့သည်ကို စန္ဒာမိုးကတွေ့ရှိပြီး သူမလည်း အထိတ်တလန့် အကြီးအကျယ် ဖြစ်သွားသည်။ ထို့ကြောင့် စိုးလှိုင်အောင်၏အခန်းမှ အထိတ်တလန့် ထွက်ပြေးခဲ့ပြီး မောင်မောင်လွင်နှင့်တွေ့ရန် ပြေးလာခဲ့သည်။ မောင်မောင်လွင်နှင့်တွေ့လျှင် စိုးလှိုင်အောင် အသတ်ခံရပြီးသွားပြီမို့ မိမိလည်း မောင်မောင်လွင်ကို ငွေညှစ်ရန် မလုပ်တော့ကြောင်း ပြောပြရန်ဖြစ်သည်။

စန္ဒာမိုးအနေနဲ့ စိုးလှိုင်အောင် အသတ်ခံရမှုကို ရဲအဖွဲ့ကို မတိုင်ကြားရပေ။ သူမကိုယ်တိုင် စိုးလှိုင်အောင်နှင့်ပေါင်းပြီး ငွေညှစ်ထားသောကြောင့် မတိုင်ကြားရဲခြင်းဖြစ်ပါ၏။

ထိုညက မောင်မောင်လွင်ကို မြသုခကလပ်တွင် စန္ဒာမိုး မတွေ့ခဲ့ရပေ။ စိတ်ပျက်လက်ပျက်နှင့် မရမ်းကုန်းလမ်းအတိုင်း ပြန်လာစဉ် ဇော်မင်း၏ လူသတ်သမားနှစ်ယောက်နှင့် ဝက်ပင်းတွေ့ဆုံပြီး စန္ဒာမိုးကို သတ်မည်ပြုစဉ် ကံအားလျော်စွာ အောင်စည်ဟိန်းနှင့်တွေ့ဆုံပြီး စန္ဒာမိုးကို အောင်စည်ဟိန်းက လူသတ်သမားများလက်မှ သွေးရိုးသားရိုးကယ်တင်ခဲ့သည်။

ဤအချက်ကပင် ဇော်မင်းနှင့်လူသတ်အဖွဲ့သည် အောင်စည်ဟိန်းကိုပါ နှုတ်ပိတ်ပစ်ရမည့်သူဟု သတ်မှတ်ခြင်းခံလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်စည်ဟိန်း ဤကိစ္စထဲသို့ဝင်ရောက်လာခြင်းကြောင့် မောင်မောင်လွင်နှင့်ဇော်မင်းတို့၏ ဆင်ကွက်တွေ အစီအစဉ်တွေအားလုံး ကမောက်ကမတွေ ဖြစ်ကုန်သည်။

နောက်ဆုံး အောင်စည်ဟိန်းသည် လက်ငွေ့သမားကျော်ကျော်၏ ရေပူလင်းတွင် ဆေးခတ်ထားခြင်းကိုလည်း အချိန်မီ ဖော်ထုတ်နိုင်ခဲ့သည်။

အောင်စည်ဟိန်း၏ ရှည်လျားစွာသော ရှင်းပြချက် ပြောပြချက်များပြီးသွားသောအခါ သတင်းထောက် လက်ထောက် အယ်ဒီတာမြင့်အောင်သည် ဖင်တကြွကြွနှင့် ပြန်ရန် ဟန်ပြင်တော့သည်။

"ဟေ့ကောင် ... ဘာလဲ ... မင်း ရှုတိုင်းမှန်သတင်းစာမှာ အချိန်မီဖော်ဝင်နိုင်ဖို့အတွက် ပြေးတော့မယ် မဟုတ်လား မြင့်အောင် ..."

"အေးကွာသူငယ်ချင်း ... သတင်းစာဆိုတာ သူများထက် ကိုယ့်သတင်းစာက ဦးမှကွနော် ... ငါ ပြန်ပါရစေတော့ သူငယ်ချင်းရာ ..."

"အေး ... ဒါဆို ... ငါ့ကို တစ်ခုတော့ မင်းလုပ်ပေးခဲ့ဦး မြင့်အောင် ... ရေနဂါးဟိုတယ်ရှေ့မှာ ငါ့မော်တော်ကားလေး ဒီအတိုင်းထားခဲ့ရတယ် ... ဒီမှာကားသော့ မင်းသွားယူပြီး ဒီဆေးရုံကို မောင်းပို့ပေးခဲ့ ... ပြီးရင် မင်းသတင်းစာတိုက်ကို ငါ့ကားနဲ့လိုက်ပို့ပေးမယ် သူငယ်ချင်း ..."

အောင်စည်ဟိန်းက သူ့ကားသော့ကို မြင့်အောင်အား ပေးလိုက်သည်နှင့် မြင့်အောင် တချိုးတည်းထလစ်ပြန်ပြေးသွားတော့သည်။



"ဘယ်လိုလဲ ငအောင်စည်ဟိန်း ... မင်းက ဆေးရုံကဆင်းတော့မလို့လား ... မင်းအနားယူရမယ်လို့ ..."

ရောင်းရင်းကြီးရဲ့အရာရှိ ဦးစံမင်းက သတိပေးစကားပြောလိုက်သည်။

"ကျွန်တော် တစ်လလောက်အနားယူမှာပါ ဦးစံမင်း ... တောင်ကြီးသွားပြီး အနားယူမလားလို့ပါ ..."

"အေး ... ဒါပေမဲ့ အမှုလိုက်အိုင်အိုရဲ့အရာရှိဆီမှာတော့ မင်းရဲ့ ထွက်ဆိုချက်တွေ တရားဝင်ပေးခဲ့ဦးကွ ... နောက်တစ်ချက်က အရေးကြီးရင် မင်းဆီကို ငါဖုန်းဆက်ဖို့ရယ် ကြေးနန်းရိုက်ဖို့ရယ် ... မင်း တောင်ကြီးမှာနေတဲ့ ဖုန်းနံပါတ်နဲ့ လိပ်စာလည်းချက်ချင်းပို့ပေး ကြားလား ..."

"စိတ်ချ ဦးစံမင်း ..."

ထိုအခိုက်မှာပင် အောင်စည်ဟိန်းရှိရာ အရေးပေါ်အခန်းထဲသို့ ညှိသည်နှစ်ဦး ဝင်ရောက်လာပြန်သည်။

တစ်ဦးမှာ ဦးသိဒ္ဓိ ...

နောက်တစ်ဦးမှာ အောင်နိုင်ဝင်း။

အောင်စည်ဟိန်းအား ကျေးဇူးတင်စကားပြောပြီး ဦးသိဒ္ဓိက နှစ်ထောင်တန် ချက်လက်မှတ်တစ်စောင် အောင်စည်ဟိန်းကို ပေးပေသည်။

ယခုမှပင် သူတို့မောင်နှမနှစ်ဦးမှာ အောင်ကျော်

www.burmeseclassic.com

www.burmeseclassic.com



ဧော အသတ်ခံမှုအတွက် ပတ်ဂန်းကျင်က သံသယရှင်းသွားသည်မို့ အောင်စည်ဟိန်း၏စွမ်းဆောင်ချက်ကို ချီးကျူးကြောင်းနှင့် ကျေးဇူး အထူးတင်ကြောင်း ပြောကြားပေသည်။

ဦးသိဒ္ဓိသည် ချာတိတ်အောင်နိုင်ဝင်းကို ... ညီမ ဒေါ်ကေသီနှင့်ပတ်သက်ပြီး မလိုလားသော်လည်း ယခု ဆေးရုံသို့ အတူတွဲလာသည်ကို အောင်စည်ဟိန်းက ငေးကြည့်နေမိသည်။

"မမကေသီကလည်း ဦးအောင်စည်ဟိန်းကို သိပ်ကျေးဇူး တင်တဲ့အကြောင်း ပြောပေးပါလို့ မှာလိုက်ပါတယ် ... ပြီး ကျွန်တော့်ရဲ့အစ်မ မမမြိုင်ကလည်း သူ့ အရမ်းတွေလုပ်မိတဲ့ အတွက် ဦးအောင်စည်ဟိန်းကို တောင်းပန်ပါတယ်တဲ့ဗျာ၊ ကျွန်တော်ကိုယ်တိုင်လည်း ဦးအောင်စည်ဟိန်းကို တကယ် ချီးကျူးတယ်ဗျာ ... သိပ်လည်း အားကျမိတယ် ... လျှောင် တိတ်လို တကယ့်ဒုစရိုက်ကောင်ကြီးနဲ့ သူ့ဂိုဏ်းအဖွဲ့ကြီးကို ဦးအောင်စည်ဟိန်းတစ်ယောက်တည်းနဲ့ ဝင်ကြဲအနိုင်ယူ တာကိုလေ ..."

အောင်နိုင်ဝင်း၏စကားကိုကြားသွားသော ရဲအရာရှိ ကြီး ဦးစံမင်းက တဟဲဟဲရယ်ပြီး ပြောလိုက်သည်။

"အေး ... မောင်ရင်လေးဟာ ဘယ်သူမှန်းတော့ ငါမသိဘူး ဒါပေမဲ့ ငအောင်စည်ဟိန်းကို မောင်ရင်လေး အခုလိုသာ ပစ်ချီးမွမ်းရင်တော့ ဒီကောင်က မြှောက်ပေးရင် ဖွေးတတ် အောင်ကတဲ့ကောင်ကွ၊ သိပ်မမြှောက်နဲ့ ငါ့ကောင်လေး"

အားလုံးဝိုင်းပြီး ဦးစံမင်းပြောသည်ကို ရယ်မောနေ



စဉ်မှာပင် ဦးစံမင်း၏ စည်ပိုင်းခန္ဓာကိုယ်ကြီး တလိမ့်လိမ့်နှင့်အခန်း ထဲမှ ထွက်သွားတော့သည်။

မရှေးမနှောင်းမှာပင် ... ဦးသိဒ္ဓိနှင့် အောင်နိုင်ဝင်း လည်း နှုတ်ဆက်ပြီး ပြန်အသွားမှာပင် မြင့်အောင် ပြန်ရောက်လာ သည်။

မြင့်အောင် ပြန်ရောက်လာသည်နှင့် အောင်စည် ဟိန်းသည် ခုတင်မှထပြီး ပြန်ရန် ဟန်ပြင်လိုက်သည်။

"လာ ... သွားစို့မြင့်အောင် ... မင်းကို မင်းသတင်းစာတိုက် မှာ ငါချပေးခဲ့မယ် ..."

"ငါ့ဘာသာငါပဲ ငါ့သတင်းစာတိုက်ကို ပြန်ပါတော့မယ် မောင်ရာ ... မင်းဟာမင်းပဲပြန်ပေတော့ကွာ ... ငါသာသနာ ဖျက်ကောင် မဖြစ်ပါရစေနဲ့ ..."

"ဘာကွ ... မင်းစကားက တစ်မျိုးပါလား ..."

"မင်းအောက်ကိုရောက်တော့ သိမှာပေါ့သူငယ်ချင်း ..."

စကားကို မရှင်းမလင်း ပြုံးဖြီးဖြီးနှင့်ပြောနေသော မြင့်အောင်အား အောင်စည်ဟိန်း ဘယ်လိုမှ နားမလည်နိုင်ဘဲ မိမိ ကားရှိရာသို့ လျှောက်လာရာ မိမိကားကိုလှမ်းမြင်မှ အောင်စည် ဟိန်း သဘောပေါက်ရတော့သည်။

မိမိကားရှေ့ခန်းတွင် လှလွန်းဆွေသည်ထိုင်၍ အောင်စည်ဟိန်းကို စောင့်နေသည်ကို တွေ့မြင်ရသောကြောင့် ဖြစ် ပါ၏။

www.burmeseclassic.com



လှလွန်းခွေသည့် အောင်စည်ဟိန်းအား အပြုံးလေးနှင့်ကြိုဆိုနေပေသည်။

"လာလေအစ်ကို သွားစို့ ... "

အောင်စည်ဟိန်းသည် မြင့်အောင်အား လှမ်းကြည့်လိုက်သည်။

မြင့်အောင် အနီးအနားတွင်မရှိပါလေတော့။

ခပ်လှမ်းလှမ်းဝယ် ရဲကားအပြာကြီးဘေး၌ ရဲအရာရှိဝတုတ်ကြီး ဦးစံမင်းနှင့်အတူရပ်ပြီး မြင့်အောင်နှင့်ဦးစံမင်းသည် အောင်စည်ဟိန်းကို လှမ်းကြည့်နေကြသည်။

အောင်စည်ဟိန်းက သူတို့နှစ်ဦးအား မျက်စိတစ်ဖက် မှိတ်ပြလိုက်ပြီး သူ့ကားလေးပေါ်သို့ တက်လိုက်သည်။

ဦးစံမင်း ဝတုတ်ကြီးက မြင့်အောင်အား မှတ်ချက်စကားတစ်ခုဆိုလိုက်သည်။

"မောင်ရင့်သူငယ်ချင်း ... ငအောင်စည်ဟိန်းကတော့ ... သချိုင်းရောက်တောင်မှ အမျိုးသမီးချောချောလှလှကိုတွေ့ရင် အရိုးတွန်မဲ့ကောင်စားပဲဟေ့ ... "

ဟူသတည်း။

စားကြပါဦးစို့...

တက္ကသိုလ်တင်မြင့်

BURMESE CLASSIC

www.burmeseclassic.com